# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော်တတိယပုံမှန်အစည်းအဝေး

# (၁၃) ရက်မြောက်နေ့ အစည်းအဝေးမှတ်တမ်း

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၁၂ ရက် )

[တနင်္လာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ အစီအစဉ် ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၁။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ (၁၃) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် ၁၃ ရက်မြောက်နေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး (၁၃) ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေး သို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း(၂၁၇)ဦးရှိပြီး ဒီကနေ့ အစည်းအဝေး ကို(၁၉၁)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၈.၀၂) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ် ဦးရေ သုံးပုံ တစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုး သားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (က)နဲ့(ဂ)တို့အရ အစည်း အဝေး စတင်ကျင်းပကြောင်း ကြေညာပါ တယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်း ဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယ ပုံမှန်အစည်းအဝေးရဲ့ ၁၃ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်

လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။ ခွင့်ပန်ကြားချက်များနဲ့ ပတ်သ က်ပြီး အချိန်ကိုင်ငဲ့ကွ က်တဲ့ အနေနဲ့ အားလုံးတင်ပြ ပြီးတော့မှ လွှတ်တော်ရဲ့ သဘောထားကို တင်ပြဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဗိုလ်မှူးခင်မောင်လွင် တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃**။

**ဗိုလ်မှူးခင်မောင်လွင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၃၀၄၂၆ ဗိုလ်မှူးအောင်နိုင်ဦးဟာ နေမကောင်းပါသဖြင့် ယနေ့ ကျင်းပသည့်ရက်ကို ခွင့်ရက်အဖြစ် သတ်မှတ်ပေးပါရန် ဗိုလ်မှူးအောင်နိုင်ဦး ကို ယ်စား ကျွန်တော် ဗိုလ်မှူး ခင်မောင်လွင်မှ လေးစားစွာခွင့်ပန်ကြားအပ်ပါတယ်။

**အချိန်၊ ၁၀း၀၃**။

**ဥက္ကဋ္ဌ**။ ။ ဦးဘရန်ရှောင် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃**။

**ဦးဘရန်ရှောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဝူ သည် ၎င်းရဲ့ သားသမီးများ ကျန်းမာရေးပြုစုနိုင်ရန်အတွက် ယနေ့ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့အထိ (၅)ရက် ဆက်လက်ပြီးမှခွင့်ပြုပေးပါရန် ၎င်း၏ကိုယ်စား ကျွန်တော် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ ဦးဘရန်ရှောင် က ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးစောထွန်းမြအောင် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃**။

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစို င်းဝင်းမောင်သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့် ၁၂-၃-၂၀၁၂ ရက်နေ့ (၁)ရက်အား ခွင့်ရက်အဖြစ် သတ်မှတ်ပေးပါရန် ၎င်း၏ ကိုယ်စား ကျွန်တော်တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာဝင်းမြင့်အောင် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဒေါက်တာဝင်းမြင့်အောင်၊စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒ နယ် အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်သည် ၎င်းကိုယ်တိုင် ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ၁၂-၃-၂၀၁၂ ရက်နေ့မှ ၁၄-၃-၂၀၁၂ ရက်နေ့အထိ (၃)ရက်ကို ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ဦးထွန်းမြင့် ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်အောင် မှ လေးစားစွာ ပန်ကြားအပ်ပါ တယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ချစ်လွင် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးအောင်ချစ်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးသိန်းလှိုင် သည် မိသားစုကိစ္စ ဆောင်ရွက်ရန်ရှိပါသဖြင့် ၁၂-၃-၂၀၁၂ ရက်နေ့မှ ၁၆-၃-၂၀၁၂ ရက်နေ့အထိ (၅)ရက်ပျက်ကွက်ခြင်းကို ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ဦးသိန်းလှိုင် ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ ကျွန်တော် ဦးအောင်ချစ်လွင် က ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးကံညွန့် တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးကံညွန့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြတ်ကို ဟာ ကို ယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါ၍ ၁၂-၃-၂၀၁၂ မှ ၁၆-၃-၂၀၁၂ ရက်နေ့အထိ ခွင့် (၅)ရက်သတ်မှတ်ပေးပါရန် ယင်းကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးကံညွန့် မှ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဦးမောင်စိန် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမောင်စိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်စိန် ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်မြင့် ကိုယ်စား ခွင့်ပန်ကြားမှာ ဖြစ်ပါတယ်။ ဦးတင်မောင်မြင့် သည် နေမကောင်းပါသဖြင့် ၁၂-၃-၂၀၁၂ ရက်နေ့ (၁)ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ဦးမိုးမြင့် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးမိုးမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမိုးမြင့် ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဦးကျားမော င် ၏ ကိုယ်စား ခွင့်ပန်ကြားမှာ ဖြ စ်ပါတယ်။ ဦးကျားမောင် ဟာ မိသားစု ကျန်းမာရေးကိစ္စ များ ဆောင်ရွက်ရန်ရှိပါသဖြင့် ၂၀၁၂ မတ်လ

၁၂ ရက်နေ့မှ ၁၆ ရက်နေ့အထိ ခွင့် (၅)ရက် ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးသန်းမြင့် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးသန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်ရွှန် သည် နေမကောင်းပါသဖြင့် ၂၀၁၂ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့ ယနေ့ (၁)ရက်ကို ခွင့်အဖြစ် သတ်မှတ်ပေးပါရန် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးသန်းမြင့် က ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာ ခင်မောင်လေး တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဒေါက်တာခင်မောင်လေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ရှိန် သည် ရင်ကြပ်ရောဂါဖြင့် အနားယူနေရပါသဖြင့် ဒီ ကနေ့ မတ်လ ၁၂ ရက်နေ့မှ ၁၄ ရက်နေ့အထိ ခွင့် (၃)ရက် ခွင့်ပြုပါရန် ၎င်း၏ကိုယ်စား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ကျွန်တော် ဒေါက်တာ ခင်မောင်လေး က ခွင့်ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးလှဆွေ တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ထွန်း ဟာ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများ ရှိပါသဖြင့် ၁၂-၃-၂၀၁၂ မှ ၁၆-၃-၂၀၁၂ အထိအား ခွင့်အဖြစ်

ခံစားခွင့်ပြုပါရန် ကျွန်တော် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးလှဆွေ မှ လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဇော်မြင့်ဖေ တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးဇော်မြင့်ဖေ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ဟာ သွေး ကျနေပါသဖြင့် ယနေ့ ၁၂-၃-၂၀၁၂ ရက်နေ့ (၁)ရက်အား လွှတ်တော် အစည်းအဝေး တက်ရောက်ခြင်းမှ ခွင့်ပြုပေးပါရန် ကျွန်တော် ဦးဇော်မြင့်ဖေ အမှတ်(၅)မဲဆန္ဒနယ် မန္တလေးတိုင်းဒေသကြီးက ၎င်း၏ကိုယ်စား တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးငွေမောင် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးငွေမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးငွေမောင် ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ငွေ ၏ကိုယ်စား ခွင့်ပန်ကြားခြင်းဖြစ်ပါတယ်။ ဦးခင်မောင်ငွေ သည် အစာအိမ်ရောဂါဖြင့် ဆေးရုံတက်နေရပါသဖြင့် ၁၂-၃-၂၀၁၂ မှ ၁၆-၃-၂၀၁၂ အထိ ခွင့် (၅)ရက် သတ်မှတ်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်ဝင်း တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးတင်မောင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ဖြစ်ပါတယ်။ ယခု ခွင့်ပန်ကြားမှာကတော့ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော်

ကိုယ်စားလှယ် ဦးဝင်းမောင် ကိုယ်စား ခွင့်ပန်ကြားမှာဖြစ်ပါတယ်။ ဦးဝင်းမောင် သည် ဒူးဆစ်နာရောဂါ မပျောက်သေးပါသဖြင့် ၁၂-၃-၂၀၁၂ ယနေ့မှ ၁၄-၃-၂၀၁၂ ရက်နေ့အထိ (၃)ရက်ကို ခွင့်အဖြစ်သတ်မှတ်ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဇော်ဝင်း တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးဇော်ဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဝင်း ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှ တ်တော် ကိုယ်စားလှယ် ဦးစိုးအောင် သည် မျက်စိနာ ဝေဒနာ ခံစားနေရပါသဖြင့် ၁၂-၃-၂၀၁၂ ရက်နေ့မှ ၁၄-၃-၂၀၁၂ ရက်နေ့အထိ ခွင့်(၃)ရက်ပေးနိုင် ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးမောင်အေးထွန်း တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်အေးထွန်း ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လှိုင် မှာ ၎င်း၏မိသားစု ကျန်းမာရေးကိစ္စ ကိုယ်တိုင်ဆောင်ရွက်ရမှာဖြစ်ပါသဖြင့် ယနေ့ ၁၂-၃-၂၀၁၂ ရက်နေ့မှ ၁၅-၃-၂၀၁၂ ရက်နေ့အထိ ခွင့် (၄)ရက် ခွင့်ပြုပေးနိုင်ပါရန် ရိုသေလေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ

ဦးဝီလ်ဆင်မိုး သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စ များရှိပါသဖြင့် ၁၂-၃-၂၀၁၂ ရက်နေ့မှ ၁၄-၃-၂၀၁၂ ရက်နေ့အထိ ခွင့် (၃)ရက် သတ်မှတ်ပေးနိုင်ပါရန် ဦးဝီလ်ဆင်မိုး ၏ကိုယ်စား ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ကျွန်တော် ဒေါက်တာ စိုင်းဆိုင်ကျော့က်ဆမ်မှ လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ငြိမ်း တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှုမောင် သည် ကျန်းမာရေး ဆေးကုသခံယူရန်ရှိပါသဖြင့် ၁၂-၃-၂၀၁၂ ရက်နေ့မှ ၁၃-၃-၂၀၁၂ ရက်နေ့အထိ ခွင့် (၂)ရက် ခံစားခွင့်ပြုပါရန် ဦးရှုမောင် ကိုယ်စား မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂) ဦးအောင်ငြိမ်း မှ တင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးထွန်းဇော်(ခ)ကိုပေါက် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။လေးစား အပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ “ပအိုဝ်း” ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနေဝင်းထွန်း ဟာ ကျန်းမာရေးဆေးစစ် ခံရန်အတွက် ထိုင်းနိုင်ငံသို့ သွားရောက်ပါသဖြင့် ၁၂-၃-၂၀၁၂ ရက်နေ့မှ ၁၆-၃-၂၀၁၂ ရက်နေ့ အထိ ခွင့်(၅)ရက် ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးဆိုင်ပေါင်းနပ် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလျှုကွယ်ရှိ ဟာ ကိုယ်တိုင် ဆောင်ရွက်ရန် ကိစ္စရှိတဲ့အတွက် မတ်လ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့အထိ ခွင့်(၅)ရက် ခွင့်ပြုပေး နိုင်ပါရန် ကျွန်တော် ကိုယ်စားပြု ခွင့်ပန်ကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒေါက်တာဌေးဝင်း တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဒေါက်တာဌေးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်လှိုင် သည် ကိုယ်တိုင် ဆောင်ရွက် ရမည့်ကိစ္စများရှိပါသဖြင့် ယနေ့ ၁၂-၃-၂၀၁၂ရက်နေ့မှ ၁၄-၃-၂၀၁၂ ရက်နေ့အထိ ခွင့်(၃)ရက် အား ခွင့်ပြုပေးပါရန် ၎င်း၏ကိုယ်စား ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာဌေးဝင်း မှ လေးစားစွာတင်ပြ အပ်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဦးဉာဏ်လင်း တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးဉာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီ ဟာ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့် ၁၂-၃-၂၀၁၂ ရက်မှ ၁၄-၃-၂၀၁၂ ရက်အထိ (၃)ရက်အား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ၎င်း ကိုယ်စား ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ကျွန်တော် ဦးဉာဏ်လင်း က လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဦးဝင်းသိန်း တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးဝင်းသိန်း၊ ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသက်လင်း သည် မိသားစုကျန်းမာရေး ကိစ္စ ပြန်လည်ဆောင်ရွက်ရန်ရှိပါသဖြင့် ၁၂-၃-၂၀၁၂ ရက်နေ့မှ ၁၄-၃-၂၀၁၂ ရက်နေ့အထိ (၃)ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ဦးသက်လင်း ၏ ကိုယ်စား ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဝင်းသိန်း က ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု တင်ပြသွားတဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၇)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၂၆)ဦးဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေ ခွဲငယ် (၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အ ခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ် (၆)ဦးက မေးမြန်းသည့် မေးခွန်းများသည် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြား ရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှ ယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**လှည်းကူးမြို့နယ်၊ ဝါးရုံစွန်းကျေးရွာအုပ်စုရှိ ကျေးရွာချင်းဆက် ဂဝံလမ်းအား ကတ္တရာလမ်း (သို့မဟုတ်) ကွန်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးဆွေအောင် က လှည်းကူးမြို့နယ်၊ ဝါးရုံစွန်းကျေးရွာအုပ်စုရှိ ကျေးရွာချင်းဆက် ဂဝံလမ်းအား ကတ္တရာလမ်း (သို့မဟုတ်) ကွန်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန် တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွေအောင် ဖြစ်ပါတယ် ။ ကျွန်တော့်အနေနဲ့ လှည်းကူးမြို့နယ် ဝါးရုံစွန်းကျေး ရွာအုပ်စုရှိ ကျေးရွာချင်းဆက်ဂဝံလမ်းအား ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီ အစဉ် ရှိ /မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ကျွန်တော် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အား ဖတ်ကြားတင်သွင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဝါးရုံစွန်းကျေးရွာအုပ်စု ရန်ကုန်-မန္တလေး အမှတ်(၂)လမ်းမကြီးနှင့် ထိစပ်လျက်ရှိသော ကျေးရွာချင်းဆက်လမ်း အရှည်(၂)မိုင် (၁)ဖာလုံမှာ လမ်းအကျယ် (၂၅)ပေရှိပြီး(၁၂)ပေမှာ ဂဝံ ခင်းထားပြီး ဖြစ်ပါသည်။ လမ်းသားအမာခံရရှိထားပြီးလည်း ဖြစ်ပါတယ်။ အဆိုပါ လမ်းမကြီးမှာ ဝါးရုံစွန်းကျေးရွာအုပ်စု ၊ ဖဲခမဲကျေးရွာအုပ်စု၊ စွယ်လပ်ကျေးရွာအုပ်စုရှိ ကျေးရွာပေါင်း (၁၂)ရွာတို့မှ အဓိကအသုံးပြုလျက်ရှိသည့် ကုန်ထုတ်လမ်းမကြီး လည်း ဖြစ်ပါတယ်။ ကျေးရွာနေပြည်သူ များသည် တောင်သူလယ်သမားများဖြစ်ကြပြီး လယ်ဧက (၁)သောင်းနီးပါးကို မိုးစပါး၊ နွေစပါးစိုက်ပျိုးလုပ်ကိုင်လျက်ရှိကြပါတယ်။ ဒေသခံတောင်သူလယ်သမားများအနေဖြင့် အဆိုပါ လမ်းအား အမှီသဟဲပြု၍ ကုန်ထုတ်လမ်းမကြီး အဖြစ် အဓိကထား သုံးစွဲနေကြရပါတယ်။သို့ပါ၍ ဝါးရုံစွန်းကျေးရွာအုပ်စုရှိ ကျေးရွာ ချင်းဆက်ဂဝံလမ်း၊ အရှည်(၂)မိုင် (၁)ဖာလုံအား ရာသီမရွေး သွားလာနိုင်ရေးအတွက် ကတ္တရာလမ်း (သို့မဟုတ်) ကွန်ကရစ်လမ်းအဖြစ် အဆင့် တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ /မရှိ။ ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိလိုပါ၍ ဒေသခံပြည်သူများ ကိုယ်စား ဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးမြန်းရခြင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ပုဂံမြို့ဟောင်းအတွင်းရှိ တန်ခိုးကြီးဘုရားများသို့ သွားလမ်းများအား ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးအေးက ပုဂံမြို့ဟောင်းအတွင်းရှိ တန်ခိုးကြီးဘုရားများသို့ သွားလမ်းဖြစ်သည့် လမ်း များအား ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးအေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေး ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ပုဂံမြို့ဟောင်းအတွင်းရှိ ဘုရား ဇုန်အတွင်းမှာ သွားရာလမ်းများ ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ /မရှိ နှင့် ပတ်သက်ပြီးတော့ မေးခွန်း ဖြစ်ပါတယ်။ ကိန်းဂဏန်းများပါသည့် အတွက်ကြောင့် ဖတ်ကြားတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဂံ-ညောင်ဦးဒေသဟာ ရှေး ဟောင်းအမွေအနှစ် စေ တီပုထိုးများ သာသနိက အဆောက်အအုံ များ များပြားစွာတည်ရှိသည့်အလျောက် ကမ္ဘာလှည့် ခရီး သည်များ၊ ပြည်တွင်း ပြည်ပခရီးသည်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားစွာလာရောက်လေ့လာ၊ ဖူးမျှော် ကြည်ညိုလေ့ရှိတဲ့ဒေသ ဖြစ်ပါတယ်။ ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်း ဝင်ရောက်လေ့လာ သည့် နိုင်ငံခြားသားခရီးသည်များအား ရှေး ဟောင်းသုတေသန အမျိုးသားစာကြည့် ့တိုက် ဦးစီးဌာန၊ပုဂံဌာနခွဲမှတစ်ဦးလျှင်(၁၀)ဒေါ်လာကျကောက်ခံပြီးဌာနသို့ ပေးသွင်းလျက်ရှိပါတယ်။ နိုင်ငံခြားဧည့်သည် ဝ င်ရောက်မှုကို လေ့လာရသမျှ တင်ပြရလျှင် ၂၀၀၇ ခုနှစ်မှာ (၈၀၄၁၀)ဦး၊ ၂၀၀၈ ခုနှစ်မှာ (၃၈၁၅၅)ဦး၊ ၂၀၀၉ ခုနှစ်မှာ (၅၅၀၆၁)ဦး၊ ၂၀၁၀ ခုနှစ်တွင် (၇၇၂၂၃)ဦး နှင့် ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလ ၁၅ ရက်အထိ (၉၄၀၈၄)ဦး ရှိတယ်လို့ သိရပါတယ်။ ကောက်ခံရရှိတဲ့ ဒေါ်လာအနေဖြင့် ဖော်ပြပါ နှစ်များကိုပေါင်းလျှင် (၃၄၄၉၃၃၀) ဒေါ်လာ

ရရှိပြီးဖြစ်ပါတယ်။ နိုင်ငံခြားသားခရီးသည် ဝင်ရောက်မှုအခြေအနေကို လေ့လာကြည့်လျှင် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်များပြားစွာ တွေ့ရှိရပါတယ်။ ဒီလိုမေးခွန်းကို မေးမြန်းရခြ င်းရဲ့ အကြောင်းရင်းကတော့ နိုင်ငံခြားသားများဟာ သူတို့ရဲ့ပေးဆောင်တဲ့ဝင်ကြေးတွေကို ထိုက်ထိုက် တန်တန် သွားရာလမ်းမှာ ကောင်းကောင်းမွန်မွန် ဖြစ် စေလိုတဲ့ ဆန္ဒရှိကြောင်း သူတို့ တင်ပြလာ ပါတယ်။ အထူးသဖြင့် ဖြည့်စွက်တင်ပြရမယ်ဆိုရင် မေ၊ ဇွန်၊ ဇူလိုင်မှာ စပိန် နိုင်ငံခြားသားများ အများအပြား ဝင်ရောက်လာပါတယ်။ သက်ကြီးရွယ်အိုများ ဖြစ်ပါတယ်။ သူ တို့ဟာ အမြဲတမ်း ကျွန်တော်တို့ကို တင်ပြပါတယ်။ ဒီလမ်းတွေကို မြေနီလမ်းကလေးတွေ ကောင်းကောင်းမွန်မွန် ဖြစ်ရင်ပိုကောင်းပါတယ်လို့ သူတို့လာတင်ပြပါတယ်။ လက်ရှိ ဆက်လက်ပြီးတင်ပြရရင် ပုဂံမြို့ဟောင်းအတွင်းရှိ ကျော် ကြားထင်ရှားသွားလာမှုများတဲ့ အာနန္ဒာဘုရား၊ သဗ္ဗညုဘုရား၊ ဓမ္မရံကြီးဘုရား၊ စူဠာ မဏိ၊ ပြဿဒ်ကြီး၊ ဆင်ဖြူရှင်ကျောင်းတိုက်၊ မင်းနန် သူ၊ ဓမ္မရာဇက ဘုရားလမ်းများမှာ မြေသားလမ်း ဖြစ်ပြီး တော့ မိုးတွင်းအခါရေဝပ်တယ်၊ နွေအခါမှာ သဲထူတယ်၊ စက်ဘီးဖြင့်လှည့်လည်တဲ့ နိုင်ငံခြားသားခရီးသည်များအတွက် သွားလာရေးများစွာအခက်အခဲ များရှိနေပါတယ်။ ယခင်ကဖော်ပြပါ လမ်းများကိုတော့ ရှေးဟောင်းသုတေသနဦးစီးဌာနမှ တာဝန်ယူ ပြင်ဆင်ခဲ့ဖူးပါတယ်။ ကျွန်တော်တို့လက်ထက်မှာလည်း ပြင်ဆင်ခဲ့ဖူးပါတယ်။ ဒါကြောင့်မို့လို့ ဘုရားပုထိုး သွားရာလမ်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပြင်ဆင် ပေး ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းရာမှာ ၎ င်းတို့ဟာ ကျေးရွာချင်းဆက်လမ်း မဟုတ် တဲ့ အတွက်ကြောင့် ဘုရားအတွင်းရှိလမ်းဖြစ်တဲ့ အတွက်ကြောင့် ပြင်ဆင်ပေးရန် အစီအစဉ် မရှိ သေးကြောင်း သိရှိရပါသဖြင့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း မူလမြေသားလမ်းများ အား မြေနီအမာခံ လမ်းအဖြစ် ပြင်ဆင်ပေးရန် ရှိ /မရှိ ဥက္ကဋ္ဌ ကြီးမှတစ်ဆင့် မေးမြန်း အပ်ပါတယ်ခင်ဗျား။ အားလုံး ကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မူဆယ်မြို့တွင် ခရီးသည်တင် မှန်လုံအမြန်ယာဉ် ရပ်နားစခန်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦး စိုင်းဝင်းမောင် က မူဆယ်မြို့တွင် ခရီးသည်တင်မှန်လုံအမြန်ယာဉ် ရပ်နားစခန်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းဝင်းမောင် ခွင့်ယူထားတဲ့အတွက် ဦးစိုင်းဝင်းမောင်ရဲ့ မေးခွန်းကို ပြည်ထောင်စု ဝန်ကြီးက နှုတ်ဖြင့် ဖြေကြားရန်မလိုဘဲ စာဖြင့်ရေးသားပြီးတော့ လွှတ်တော်ရုံးသို့ ပေးပို့ရန် ဖြစ်ပါတယ်။

## သံဖြူဇရပ်မြို့နယ်၊ ကရုပ္ပိကျေးရွာရှိ ကရုပ္ပိချောင်းကူးတံတား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးနိုင်ထွန်းအုံ က သံဖြူဇရပ်မြို့နယ်၊ ကရုပ္ပိကျေးရွာရှိ ကရုပ္ပိချောင်းကူးတံတား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြ သော ပြည်ထောင်စုဝ န်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အမှတ် (၅)မဲဆန္ဒနယ်မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အောက်ပါမေးခွန်းနဲ့ ပတ်သက်ပြီးတော့ စာပိုဒ်များကို ဖတ်ကြား ခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ ယခု ကျွန်တော် မေးလိုတဲ့မေးခွန်းကတော့ သံဖြူဇရပ် မြို့နယ်၊ ကရုပ္ပိကျေးရွာရှိ ကရုပ္ပိချောင်းကူးတံတား ပြန်လည်ပြုပြင်ရန်ကိစ္စ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကရုပ္ပိကျေးရွာသည် သံဖြူဇရပ် မြို့နယ်တွင် ရွာကြီးတစ်ရွာ ဖြစ်ပါတယ်။ ယင်းရွာနှင့်တစ်ဆက်တည်း ရွာကြီး၊ ရွာငယ်စုစုပေါင်း (၁၀)ရွာခန့်ရှိပါတယ်။ ယခင် တံတားမဆောက်လုပ်ခင်က ကရုပ္ပိချောင်းကို ဖြတ်သန်း သွားသော ရထားကူးတံတားကိုသာ အားကိုးနေရပါသည်။ ရထားသံလမ်း နှစ်ခုကြားမှာ ပျဉ်ပြားအမာခံ ခင်းထား၍ ကား၊ ဆိုင်ကယ်၊ နွားလှည်းများ ဖြတ်သန်းသွားနေ ရပါသဖြင့် အလွန်အန္တရာယ် ကြီးမားသောကြောင့် သီးခြားတံတားတစ်စင်း တည်ဆောက်ပေးရန် လိုအပ်ပါလာသည်။ ထို့ကြော င့် ၂၀၀၈ ခုနှစ်၊

ဖေဖော်ဝါရီလ(၂၀)ရက်နေ့တွင် ကျေးရွာများထည့်ဝင်ငွေ၊ ကိုယ်ထူ ကိုယ်ထစနစ်ဖြင့် ပေအရှည် (၃၆၅)ပေ၊ အကျယ်(၁၄)ပေ၊ အမြင့်(၁၈)ပေရှိ ကုန်ကျငွေ သိန်းပေါင်း(၃၈၀၀)ခန့် အကုန်အကျ ခံကာ တည်ဆောက်ခဲ့ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တံတားကို ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ (၂၇)ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သဖြင့် ကျေးလက်နေ ပြည်သူလူထုများ စိတ်ချမ်းမြေ့စွာသွားလာနိုင်ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကရုပ္ပိတံတား တည်ဆောက်ရာတွင် ကန်ထရိုက်စနစ်ဖြင့် တည်ဆောက်ခဲ့သည်ဟု သိ ရှိရပါသည်။ အောက်ခြေ အမာခံမရှိပါသဖြင့် (၅)တန်ဝန်ခံအား ရှိသော ယာဉ်များဖြတ်သန်းသွားရာတွင် ယိမ်းယိုင် တုန်လှုပ်ခါနေပါသည်။ အချိန် ကြာလာသည်နှင့်အမျှ အန္တရာယ်နှင့်ကြုံတွေ့နိုင်ပါသည်။ ထို့ ကြောင့် (၁)ကရုပ္ပိချောင်းကူးတံတားကို စိတ်ချနိုင်သည့် အဆင့်အထိ ပြုပြင်ရန်အစီအစဉ် ရှိ /မရှိ။ (၂) ပြန်လည်ပြုပြင်ရန် အစီအစဉ်ရှိပါက မည်သည့် အချိန်ကာလတွင် ပြုပြင်ပေးမ ည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြား ပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**မိုးညိုမြို့နယ်နှင့် ရွှေတောင်မြို့နယ်သို့ ဆက်သွယ်ပေးမည့် ညောင်ပင်ကားယား -ကညမ်းလမ်း တည်ဆောက်ပေးရန် နှင့် မိုးညိုမြို့တွင်းလမ်း ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးအောင်ချိုဦး က မိုးညိုမြို့နယ်နှင့် ရွှေတောင်မြို့နယ်သို့ ဆက်သွယ်ပေးမည့် ညောင်ပင်ကားယား -ကညမ်းလမ်း တည်ဆောက်ပေးရန်နှင့် မိုးညိုမြို့တွင်းလမ်းပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှ တ်တော် ကိုယ်စားလှယ်များ မင်္ဂလာပါလို့ ဂါရ ဝပြု နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်

ကတော့ ပဲခူးတို င်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ချိုဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုးညိုမြို့ နယ်အတွင်းမှာရှိတဲ့ လမ်းပန်း ဆက်သွယ်ရေးကိစ္စများနှင့် ပတ်သက်ပြီး မေးမြန်းခြင်းဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်ဟာ လမ်းပန်းဆက်သွယ်ရေးအတွက် ခက်ခဲ ဝေးလံသော ဒေသများဖြစ်ပါတယ်။ အထူးသဖြင့်တော့ ယခုတင်ပြမယ့် ကျေးရွာအုပ်စုများဟာ မိုး ညိုမြို့နယ်ရဲ့ မြောက်ဘက် အစွန်ဆုံးကျတဲ့ ကျေးရွာအုပ်စုများလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့ လို့ လမ်းပန်းဆက်သွယ်မှု မကောင်းလို့ ကုန်စည်ပစ္စည်း တွေဟာ ထင်သလောက်ဈေးနှုန်း တွေမရတဲ့ အခြေအနေရှိပါတယ်။ အလားတူပဲကျွန်တော်တို့ လမ်းပန်းဆက် သွယ်ရေးအခြေအနေအရ ဧရာဝတီမြစ်တစ်ဖ က်ကမ်း မှာရှိတဲ့ ကနောင်၊ မြန်အောင်ဘက်ကို ကျွန်တော့် ဘက်ကထွက်တဲ့ ကုန်ပစ္စည်းတွေ ပဲ၊ စပါး၊ နှမ်း ဒါတွေကို ကျွန်တော်တို့ ဧ ရာဝတီမြစ်ကြီးကိုကျော်ပြီးမှ ပစ္စည်းရောင်းချရတဲ့ အနေအထားတွေ ရှိပါတယ်။ မိုးတွင်းအခါမှာလည်း ပဲ တာဘောင်တွေပေါ်က သွားနေရတဲ့ အနေအထားတွေ ရှိတဲ့အတွက်ကြောင့် ဒီ ကုန်စည်ပစ္စည်းတွေနဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြား လုပ်ငန်းတွေအတွက် အခက်အခဲလေးတွေရှိနေပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ထွက်ပေါက်အနေနဲ့ မိုးညိုမြို့နယ်၊ ဖန်ခါးပင်အုပ်စု၊ ညောင်ပင်ကားယားရွာကနေပြီးတော့ ရွှေတောင်မြို့နယ် ထိုမှတစ်ဆင့် ရန်ကုန် -ပြည်လမ်းမ ပေါ်ကို ကျွန်တော်တို့ ကုန် စည်ပစ္စည်းတွေကော၊ လမ်းပန်းဆက်သွယ်မှုကော၊ လူမှုရေး အခြေအနေကော၊ ပညာရေး ၊ ကျန်းမာရေး အလားတူ ဆက်သွယ်ရေးကိ စ္စများ ဆောင်ရွက်ရန် ရှိပါသဖြင့် မိုးညိုမြို့နယ်၊ ဖန်ခါး ပင်အုပ်စု၊ ညောင်ပင်ကားယားရွာကနေပြီးတော့ ရွှေတောင် မြို့နယ်၊ ကညမ်းရွာသို့ ဆ က်သွယ်တဲ့လမ်းကို တည်ဆောက်ပေးရန် အစီအစဉ် ရှိ /မရှိ သိရှိ လိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ ကျွန်တော်တို့ မိုးညို မြို့နယ်မှာပဲ မြို့ပေါ်မှာ မြို့တွင်း လမ်းမကြီးဟာ တစ်ခုပဲ ကတ္တရာလမ်းရှိပါတယ်။ အဲဒီ ကတ္တရာလမ်းဟာလည်း ၂၀၁၁ ခုနှစ်၊ ဇူလိုင်၊ ဩဂုတ်လဆန်းရက်များမှာ မိုးရွာသွန်းခဲ့တဲ့အတွက်ကြောင့် လမ်းပိုင်းပျက်စီး သွားခဲ့ ပါတယ်။ ပျက်စီးနေတဲ့အပိုင်း(၄)ပိုင်းကို ပြုပြင်ပေးရန် စုစုပေါင်းပေအရှည် (၄၂၀၀) လောက်

ရှိတဲ့အတွက် အဲဒီလမ်းပိုင်းကိုလည်း ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ တစ်ဆက်တည်း ကျွန်တော် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**သရက်ချောင်းမြို့နယ်၊ ကျောက်လှေကား -တောင်ဆင်းလမ်းအား မြေ /ကျောက်ခင်းလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဦးအောင်ဝင်း က သရက်ချောင်းမြို့နယ်၊ ကျောက်လှေကား-တောင်ဆင်းလမ်းအား မြေ/ကျောက်ခင်း လမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုး သားလွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဂါရ ဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်း ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မေးခွန်းအား ဖတ်ကြားခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ တနင်္သာရီ တိုင်းဒေသကြီး၊ ထားဝ ယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ စော်ဖျားကျေးရွာအုပ်စု၊ ကျောက်လှေကားကျေးရွာမှ ပဒက်ချောင်း ကြီးကျေးရွာအုပ်စု တောင်ဆ င်းကျေးရွာသို့ ဆက် သွယ်ထားသည့် လမ်းအရှည် (၁၀)မိုင် ခန့်ရှိပါသည်။ ၎င်းလမ်း သည် လက်ရှိအခြေအနေ (ပွင့်လင်း) ရာသီတွင် ထော်လာဂျီနှင့် မော်တော်ဆိုင်ကယ်မျှသာ ခက်ခဲစွာ သွားနေရပြီး မိုးတွင်းကာလတွင် တောင်ကျချောင်း ရေကြီးခြင်း၊ ရွှံ့ဗွက်များထခြင်းတို့ကြောင့် ပြည်သူများ ခြေလျင် သာ ခရီးသွားလာနိုင်ပါသည်။ ပတ်ဝ န်းကျင် ကျေးရွာများဖြစ်သော ပဒ က်ချောင်းကြီးကျေးရွာ၊ ထီးဝကျေးရွာ၊ လောင်းမင်းဘာကျေးရွာ၊ ကျောက်ဖြူကျေးရွာ၊ ကျောက်ရှပ်ကျေးရွာ၊ တောင်ဆ င်း ကျေးရွာများတွင် အိမ် ထောင်စု (၁၀၅၆)စု၊ လူဦးရေ (၆၄၅၄)ဦးရှိ၍ ထားဝ ယ်တိုင်းရင်းသားနှင့် ကရင်တိုင်းရင်းသားအများ စု စုပေါင်းနေထိုင်ကြပါသည်။ ဒေသခံတိုင်းရင်းသားများသည်

ကွမ်းသီး၊ တညင်းသီး၊ ရာဘာ၊ သီဟိုဠ်၊ ဥယျာဉ်ခြံလုပ်ငန်းများနှင့် လယ်ယာလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေသူများဖြစ်ကြပါတယ်။ ထွက်ရှိလာသော ထွက်ကုန် ပစ္စည်းများ သယ်ယူပို့ဆောင်ရောင်းချ နိုင်ရန်အတွက် ဖော်ပြပါ ကျောက်လှေကား -တောင်ဆင်းလမ်းကို အသုံးပြုသွားလာကြရပါသည်။ လမ်းကောင်းမွန်ခြင်း မရှိသဖြင့် ဒေသခံ တိုင်းရင်းသားများ ကူးသန်းသွားလာရာတွင် လွန်စွာ အခက်အခဲဖြစ်ပေါ်လျက်ရှိပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါလမ်းပိုင်းဖောက်လုပ်ပေးနိုင်ပါက ထားဝယ်မြို့သို့ စော်ဖျား-ညောင်ဇင်လမ်းမှတစ်ဆင့် ကူးသန်းသွားလာနိုင်မည်ဖြစ်၍ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် များစွာအထောက်အကူပြုနိုင်မည့်အပြင် ဒေသထွက်ကုန် များ လွယ်ကူစွာ ပို့ဆောင် ရောင်းချနိုင်ခြင်းဖြင့် ဒေသခံများဝင်ငွေတိုးလာပြီး၊ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ကိုလည်း တစ်ဖက်တစ်လမ်းက အထောက်အကူ ပြုအပ်ပါသည်ခင်ဗျား။

သို့ဖြစ်ပါ၍ သရက်ချောင်းမြို့နယ် ကျောက်လှေကား-တောင်ဆင်းလမ်း (၁၀)မိုင်အား မြေ/ကျောက်ခင်း လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ /မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံတိုင်းရင်းသား ပြည်သူလူထု ကိုယ်စား ကျွန်တော် ဦး အောင်ဝင်း မှ လေးစားစွာ မေးမြန်း တင်ပြအပ်ပါသည်ခင်ဗျား။

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။မေးခွန်းများနဲ့ပတ်သက်ပြီးနယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဖြေကြားချက်**

**ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ပြည်ထောင်စုဝန်ကြီးနယ်စပ်ရေးရာဝန်ကြီးဌာန၊** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါတယ်။ ဒီလွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့တဲ့ ကိစ္စရပ်များနဲ့ ပတ်သက်ပြီးတော့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ပထမမေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွေအောင်ရဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီ မေးခွန်းကတော့ လှည်းကူးမြို့နယ် ဝါးရုံစွန်းကျေးရွာအုပ်စုနဲ့ အမှတ် (၂)လမ်းမကြီးကို ဆက်သွယ်မယ့် ကျေးရွာချင်းဆက်လမ်းကို ကတ္တရာလမ်း သို့မဟုတ် ကွ န်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့် ဆောင်ရွက်ပေးဖို့ အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်း ပဲဖြစ်ပါတယ်။ ဒီနေရာမှာ လှည်းကူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရဲ့ အခြေအနေကို ပြန် သုံးသပ်ကြည့်မယ်ဆိုရင်တော့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဝင်ငွေမှာ ကျပ်(၃၆၉)သန်း ရပါတယ်။ ဒါ့အတွက်ကြောင့် ဒီမြို့ပြနဲ့ ကျေးလက်လမ်းတံတားတွေ ဆောင်ရွက် ပေးနိုင်တဲ့အချိုးက ကျပ်(၁၄၈)သန်း ဖြစ်ပါတယ်။ ဒီ အမှတ် (၂) လမ်းမကြီးနဲ့ ဝါးရုံစွန်းကျေးရွာ အုပ်စုကို ဆက်သွယ်ထားသောလမ်းကတော့ အရှည် ၂ မိုင် ၁ ဖာလုံ ရှိတာဖြစ်ပါတယ်။ ဒီဟာကို ကျွန်တော်တို့ ကွန်ကရစ်လမ်းခင်းမယ်ဆိုရင် တော့ (၂၃၆) သန်း ကုန်မှာဖြစ်ပါတယ်။ ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်မယ်ဆိုရင်တော့ (၁၆၅) သန်းကုန်မှာ ဖြစ်ပါတယ်။ ဒီငွေကြေး ပမာဏကိုတော့ လတ်တလော အဆို ပါမြို့နယ်အနေနဲ့ ဆောင်ရွက် ပေးနိုင်စွမ်းမရှိသေးကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဲဒီအပြင် ဒီလမ်းကိုပိုပြီးတော့ ရာသီမရွေး မိုးရာသီမှာလည်း သွားလာ နိုင်ဖို့ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ရေပွန့်တစ်စင်း ဆောက်ဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ လာမယ့် ၂၀၁၂ - ၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ ရန်ပုံငွေ (၂၃)သန်း အသုံးပြုပြီးတော့ ရေပွန့် (၁)စင်း တည်ဆောက်ပေးပါမယ်။ နောက်တစ်ခါ ကျောက်ချောလမ်း (၃)ဖာလုံ ဆက်လက်တည်ဆောက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာလည်း လက်ရှိအနေအထားအရ ကျေးရွာချင်း ဆက်လမ်းတွေကို ဆောင်ရွက်တဲ့ နေရာမှာ မြေသားလမ်း ကနေ ကျောက်ချောလမ်း အဆင့်အထိလည်းကောင်း၊ မြို့နှင့်ကျေးရွာချင်းဆက်တဲ့ လမ်းတွေကို တော့ဖြင့် ကျောက်ချော လမ်းကနေ ကတ္တရာလမ်းအထိ လည်းကောင်း၊ ကျွန်တော်တို့ စီမံချက် ချထားပြီး ဆောင်ရွက်တဲ့အတွ က်ကြောင့်မို့လို့ လမ်းရဲ့ အဆင့်အတန်းအားဖြင့်တော့ ပထမဦးစွာ ကျောက်ချောလမ်းအဆင့်သာ ဆောင်ရွက်ရမှာဖြစ်တဲ့အတွက်ကြောင့် (၃)ဖာလုံပြီးစီးအောင် ဆောင်ရွက်သွားမှာဖြစ်ပြီးတော့ လာမယ့်နှစ်မှာ (၂)မိုင်ပြည့်အောင် ကျွန်တော် ဆက်လက် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇) အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးအေး ရဲ့ မေးခွန်းပဲဖြစ်ပါတယ်။ ဒီမေးခွန်းကလည်း တော်တော်လေး

ကောင်းတဲ့ မေးခွန်းလည်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့လည်း ဒီအပေါ်မှာ အလေးအနက်ထားပြီးတော့ ကြည့်ပါတယ်။ အဲဒီတော့ ပုဂံမြို့ဟောင်းအတွင်းမှာ တန်ခိုးကြီးဘုရားတွေသွားတဲ့လမ်းကို ပြုပြင်ထိန်းသိမ်းရေးနဲ့ ပတ်သက်လို့တော့ အတတ်နိုင် ဆုံး ကြိုးစားဆောင်ရွက်ပေးဖို့ ဆန္ဒရှိပါတယ်။ သို့သော် ဒီနေရာမှာတော့ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်ပယ်ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ လမ်းခင်းတဲ့ အပိုင်းနဲ့ တစ်ဖက်ကကျတော့ ဒီ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရဲ့ မူလသဘာဝ အခြေအနေများ ပျောက်ပျက်မသွားဖို့ ဆောင်ရွက်ရတဲ့အပိုင်းဆိုတဲ့(၂)ပိုင်း ချင့်ချိန်ပြီးတော့ ဆောင်ရွက်နေရတဲ့ အပိုင်းဖြစ်ပါတယ်။ ဒါကြောင့်ကျွန်တော်တို့ ဒီထဲမှာ မူလခင်းထားတဲ့ ကတ္တရာခင်းထားတဲ့ လမ်းတွေဖြစ်တဲ့ အနော်ရထာလမ်းတို့၊ ရွှေစည်းခုံဘုရား လမ်းတို့၊ ဘုရားနီဘေး လမ်းတို့ ဒီကတ္တရာထပ်ပိုးလွှာခင်းလို့ရတဲ့အပိုင်းတွေတော့ ကျွန်တော်တို့ ဒီ ၂၀၁၁-၂၀၁၂ ဒီဘဏ္ဍာရေးနှစ်မှာကိုပဲ ကျွန်တော်တို့ရန်ပုံငွေ(၂၆)သန်းသုံးပြီးတော့ ကတ္တရာ ထပ်ပိုးလွှာကိစ္စတွေ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ယခု ကျန်နေတဲ့ လမ်းတွေကတော့ အာနန္ဒာလမ်းခွဲ-ဓမ္မရံကြီးဘုရားလမ်း၊ ဓမ္မရံ ကြီးလမ်းခွဲ-စူဠာမုနိ ဘုရားလမ်း၊ စူဠာမုနိဘုရားနှင့် ဆင်ဖြူရှင်ဘုရားဆက်သွယ်တဲ့လမ်း၊ ဆင်ဖြူရှင်ဘုရားနှင့်လေးမျက်နှာဘုရားဆက်သွယ်တဲ့လမ်း၊ အနော်ရထာ - ရွှေဆံတော် - ပုဂံမြို့သစ်လမ်း၊ ရွှေဆံတော်ဘုရား - မင်္ဂလာစေတီဘုရားလမ်း၊ ဓမ္မရံ ကြီးလမ်းခွဲနဲ့ ဓမ္မရာဇ ကဘုရားလမ်း၊ အလိုတော်ပြည့်ဘုရားနှင့် စူဠာ မုနိဘုရားလမ်းတို့ပဲ ဖြစ်ပါတယ်။ ဒီနေရာကိုလည်း ကျွန်တော်တို့ အနေနဲ့ ခုနကလွှတ်တော်ကိုယ်စားလှယ် တင်ပြသွားတဲ့ကိစ္စရပ် ကလည်း အင်မတန်မှကို လိုအပ်တဲ့လမ်းဖြစ်တယ်လို့ တွေ့တဲ့အတွက်ကြောင့် ဒီလမ်းတွေကိုတော့ဖြင့် မြေလမ်းအဖြစ်နဲ့ပဲကျွန်တော်တို့ ကောင်းမွန်အောင် ထိန်းသိမ်းသွား ပြီးတော့ ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသကြီးရေရှည် တည်တံ့ရေး စနစ်တကျကာကွယ် စောင့်ဆောင်ရွက်ရေးတို့အတွ က် သက်ဆိုင်ရာရှေးဟောင်းသုတေသနဦးစီးဌာန၊ အမျိုးသားပြတိုက် နှင့်စာကြည့်တိုက်ဦးစီးဌာနတို့နှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

နောက် ဦးစိုင်းဝင်းမောင် မေးခွန်းကိုတော့ စာနဲ့ပဲတင်ပြသွားမှာ ဖြစ်ပါတယ်။

ဆက်လ က်ပြီးတော့ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ရဲ့ မေးခွန်း နဲ့ ပတ်သက်ပြီးတင်ပြသွားမှာ ဖြစ်ပါတယ်။

ဒီမေးခွန်းကတော့ သံဖြူဇရပ်မြို့နယ် အတွင်းမှာရှိတဲ့ ကရုပ်ပွဲချောင်းကူး တံတားပဲဖြစ်ပါတယ်။ ဒီချောင်းကူးတံတားကို ကျွန်တော်တို့လေ့လာ ကြည့်လိုက်တဲ့အခါမှာ တံတားရဲ့ကမ်းခြေဘက် နှစ်ပိုင်းက ကွန်ကရစ်ဖြစ်ပြီးတော့ အလယ်ပိုင်းက ကျွန်တော်တို့ သံဘောင် ဘေလီတံတား ဖြစ်တယ်ဆိုတာ တွေ့ ရှိရတာဖြစ်ပါတယ်။ အဲဒီတော့ သံဘောင်ဘေလီ တံတားပိုင်းကတော့ ပေ(၁၂၀)ရှိတာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့လည်း ဒီမေးခွန်း ရရှိပြီးတဲ့နောက်ပိုင်းမှာ မြို့နယ်စည်ပင်သာယာရေးတွေကို ဆင်းပြီးတော့ လက်တွေ့ကြည့်ရှုခိုင်းပါတယ်။ ကြည့်ခိုင်းတဲ့ အခါမှာတော့ (၅)တန် ကုန်တင်ယာ ဥ်အထိတော့ နေ့စဥ် တစ်နေ့ကို အစီး (၄၀)လောက် ဖြတ်သန်းတဲ့အခါ ဒီ(၅)တန်ကုန်တင်ယာဥ်အထိတော့ တည်ငြိမ်စွာ ဖြ တ်သန်းနိုင်တယ်ဆိုတာ တွေ့ရှိရတာ ဖြစ်ပါတယ်။ သို့သော် ဒီတံ တားနဲ့ ပတ်သက်လို့ အလယ်ပို င်းဖြစ်တဲ့ ဒီပေ(၁၂၀)သံဘောင် ဘေလီအပိုင်းဟာ ယုံကြည်စိတ်ချအောင် သွားနိုင်ဖို့အတွက် ကျွန်တော်တို့ တံတားအောက်ခြေပိုင်း ခိုင်ခံ့ မှုရှိလာစေရေးအတွက် အင်ဂျင်နီယာပိုင်းဆိုင်ရာ အသေးစိတ် ပြန်လည် လေ့လာသုံးသပ်ဆောင်ရွက်ပေးဖို့ လိုတယ်လို့ ကျွန်တော့် အနေနဲ့လည်း လေ့လာ သုံးသပ်တဲ့အတွက်ကြောင့် ဒီတံတားပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကျွန်တော် ဆက်လက် ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

နောက်ဆက်လက်ပြီးတော့ ပဲခူးတိုင်းဒေသကြီး အမှတ် (၁၁)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချိုဦး ရဲ့ မေးခွန်းများကို ဆက်လက် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မေးခွန်း ကတော့(၂)ခု ဖြစ်ပါတယ်။ ခုနက ညောင်ပ င်ကားယားနှင့် ရွှေတောင် မြို့နယ်၊ ကညမ်းရွာကို ဆက်သွယ်သည့်လမ်း တည်ဆော က်ပေးဖို့နဲ့ မိုးညိုမြို့တွင်း လမ်း တည်ဆောက်ပေးဖို့ အခြေအနေဖြစ်ပါတယ်။ ညောင်ပင်ကားယား-ကညမ်းဆက်သွယ်တဲ့လမ်းကို ကြည့်လိုက်မယ်ဆိုရင်တော့ မိုးညိုမြို့နယ် ဘက်အပိုင်းမှာ (၂)မိုင်(၄)ဖာလုံနှင့် ရွှေတော င်မြို့နယ် ဘက်အပိုင်းမှာ (၄)ဖာလုံ စုစုပေါင်း (၃)မိုင်ပဲ ရှိပါတယ်။ ဒီ လမ်းကို ဖောက်လုပ်ဖို့အတွက် သာမန်အားဖြင့်ဆိုရင်တော့ ကျွန်တော်တို့ ကျေးလက်လမ်းတွေအဖြစ် ဆောင်ရွက်ပေးဖို့ ရှိပါတယ်။ ဒါပေမဲ့ ဒီအပေါ်မှာ ကြည့်တဲ့အခါကျရင်တော့ ကျွန်တော်အင်း (၂)အင်းနဲ့ လယ်ကွက်တွေဖြတ်သန်းသွားရမယ့် အနေအထားဖြစ်ပါတယ်။ အဲဒီတော့ အင်းနဲ့လယ်ကွက် တွေ ဖြတ်သန်းသွားရမယ့်အပိုင်းကတော့ ဒီ သက်ဆိုင်ရာဒေသအာဏာပိုင်များနဲ့ရော သက်ဆိုင်ရာ ဒေသပြည်သူများနဲ့ရော ညှိနှိုင်းရမယ့် အပိုင်းသွားဖြစ်နေပါတယ်။ အဲဒီတော့ ဒီအပိုင်းလေးကို

ကျွန်တော်တို့လေ့လာဖို့အချိန်လိုအပ်တာဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်မှာတော့ ကျွန်တော်တို့ ဆောင်ရွက်ပေးနိုင်မယ့် အခြေအနေမရှိကြောင်း တင်ပြအပ်ပါတယ်။ အဓိကကျနေတဲ့ အပိုင်းကတော့ အလုပ်လုပ် ရမယ့် အပိုင်းမဟုတ်ဘဲနဲ့ ဒေသခံဒီ အင်းပေါ်မှာ ဖြတ်သန်းသွားတဲ့အခါမှာ ဘယ် လိုအကျိုးသက်ရောက်မှုတွေ ဖြစ်သလဲ၊ နောက်တစ်ခါ လယ်ယာတွေပေါ်မှာ ဖြတ်သန်းသွား တဲ့အခါမှာ ဘယ်လိုအကျိုးသက်ရောက်မှု တွေ ဖြ စ်မလဲ ဆိုတာ သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်အနေနဲ့လည်း မိမိဒေသနှင့် ညှိနှိုင်းပေးစေလိုပါတယ်။ ဒီလိုညှိနှိုင်းပေးမယ်ဆိုရင်တော့ ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်ပေးသွားနိုင်မယ့် အခြေအနေရှိကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယအပိုင်းကတော့ မိုးညှင်းမြို့အတွင်းမှာရှိတဲ့ ဗိုလ်ချုပ်အောင် ဆန်းလမ်းကို ကျွန်တော်တို့ ကတ္တရာထပ်ပိုးလွှာ ဆောင်ရွက်ပေးဖို့ကိစ္စဖြစ်ပါတယ်။ ဒီကိစ္စလည်း ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ် ဒီနှစ်မှာ ထပ်ပိုးလွှာ (၄)ဖာလုံ ဆောင်ရွက်ပေးပြီး ဖြစ်ပါတယ်။ အဲဒီအပြင်ကိုပဲ (၄)ဖာလုံ ဆောင်ရွက် ပေးသည့်တိုင်အောင်လည်း ပြီးခဲ့တဲ့နှစ်အတွင်းမှာ မိုးသည်းထန်စွာရွာသွန်းတဲ့အတွက် ပြန်ပြီးတော့ ပျက်စီးတဲ့အပိုင်းတွေ ရှိတဲ့အတွက် (၁)မိုင်ကိုလည်း နောက်ထပ်ထပ်ပိုးလွှာဆောင်ရွက်ပေးပြီးဖြစ်ပါတယ်။ ဒါကြောင့် အခု ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်မှာတော့ ကျန်တဲ့ (၆)ဖာလုံကို ကျွန်တော် တို့ ရန်ပုံငွေ (၄၄.၅)သန်း သုံးပြီးတော့ ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျန်ရှိတဲ့လိုအပ်ချက်တွေကိုတော့ လာမယ့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် မဲဆန္ဒ နယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းရဲ့ မေးခွန်းနဲ့ပတ်သက် ပြီးတော့ ကျွန်တော် တင်ပြမှာဖြစ်ပါတယ်။ ဒီမေးခွန်းကတော့ ကျောက်လှေခါး - တောင်ဆင်းလမ်း (၁၀)မိုင်ကို မြေကျောက်လမ်းခင်းပေးဖို့ အစီအစဉ် ရှိ/မရှိ ဆိုတဲ့ အပိုင်း ဖြစ်ပါတယ်။ ဒီနေရာမှာ လမ်းကို ကျွန်တော်တို့ဆက်ကြည့်လိုက်တဲ့အခါကျတော့ လမ်းကနှစ်ခု ဖြစ်နေတာ ဖြစ်နေပါတယ်။ ဒီနေရာလေးတင်ပဲမူလကတော့ တောင်ဆင်းလမ်းကနေပြီးတော့ ကျောက်လှေခါးကို သွားတဲ့အခါမှာ စော် ဖျားဘက်ကနေ ကျွ န်တော်တို့ပတ်ပြီးတော့ သွားတဲ့ လမ်းဖြစ်ပါတယ်။ အားလုံး

(၁၅)မိုင်ရှိပါတယ်။ အဲဒီလမ်းကတော့ ကျောက်လှေခါး -စော်ဖျား-ပဒက်ချောင်း-တောင်ဆင်း လမ်း ဖြစ်ပါတယ်။ ကျောက်လမ်း (၇)မိုင်၊ (၄)ဖာလုံနဲ့ မြေသားလမ်း (၇)မိုင်၊(၄)ဖာလုံနဲ့ စုစုပေါင်း (၁၅)မိုင် ဖြစ်ပါတယ်။ (၅)မိုင်လောက် ပိုနေပေမယ့် ရွာအားလုံးကို ဖြတ်သန်းသွားတဲ့အတွက် ကြောင့် ဒီကျေးရွာ တွေက အကျိုးရှိတာ ဖြစ်ပါတယ်။ အခုတင်ပြတဲ့ လမ်းကတော့ ခုန ကျောက်လှေခါးနဲ့ တောင်ဆင်းကို တိုက်ရိုက်ဖြတ်သန်းတဲ့လမ်း ဖြစ်ပါတယ်။ ဒီချောင်းရဲ့ တစ်ဖက် တစ်ချက်စီလည်း ဖြစ်နေတဲ့အနေအထား ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့အနေနဲ့တော့ မူလလမ်း (၁၅)မိုင်ကိုသာ ပြန်ပြီးတော့ ပြင်ဆင်ထိန်းသိမ်းပြီးတော့ ကျောက်လမ်းအဖြစ် ဖြစ်အောင် ဆောင်ရွက်ခြင်းကဒီဒေသပြည်သူတွေအတွက် ပိုပြီးတော့ အကျိုးဖြစ်ထွန်းတယ်လို့ ကျွန်တော်တို့ သုံးသပ်ပါတယ်။ တကယ်လို့ ကျောက်လမ်းအသစ် ဖောက်မယ်ဆို လို့ရှိရင် ဒီလမ်းပေါ်မှာ ပေ (၈၀)တံတား (၂)စင်းနဲ့ နောက်တစ်ခါ အုတ်ခုံသ စ်သား တံတား (၅)စင်းတို့ လည်းပြန်ပြီးတော့တည်ဆောက်ရမယ့် အနေအထားဖြစ်နေတဲ့အတွက်ကြောင့် မူလလမ်း (၁၅)မိုင် ကိုသာ ကျွန်တော်တို့အနေနဲ့ ပြင်ဆင်ထိန်းသိမ်းသွားမှာဖြစ်ကြောင်း ရှင်းလင်းတင်ပြ အပ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနက ဒီကျေးလက်လမ်းတွေနဲ့ ဒီတခြားသော လမ်းတွေကို ဆောင်ရွက်ပေးတဲ့နေရာမှာ ကျွန်တော်တို့ Inclusive Program ပေါ့။ ကျန်တဲ့ ဌာနတွေလို မူလကတည်း ကရှိတဲ့ အစီအစဉ်အရ ဆောင်ရွက်ပေး ရတာမဟုတ်ဘဲနဲ့ ကျန်ခဲ့သော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကဲ့သို့ ဝန်ကြီးဌာနများက မဆောင်ရွက်ပေး နိုင်တဲ့အတွက် ကြောင့် အစီအစဉ်မှာမပါတဲ့အတွက်ကြောင့် ကျန်ရှိတဲ့ လုပ်ငန်းတွေကို ကျွန်တော် တို့အနေနဲ့ ဒီပြည်သူတွေရဲ့ဆန္ဒကို ကျွန်တော်တို့ လိုက်နာသောအားဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း လည်း ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြအပ် ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ ပုဂံနဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စုဝန်ကြီး ပြောတာ မှန်ပါတယ်။ ၁၉၉၆-၁၉၉၇ လောက်တုန်းက World Heritage ဝင်ဖို့အတွက်ကို ယူနက်စကိုနဲ့ ညှိနှိုင်းတဲ့ အခါမှာ ဒီပုဂံမှာရှိတဲ့ကတ္တရာလမ်းတွေ အကုန်ပြန်ဖျက်ဖို့၊ Golf Course ဂေါက်ကွင်းကို ဖျက်ဖို့၊ ဒီMan Made အားလုံးပြန်ဖျက်ဖို့ ဆိုတဲ့ Condition တွေကြောင့်မို့လို့ ဒီကမ္ဘာ့အ မွေအနှစ် စာရင်းဝင်မလုပ်တော့ဘူးဆိုပြီးတော့ လုပ်ခဲ့တဲ့အနေအထား ရှိပါတယ်။ ရှိတော့ သွားရေးလာရေး

ခက်တဲ့နေရာတွေမှာ ရေမဝပ် အောင် ရေနုတ်မြောင်း နောက်တစ်ခု က သဲနဲ့ပဲ ချိုင့်ကျင်းတွေဖို့ပေးတာ ဆိုတာမျိုးလောက်ပဲ လုပ်လို့ရှိရင်တော့ သင့်တော်ပါတယ်။ ဒီဥစ္စာလုပ်တဲ့ကိစ္စကလည်း ဒီနယ်စပ်ရေးရာဝန်ကြီးဌာနက လုပ်ပေးမှပဲ ပုဂံက အဆင်ပြေမယ့် အနေအထားလေး ရှိပါတယ်။ အဲဒီတော့ ခုနကလို Heritage ကို မထိခိုက်လည်း မထိခိုက်အောင်၊ သွားလမ်း၊ လာလမ်းလည်း သာအောင်ပေါ့လေ။ ဒါလေးတော့ စဉ်းစားပြီး ဆောင်ရွက်ပေးဖို့ လိုပါတယ်။ တစ်ဆက်တည်း World Heritage ကိစ္စနဲ့ပတ်သက်ပြီးတော့ အဲ ဒီလိုပြဿနာတွေရှိတဲ့အတွက် မြောက်ဦးကို ကျွန်တော်တို့ မြောက်ဦးနဲ့ပတ်သက်ရင် တော်တော်စဉ်းစားချင့်ချိန်ရတဲ့ အနေအထားရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ လာအိုမှာ လမ်ဘရာဘန် ရှိတယ်။ လမ်ဘရာဘန်က ပြင်သစ်ဗိသုကာ ပုံစံအိမ်တွေရှိတဲ့အတွက် မြို့ကို World Heritage ပေးတယ်။ ပေး တဲ့အတွက် ခရီးသည်တွေ လာပါတယ်။ သူတို့ အိမ်တွေလုံးဝပြင်ခွင့် မရဘူး။ မရတဲ့အတွက် မြို့လူထု က မကြိုက်ဘူး။ World Heritage သွင်းတာ။ အစိုးရက ဝင်ငွေရတဲ့အတွက် ကြိုက်တယ်။ ဒီလို ပြဿနာတွေ ရှိတယ်။ ရှိတော့ လာအိုမှာ မြို့တစ်မြို့ဆိုလို့ရှိရင် မြို့သူမြို့သားတွေဟာ ပြောင်းပြီးထွက်သွားတဲ့ အတွက် ပျက်သွားတယ်။ ဒီလိုပြောပါတယ်။ ဒီက ယဉ်ကျေးမှုဝန်ကြီးက ပြောတော့ ခင်ဗျားတို့ကို ကျွန်တော်ကတော့ နောက်လိုက်ပါတယ်။ ခင်ဗျားတို့က လူသားတွေလည်း ရွှေးဟောင်း လူသားတွေပြန်ခေါ်ပြီးတော့ ပြန်ထည့်လိုက်ပေါ့ဗျာလို့ ၊ ကျွန်တော် အဲ ဒီလို ပြောခဲ့တဲ့အနေ အထားမျိုး ရှိပါတယ်။ World Heritage က နောက်ဆုံးကျတော့ ဥပမာ မြောက်ဦး ကို လုပ်မယ်ဆိုရင် ရှစ်သောင်းဘုရားဆိုရင် ရှစ်သောင်းဘုရား Estate တစ်ခုတည်းကိုပဲ လုပ်တာမျိုး၊ ကိုးသောင်းဘုရားဆို ကိုးသောင်းဘုရား Estate တစ်ခုတည်းကိုပဲ လုပ်တာမျိုး ဒီလို လုပ်မှ အဆင်ပြေမယ့် အနေအထားမျိုး ရှိပါတယ်။ ဒါကြောင့်မို့ ယဉ်ကျေးမှု ဝန်ကြီးဌာနက လူမရှိတဲ့ သရေခေတ္တရာ၊ ဟန်လင်း၊ ဗိဿနိုးကိုပဲ စပြီးတော့ World Heritage လုပ်မယ်ဆိုပြီးတော့ ဒီအစီအစဉ်ရှိပါတယ်။ ပုဂံနဲ့ပတ်သက်လို့ရှိရင် ပုဂံမှာမပြု မပြင်ဘဲနဲ့ ထားရတဲ့ဘုရား မျိုးတွေ ဓမ္မရံကြီးတို့လို၊ ဓမ္မရာဇကကြီးတို့လို၊ အာနန္ဒာတို့လို Estate တစ်ခုချင်း၊ တစ်ခုချင်း World Heritage လုပ်မယ်ဆိုတဲ့ အစီအစဉ် ရှိပါတယ်။ ဒါကြောင့်မို့ ဒီဥစ္စာတွေ သွား လမ်းလာလမ်းက ခုနကလို သဘာဝမပျက် ဘဲနဲ့ သဘာဝကျကျလေးဖြစ်အောင် ဝန်ကြီးအနေနဲ့ ဆောင်ရွက်ပေးဖို့ မေတ္တာ ရပ်ခံပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြား ရမည့် မေးခွန်း များဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မြို့နယ်ကျော် ဆရာ၊ ဆရာမများအား မိမိနေထိုင်ရာမြို့နယ်သို့ ရွှေ့ပြောင်းခန့်ထားပေးရန်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဒေါက်တာတင်ရွှေ က မြို့နယ်ကျော်ဆရာ၊ ဆရာမများအား မိမိနေထိုင်ရာ မြို့နယ်သို့ ရွှေ့ပြောင်း ခန့်ထားပေးရန် နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃**

**ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး နှလုံးစိတ် ဝမ်းမြောက်ချမ်းကြပါစေလို့ ဦးစွာ ဆန္ဒ ဆုမွန် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့် အနေနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မြို့နယ်ကျော် ဆရာ၊ ဆရာမများအား မိမိနေထိုင်ရာမြို့နယ်သို့ ရွှေ့ပြောင်းခန့်ထားပေးရန်နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ဆွေးနွေးမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ၂၀၀၀ ခုနှစ်ကာလမှာ နိုင်ငံ့အကြီးအကဲတစ်ဦးအနေဖြင့် ကျောင်းများအသီးသီးသို့ သွားရောက်ပြီး လေ့လာစူးစမ်း သုံးသပ်တဲ့အခါမှာကျွန်တော်တို့ရဲ့လမ်းအတွင်းမှ ဆရာမငယ်တစ်ယောက်ဟာ မြောက်ဥက္ကလာပ နယ်မြေအစွန်မှာ သွားရောက်ပြီး အမှုထမ်းနေခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် ထိုဆရာမအား မေးမြန်းတဲ့အခါမှာ လမ်းမတော်မှနေပြီး လာရောက်တာဝန်ထမ်းဆောင်နေတယ်ဆိုတာကို ကြားသိတဲ့အတွက် ထိုအကြီးအကဲမှနေပြီးတော့ ကဲ မနက်ဖြန်ကစပြီးတော့ ဆရာမ လမ်းမတော် မြို့နယ်မှာပဲ တာဝန်ထမ်းဆောင်ပါလို့ဆိုပြီး ဆရာမအား စာနာတဲ့ စိတ်နဲ့ ပြောင်းရွှေ့ပေးခဲ့ ပါတယ်။ ယခု ကျွန်တော်ရဲ့ မဲဆန္ဒနယ်မြေမှ မဲဆန္ဒရှင် ဆရာမများနဲ့ ရင်ဖွင့်သံကို နားထောင်တဲ့ အခါမှာ လှိုင်မြို့နယ်မှာနေတဲ့ ဆရာမတစ်ဦးဟာ ခနောင်တိုဘက်ကို သွားရောက်ပြီး အမှုထမ်း

နေရတယ်ဆိုတာကို ကြားသိခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ထိုကဲ့သို့ သော မိမိနေထိုင်ရာ မြို့နယ်နဲ့ ကင်းကွာပြီး ဝေးဝေးလံလံဆောင်ရွ က်နေရတဲ့ ဆရာမများကို အချိန်ကုန် လူပန်း၊ ငွေကုန်၊ မိသားစုအတွက် အခက်အခဲဖြစ်တဲ့ အကြောင်းတ ရားတွေကို မျှော်မြင်တွေးဆ ပြီးတော့ သက်ဆိုင်တဲ့ပြည်ထောင်စုပညာရေးဝန်ကြီးဌာနသို့ မိမိနေထိုင်ရာမြို့နယ်မှာ တာဝန် ထမ်းဆောင်နိုင်အောင် မြို့နယ်ကျော်ဖြစ်နေတဲ့ အနေအထားမှနေ မိမိနေထိုင်ရာ မြို့နယ်အတွင်း ပြောင်းရွှေ့ခန့်ထားနိုင်ရန် အစီအစဉ်ရှိ/မရှိနဲ့ မည်ကဲ့သို့ ဆက်သွယ်ဆောင်ရွက်၍ နေရာ ပြောင်းရွှေ့ရေးကို ဆောင်ရွက်နိုင်ရပါမည့်အကြောင်းကို လေးစားစွာဖြင့်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပြည်ထောင်စုဝ န်ကြီးအား လေးစားစွာ မေးမြန်းအပ် ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**နန့်ခမ်းမြို့ အမှတ်(၃)မူလတန်းလွန်ကျောင်းအားအလယ်တန်းကျောင်း(ခွဲ)အဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးစိုင်းဝင်းမောင် က နမ့်ခမ်းမြို့အမှတ် (၃)မူလတန်းကျောင်းအား အလယ်တန်းကျောင်းခွဲအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ /မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။ ခွင့်ပန်ကြားထားတဲ့အတွက် ဦးစိုင်းဝင်းမောင် ရဲ့ မေးခွန်းနဲ့ပတ်သက်လို့ နှုတ်နဲ့ဖြေကြားဖို့ မလိုဘဲ စာနဲ့လွှတ်တော်ရုံးကို ပေးပို့ဖို့ ဖြစ်ပါတယ်။

**ဖလမ်းမြို့နယ်၊ ထလန်ရောန်ကျေးရွာ မူလတန်းလွန်ကျောင်းအား အလယ်တန်း ကျောင်း (ခွဲ) အဖြစ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း က ဖလမ်းမြို့နယ်၊ ထလန်ရောန်ကျေးရွာ မူလတန်းလွန်ကျောင်းအား အလယ်တန်းကျောင်း(ခွဲ) အဖြစ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်တဲ့ နာယကကြီးခင်ဗျား။ ဖလမ်းမြို့နယ်၊ ထလန်ရောန်ကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းသည် အခြေခံပညာအလယ်တန်းကျောင်းခွဲအဖြစ် အဆင့်မြင့် တိုးမြှင့်ရ န် အောက်ပါ အချက်အလက်များနှင့်ပြည့်စုံပါသည်။

(က) အခြေခံပညာမူလတန်းလွန်ကျောင်း၊ ထလန်ရောန် ရွာ၏ အဆောက်အအုံ၊ ပရိဘောဂ၊ သောက်သုံးရေနှင့် အိမ်သာများ ပြည့်စုံလုံလောက်စွာရှိခြင်း၊

(ခ) အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရမ်ထလိုမှ (၁၁)မိုင်ကွာဝေးသဖြင့် ဆဋ္ဌမတန်းကျောင်းနေအရွယ်ကလေးများ၊ အဋ္ဌမတန်းကျောင်းနေ အရွယ်ကလေးများ ရပ်ဝေးသို့ ကျောင်းတက်ရန် အခက်အခဲကြုံတွေ့နေရခြင်း၊

(ဂ) အခြေခံပညာမူလတန်းလွန်ကျောင်း ထလန်ရောန်ရွာ တွင် အိမ်ခြေပေါင်း (၉၃)ရှိ၍ လူဦးရေမှာ (၅၀၀)ရှိနေခြင်းနှင့် လက်ရှိ ကျောင်းသားဦးရေသည် မူလတန်း (၁၅၇) ဦး၊ အလယ်တန်း (၇၃) ဦးရှိခြင်း၊ ပတ်ဝန်းကျင်ရွာ (၆)ရွာရှိပြီး ကျောင်းနေနိုင်မည့် ကလေးများ ပေါများခြင်း၊ နောင်တွင် ကျောင်းသား/ကျောင်းသူ အင်အားတိုးတက်ရန် အလားအလာရှိခြင်း၊ ဒီကျွန်တော်တို့ ချင်းပြည်နယ်လိုမျိုး လူနေမထူထပ်တဲ့ နေရာမှာတော့ ဒီအခြေအနေက တော်တော်များတဲ့ အခြေအနေဖြစ်ပါတယ်။

(ဃ) ရေအားလျှပ်စစ်မီး လုံလောက်စွာရရှိခြင်း၊ ဒီ ရေအားလျှပ်စစ်ကိုလည်း သူတို့ကိုယ်ထူကိုယ်ထနဲ့ဆောင်ရွက်တာ ဖြစ်ပါတယ်။

(င) ထလန်ရောန်ကျေးရွာသည် ၂၀၀၃ ခုနှစ် ဇွန်လ (၁၆)ရက်တွင် မူလတန်းလွန်ကျောင်းဖွင့်လှစ်ခွင့်ရရှိပြီး ယနေ့အထိ (၈)နှစ်ခန့် ကြာမြင့်ပြီးဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ မူလတန်းလွန်ကျောင်းများတွင် ဆဋ္ဌမတန်းအထိသာ ပညာသင်ကြားရမည်ဖြစ်ပါသဖြင့် ထလန်ရောန်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ သတ္တမတန်း၊ အဋ္ဌမတန်း ကျောင်းသား/ကျောင်းသူများသည် အခြေခံပညာအလယ်တန်း၊ အထက်တန်း ကျောင်းများသို့ တက်ရောက်ရန် အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်ပါ၍ ဖလမ်းမြို့နယ်၊ ထလန်ရောန်

ကျေးရွာရှိ မူလတန်းလွန် ကျောင်းအား အလယ်တန်းကျောင်း (ခွဲ)အဖြစ် ဖွင့်လှစ်ပေးနို ်င်ခြင်း ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဖြေကြားချက်**

**ဦးအေးကြူ (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင ့်တကွ လွှတ်တော်ကိုယ်စားလှယ် တော်ကြီးများခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ တင်ရွှေရဲ့ မြို့နယ်ကျော် ဆရာ /ဆရာမများအား မိမိနေထိုင်ရာမြို့နယ် များသို့ ပြော င်းရွှေ့ ခန့်ထားမှု အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ဒုတိယဝန်ကြီး ဦးအေးကြူ မှ ပြန်လည်ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ပညာရေးဝန်ကြီးဌာနအနေဖြင့် ကာယကံရှင် ဆရာ / ဆရာမများရဲ့ လျှောက်လွှာပါ ဆန္ဒပြုဒေသ ဦးစားပေးအစီအစဉ်၊ ဘာသာရပ်ကိုက်ညီမှု၊ ကျောင်းသား၊ ဆရာအချိုး၊ စာသင်ခန်းအချိုးအရ လိုအပ်တဲ့ လစ်လပ်နေရာများမှာ သင်တန်း ဆင်းများ ခန့်ထားနိုင်မှုတို့အပေါ်မူတည်ပြီး တပ်ပြောင်း၊ ဝန်ထမ်းပြောင်း၊ မိသားစုအခက်အခဲ၊ လူမှုရေးအခက်အခဲ ရှိသူများ၊ (၁)နှစ်၊(၂)နှစ် တာဝန်ထမ်းဆောင်ရမယ့် ဝေးလံခက်ခဲဒေသ များမှ ဆရာ/ဆရာမများအား ဦး စားပေး အစီအစဉ်နှင့်အညီ နှစ်စဉ်ပြောင်း ရွှေ့ပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ် ပါတယ်။ တစ်ဆက်တည်းပဲ ယနေ့ ပြည်ထောင်စုချုပ် အနေဖြင့် ဆရာ၊ ကျောင်းသား၊ စာသင်ခန်းအချိုး ပြည်ထောင်စုချုပ် ကျွန်တော်တို့ Program ထဲထည့်ပြီးတော့ ကနေ့အနေအထား၊ အခြေအနေတို့ကို လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ကျွန်တော် ဖြစ်နေတဲ့ ground အခြေအနေတွေကို တင်ပြလိုပါတယ်ခင်ဗျား ။ ဆရာ၊ ကျောင်းသား၊ စာသင်ခန်းအချိုးအရ အထက်တန်းပြ ဆရာ /ဆရာမ စုစုပေါင်းဟာ ရှိရမယ့် အချိုးထက် ပိုခန့်ထားတာ ကနေ့အနေအထားသည် (၅၂၇၁) ယောက်ရှိပါတယ်။ လိုနေတာက (၁၆၁၇)ယောက်ဖြစ်ပါတယ်။ပိုနေတဲ့နေရာများကို ပြန်စိစစ်တဲ့အခါမှာ အားလုံးသော နေရာသည်

သွားရေးလာရေးလွယ်ကူတဲ့ ကားလမ်း ဘေး၊ ရထားလမ်းဘေး မြို့ပေါ်များ ပိုပြီးတော့လိုတဲ့ နေရာများဟာ ကျေးလက်ခက်ခဲ ဒေသများဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ အလားတူ အလယ်တန်းပြ၊ မူလတန်းပြ ဆရာ /ဆရာမပေါင်းဟာ ဆရာ၊ ကျောင်းသား အချိုး၊ စာသင်ခန်း အချိုးနဲ့ဆိုရင် အားလုံးလိုသည်ထက် ပိုနေတာ(၃၃၆၈၇)ယောက် ဖြစ်ပြီးတော့ လိုနေတာကတော့ (၃၄၄၆၅)ယောက် ရှိနေပါတယ်။ ဒီလိုဖြစ် ရတဲ့အကြောင်းကတော့ စီမံခန့်ခွဲမှု အားနည်းမှု၊ အခြားသော အကြောင်းအမျိုး မျိုး ကြောင့် ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လောလောဆယ်အနေနဲ့ ပိုနေတဲ့ကျောင်းများမှ လို တဲ့ကျောင်းများကို ပြန်လည်ဖြည့်တင်းရေး ကိစ္စ၊ လိုတဲ့ကျောင်းကို section သစ်များ ခန့်ထားရေးကိစ္စများကို ဦးစားပေးအစီအစဉ်နဲ့ ဆောင်ရွက်လျက်ရှိကြောင်း ကျွန်တော် ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းကတော့ ကျွန်တော်တို့ ဥက္ကဋ္ဌကြီးထံ စာနဲ့ပြန်လည် ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ ဖလမ်းမြို့နယ်၊ ထလန်ရောန်ကျေးရွာရှိ အခြေခံပညာ မူလတန်းလွန်ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)အဖြစ် ဖွင့် လှစ်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ ပတ်သက်ပြီး ဆက်လက်တင်ပြမှာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ပညာသင် ယူမှု အခွင့်အလမ်း ပိုမိုရရှိရေးအတွက် ကျောင်းအဆင့်တိုးမြှင့်ခြင်း၊ ကျောင်းအသစ်ဖွင့် လှစ်ခြင်းများကို လာမယ့် ၂၀၁၂ -၂၀၁၃ ပညာသင်နှစ်မှစပြီး ၂၀၁၅ - ၂၀၁၆ ပညာသင်နှစ်အထိ (၄)နှစ်တာကာလအတွက် စီမံချက်ရေးဆွဲ ဆောင်ရွက်လျက် ရှိပါတယ်။ (၄)နှစ်တာကာလ စီမံချက်ရေးဆွဲ ဆောင်ရွက် လျက်ရှိတဲ့နေရာမှာ အဓိ ကကတော့ ကျွန်တော်တို့ ကျောင်းသား အရေအတွက်ကို ဦးစားပေးပြီး တော့ (၈၀)ရာခိုင်နှုန်းကို လျာထားပြီးတော့ ကျန်တဲ့ (၂၀) ရာခိုင်နှုန်းကတော့ ဝေးလံခက်ခဲ ဒေသ၊ အစွန်အဖျားဒေသ၊ သွားလာမှု၊ ပညာသင်မှုအခွင့် အလမ်းနည်းပါးတဲ့ဒေသများ၊ သက်ဆိုင်ရာ အာဏာပိုင်များရဲ့ စိစစ်ထောက်ခံချက်များနဲ့ ပေးဖို့ အတွက် လျာထား ပါတယ်။ စုစုပေါင်း ကျောင်းအသစ် ဖွင့်လှစ်ခြင်းနဲ့ ကျောင်းအဆင့်တိုးမြှင့် ပေးမယ့် ကျောင်းပေါင်းသည်(၄) နှစ်တာကာလအတွက် (၄၂၉၅) ကျောင်းရှိပါတယ်။ အခုတင်ပြတဲ့ ကျောင်းကတော့ ကျောင်းသားအရေ အတွက်အရ ကျွန်တော်တို့ (၁၀၅)ဦးနှင့် အထက်ရှိတဲ့ မူလတန်းလွန်ကျောင်းများဟာ(၃၂၆) ကျောင်း ရှိပါတယ်။ ဒီကျောင်းလေးကတော့(၇၃)ယောက်သာ

ရှိသေးတဲ့အတွက် ကျွန်တော်တို့ လောလောဆယ်လာမယ့် စာသင်နှစ်မှာတော့ သတ္တမတန်း အထိ သင်ကြားခွင့်ပြုမှာဖြစ်ပြီးတော့ ၂၀၁၃-၂၀၁၄ မှာ သက်ဆိုင်ရာဒေသအာဏာပိုင်က ကျောင်းသား အရေအတွက်နည်းသော်လည်း ပညာသင်ကြားခွင့် အခွင့်အလမ်း အင်မတန် အခက်အခဲရှိတယ် ဆိုရင်ကျွန်တော်တို့ အလယ်တန်းကျောင်းခွဲအဖြစ် ဆက်လက်တိုးမြှင့်ပေးသွားမည် ဖြစ်ပါ ကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက မေးမြန်းသည့် မေးခွန်းသည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားရမည့် မေးခွန်း ဖြစ်ပါတယ်။

**ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံသားကုမ္ပဏီနှင့် လုပ်ငန်းရှင်များအား တိုင်းဒေသကြီး / ပြည်နယ်များတွင် စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နိုင်ငံတော်အနေဖြင့် သတ်မှတ်ပေးထားခြင်း သို့မဟုတ်သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ။** ။ ယခု ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးသက်နိုင်ဦး က ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံသားကုမ္ပဏီနှင့် လုပ်ငန်းရှင်များအား တိုင်းဒေသကြီး / ပြည်နယ်များတွင် စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နိုင်ငံတော်အနေဖြင့် သတ်မှတ်ပေးထားခြင်း သို့မဟုတ် သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၀။**

**ဦးသက်နိုင်ဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသက်နိုင်ဦး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကို စာဖြင့် ဖတ်ကြားမေးမြန်း ခွင့်ပြုပါခင်ဗျား။ ကျွ န်တော်တို့နိုင်ငံရဲ့ စီးပွားရေးအချို့နဲ့ လူမှုရေး လုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေဖို့အတွက် နိုင်ငံသားများပိုင်ကုမ္ပဏီနဲ့

လုပ်ငန်းရှင်များအားလုံးကနေပြီးတော့ တိုင်းဒေသကြီးပြည်နယ်များမှာ နိုင်ငံတော်က နေရာ သတ်မှတ်မယ့် တာဝန်ခွဲခြင်း ၊ ဥပဒေစည်းမျဉ်း၊ စည်းကမ်းနဲ့အညီ ကာလသတ်မှတ်ပေးခြင်း ရှိ/မရှိ ဆိုတဲ့မေးခွန်းကို ကျွန်တော် မေးမြန်းခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှာ ငွေကြေးချမ်းသာ ကြွယ်ဝတဲ့ လုပ်ငန်းရှင်တွေ၊ ကုမ္ပဏီပိုင်ရှင်တွေ၊ ရှယ်ယာဝင်တွေ များစွာရှိပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ဒီလုပ်ငန်းရှင်များအားလုံးကို ပြန့်ကျဲနေတဲ့လုပ်ငန်းရှင်များအားလုံး လုပ်ကိုင်နေခြင်းမှ ညှိနှိုင်းစုစည်းပြီးတော့ တာဝန်တစ်ရပ် ပေးတဲ့အနေနဲ့လည်းကောင်း၊ စီးပွားရေးအချို့ တည်ထောင်ပြီး လူမှုရေးနဲ့ပြည်သူ့အကျိုးပြု လုပ်ငန်းများကို ဆောင်ရွက်တဲ့နေရာမှာ ပြည်နယ်များ မှာ တရားဝင်သတ်မှတ်ပြီး၊ တိုင်းဒေသကြီး များမှလည်း တရားဝင်သတ်မှတ်ပေးပြီး နိုင်ငံတော်အကျိုးကို ကိုယ်စွမ်းရှိသ၍ ဉာဏ်စွမ်းရှိသ၍ ဆောင်ရွက်စေချင်ပါတယ်။ ဒါဟာ မေးမြန်းရတဲ့ မေးခွန်းကလည်း ဘာဖြစ်လို့လဲဆိုလို့ ရှိရင် မြို့ကြီးများမှာ ပုဂ္ဂလိကကုမ္ပဏီများနဲ့ အစုရှယ်ယာဝင်များဟာ စုစည်းပြီးတော့ တည်ထောင် ထားတာကိုများစွာတွေ့ရပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ မှာဆိုလို့ရှိရင် များစွာလိုအပ်လျက်ရှိတဲ့အတွက် ကုမ္ပဏီပိုင်ရှင်များ၊ လုပ်ငန်းရှင်များ အနေနဲ့လည်း ဝိုင်းဝန်းပြီး ဆောင်ရွက်ပေးစေလိုတဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ သို့မှသာ နိုင်ငံတစ်ဝန်း မှာလည်း ကျွန်တော်တို့ နိုင်ငံ အတွင်းမှာ တစ်ချိန်တည်း ၊ တစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်ပြီး၊ အရှိန်အဟုန်နဲ့ လုပ်ငန်းထူထောင်တဲ့ နေရာမှာ တစ်ပြိုင်တည်း တိုးတက်ထွန်းကားလာမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ပြည်သူနဲ့လုပ်ငန်း ရှင်များ လုပ်ငန်းထူထောင်တဲ့ နေရာမှာ ပြဿနာ ရှိပါတယ်။ နေရာ ဖယ်ရှားခြင်း၊ ရောင်းဝယ်ခြင်း၊ နစ်နာကြေးပေးခြင်းတို့ကို ပြဿနာများစွာ ရှိပါတယ်။ ဒီကိစ္စရပ်များကို ဖြေရှင်းရာမှာလည်း ကုမ္ပဏီလုပ်ငန်းရှင်များနဲ့ တာဝန်ရှိသူများ၊ ပြည်သူများအကြား ယခ င်လို ကြိတ်ပြီးဆွေးနွေး ဆောင်ရွက်နေမယ့်အစား တာဝန်ရှိသူများနဲ့ လက်သိပ်ထိုးပြီး ဆော င်ရွက်နေမယ့်အစား ပွင့်ပွင့်လင်းလင်း ရှင်းရှင်းလင်းလင်းဖြစ်အောင် ဂျာနယ်များ၊ ပြည်တွင်းထုတ်ဂျာနယ်များ၊ အစိုးရ သတင်းစာများမှာ ဘယ်နေရာ ဘယ်ဒေသမှာ ဘယ်ကုမ္ပဏီထူထောင်တယ်၊ ဘယ်လိုပြည်သူ့ အကျိုးပြုလုပ်ငန်း ဆောင်ရွက်မယ်ဆိုတဲ့ဟာကို ဒါ တရား ဝင်ကြေညာခြင်းအဖြစ်နဲ့ ဆောင်ရွက် သင့်ပါတယ်။ ထို့အပြင် လုပ်ငန်းများအတွက် မြေယာဝယ်ယူခြင်းမှာလည်း မည်သည့်နှုန်းဖြင့် ဝယ်ယူသည်၊ ရောင်းသည် သို့မဟုတ်

လျှော်ကြေးပေးသည်၊ နစ်နာကြေးပေးခံရသူကလည်း မကျေနပ်ပါက သတ်မှတ်ရက်အတွ င်း တောင်းဆိုနိုင်သည်ဆိုတဲ့ စာများကို သတင်းစာများ၊ ဂျာနယ်များ၊ သက်ဆိုင်ရာဒေသများမှာ ပြည်သူတွေ ထင်သာမြင်သာသိရှိအောင်ရှင်းလင်းအောင် ဖြေရှင်းကြေညာသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မေးခွန်း (၂)ခု မေးမြန်းလို ပါတယ်။ ယခုလို မေးမြန်းရခြင်းမှာလည်း မြန်မာပြည်သား ကြွယ်ဝချမ်းသာသော လုပ်ငန်းရှင် များအသီးသီးက မြန်မာပြည် ကြီးပွားတိုးတက်အောင် တိုင်းဒေသကြီးအတွင်းတွင်လည်းကောင်း၊ ပြည်နယ်များ တွင်လည်းကောင်း ကျရာဒေသမှာ တာဝန်ယူကြပြီး နှစ်တိုအတွင်းမှာ တစ်ချိန်တည်း ၊ တစ်ပြိုင် နက်တည်း တိုင်းပြည်တစ် ဝန်း တိုးတက်လာစေခြင်း အရင်းခံဖြင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုး ရအနေနဲ့ နိုင်ငံသားကုမ္ပဏီနဲ့ လုပ်ငန်းရှင်များအား တိုင်းဒေသကြီးများ၊ ပြည်နယ်များတွင် စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နိုင်ငံတော်အနေဖြင့် ဥပဒေစည်းကမ်းနှင့်အညီ သတ်မှတ်ပေးခြင်း အစီအစဉ် ရှိ/မရှိ။ သတ်မှတ် ပေးထားခြင်း သို့မဟု တ် သတ်မှတ်ပေးနိုင်ခြင်း အစီအစဉ် ရှိပါက သတ်မှတ်ကာလ သို့မဟုတ် လုပ်ကိုင်ခွင့်ကာလ မည်မျှ သက်တမ်းသတ်မှတ်ထားသည်ဆိုတာကို သိရှိလို၍ မေးမြ န်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၀၀။**

**ဒေါက်တာကံဇော် (ဒုတိယဝန်ကြီး၊ အမျိုးသားစီ မံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော အမျိုး သားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ အမျိုးသားလွှတ်တော် ကို ယ်စားလှယ် ဦးသက်နိုင်ဦး မေးမြန်းသည့် နိုင်ငံတော်စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများအား မြန်မာနိုင်ငံသားများပိုင် ကုမ္ပဏီနှင့်လုပ်ငန်းရှင်များအား နိုင်ငံအတွင်း

တိုင်းဒေသကြီး၊ ပြည်နယ်များတွင် နိုင်ငံတော်ကနေရာ သတ်မှတ်ခြင်း၊ တာဝန်ခွဲခြင်း၊ ဥပဒေ စည်းမျဥ်းစည်းကမ်းများနှင့်အညီ ကာလသတ်မှတ်၍ ပေးနိုင်ခြင်း ရှိ /မရှိ မေးမြန်းခြင်းကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီးမှ နိုင်ငံတော် စီးပွားရေးအပိုင်းနှင့် လူမှုရေးအပိုင်း လုပ်ငန်းဟူ၍ (၂)ပိုင်းခွဲခြားပြီး ဖြေကြားမှာဖြစ်ပါတယ်။ ရှေးဦးစွာ နိုင်ငံတော်စီးပွားရေးအပိုင်းအား ဖြေကြားမှာ ဖြစ်ပါတယ်။ နိုင်ငံတော် စီးပွားရေးနှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၈)၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ ပုဒ်မ ၃၇၀ တွင် နိုင်ငံသားများသည် နိုင်ငံတော်အတွင်း အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး အတွက် စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ လုပ် ကိုင်ခွင့်ရှိသည်လို့ ဖော်ပြ ထားပါတယ်။ အခန်း (၁၅)အထွေထွေပြဋ္ဌာန်းချက်၊ ပုဒ်မ ၄၅၅ အရ ပြည်ထောင်စု အစိုးရသည် ပြည်ထောင်စုအစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ရန် သတ်မှတ်ထားသော စီးပွားရေး လုပ်ငန်း တစ်ရပ်ရပ်ကို နိုင် ငံတော်၏ အကျိုးစီးပွားအလို့ငှာ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့ နှင့် ဖက်စပ်လုပ်ကိုင် ဆောင်ရွက်ရန်ဖြစ်စေ၊ စည်းကမ်းသတ်မှတ်ချက်ဖြင့်လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ ခွင့်ပြုနိုင်သည်။ (ခ) သမဝါယမ အဖွဲ့အစည်း၊ စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကို ပြည်ထောင်စုအစိုး ရ အဖွဲ့နှင့် ဖက်စပ် လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ၊ စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင် ဆောင်ရွက်ရန်ဖြစ်စေ ခွင့်ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားပါတယ်။

နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေ၊ အခန်း(၂)၊ အပိုဒ် ၄ တွင်လည်း အစိုးရ အဖွဲ့သည် ပုဒ်မ ၃ အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ရန် သတ်မှတ်ထားသော စီးပွားရေး လုပ်ငန်းတစ်ရပ်ရပ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ အစိုးရနှင့် အခြားမည်သည့်ပုဂ္ဂိုလ် သို့မဟုတ် မည်သည့်စီးပွားရေးအဖွဲ့အစည်းမဆို ဖက်စပ်လုပ်ကိုင် ဆောင်ရွက်ရန်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းတစ်ခုခုက စည်းကမ်း သတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေအမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ခွင့်ပြုနိုင်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ ထို့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၅)၊ ပုဒ်မ ၄၅၅ အရလည်းကောင်း၊ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ ဥပဒေ၊ အခန်း(၂)၊ ပုဒ်မ ၄ အရလည်းကောင်း မြန်မာနိုင်ငံသားများအနေဖြင့် နိုင်ငံတော်ပိုင်

စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့် ရရှိထားပြီးဖြစ်ပါတယ်။ လက်တွေ့နယ်ပယ်တွင် (က) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ဒေသ အာဏာပိုင်များ၊ ဒေသခံကုန်သည်များ၊ ဒေသခံတောင်သူလယ်သမားများနှင့် ညှိနှိုင်းပူးပေါင်း၍ ဆန်စပါးအထူးပြုကုမ္ပဏီများ၊ပဲမျိုးစုံအထူးပြုကုမ္ပဏီများနှင့်စိုက်ပျိုးရေးအထူးပြု ကုမ္ပဏီများကို မြို့နယ်များ၌ ဖွဲ့စည်းထူထောင်ခြင်းအား ၂၀၀၉ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ ပါတယ်။ (ခ) ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်းနဲ့ ရန်ကုန် တိုင်းဒေသကြီးများ၊ ရခိုင်၊ ရှမ်း၊ ကရင်နှင့် မွန်ပြည်နယ်များ၌ ဆန်စပါးအထူးပြုကုမ္ပဏီ(၅၄)ခု၊ ဧရာဝတီ၊ ပဲခူး၊ မကွေးနှင့် ရန်ကုန်တိုင်း ဒေသကြီးများတွင် ပဲမျိုးစုံအထူးပြုကုမ္ပဏီ(၂၁)ခု၊ နေပြည်တော်တွင်စိုက်ပျိုးရေးအထူးပြုကုမ္ပဏီ(၁)ခုတို့ကို ဖွဲ့စည်းထူထောင်ပြီးတောင်သူလယ်သမား များအတွက် လိုအပ်သည့်မျိုး၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ပံ့ပိုးထောက်ပံ့ခြင်း၊ လယ်ယာသုံးစက်ကိရိယာများ ဖြန့်ဖြူးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ (ဂ) ဆန်စပါး အထူးပြုကုမ္ပဏီများ၏ နှစ်အလိုက် ပံ့ပိုးမှုမှာ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁၆.၉၄ ဘီလီယံ၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၂၉.၃၄ ဘီလီယံ၊ လက်ရှိ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ဒီဇင်ဘာလကုန် အထိ၂၄.၉၅ ဘီလီယံ စုစုပေါင်း ၇၁.၂၄ ဘီလီယံ ထုတ်ပေး ခဲ့ပြီး ပဲမျိုးစုံ အထူးပြုကုမ္ပဏီများ၏ နှစ်အလိုက်ပံ့ပိုးမှုမှာ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၄.၁၂ ဘီလီယံ၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၆.၆၄ ဘီလီယံ၊ လက်ရှိ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ဒီဇင်ဘာလကုန်အထိ ၁.၇၆ ဘီလီယံ စုစုပေါင်း ၁၂.၅၂ ဘီလီယံထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ (ဃ) အထူးပြုကုမ္ပဏီများအနေဖြင့် တောင်သူလယ်သမား များထံမှ လယ်ယာမြေများ ဝယ်ယူခြင်း၊ အခကြေးငွေဖြင့် ငှားရမ်းပြီး ကိုယ်တိုင်လုပ်ကိုင်ခြင်း များကို ဆောင်ရွက်ခြင်းမပြုဘဲ သက်သာသည့် အတိုးနှုန်း(၂)ရာခိုင်နှုန်းဖြင့် ပံ့ပိုးထုတ်ပေးခြင်း ဖြင့်သာ ဆောင်ရွက်နေခြင်းဖြစ်ပြီး မြို့နယ်အသီးသီးတွင် လုပ်ငန်းများသွားရောက်ဆောင်ရွက် ရာ၌ မြေယာဖယ်ရှားပေးရခြင်း၊ နစ်နာကြေးပေးရခြင်း စသည့်ပြဿနာများ ဖြစ်ပွားခဲ့ခြင်း မရှိပါကြောင်းလည်း သိရှိရပါတယ်။ (င) အထူးပြုကုမ္ပဏီများ၏ ဒေသအသီးသီးတွင် လက်ရှိ ဆောင်ရွက်နေသည့် အစီအစဉ်များအပေါ် နှစ်ကာလ သို့မဟုတ် လုပ်ကိုင်ခွင့်ကာလ သတ်မှတ်

ထားခြင်းမရှိဘဲ စိုက်ပျိုးထုတ်လုပ်သည်မှ ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချသည်အထိ Supply Chain Mechanism တစ်ခုလုံးတွင် ပါဝင်နေသူများဖြစ်သည့် တောင်သူလယ်သမားများ၊ ဒေသခံကုန်သည်များ၊ပွဲစားများ၊ စက်ပိုင်ရှင်ကြီးများ၊ကုန်သည်ကြီးများ၊ပြည်ပတင်ပို့သူများအားလုံး ဟန်ချက်ညီညီ ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။လူမှုရေးလုပ်ငန်းများအနေဖြင့်လည်းလူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် များတွင် လူမှုရေးလုပ်ငန်းများဖြစ်သည့် ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းများ၊ စေတနာ မူလတန်းညကျောင်းများ၊ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာများ၊ ဘိုးဘွားရိပ်သာများကို ဖွင့်လှစ် တည်ထောင်ရန်အတွက် နိုင်ငံသား ပုဂ္ဂလိကအလှူရှင်များနှင့်လုပ်ငန်းရှင်များကလျှောက်ထားလျှင် သတ်မှတ်ချက်နှင့်ကိုက်ညီပါက နှစ်ကာလနှင့် လုပ်ပိုင်ခွင့်ကာလ သတ်မှတ်ခြင်းမရှိဘဲ အသိအမှတ်ပြု ဖွင့်လှစ်ခွင့်ပြုလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌသို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ၁၉၅၅ ခုနှစ်၊ အစိုးရ အိမ်ဥပစာ (နှင်ထုတ်ခြင်း)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို အမျိုး သားလွှတ်တော် ဥပဒေကြမ်းကော်မတီ က ဖတ်ကြားရှင်းလင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၀။**

**ဦးစံထွန်း (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးစံထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မ တီကိုယ်စား

၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ် တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

**နိဒါန်း** - အပိုဒ် ၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့၍ ပြည်ထောင်စုလွှတ်တော်၏ ၂၁-၂-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ၁/ပထ(စည်းဝေး)၁၀/၂၀၁၂-၁၆ ဖြင့် ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သော ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လေ့လာစိစစ်ရန် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသို့ ပေးပို့လာခဲ့ပါသည်။ ယင်း ဥပဒေကြမ်းတွင် ပုဒ်မ (၂)ခုသာ ပါရှိပြီး မူလ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကိုပါ ပူးတွဲပေးပို့ထားပါသည်။ မူလဥပဒေတွင် ပုဒ်မပေါင်း (၁၀)ခုပါရှိပါသည်။

**လေ့လာတွေ့ရှိချက်** - အပိုဒ် ၂။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လေ့လာစိစစ်ရာ၌ အောက်ပါအတိုင်း လေ့လာစိစစ်တွေ့ရှိပါသည်။ (က) ဤဥပဒေကြမ်းတွင် ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(၁)ပါ ကျပ်တစ်ထောင်ဆိုသည့် စကားရပ်ကို ကျပ်တစ်သိန်းဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟူ၍ ငွေဒဏ်တစ်ခုတည်းကိုသာ ပြင်ဆင်ထားကြောင်း တွေ့ရှိခဲ့ရပါသည်။ (ခ) မူလဥပဒေ၏ ပြဋ္ဌာန်းချက်ပါ ပုဒ်မများကို လေ့လာရာ၌ အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် လက်ရှိခေတ်ကာလ အသုံးအနှုန်းများ မဟုတ်တော့သည်ကိုလည်းကောင်း၊ လက်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် မကိုက်ညီ၊ မဆီလျော်တော့သည်ကိုလည်းကောင်း၊ အချို့ပုဒ်မများ၌လည်း ထပ်မံဖြည့်စွက်ရန် လိုအပ်သောကြောင့်လည်းကောင်း၊ ဥပဒေအာဏာသက်ရောက်မှုကို ထိရောက်စေသော ပြဋ္ဌာန်းချက်များဖြစ်စေရန်လည်းကောင်း၊ မူလ ဥပဒေအား ပြင်ဆင်ဖြည့်စွက် အစားထိုး ပြုလုပ်သွားသင့်ကြောင်း တွေ့ရှိရပါသည်။ ဥပမာ ဤဥပဒေကြမ်းနှင့်အတူ ပူးတွဲပါရှိသည့် ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေတွင် ပါရှိသော ပုဒ်မ ၂(ခ) အစိုးရအိမ်ဥပစာ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင်ပါရှိသည့် ကော်ပိုရေးရှင်းများ၊ အဖွဲ့များမှာ ယခုလက်ရှိကာလတွင်မရှိ၍လည်းကောင်း၊ ယခင်ကသုံးနှုန်းခဲ့သည့် ပြည်နယ်၏ တစ်စိတ်တစ်ဒေသအဖြစ် မဖွဲ့စည်း၊ မပါဝင်သော ပြည်ထောင်စုမြန်မာနိုင်ငံရှိ ကျန်နယ်မြေအားလုံးတွင် ပြည်နယ်အစိုးရက

ဖြစ်စေ ဟူသည့်စကားလုံးများမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မကိုက်ညီ၍ လည်းကောင်း၊ ပုဒ်မ ၂(က) ၌ ခွင့်ပြုချက်မရှိဘဲ တစ်ဆင့်ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်းမပြုရန် တားမြစ်ချက်များတွင် ယနေ့ ခေတ်ကာလနှင့် ကိုက်ညီသည့် တားမြစ်ချက်များ အကျုံးဝင်စေရန် ပုဒ်မခွဲ (၂)ခု ထပ်မံဖြည့်စွက်ရန် လိုအပ်၍လည်းကောင်း၊ ပုဒ်မ ၃ နှင်ထုတ် နိုင်သည့် အာဏာနှင့်စပ်လျဉ်း၍ binding force ရှိစေရန် ပုဒ်မခွဲ(၁)ခု ထပ်မံဖြည့်စွက်ရန် လိုအပ်၍လည်းကောင်း၊ ပုဒ်မ ၂(က)၊ ၁၀(၁) ပါ နိုင်ငံတော်သမ္မတ ဟူသည့် စကားရပ်နှင့် ပုဒ်မ ၂(ခ)၊ ပုဒ်မ ၃(၁)၊ ပုဒ်မ ၅၊ ပုဒ်မ ၆၊ ပုဒ်မ ၇၊ ပုဒ်မ ၈ တို့ပါ နိုင်ငံတော်အစိုးရ ဟူသည့် စကားရပ်နှင့် ပုဒ်မ ၉၊ ပုဒ်မခွဲ(၂)ပါ အစိုးရက ဤကိစ္စအလို့ငှာ အမိန့်ကြော်ငြာစာဖြင့် အပ်နှင်းထားသည့် အရာရှိဟူသည့် စကားရပ်များအား ယခုခေတ်ကာလနှင့် လိုက်လျောညီထွေစေရန် အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာစိစစ်တွေ့ရှိခဲ့ရပါသည်။ (ဂ) ထို့ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကို ဖိတ်ခေါ် ဆွေးနွေးညှိနှိုင်းခဲ့ပြီး မူလဥပဒေ၌ ပြင်ဆင်ဖြည့်စွက်သင့်သည်များကို ထပ်မံဖြည့်စွက် အစားထိုး ပြင်ဆင်ခဲ့ပါသည်။

**ဖြည့်စွက်၊ အစားထိုး၊ ပြင်ဆင်ချက်များ** - ၃။ အထက်ပါ လေ့လာတွေ့ရှိချက်များအရ ဥပဒေကြမ်းကော်မတီက ဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး အောက်ပါအတိုင်း ဖြည့်စွက်၊ အစားထိုး၊ ပြင်ဆင်ခဲ့ပါသည်။ (က) ဥပဒေကြမ်းခေါင်းစဉ်ပါ ဥပဒေအမှတ်၏နောက်တွင် " ။ " မပါရှိ၍ ဖြည့်စွက်ခဲ့ပါသည်။

(ခ) ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(က)ပါ နိုင်ငံတော် သမ္မတ၏ လုပ်ပိုင်ခွင့်အား ယခု လက်ရှိကာလတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနကို ပေးအပ်ထားရာ ဤဥ ပဒေအရ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်ရမည်ဖြစ်၍ နိုင်ငံတော်သမ္မတ ဆိုသည့်စကားရပ်အား ဆောက်လုပ်ရေးဝန်ကြီးဌာနဟု အစားထိုးခဲ့ပါသည်။

(ဂ) ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ခ) အစိုးရအိမ်ဥပစာ အဓိပ္ပာယ်ဖွင့်ဆိုချက်အား ယနေ့ ခေတ်ကာလနှင့် ကိုက်ညီစေရန် အိမ်ဥပစာအား ပိုင်ဆိုင်သူများမှာပြည်ထောင်စုအစိုးရအဖွဲ့ကသော်လည်းကောင်း၊ ပြည်ထောင်စု ဝန်ကြီးဌာနတစ်ခုခုကသော်လည်းကောင်း၊ ဝန်ကြီးဌာန မဟုတ်သည့် ဦးစီးဌာနတစ်ခုခု က

သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသော်လည်းကောင်း စည်ပင်သာယာရေးကော်မတီ တစ်ခုခုကသော်လည်းကောင်း၊ စည်ပင်သာယာရေးအဖွဲ့ တစ်ခုခုကသော်လည်းကောင်းဖြစ်နိုင်၍ အစိုးရအိမ်ဥပစာ ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ ပြည်ထောင်စု ဝန်ကြီးဌာနတစ်ခုခုကဖြစ်စေ၊ အစိုးရဌာန၊ အဖွဲ့အစည်း တစ်ခုခုကဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ဖြစ်စေ၊ စည်ပင်သာယာရေးကော်မတီ တစ်ခုခုကဖြစ်စေ၊ စည်ပင်သာယာရေးအဖွဲ့ တစ်ခုခုကဖြစ်စေ ပိုင်သော၊ ငှားရမ်းယူထားသော သို့မဟုတ် ခေတ္တသိမ်းယူထားသော အိမ်ဥပစာကိုဆိုသည် ဟု ပြင်ဆင်ခဲ့ပါသည်။

(ဃ) ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ ပုဒ်မ ၂(က) ခွင့်ပြုချက် မရရှိဘဲ တစ်ဆင့်ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်းမပြုရန် တားမြစ်ချက်များတွင် ယနေ့ခေတ်ကာလနှင့် ကိုက်ညီစေရန် ပုဒ်မခွဲ (ဃ) အောက်တွင် ပုဒ်မခွဲ (င)အဖြစ် အစိုးရအိမ်ဥပစာအား မူလအသွင်သဏ္ဌာန် ပျက်ယွင်းစေရန် အဖီများ ဆွဲချခြင်း၊ မိမိဆန္ဒအလျောက် ပြုပြင်ခြင်းများကို တားမြစ်နိုင်ရန် အတွက် အခွင့်ရအာဏာပိုင်၏ ခွင့်ပြုချက်မရယူပဲ အိမ်ဥပစာ၏ မူလအသွင်သဏ္ဌာန်ကို ပြောင်းလဲပြင်ဆင်ခြင်း၊ မွမ်းမံဖြူးခြင်း၊ တိုးချဲ့ခြင်းမပြုရဟုလည်းကောင်း၊ အစိုးရအိမ် ဥပစာတွင် နေထိုင်ပြီး ဥပဒေနှင့်မညီသော ပြစ်မှုများ ကျူးလွန်လျှင် နှင်ထုတ်နိုင်ရန် ပုဒ်မခွဲ (စ)အဖြစ် အိမ်ဥပစာတွင် တည်ဆဲဥပဒေအရ ပြစ်မှုမြောက်သော ပြုလုပ်မှုတစ်ရပ်ရပ်ကို မပြုလုပ်ရ ဟု ထပ်မံဖြည့်စွက်ခဲ့ပါသည်။

(င) ၁၉၅၅ ခုနှစ်၊ အစိုးရ အိမ်ဥပစာ နှင်ထုတ်ခြင်း အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (၁)ပါ နိုင်ငံတော်အစိုးရ၏ သို့တည်းမဟုတ် အခွင့်ရအာဏာပိုင်၏ ခွင့်ပြုချက်မရဘဲ ဟူသည့် စာကြောင်းပါ နိုင်ငံတော် အစိုးရ ဟူသည့် စကားရပ်သည် အစိုးရအိမ်ဥပစာ တစ်ခုခုအား ပိုင်ဆိုင်သည့်၊ ငှားရမ်း ယူထားသည့် သို့မဟုတ် ခေတ္တသိမ်းယူထားသည့် အဖွဲ့အစည်းကို ရည်ညွှန်းသောကြောင့် ယင်းစကားရပ်အား သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း ဆိုသည့် စကားရပ်ဖြင့် အစားထိုးခဲ့ပါသည်။

(စ) ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(၁)(၂) တို့အရ အခွင့်ရ အာဏာပိုင်က အိမ်ဥပစာမှ ဖယ်ရှားရာတွင် အောင်မြင်စွာ

ဆောင်ရွက်နိုင်ရန် လိုအပ်သည့် အကူအညီများကို သက်ဆိုင်ရာ အစိုးရအဖွဲ့က ကူညီ ဆောင်ရွက်ပေးမှသာ အဆင်ပြေချောမွေ့ မည်ဖြစ်ရာ ဥပဒေတွင် ထည့်သွင်းဖော်ပြခြင်း အားဖြင့် binding force ရရှိစေရန် ပုဒ်မ ၃၊ ပုဒ်မခွဲ (၂)အောက်တွင် ပုဒ်မခွဲ (၃)အဖြစ် အခွင့်ရ အာဏာပိုင်က ပုဒ်မခွဲ(၁)နှင့်(၂)တို့အရ အစိုးရအိမ်ဥပစာ ဖယ်ရှားရာတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် လုံခြုံရေးနှင့် အခြား လိုအပ်သည့် အကူအညီများပေးရမည်ဟု ဖြည့်စွက်ခဲ့ပါသည်။

(ဆ) ၁၉၉၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ ပုဒ်မ ၅ အယူခံဝင်ခွင့်နှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ ထံ ပေးအပ်ထားသည့် ဆောင်ရွက်ခွင့် အား ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ပေးအပ်ထား၍လည်းကောင်း၊ အိမ်ဥပစာပိုင်ဆိုင်သူ အစိုးရ၊ ဌာန၊ အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များလည်း ပါဝင်နိုင်ရန် လည်းကောင်း၊ ယင်းပုဒ်မပါ “နိုင်ငံတော်အစိုးရ” ဟူသည့်စကားရပ်အား “ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖွဲ့စည်းပေးသည့် အယူခံအဖွဲ့” ဟူသည့် စကားရပ်ဖြင့် အစားထိုးခဲ့ပါသည်။

(ဇ) ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ ပုဒ်မ ၆ ၊ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့တွင်ပါရှိသော နိုင်ငံတော်အစိုး ရ၏ ဆောင်ရွက်ပိုင်ခွင့်များသည် ဆောက်လုပ်ရေး ဝန်ကြီးဌာနက ဆောင်ရွက်ရမည့်ကိစ္စများဖြစ်၍ ယင်းပုဒ်မတို့ပါ “နိုင်ငံတော်အစိုးရ” ဟူသည့် စကားရပ်ကို “ဆောက်လုပ်ရေးဝန်ကြီးဌာန” ဟူသည့် စကားရပ်ဖြင့် အစားထိုးခဲ့ပါသည်။

(ဈ) ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ ပုဒ်မ ၉ ၊ ပုဒ်မခွဲ (၁)တွင် ပါရှိသော ငွေဒဏ် “ကျပ်တစ်ထောင်”ဟူသည့် စကားရပ်အား ဤဥပဒေကြမ်းတွင် ပုဒ်မ ၂ အဖြစ် “ကျပ်တစ်သိန်း” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရန်ပါရှိရာ လိုက်နာ သူများအပေါ် binding force ရှိစေရန် ပုဒ်မ ၉၊ ပုဒ်မခွဲ (၁)ပါ “ကျပ်တစ်ထောင်ထိဖြစ်စေ” ဟူသော စကားရပ်ကို “ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိ န်းမှ အများဆုံး ကျပ်ငါးသိန်းထိ ဖြစ်စေ” ဟူသည့် စကားရပ်ဖြင့် အစားထိုးခဲ့ပါသည်။

(ည) ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥ ပစာ(နှင်ထုတ်ခြင်း) အက်ဥပဒေ ပုဒ် မ ၉၊ ပုဒ်မခွဲ(၂)တွင် ပါရှိသော အစိုးရက ဤကိစ္စအလို့ငှာ အမိ န့်ကြော်ငြာစာဖြင့် အာဏာအပ်နှင်း

ထားသည့်အရာရှိသည် တရားရုံးတွင် တရားစွဲ ဆိုနိုင်ရန်အတွက် ကြိုတင်ခွင့်ပြုမိန့် ထုတ်ပေးရမည့်သူဖြစ်ရာ ယင်းလုပ်ပိုင်ခွင့်အား ဝန်ကြီးဌာနကို ပေးအပ်ခြင်းကသာ သင့်လျော်၍ ပုဒ်မ ၉၊ ပုဒ်မခွဲ(၂)တွင် ပါရှိသော "အစိုးရက ဤ ကိစ္စအလို့ငှာ အမိန့် ကြော်ငြာစာဖြင့် အာဏာ အပ်နှင်းထားသည့် အရာရှိ ဟူသည့် စ ကားရပ်ကို ဆောက်လု ပ်ရေးဝန်ကြီးဌာန ဟူသည့် စကားရပ်ဖြင့် အစားထိုးပါသည်။

(ဈ) ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(၁)ပါ နိုင်ငံတော် သမ္မတသည် ဤအက်ဥပဒေပါ ကိစ္စရပ်များ ဆောင်ရွက်ရန် နည်းဥပဒေပြုခွင့်အာဏာပေးအပ် ထားခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းတို့အား သက်ဆိုင်ရာ ဝန်ကြီးဌာနများက ထုတ်ပြန်နိုင်ခွင့် အာဏာပေးအပ်ထား၍ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၁)အား "ဤဥပဒေပါ ပြဋ္ဌာန်း ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည် "ဟု ပြင်ဆင်ခဲ့ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်** - အပိုဒ် ၄။ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီသည် မူလ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်ခြင်း (၂)ခု၊ စကားရပ်အစားထိုးခြင်း(၆)ခု၊ ဖြည့်စွက်ခြင်း (၃)ခုပြုလုပ်၍ ခေတ်ကာလနှင့် လိုက်လျောညီအောင် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ် ဥပစာ (နှင်ထုတ်ခြင်း)အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ရန် ထောက်ခံတင်ပြအပ်ပါသည်။ (သြဘာသံများ)

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ အစိုးရဌာနများနှင့် နိုင်ငံ့ဝန်ထမ်းများကို ပြည်သူက ပိုမိုယုံကြည်အားကိုးမှု ရှိလာစေရန်ပြည်ပနိုင်ငံအချို့၏ ကောင်းသောစနစ်များကို အတုယူဆောင်ရွက်ပြီး သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သော စနစ်အတွက် အထောက်အကူဖြစ်စေရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးမြင့်ထွန်း တင်သွင်းထားသည့် အစိုးရဌာနများနှင့် နိုင်ငံ့ဝန်ထမ်းများကို ပြ ည်သူက ပိုမိုယုံကြည် အားကိုးမှု ရှိလာစေရန် ပြည်ပနိုင်ငံအချို့၏ ကောင်းသောစနစ်များကို အတု ယူဆောင်ရွက်ပြီး သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော စနစ်အတွက် အထောက်အကူဖြစ်စေရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၁၀)ဦးက အမည်စာရင်း တင်သွင်း ထားပါတယ်။

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးညွန့်တင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၀။**

**ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား ။ မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်တင် ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)က ဦးမြင့်ထွန်းရဲ့ အစိုး ရဌာနများနဲ့ နိုင်ငံ့ဝန်ထမ်းများ ကို ပြည်သူများက ပို မိုယုံကြည်အားကိုးမှုရရှိလာစေရန် ပြည်ပနိုင်ငံအချို့၏ ကောင်းသောစနစ်များကို အတုယူဆောင်ရွက်ပြီး သန့်ရှင်းသောအစိုးရနှင့် ကော င်းမွန်သောစနစ်အတွက် အထောက်အကူဖြစ်စေရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံ

ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ထိုသို့ ထောက်ခံ ဆွေးနွေးရာမှာ အင်္ဂလိပ်စာအသုံးအနှုန်း အနည်းငယ်ပါရှိခြင်းအတွက် ခွင့်ပြုပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးမြင့်ထွန်း ရဲ့အဆိုမှာ အဓိကအားဖြင့် မီးမောင်းထိုးပြထားတာကတော့ Clean Government သမ္မတကြီးက မိန့်ကြားသွားတဲ့အတိုင်းပါပဲ။ သန့်ရှင်းသော အစိုးရ Good Governance ကောင်းမွန်သော အုပ်ချုပ်မှုစနစ်အတွက် ကျွန်တော်တို့ ဝန်ထမ်းတွေကို ပြည်သူတွေက ပိုမိုယုံကြည်မှုရရှိလာစေရန်အတွက် နိုင်ငံတကာမှာ စနစ်တွေလေ့လာပြီးတော့ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ သင့်တော်သလို ဆောင်ရွက်သွားဖို့ မီးမောင်းထိုးပြထားပါတယ်။ ဒါ ကြောင့်မို့လို့ ကျွ န်တော်အနေနဲ့ကတော့ နိုင်ငံတကာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် တာဝန်ထမ်းဆောင်စဉ်က တွေ့ကြုံ ခဲ့ရတဲ့ နိုင်ငံများမှာ ဆောင်ရွက်ခဲ့တဲ့စနစ်ကလေးအချို့ကို တင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီလို တင်ပြ ရာမှာ ကျွန်တော်တို့ Clean Government ၊ Good Governance အတွက်ကို ဝန်ထမ်းများ ကောင်းလာရေးအတွက် အဓိကကျတဲ့ Anti-Corruption ၊ ကျွန်တော်တို့ လာဘ်ပေး လာဘ်ယူ ပပျောက်ရေးအတွက် ဆောင်ရွက်မှုဟာလည်း အင်မတန် အရေးကြီးပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ရဲ့ ဥက္ကဋ္ဌကြီးက၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးက နေပြီးတော့ ကျွန်တော်တို့ကို Anti-corruption Law တွေ Anti-corruption ကော်မတီတွေရဲ့ အကြောင်း အိမ်နီးနားချင်းနဲ့ အာ ရှနိုင်ငံတွေ ၊ အာဆီယံနိုင်ငံတွေ က စာစောင်များကို ပေးထားတဲ့ အတွက်ကြောင့် ကျွန်တော်တို့အနေနဲ့ များစွာအထောက်အကူရကြောင်း၊ ကျေးဇူး တင်ရှိကြောင်း တင်ပြလိုပါတယ်။ နို င်ငံတကာအုပ်ချုပ်မှု သင်တန်းကျောင်းအချို့မှာ ကျွန်တော်တို့ Good Governance ၊ Clean Government ပတ်သက်ပြီးတော့ သင် တန်းတွေပေးတဲ့ အခါမှာ သူတို့ မေးလေ့မေးထရှိတဲ့ မေးခွန်းကတော့ What is the definition of Good Governance ကောင်းမွန်သောအစိုးရ၊ အကောင်းဆုံးအစိုးရ ပေါ့လေ။ The best Government ဆိုတာ ဘယ်လို အစိုးရများလည်းလို့ မေး ထားတဲ့အခါမှာ ကျောင်းသား တွေက တော့ဟာ ဒီမိုကရေစီအစိုးရ ကတော့ကောင်းတယ်။ ဆိုရှယ်လစ်အစိုးရက ကောင်းတယ်၊ ကွန်မြူနစ်အစိုးရကကောင်းတယ် စသည်ဖြင့် ဖြေကြတယ်။ သို့သော်လည်း ကျောင်းက အဖြေ ကတော့ The best Government is no Government at all အကောင်းဆုံး အစိုး ရကတော့ အစိုးရမရှိတဲ့ နိုင်ငံဟာအကောင်းဆုံး ပဲ ဆိုပြီးတော့ ဒါသူတို့ကတော့

နည်းနည်းလေးတင်စားပြောတာပေါ့။ တကယ်တော့ အစိုးရကွပ်ကဲမှုအနည်းဆုံးနဲ့ တည်တံ့နိုင်တဲ့ နိုင်ငံဟာ အကောင်းဆုံး ပါပဲလို့ ကျွန်တော်တို့ သင်တန်းကျောင်းတွေက နေပြီးတော့ ထောက်ပြ လေ့ရှိကြပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အစိုးရရဲ့ ပါဝင်ပ တ်သက်မှုအနည်းဆုံး ဖြစ်အောင်လို့ ကျွန်တော်တို့ တဖြည်းဖြည်း ကြိုးစားသွားရမှာဖြစ်ပါတယ်။ ဒါမှ ဝန်ထမ်းလည်း နည်းသွားပြီးတော့ ခုနကပြောတဲ့ ဝန်ထမ်းတွေရဲ့ ချို့ ယွင်းချက်တွေကြောင့် ဖြစ်ပျ က်လာတဲ့ ပြဿနာတွေကလည်း လျော့ပါးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့တဲ့ ၁၉၉၀ ခုနှစ်၊ ဟောင်ကောင်မှာဆိုရင် ကျွန်တော် လေ့လာကြည့်တာ ဘာသွားတွေ့လည်းဆိုတော့ ဟောင်ကောင်မှာ ကျွန်တော်တို့ ဥက္ကဋ္ဌကြီး ပေးထားတဲ့ စာစောင်တွေမှာ လည်း ပါပါတယ်။ ကျွန်တော်တို့ Committee Against Corruption ဆိုတဲ့ ကော်မတီတစ်ရပ်ကို ဖွဲ့စည်း ထားပါတယ်။ အဲဒီကော်မတီကတော့ ကျွန်တော်တို့ ခုနကလို အငြိမ်းစားဝန်ထမ်းတွေ ပါတယ်။ အငြိမ်းစားတရားသူကြီးတွေပါတယ်။ အငြိမ်းစားရှေ့နေကြီးတွေ ပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ ဂုဏ်သရေရှိပြီးတော့ နိုင်ငံ့ အကျိုးကိုဆောင်ခဲ့တဲ့ အငြိမ်းစားဝန်ထမ်းတွေ များပါတယ်။ အဲဒါတွေနဲ့ ဖွဲ့စည်းပြီးတော့ သူတို့က ဒီအစိုးရရဲ့ လာဘ်ပေးလာဘ်ယူမှု ၊ နောက်တစ်ခါ သူတို့ကောင်းကောင်းမွန်မွန် လုပ်လား၊ မလုပ်လားဆိုပြီး စော င့်ကြည့်တယ် ဒီအဖွဲ့က၊ စောင့်ကြည့်ပြီးတော့ Direct Reporting to အဲဒီတုန်းကတော့ Governor General ပေါ့ ။ ကျွန်တော်တို့ ရှိတုန်းကတော့ ၁၉၉၀ တုန်းက တရုတ်အောက်မရောက် သေးတော့ ဘုရင်ခံချုပ်ပေါ့။ ဘုရင်ခံချုပ် ကို Direct Reporting လုပ်ပါတယ်ဥက္ကဋ္ဌကြီး။ အဲဒီတော့ Direct Reporting လုပ်တဲ့အခါမှာ ဝန်ကြီးဌာနတွေက အရမ်းမလုပ်ရဲ ဘူး။ ဘာလို့လည်းဆို ဒီလူကြီးတွေကလည်း အသက်အရွယ်ကလည်းကြီးပြီ သူတို့ ကလည်း ပြောစရာရှိတာ မထောက်မညှာ နိုင်ငံအတွက် သူတို့ပြောကြတယ်။ ဒါကြောင့်မို့လို့ အဲဒီ ဟောင်ကောင်မှာဆိုရင် ကျွန်တော်တွေ့ခဲ့တာက တော့ တော် တော်လေးကို အဂတိလိုက်စားမှု ကင်းပြီးတော့ ခုနဝန်ထမ်းတွေရဲ့ သတင်းကောင်းတွေကို ကြားရတာများပါတယ်။ နောက် ကျွန်တော် ၁၉၉၂ မှာ အင်ဒိုနီးရှား မှာ တာဝန်ထမ်း ဆောင်ခဲ့ပါတယ်။ အင်ဒိုနီးရှားကြ တော့ ကျွန်တော်တွေ့တာကတော့ သိပ် မထူးဘူး။ မြန်မာပြည်နဲ့ကျတော့ အဲဒီတုန်းက ၁၉၉၂ ခုနှစ် ဆိုတော့ ဆူဟာတို ခေတ်ပေါ့။ ဒါပေမယ့် သူတို့လည်း အဲဒီအချိ န်မှာတိုင်းပြည်ရဲ့ စီးပွားရေးကို တအားဖွင့်ပြီးတော့ ကြိုးစားနေတဲ့အချိန်ပေါ့။ ဝန်ထမ်းတွေကတော့ ပြုပြင်ဖို့ကြိုးစားနေတဲ့

အပိုင်းလောက်ပဲရှိတယ်။ ဒါပေမဲ့ ကျွန်တော် သင်ခန်းစာ ဘာရခဲ့လဲဆိုတော့ ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ စိတ်ကူးယဉ်ပြီးတော့ အသစ် Project ကြီးတွေ လု ပ်လို့မရဘူးဆိုတာကို သွားတွေ့တယ်။ ဒါလေးက ကြုံလို့ပါ။ ကျွန်တော်တို့ကလည်း ဘတ်ဂျက် ကို လုပ်နေတော့ အဲဒါ ဘာတွေ့လည်းဆိုတော့ ဟာဘီဘီ ဒုတိယသမ္မတ ဟာဘီဘီ၊ ဦးစီးပြီးတော့ ကျွန်တော်တို့ စပိန်က ကာဆာနဲ့ ပေါင်းပြီးတော့ လေယာဉ်ပျံဆောက် ဖို့ ကြိုးစား တယ်။ ကြိုးစားတဲ့ အခါမှာ အဲဒီ သူတို့ထုတ်ထားတဲ့ လေယာဉ် ပျံကို အင်ဒိုနီးရှား AirLine ကတောင် မဝယ်ဘူး။ အဲ ဒီတော့ အဲဒါကြောင့် ဘာလည်းဆိုတော့ ကျွန်တော်တို့က သိပ် Ambitious ဖြစ်လို့မရဘူး။ အဲ ဒီတော့ ကျွန်တော်တို့ရဲ့ စီမံကိန်းကြီးတွေလုပ်တဲ့အခါမှာ ဒီ အင်ဒိုနီးရှား က သင်ခန်းစာကို ယူပြီးတော့ သိပ်ပြီးတော့ ဖြစ်နိုင်တာလောက်ပဲ တွေးဖို့လိုတယ်။ ဥပမာအားဖြင့် လေယာဉ်ပျံနဲ့ ပတ်သက်ရင်တော့ ကျွန်တော်က ပိုင်းလော့တစ်ယောက်ဆိုတော့ မြန်မာပြည်မှာ အဓိကလိုတာက ဘာလဲဆိုတော့ RMO Repair and Maintenance shop လေးအရင်လိုတယ်။ ကျွန်တော်တို့မှာ Hangar ကြီးတွေ ရှိပြီးသားပဲ။ အဲဒီထဲမှာ လေယာဉ် ပျံလည်း သွင်းလို့ရတယ်။ Repair လည်းလုပ်လို့ရတယ်။ Maintenance လုပ်လို့ရတယ်။လေယာဉ်ပျံ အင်ဂျင်တွေ Change မယ်။ Air Frame တွေ Change မယ်။ အဲဒီအတွက်ကို စပြီးတော့ လုပ်ရမယ်။ အဲဒီလို လုပ်ရင်းကနေ Experience ယူပြီးတော့မှ ဖြေးဖြေး ဖြေးဖြေး Repair and Maintenance လုပ်ရင်ကိုပဲ ကျွန်တော်တို့ ပိုက်ဆံတွေအများကြီး သက်သာသွားမှာ ဖြစ်ပါတယ်။ ဒါကတော့ အင်ဒိုနီးရှား နဲ့ကြုံလို့ပါ။

နောက်တစ်ခုကတော့ ၁၉၉၄ မှာ ပြင်သစ် ရောက်ပါတယ်။ ပြင်သစ်ရောက်တဲ့အခါမှာ ပြင်သစ်မှာတော့ ဝန်ထမ်းတွေကောင်းမွန်မှုအတွက် ကို ဘာလုပ်လည်းဆိုတော့ သူတို့ကတော့ ချမ်းသာတဲ့ နိုင်ငံလည်းဖြစ်တော့ လစာ ကောင်းကောင်းပေးနိုင်တယ်။ လစာကို တော်တော်ကို ကောင်းကောင်းပေးတယ်။ အစိုးရ ဝန်ထမ်းတွေဟာ ပြင်ပဝန်ထမ်းတွေနဲ့ တန်းတူညီမျှလောက်ကို ပေးပါတယ်။ အထူးသဖြင့် အံ့သြဖို့ကောင်းတာက ပင်စင် ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပင်စင်ကို သူတို့ရဲ့ လစာရဲ့ ၈၀ ရာခိုင်နှုန်း သို့မဟုတ် ၉၀ ရာခိုင်နှုန်းထိ ပေးတဲ့ ဌာနတွေရှိပါတယ်။ အဲဒီတော့ တစ်သိန်းရတဲ့သူက ပင်စင်သွားရင် ကိုးသောင်းရတယ်။ အဲဒီတော့ သူက တော်တော်ကို ရက်ရက် ရောရောကြီး ပေးထားတဲ့ တိုင်းပြည်ဖြစ်ကြောင်းတွေ့ရပါတယ်။ နောက်တစ်ခုကတော့ ဒီ ဝ န်ထမ်းတွေရဲ့ လစာတွေကို ဘာနဲ့ချိန်လည်းဆိုတော့ သူတို့က

Inflation နဲ့ ၊ Inflation က ဒီနှစ် Two Percent ဆိုရင် နှစ်နှစ်လောက်စောင့်လိုက်တယ် Four Percent ။ Two Percent ၊ Four Percent ဆိုရင် Inflation ချိန်ပြီးတော့ ကျွန်တော်တို့ သူတို့ ပင်စင်တွေကို တိုးပေးသွား တာကို တွေ့ရပါတယ်။ နောက်ဆုံး ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့ တဲ့ ၁၉၉၉ မှာ ကနေဒါ ။ အဲဒီ ကျွန်တော်ညီ ကို မြင့်ထွန်း ကလည်း ကနေဒါနိုင်ငံကြောင်းကို ညွှန်းသွားတော့ ကျွန်တော်က လည်း ကနေဒါအကြောင်းတော့ အကျယ်တဝင့်လေး တင်ပြရမှာ ဖြစ်ပါတယ်။ ကနေဒါနိုင်ငံက ခုနက အဆိုရှင် ဦးမြင့်ထွန်း ပြောသလိုပါပဲ The Best Country to Live သူက၊ အဲဒါ UN ကပေးတဲ့ UN ကသတ်မှတ်တဲ့ သတ်မှတ်ချက်ပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ နှစ်တိုင်းမှာ UN အနေနဲ့က The Best Country to Live ဆိုပြီးတော့ စာရင်းထုတ်ပါတယ်။ သူက တစ်ကနေ ပြီးတော့ နှစ်ဆယ်လောက်ထိ ထုတ် ပါတယ်။ အဲဒီ မှာ ကနေဒါက ခြောက်နှစ် ခုနှစ် နှစ်လောက်ဆက်တိုက် ကျွန်တော်ရှိတုန်း က နံပါတ်တစ်ရပါတ ယ်။ The Best Country to Live ဆိုတာကတော့ လူတွေနေလို့ အကောင်းဆုံး၊ ချမ်းသာ ကြွယ်ဝတာတစ်ခုတည်း မဟုတ်ပါဘူး။ ဥပမာ US ကဆိုရင် ကျွန်တော်တို့ ကနေဒါ ထက်ကို ချမ်းသာပါတယ်။ သို့သော် US မှာ ကနေဒါလောက် ကျွန်တော်တို့ Safe မဖြစ်ဘူးလို့ သုံးသပ် ကြပါတယ်။ သူတို့ရဲ့ ဆိုရိုးစကားလေးတစ်ခုကတော့ Canada is United States Without A guns ကနေဒါနဲ့ United States က အတူတူလောက်ပဲတဲ့ ၊ ဒါပေမဲ့ ကနေဒါက သာတာကတော့ ကနေဒါမှာ သေနတ် ကိုင်လို့မရဘူး။ US ကတော့ သူတို့ ဆက်ဒမ်ဟူစိန် ပြောသလိုပဲ သူ့ရဲ့ You have a take it for my heart coldhand ဆိုပြီးတော့ သူက သေနတ်ကို လွှတ်ကိုမလွှတ်ဘူး US က။ သူတို့ ဒါနဲ့ သူတို့ ကာကွယ်မယ်။ ဒါပေမဲ့ ကနေဒါမှာ ဘယ်သူမှ သေနတ်ကိုင်လို့မရဘူး။ လိုင်စင်နဲ့ သေသေချာချာ ကို စိစစ်ပြီးမှ ကိုင်တယ်။ နောက်တစ်ခုက ရဲတော င် သေ နတ်မကိုင်ဘူး။ ကနေဒါ Mountain Poilce တွေက တော်တော်များများက သေနတ် အစား တုတ်ကိုင်တယ်။ အဲဒီတော့ ကနေဒါမှာ ပိုပြီးတော့ ကျွန်တော်တို့ Safe ဖြစ်တယ်။ ပစ်ခတ် မှုတွေ ဘာတွေဆိုရင် အင်မတန်နည်းပါတယ်ဆိုပြီး တော့ US နဲ့ စာရင်ပေါ့လေ ။ ဒါကြောင့်မို့လို့ ကနေဒါက တစ်နှစ်တစ်နှစ်မှာ သူတို့က The Best Country to Live ဆိုတာ ရပါတယ်။ နောက်ပိုင်းမှာ ၂၀၀၁-၂၀၀၂ နောက်ပိုင်းကျတော့ သူကကျော်တက်သွားပါတယ်ခင်ဗျား။ Scandinavian Country တွေပေါ့။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆွီဒင်တို့၊ နော်ဝေတို့။ သူတို့ကနေပြီး (၁)ရသွားတယ်။ အဲဒီတော့ ကနေဒါမှာ ကျွန်တော်တို့

ဘယ်လို သူတို့က ဝန်ထမ်း တွေကို ပြည်သူတွေက ယုံကြည်အောင် ၊ ဝန်ထမ်းတွေ လာဘ်စားမှု နည်းပါးအောင်၊ သူတို့လုပ်တဲ့ ဆောင်ရွက်တဲ့ အချက်ကလေးတွေ လေ့လာမိတာကတော့ ကနေဒါမှာ ပြင်သစ်တို့ ဘာတို့လို လစာကောင်းပေးပါတယ်။ ပြင်သစ်တို့၊ အင်္ဂလန်တို့၊ US တို့လောက် လစာမကောင်းဘူး၊ သူတို့ထက်စာရင် Ten Percent ၊ Twenty Percent လောက် နည်းပါတယ်။ Canadian တွေ ရတဲ့လစာက။ သို့သော်လည်း သူတို့က ဘာပေးထားလဲ ဆိုတော့ အခမဲ့ပညာရေး ပေးထားတယ်။ နောက် ဝန်ထမ်းတွေကို အခမဲ့ကျန်းမာရေး၊ ဒါကတော့ တစ်တိုင်းပြည်လုံးပေးတဲ့သဘောပါပဲ။ ပေးထားပါတယ်။ အဲဒီတော့ ဘာသွားတွေ့လည်းဆို တော့ Canadean ဝန်ထမ်းတွေက သူတို့ နောင်ရေးကို သိပ်စိတ်မပူဘူး။ သူ တို့ရတဲ့လစာကို သုံးပစ်လိုက်တာပဲ။ ပြည့်ပြည့်ဝဝသုံးတယ်ပေါ့ ။ Quality of Life ကို သူတို့ အပြည့် အဝ ခံစားတယ်။ Weekend ဆိုရင် သူတို့ မိသားစုအလိုက် စက်ဘီးလေးတွေနဲ့ တောလမ်းကို စက်ဘီးနဲ့ ထွက်သွားတာပဲ။ သူတို့ ကောင်းကောင်းအနားယူတယ်။ ကျန်းမာရေးကို ဂရုစိုက်တယ်။ ဘာလို့လဲ သူတို့ရဲ့ ပ ညာရေးမှာလည်း အခမဲ့ ပညာရေးပေးထား တယ်။ နောက် တက္ကသိုလ်အထိတောင်မှ ကျွန်တော်တို့ Canadian ကလေးတွေဆိုရင် တစ်နှစ်လုံး မှာမှ ဒေါ်လာ ၃၀၀၀ လောက်ပဲ ကျပါတယ်။ ကျွန်တော်တို့ နိုင်ငံခြားကလာတဲ့ ကလေးတွေဆိုရင် ၂၀၀၀၀ လောက် ကျပါတယ်။ တက္ကသိုလ်ပညာရေးမှာ အဲဒီလောက် ကွာပါတယ်။ အဲဒီတော့ သူတို့ ရဲ့ ဝန်ထမ်းတွေက နောက်ပိုင်းကို၊ နောင်ရေးကို စိတ်အေးတယ်။ သူကလည်း ပြင်သစ်လိုပဲ၊ သူတို့ရဲ့ ပင်စင်လစာဟာ သူတို့ လက်ရှိရတဲ့ လစာရဲ့ Eighty Percent ၊ Ninety Percent ထိ ပေးတဲ့ဌာနတွေရှိတယ်။ အဲဒီတော့ သူတို့ ရဲ့နောင်ရေးကို သူတို့ မပူဘူး။ ကလေးတွေရဲ့ ပညာရေးလည်း မပူဘူး။ ကျန်းမာရေးလည်းမပူဘူး။ အဲဒီတော့ သူတို့ အလုပ်ကို ကြိုးစား လုပ်ကြတာပေါ့။ အဲဒီအပိုင်းကိုတွေ့ ရပါတယ်။ နောက် (၆၀)ကျော်ရင် ကျွန်တော်တို့ ဘတ်(စ်)ကားတွေ၊ မီးရထားတွေ ကျွန်တော်တို့ အခမဲ့ စီးလို့ရပါတယ်။ နောက် မှီခိုသူတွေကို တောင်မှ ထောက်ပံ့ကြေးပေးတယ်။ ကျွန်တော်တို့ မိတ်ဆွေ မြန်မာလူမျိုးတွေ အဲဒီမှာ အလုပ်လုပ်နေတာရှိပါတယ်။ သူတို့ရဲ့ မိဘတွေကို ဥက္ကဌကြီးခင်ဗျား ခေါ်ထားပါတယ်။ အဓိကတော့ ကလေးတွေဘာတွေကြည့်ဖို့အတွက်ပေါ့။ (၇၀)ကျော်ရင် အဲဒီ အဘိုးကြီး၊ အဘွားကြီးတွေက တစ်လကို ဒေါ်လာ(၇၀၀)ရတယ်။ သူတို့က တောင်မှ ဝင်ငွေ တော်တော်လေး ဟန်ကျနေတယ်။ ကျွန်တော်တို့နဲ့ တွေ့ရင် သူတို့ကတောင်မှ ထမင်းကျွေးလိုက် သေးတယ်။

အဲဒီတော့ ဒါက မှီခို ၊ မှီ ခိုတွေ၊ မိဘတွေ သွားမှီခိုရင်းနဲ့ ရတာ။ အဲဒီတော့ Canadian တွေမှာလည်း အဲဒီ လိုပေါ့။ သူတို့ရဲ့ မိဘတွေက (၇၀)ကျော်လို့ရှိရင်လည်း ဒေါ်လာ (၇၀၀) ရကြတယ်။ အဲဒီလို နိုင်ငံက ချမ်းသာတဲ့အခါကတော့ ပေးထားတော့ ဝန်ထမ်းတွေက နောင်ရေးအတွက် စိတ်အေးပြီး တော့ ကျွန်တော်တို့စုတာ ဘာတာ၊ အစားကို လောလောဆယ် Life Style ကို သူတို့ပြောင်းတယ်။ ကျန်းမာအောင်နေတယ်။ GYM သွားတယ်။ လမ်းလျှောက်တယ်။ စက်ဘီးစီးမယ်။ ရေကူးမယ်။ အမျိုးစုံလုပ်တယ်။ ပြန် လာရင်ဥပမာအားဖြင့် တစ်နှစ်တစ်ခါလည်း Recreation သွားတာပဲ။ သူတို့တစ်ခါတလေ အဲဒီ ကူဝိတ်တို့၊ ဒူဘိုင်းတို့ သွားတယ်။ ဘာသွားလုပ်လည်းဆိုတော့ စာသွားဖတ်တာတဲ့။ အဲဒီ Beach မှာသွားပြီးတော့ ထိုင်ပြီး စာဖတ် နေတယ်။ ဒါပဲ။ အဲဒီတော့ သူတို့ Recreation ကပြန်လာတဲ့အခါကတော့ လူကလည်း Fresh ဖြစ်တယ်။ လုပ်ရကိုင်ရတာလည်းပိုကောင်း တယ်။ အဲဒီတော့ ကနေဒါမှာ ကျွန်တော်နေခဲ့စဥ်က ဝန်ထမ်းတွေရဲ့ Welfare ကို အဲဒီလို ကြည့်တာတွေ့ရတယ်။ တစ်ဖက်ကလည်း သူတို့ဘာနဲ့ ထိန်းထားလည်းဆိုတော့ Code of Conduct Canadian ဝန်ထမ်းတစ်ဦးက ဝန်ထမ်း ဖြစ်လာရင် Code of Conduct ဆိုတော့ ဆောင်ရန်၊ ရှောင်ရန်တွေပေါ့။ အဲဒါကြီးကို ပေးလိုက်တာပါ။ အဲဒီ မှာ ရေးထားတယ်။ မင်းဘာမလုပ်ရဘူး ။ ဒါဆိုရင်တော့ လာဘ်စားရာ ကြတယ်။ ဒါဆိုရင်တော့ မင်းတို့ ဖောက်ဖျက်ရာကျတယ် ဆိုပြီးတော့ Code of Conduct ပေးလိုက်တယ်။ အဲဒါကို လက်မှတ် ထိုးထားရတယ်။ အဲဒီတော့ အဲဒါနဲ့ ပြန်ထိန်းထားပါတယ်။ နောက်တစ်ခုကတော့ ခုနက အစိုးရရဲ့ Involvement ကို Canadian Government ရဲ့ Involvement ကို အများကြီးလျှော့တယ်၊ သူတို့လျှော့တယ်ဆိုတာက ခုနကလိုပေါ့။ The best Government is no Government အထိဖြစ်အောင် သူတို့ကတော့ အစိုးရရဲ့ ဝန်ထမ်း အင်အားလည်း လျှော့လာတယ်၊ ကိုယ့်ဟာကိုယ်ထိန်းနိုင်အောင် ဥပမာပြောမယ် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကားနှစ်စီးတိုက်တယ်ဆိုလို့ရှိရင် ရဲမ လိုဘူး သူက၊ ကျွန်တော်တို့ ကားလည်း တိုက်ဖူးတာပဲ၊ သံရုံးက ကား။ တိုက်လိုက်ရင် သူ့ဘက်ကလူကလည်း သူ့ရဲ့ Insurance ကုမ္ပဏီကဒ်လေးပေးတယ်၊ ကျွန်တော်တို့ဒီဘက်ကလည်း Insurance ကုမ္ပဏီကဒ်ပေးတယ်။ ဒါတွေဟာ အကုန် Private ဖုန်းဆက်လိုက်တယ်၊ ဖုန်းဆက်လိုက်ရင် Insurance ကုမ္ပဏီ(၂)ခုက စကားပြောလိုက်တယ်၊ ပြီးရင်ဆက်သွားကြရော၊ သွားနိုင်ရင်လည်း ဆက်သွား သို့မဟုတ် Taxi နဲ့ဆက်သွား၊ ရဲလည်းမလာဘူး၊ ဘာမှလဲ မလာဘူး။ တရားရုံးလည်း

မရောက်ဘူး။ ဟိုဘက်က လွန်တယ်ဆိုရင်လည်း ဟိုဘက်က လျော့သွားတယ်။ ဒီဘက်က အဲဒါက ဘာလဲဆိုတော့ Less government ၊အစိုးရဝန်ထမ်းပါဝင်မှု အင်မတန်နည်းသွားတယ်။ ဒီတိုက်တဲ့သူ နှစ်ယောက်နဲ့ပဲ ရှင်း လိုက်တယ်။ Insurance ကုမ္ပဏီချင်း ရှင်းသွားတယ်။ သူလဲ သူ့လမ်းသူသွားတယ်။ ကားထားရင်လည်း ထားခဲ့တယ်။ ဟုတ်လား။ အလုပ်လည်း မပျက်ဘူး ခင်ဗျ။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ နောက် တစ်ခုကတော့ ကနေဒါမှာ တွေ့တာ တစ်ခုက Transparency ပေါ့။ Canadian Government ရဲ့ ရုံးတွေက Transparent အင်မတန်ဖြစ်ပါတယ်။ သူတို့မှာ ဘာမေးမေး မေးလို့ရတယ်။ ပြည်သူလူထုတွေက တယ်လီဖုန်းနဲ့ ကောက်ကိုင်ပြီး မေး လို့ရတယ်။ သူတို့ website တွေမှာလည်း တင်ထားတယ်။ website တွေမှာလည်း သူတို့ရဲ့ ဖွဲ့စည်းပုံ၊ ဝင်ငွေ ဘာညာအကုန်တင်ထားတာ။ ဘယ်လောက် တင်လဲဆိုတော့ အံ့ဩစရာကောင်းတာ Defence ပေါ့။ Defence ဆိုရင်တော့ white paper ခေါ်တယ်။ Defence white paper ကြီး ထွက်လာပြီဆိုရင် ကာကွယ်ရေးဝန်ကြီးဌာနရဲ့ အသုံးစရိတ်၊ လေယာဉ်ပျံတွေ၊ သင်္ဘောတွေပါအကုန်ခ င်ဗျ။ ဥက္ကဋ္ဌကြီး အဲဒ ါတွေ အကုန်ပါ ပါတယ်။ အဲ ဒါတွေ တင်ထားတယ်။ အဲဒီတော့ Defence white paper တစ်ကမ္ဘာလုံးမှာ တော်တော့်ကို တင်ကြတယ်။ ကျွန်တော် မဟာဗျူဟာ လုပ်တုန်းက ဒီမှာ Defence white paper ထုတ်သင့်တယ်ဆိုတာ ကျွန်တော် တင်ခဲ့ဖူးပါတယ်။ ဘာကြောင့်လဲ ဆိုတော့ တရုတ်က တောင် ထုတ်တယ်။ ဒါလဲ အသေးစိတ် Top Secret တော့ ထုတ်စရာ မလိုဘူး။ သို့သော်လည်း ဒီကာကွယ်ရေးဝန်ကြီးဌာနရဲ့ အကြောင်းကို ရေးချင်တာ အကုန်ရေးချ လိုက်တာ။ အဲဒီတော့ ကျွန်တော်တို့ တရုတ်ကလည်း ထုတ်တာတွေ့ပါတယ်။ အဲဒီတော့ အဲဒါကတော့ Transparency ပေါ့။ website အဲဒီတော့ ကျွန်တော့်အ နေနဲ့ ဒီနောက်ဆုံး တာဝန်ထမ်းဆောင်ခဲ့တဲ့ ကနေဒါမှာ ကတော့ ကျွန်တော်တို့ တော်တော့်ကို ဝန်ထမ်းတွေကို ထိန်းကျောင်းမှု၊ ဝန်ထမ်းတွေရဲ့ Welfare ပေးမှုတွေကို ကျွန်တော် တွေ့ခဲ့ရပါတယ်။ အဲဒီတော့ ခြုံငုံပြီးတော့ သုံးသပ်ရရင်တော့ ဒီအချက် (၃)ချက်တွေ့ပါတယ်။ အဲဒီတော့ နံပါတ် (၁)ကတော့ အစိုးရရဲ့ ပါဝင်ပတ်သက်မှုကို လျှော့ပါ။ နံပါတ်(၂)က ဝန်ထမ်းတွေကို လုံလုံလောက်လောက် လစာပေး၊ နောင် အေး စိတ်အေးရအောင် လုပ်ပေးပါ။ နံပါတ်(၃)ကတော့ Transparency ဖြစ်ပါတယ်ခင်ဗျ။ နောက်ဆုံးအချက် ပြောချင်တာကတော့ ကျွန်တော့်ညီ ဦးမြ င့်ထွန်း တို့ ကြားတဲ့ သတင်းလေး အရပါ။ ကျွန်တော်တို့ ရန်ကုန်က သံတမန် အသိုင်းအဝိုင်းကနေပြီးတော့ ပြောနေကြပါတယ်တဲ့။ ဒီတင်လိုက်တဲ့

Motion ပေါ့လေ။ Motion အဆိုဟာဒီဥစ္စာ အင်မတန်မှ ကောင်းတယ်ပေါ့လေ။ ဆိုပြီးတော့ သံတမန် အသိုင်းအဝိုင်းက ပြောပြီးတော့ ကျွန်တော်လည်း အဲဒီသတင်းကို ရတဲ့အတွက်ကြောင့် ဦးမြင့်ထွန်း အနေနဲ့ ဒါဂုဏ်ယူဖို့ ကောင်းပါတယ်လို့ ပြော ကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဒေါက်တာတင်ရွှေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၅။**

**ဒေါက်တာတင်ရွှေ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ဧည့်သည်တော်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ဒုတိယမွိ ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ထပ်ဆင့်ဆုမွန်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်ရယူပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကြီးဦးမြင့်ထွန်း၏ အစိုးရဌာနများနှင့် နိုင်ငံ့ ဝန်ထမ်းများကို ပြည်သူက ပိုမိုယုံကြည်အားကိုးမှုရှိလာစေရန် ပြည်ပနိုင်ငံအချို့၏ ကောင်းသော စနစ်များကို အတုယူဆောင်ရွက်ပြီး သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော စနစ်အတွက် အထောက်အကူဖြစ်စေရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းတဲ့အဆိုကို ဆွေးနွေးထောက်ခံသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စား လှယ်ကြီးများရဲ့ Capacity Building လုပ်တဲ့အခါမှာ ၂၄ ရက် ၁၀ လပိုင်း နေ့မှာ ကျွန်တော်တို့ အမျိုးသားစီမံကိန်းမှ တင်ပြမှုအပေါ်မှာ Fiscal policy ၊ Tax policy နဲ့ Monetary policy တွေကို Base လုပ်ပြီးတော့ Good Governance နဲ့ Clean Government ဖြစ်အောင် မည်သည့်က factor ကို အရေးကြီးပါသလဲ ဆိုတာကို ဆရာရဲ့ Expert Opinion ဖြင့် တင်ပြရှင်းလင်းပေးပါလို့ဆိုပြီး ဒေါက်တာဦးကံဇော် ကို ကျွန်တော် လေးလေးစားစား မေးခဲ့ပါတယ်။ ထိုသို့မေးတဲ့အခါမှာ ဆရာ ဒေါက်တာဦးကံဇော် အနေနဲ့ Corruption ဆိုတာကို အရင်ဆုံး သူရှင်းလင်းသွားပါတယ်။ ပြီးတော့မှ ခုန လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ နိုင်ငံအသီးသီးရဲ့ အတွေ့အကြုံများကို ရှင်းလင်းတဲ့အခါမှာ

Transparency ဆိုတာလည်း Second line ကနေ ရှင်းပြသွားတာကို ကျွန်တော် ယခုထက်တိုင် နားထဲမှာ စွဲလျက်ရှိပါတယ်။ ဒါကြောင့် ကျွန်တော့်ရဲ့ ဉာဏ်မီ သမျှ ဖတ် ကြည့်ထားခဲ့သမျှ လွှတ်တော်ရုံးမှ ပေးပို့ထားခဲ့တဲ့ Anti-corruption Law တွေကို ကျွန်တော် Generally ပါ၊ ယေဘု ယျအားဖြင့် သုံးသပ်ပြီးတဲ့အခါမှာ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ အနီးကပ်ဆုံးဖြစ်တဲ့နိုင်ငံ၊ ရွှေတြိဂံနယ်မြေမှာပါတဲ့ ကျွန်တော်တို့ ဒီကနေ့ရော၊ တစ်နေ့ကရော တွင်တွင် လာအိုနိုင်ငံရဲ့ အကြောင်းကို တင်ပြနေတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကိုရော လေးစားပြီးတော့ Laos People Democratic Republic နိုင်ငံရဲ့ Anti-corruption Law ကို မှီငြမ်းပြီးတော့ ကျွန်တော် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ဦးစွာ ဒီ Laos People Democratic Republic ရဲ့ Anti-corruption Law မှာ ဖွင့်ဆိုထားတဲ့ Objective ရည်ရွယ်ချက်ကတော့ နံပါတ်(၁) Anti-corruption ၊ Decorruption တွေ မရှိလို့ရှိရင် Political Stable ဖြစ်မယ်။ နိုင်ငံရေးတည်ငြိမ်မှု ရှိမှာဖြစ်ပါတယ်။ ဒါကြောင့် နံပါတ် (၁)ကတော့ Political Stable နိုင်ငံရေးတည်ငြိမ်မှုအတွက်ကို အထူးအထောက်အကူပြုတယ်ဆိုတာကို ဒီနိုင်ငံတော်ရဲ့ အသက်သွေးကြောဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းများက မိမိတို့ ထားရှိရမယ့်စေတနာကို ဖြူစင်စွာနဲ့ နိုင်ငံတော်အပေါ် ထားရှိဖို့ လိုပါတယ်။ နံပါတ်(၂)ကတော့ Political Stable ဖြစ်လာတဲ့အခါမှာ Progressive Economy ဆိုတာ ဖြစ်လာပါလိမ့်မယ်။ အဲဒီ Progressive Economy ကလည်း ဒီ Political Stable ပေါ်မှာလည်းပဲ မှီငြမ်းပြီးတော့ တက်ရမယ့် လမ်းစဉ် ဖြစ်ပါတယ်။ နိုင်ငံရေးတည်ငြိမ်မှသာလျှင် စီးပွားရေးကလည်း တဖြည်း ဖြည်းချင်း တိုးတက်လာမှာ ဖြစ်ပါတယ်။ နောက် ဒီ Progressive Economy ရှိလာတဲ့အခါကျတော့မှ ကျွန်တော်တို့ နိုင်ငံတော်အကြီးအကဲတွေပြောသလို မိမိတို့ရဲ့ တပ်မတော်ဟာ ခိုင်မာတဲ့ တပ်မတော်ဖြစ်အောင်၊ အင်အားရှိအောင် လုပ်ရမယ်ဆိုတဲ့အတွက် လိုအပ်တဲ့ ဆောင်ရွက်ရမှု လိုအပ်ချက်တွေကို ဆောင်ရွက်နိုင်တဲ့ အနေအထားမျိုးဖြစ်တဲ့ Public Security ဆိုတာ ဖြစ်လာပါမယ်။ ဒါကြောင့် အတိုချုပ် မှတ်မယ်ဆိုရင်တော့ ဒီ ကျွန်တော် ခုန တင်ပြထားတဲ့ Anti-corruption Law မှာ နံပါတ်(၁)က Political Stable ၊ နံပါတ်(၂)က Progressive Economy ၊ နံပါတ်(၃)က Public Security ဆိုတဲ့ (3P) ပေါ့။ ဒါ အတိုချုပ်ကလေး မှတ်လိုက်လို့ရှိရင် နောင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများလည်းပဲ ဒီ Anti-corruption Law ကို Laos People Democratic Republic ရဲ့ Anti-corruption Law ကို ပြန်လည်ပြီး ဖတ်တဲ့အခါမှာ တွေ့မြင်ရမှာဖြစ်ပါတယ်။

အဲဒီတော့ အဲဒီ Objective တွေကို ကျွန်တော်တို့ရဲ့ လုပ်သားကောင်းတွေ၊ ဝန်ထမ်းကော င်းတွေက အစဉ်အမြဲ သိနေအောင် ဒါ ကျွန်တော်တို့ လေ့လာထားဖို့ လိုပါတယ်။ ဒါမှသာလျှင် ကျွန်တော်တို့ အညမည သဘောတရားအရ အကျိုးနဲ့အကြောင်း ဆက်စပ်ပြီးတော့ သိရှိလာမှာ ဖြစ်ပါတယ်။ အဲဒီတော့ အဲဒီ (၃) ချက်ကို ဘာနဲ့ အခြေခံသွားမလဲဆိုတဲ့ Principle တွေ ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ကတော့ ဒီဥပဒေနဲ့ မှီငြမ်းပြီးတော့ ကျွန် တော်တို့ စိတ်ဓာတ်ရေးရာပိုင်း Psycho Treatment ကိုပဲ ကျွန်တော့်အနေနဲ့ တင်ပြသွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အဲဒီမှာ ဘာလိုလဲ၊ ကျွန်တော်တို့ Inspection ကြီးကြပ်ကွပ်ကဲတဲ့ ပုဂ္ဂိုလ်တွေက လဲနော်။ Spiritly Prohibition တိကျစွာ တားမြစ်တဲ့ ဥပဒေတွေ ၊ မိမိကိုယ်တိုင် ကလဲ ကျင့်သုံးမယ်။ မိမိဝန်ထမ်းတွေကိုလည်း ကျင့်သုံးမယ်ဆိုတဲ့ ကျွန်တော်တို့ Inspection ကြီးကြပ်ကွပ်ကဲမှုအဖွဲ့တွေ လိုပါတယ်။ အဲဒီ လို Inspection ရလာတဲ့အခါကျတော့မှ ကျွန်တော်တို့ တကယ်ဆောင်ရွက်ကြရတော့မယ့် ကျွန်တော်တို့ Declaration of the Education Access တွေ၊ လိုအပ်မယ့်အချက်တွေကို ကျွန်တော်တို့ Education Campaign တွေ လုပ်ရပါလိမ့်မယ်။ နော် ပညာပေး တယ်၊ ဆွေးနွေးပွဲတွေ၊ ကျွန်တော်တို့ အခု မကြာမကြာ ပေါ့နော်။ သတင်းစာထဲမှာ တွေ့နေတဲ့ တပ်တွင်း စစ်ဆေးရေးတို့၊ ကျွန်တော်တို့ရဲ့ ဒီဌာန ဆိုင်ရာ စစ်ဆေးရေးတို့ မေးမြန်းချက်တွေ အဲဒီလို Education Campaign ကို ကျွန်တော်တို့ ထိထိရောက်ရောက် အောင်မြင်အောင် လုပ်ရမှာ ဖြစ်ပါတယ်။ အဲဒီလို ထိထိရောက်ရောက် အောင်မြင်အောင် လုပ်ပြီးတဲ့အခါကျတော့မှသာ ကျွန်တော်တို့က လိုအပ်တဲ့ Inspection လုပ်မယ်။ Education ပညာတွေပေးမယ်။ အဲဒီလို ပေးပြီးတဲ့အချိန်ကျတော့မှသာ ကျွန်တော်တို့က နောက်ပိတ်ဆုံးကျမှ မရတော့တဲ့အချိန်မှာ ကျွန်တော်တို့က Punishment ဆိုတာ ဖြစ်သွားပါ တယ်။ ဒါ လောလောဆယ် Punishment နဲ့ သွားပြီးတော့ အတင်းအကျပ်ကြီး ဝန်ထမ်းတွေ ဒါ ကျွန်တော်တို့ရဲ့ Ministry or Department ပေါ့နော်။ ဝန်ကြီးဌာနတွေရဲ့ လှုပ်ရှားမှုမှာ နိုင်ငံ့ဝန်ထမ်းတွေကသာ အထူးတာဝန်ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်း တွေကို အားပေး အားမြှောက် လုပ်မယ်။ ခုနက အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ပြောသလို သူတို့ရဲ့ ရပိုင်ခွင့်တွေ၊ Facility တွေ ဒါတွေကို ပြည့်စုံအောင် ကျွန်တော်တို့ က ပေးနိုင်ရမယ်။ ဒါကြောင့်မို့လို့ အခု နေပြည်တော်မှာတော့ ဝန်ထမ်းတွေကို ကျွန်တော်တို့ လေ့လာတဲ့ အခါမှာနေဖို့ နေရာထို င်ခင်းတွေပေးတယ်။ စားဖို့၊ သောက်ဖို့ အတွက်ကို Ferry တွေနဲ့

သူ့ရက်နဲ့သူ သတ်မှတ်ပြီး ဈေးဝယ်ခွင့်ပေးတယ်။ အင်မတန် အားရစရာကောင်းပါတယ်။ သို့သော် နိုင်ငံနှင့်တစ်ဝန်းကို ကျွန်တော်တို့ နိုင်ငံအနေနဲ့ ဒီ Political Maker တွေကနေပြီးတော့ သေသေချာချာ ဦးဆောင်သွားမယ်ဆိုရင် ဒီကိစ္စတွေဟာ မပြောပ လောက်အောင်၊ ပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ (၃)ချက်အနေနဲ့တော့ ဒီ နံပါတ် (၁) Inspection လုပ်ပါ။ နောက်ပြီးတော့မှ Implement နောက်တစ်ခုက ကျွန်တော်တို့ Implementation of Discipline ၊ Discipline ဆိုတာလည်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးတွေ အားလုံး သိနေပါပြီ။ အကွပ်မရှိတဲ့ ကြမ်း ပရမ်းပတာနော်။ ခုနက ကြီးကြပ်ကွပ်ကဲမယ်။ ပညာပေးမယ်။ ဒီအချိန်မှာ စည်းကမ်းပြည့် ဝအောင် ကျွန်တော်တို့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ပြီးတဲ့အခါကျ တော့မှ စည်းကမ်းပြည့်ဝ သွားပြီ ဆိုတဲ့အချိန်မှာ နိုင်ငံ့အတွက်ဆိုတာကို ဦးတည်သွားမှာ ဖြစ်ပါတယ်။ အခုနပြောခဲ့တဲ့ Facility တွေ ပြည့်စုံမယ်ဆိုရင် သူတို့မှာ ဒီ ဘေးထွက်ဆိုးကျိုးတွေ ဘာမှမရှိနိုင်တော့တဲ့ အဆင့်ကို ဖြစ်သွားပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ နောက်ဆုံး Discipline မရတဲ့အခါကျမှ ကျွန်တော်တို့ Punishment ဆိုတာကို ဖြစ်ပါတယ်။ Punishment မှာလည်းပဲ ကျွန်တော်တို့ ခံစားရမယ့် ပုဂ္ဂိုလ်တွေအနေနဲ့ ပြန်လည်ပြီးတော့ Defence ခုခံနိုင်ခွင့် တွေ ရှိရမယ်။ ဒီ Laos People Democratic Republic ရဲ့ Anti-corruption Law မှာတော့ ကျွန်တော်တို့ Article အားဖြင့် (၆၃)ခု လောက်ရှိပြီး ကျွန်တော်တို့ အဲဒီမှာ အခန်းအားဖြင့် (၁၀)ခန်းမှာ ဒီဟာတွေ အကုန်ပါပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဆိုလိုချင်တဲ့အဓိပ္ပာယ် ကတော့ ယနေ့ Political Stable ဖြစ်ဖို့ကလည်းပဲ အထူးကို နိုင်ငံ့အကြီးအကဲတွေရော၊ ဒီ ကျွန်တော်တို့ရဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးတွေရော၊ တာဝန်ရှိတဲ့ သူတွေရော၊ The part way of national Reconciliation ရဖို့ကိုလည်းပဲ အထူးဆောင်ရွက်နေတဲ့အတွက် ကျွန်တော်တို့ အောင်မြင်မှုတွေ ဖြစ်လာ မှာဖြစ်တဲ့အတွက် ဒါတွေကို ကျွန်တော်တို့က ခုတည်းက Foundation ချပြီးတော့ ဆောင်ရွက်ဖို့ လိုတယ်ဆိုတဲ့ အကြောင်း တင်ပြလိုပါတယ်။ နောက် ဆွေးနွေးတဲ့အခါမှာလည်းပဲ ကျွန်တော်တို့က အကျိုးနဲ့အကြောင်း ဆက်စပ်တဲ့ ဆွေးနွေးမှုကိုသာ ကျွန်တော် တို့ ပြောမယ်ဆိုရင်တော့ ယောနိသော မနသီ ကာရ ပြောဆိုတဲ့ သူကလဲ အတ္တနဲ့ မာနကို ခဝါချပြီး စနစ်တကျနဲ့ အပြောခံ၊ ဝေဖန် ခံရမယ့် ပုဂ္ဂိုလ်ကိုလည်း ဝေဖန် တဲ့အခါမှာ ဒီလို မွန်မြတ်တဲ့ စိတ်ထားနှလုံးသွင်းမှန်ဖို့ အရေးကြီးပါတယ်။ နှ လုံးသွင်းမှန်မှန်နဲ့ ဌာနဆိုင်ရာ အကြီးအကဲတွေက

ကိုယ့်ဝန်ထမ်းတွေကို ကိုယ် ရှင်းပြမယ်။ ဝန်ထမ်းတွေကလဲ တို့လုပ်နေတဲ့ ဥစ္စာကို မှားတယ်လို့ ကိုယ့်ကိုကိုယ် သိမယ်။ ဒါမှ အမှန်တရားကို ဖြစ်သွားမယ့် အတွက် နှစ်ဦးနှစ်ဖက်ဟာ ညီညွတ်ခြင်းတွေ ဖြစ်နိုင်ပါတယ်။ ဒါ ကြောင့်မို့လို့ အခု ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)ရဲ့ တင်သွင်းထားတဲ့ နိုင်ငံ့ဝန်ထမ်းကောင်းများ ပြည်သူများက ပိုမိုယုံကြည် လာမှု ဖြစ်စေနိုင်အောင် တိုက်တွန်းထားတဲ့ အဆိုဟာ ကျွန်တော်တို့ ပေး ပို့ထားတဲ့ Anti-corruption Law တွေကို မှီငြမ်းမယ်၊ နိုင်ငံအသီးသီးရဲ့ အတွေ့အကြုံကိုလည်းပဲ ခုနက ရှေ့က နောင်တော်ကြီး တင်ပြသွားသလို ဒါတွေကို ပူးပေါင်းပြီး ဆောင်ရွက်လိုက် မယ်ဆိုရင်တော့ အောင်အောင်မြင်မြင်နဲ့ ဖြစ်ထွန်းသွားပါမယ် ဆိုတဲ့အကြောင်းကို ကျွန်တော် ထောက်ခံရင်းနဲ့ ဆွေးနွေး တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဦးဌေးဝင်း (ခ) ဦးဇာယာဒ်ရော်မံ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၁။**

**ဦးဌေးဝင်း(ခ)ဦးဇာယာဒ်ရော်မံ ၊ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကိုမင်္ဂလာပါလို့နှုတ်ဆက်ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဦးဌေးဝင်း ဖြစ်ပါတယ်။ ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ကိုယ်စားလှယ်တော်ကြီး ဦးမြင့်ထွန်း တင်သွင်းတဲ့ အစိုးရဌာနများနှင့် နိုင်ငံ့ဝန်ထမ်းများကို ပြည်သူများက ပိုမိုယုံကြည် အားကိုးမှုရှိလာစေရန် ပြည်ပနိုင်ငံအချို့၏ ကောင်းသောစနစ်များကို အတုယူဆောင်ရွက်ပြီး သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သော စနစ်အတွက် အထောက်အကူဖြစ်စေရေးအ ဆိုကို ထောက်ခံဖြည့်စွက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်ခု၏အုပ်ချုပ်ရေးစနစ်ကို နိုင်ငံ၏ရေမြေသဘာဝ ပကတိအခြေအနေ၊ ယဉ်ကျေးမှု၊ လူနေမှုအဆင့်အတန်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ အချင်းချင်း ကူးလူးဆက်ဆံချစ်ခင် ရင်းနှီးမှု နှင့် စသည့် အချက်အလက်များအပေါ် လေ့လာ သုံးသပ်ပြီး ချမှတ်ရတာ ဖြစ်ပါတယ်။ နိုင်ငံတကာမှာ လည်း သက်ဆိုင်ရာ တိုင်းပြည်ဒေသအလိုက်

လိုက်လျော ညီထွေတဲ့စနစ်များကို ထားရှိတာဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ တိုက်ရိုက်ပုံတူကူးချအဆင်မပြေ အခက်အခဲ ဖြစ်မှာကိုလည်း ကြိုတင်စဉ်းစားဖို့ လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအစိုးရဌာနများနှင့် နိုင်ငံ့ဝန် ထမ်းများ၏ လက်ရှိကျင့်သုံး နေတဲ့စနစ်နဲ့ ပတ်သက်ပြီးတော့ တင်ပြရရင် ကျွန်တော် အပိုင်း (၃)ပိုင်းခွဲပြီးတော့ တင်ပြ ချင်ပါတယ်။ နံပါတ်(၁)က လက်ရှိကျင့်သုံး နေတဲ့စနစ်ကို အရှိအတိုင်းထားပြီးတော့ ပြန်လည် ကျင့်သုံးဖို့၊ နံပါတ်(၂)က လက်ရှိစနစ်ကို လိုအပ် တာလေး ပြန်လည် ဖြည့်စွက်ပြီးတော့ ပြင်ဆင် ကျင့်သုံးဖို့နဲ့၊ နံပါတ်(၃) လုံးဝပယ်ဖျက်အစားထိုးဖို့ဆိုပြီးတော့ အပိုင်း (၃)ပိုင်းခွဲပြီးတော့ ကျွန်တော် တင်ပြချင်ပါတယ်။ အချိန်ကို ငဲ့ညှာသောအားဖြင့် အပိုင်းတစ်ပိုင်းကို ဥပမာလေး တစ်ခုစီ ပေးပြီးတော့ ကျွန်တော် ရှင်းလင်းတင်ပြချင်ပါတယ်။

လက်ရှိစနစ်ကို အရှိ အရှိအတိုင်းထားပြီးတော့ ပြန်လည် ကျင့်သုံးဖို့ပါ။ ကျွန်တော်တို့ နိုင်ငံမှာ ကျင့်သုံးတဲ့ တချို့စနစ်တွေဟာ အင်မတန်မှ ကောင်းမွန်ပါတယ်။ နိုင်ငံကြီးသား နိုင်ငံခြားဧည့်သည်တွေကိုတောင် ကျွန်တော်တို့ ဂုဏ်ယူပြောဆိုခဲ့တာ ရှိပါတယ်။ အထူးသဖြင့် ပြည်ထဲရေးဝန်ကြီးဌာနနဲ့ ပတ်သက်တဲ့ အချက်အချို့ ကို ကျွန် တော် တင်ပြချင်ပါတယ်။ အခု ပြည်သူအများရဲ့ အသက်အိုးအိမ် လုံခြုံမှုစနစ်ပါ။ ငွေတွေ အထုပ် လိုက်၊ အထုပ်လိုက် သွားတာ ဘယ်တော့မှ ဘယ်သူမှ မျက်စောင်းထိုးပြီးတော့ ကျွန်တော်တို့ကို ကြည့်တာ မရှိခဲ့ပါဘူး။ လုယက်တာဆိုတာ ကျွန်တော်တို့နိုင် ငံမှာ မရှိသလောက်ပါပဲ။ ဂိုဏ်း ဖွဲ့ရိုက်နှက် လုယက်တာတွေ မရှိသလောက်ပါပဲ။ ဒါ မျိုးဟာတွေကို ကျွန်တော်တို့ရဲ့ အရင့် အရင် ဒီမိုကရေစီခေတ်မှာ ကျွန်တော်တို့ရဲ့ အိမ်နီးချင်း ဒီမိုကရေစီနိုင်ငံတွေမှာ ကျွန်တော်တို့ လေ့လာကြည့်ရင် လုယက်မှုတွေ၊ ဂိုဏ်းဖွဲ့မှုတွေကို ကျွန်တော်တို့ အများကြီး တွေ့ရပါတယ်။ ဥက္က ဋ္ဌကြီးခင်ဗျား။ အခုလဲ ဒီမိုကရေစီစနစ်ကို ပြန်လည်ကျင့်သုံးနေတဲ့အတွက် ဒီလိုဟာမျိုး ဖြစ်လာမှာကို ကျွန်တော်တို့က ပြန်လည်စိုးရိမ်ရပါ တယ်။ ဒါကြောင့်မို့လို့ အခုလက်ရှိ ကျင့်သုံး နေတဲ့ စနစ်ကတော့ တော်တော်ကောင်းမွန်တဲ့ အတွက် ဒီစနစ်ကို ဒါမျိုးတွေ ဖြစ်မလာအောင် ကြိုတင်တွက်ချက်ပြီးတော့ ထိန်းသိမ်းနိုင်ဖို့ လိုအပ်ကြောင်း ကျွန်တော် တင်ပြချင်ပါတယ်။

ဒုတိယတစ်ချက်အနေနဲ့ ကျွန်တော် တင်ပြချင်တာကတော့ လက်ရှိစနစ်တွေကို ပြန်လည်ဖြည့်စွက် ပြင်ဆင်ဖို့ပါခင်ဗျ။ ဒီအချက်နဲ့ပတ်သက်ပြီးတော့ ကျွန်တော် အခွန်ကောက်တဲ့

စနစ်ရယ်၊ ကျွန်တော်တို့ ရဲ့ ငွေကြေးကောက်ခံတဲ့စနစ်တွေကို ကျွန်တော် ဥပမာပြပြီးတော့ တင်ပြချင်ပါတယ်။ လောလောဆယ် ကျွန်တော်တို့ အခွန်ကောက်တဲ့ စနစ်မှာ အားနည်း ချက်တွေ ကတော့ အများကြီးရှိပါတယ်။ အခွန်ကောက်တဲ့စနစ်မှာ အားနည်းချက်တွေရှိတဲ့အတွက် ကျွန်တော်တို့ရဲ့ သတင်းတပ်ဖွဲ့တွေ၊ စသုံးလုံးတို့ ၊ CID တို့ကအစ ပူးပေါင်းပါဝင်ပြီးတော့ ဒီဟာလေးတွေကို ပြန်လည်ပြီးတော့ ဆောင်ရွက်နေရတာ ကျွန်တော်တို့ တွေ့ရပါ တယ်။ ဒါပေမဲ့ လည်း ထိရောက်မှုတော့ လုံလောက်စွာမရှိတာကိုလည်း တွေ့နေရပါတယ်။ အခွန်ရှောင်တဲ့သူတွေရှိသလို မှန်မှန်ကန်ကန် ဆောင်ရွက်ချင်တဲ့သူတွေကလည်း ရှိပါတယ်။ ဒါပေမဲ့ အခွန်ရှောင်တဲ့သူတွေနဲ့ ယှဉ်ပြီးတော့ မလုပ်နိုင်တဲ့အတွက် ကျွန်တော်တို့မှာ အခက်အခဲက အများကြီး တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကောင်းတဲ့စနစ်တစ်ခုကို ဖြည့်စွက်ပြီးတော့ ဒါဖြည့်စွက် ဖို့လိုအပ်ကြောင်း ကျွန်တော် တင်ပြချင်ပါတယ်။ အထူးသဖြင့် ငွေကြေးကောက်ခံတဲ့စနစ်မှာလည်း ငွေကြေးကို တိုက်ရိုက်ကိုင်တွယ်တဲ့စနစ်ကို ဖျက်သိမ်း ပြီးတော့ အစိုးရဘဏ္ဍာတော်ထဲကို Credit Card ၊ Computerized Online System စသည်ဖြင့် ကောင်းတဲ့စနစ်တွေကို ကျင့်သုံးပြီးတော့ ဒီဟာတွေကို ပြန်လည်ပြီးတော့ ဖြည့်စွက်ဖို့လည်း လိုအပ်ကြောင်း ကျွန်တော် တင်ပြချင်ပါတယ်။

တတိယအချက်အနေနဲ့ တချို့ တချို့ အချက်အလက်တွေကို ကျွန်တော်တို့က လုံးဝပယ်ဖျက်ဖို့လိုပါတယ်။ ဥပမာ ကျွန်တော်တို့ရဲ့ ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းတွေ က ကျွန်တော်တို့ရဲ့ နိုင်ငံတော်အကြီးအကဲတွေကို တင်ပြတဲ့နေရာမှာ ပြန်လည်တာဝန်ယူတဲ့ အလေ့အကျင့်မရှိတဲ့အတွက် ဖြစ်သလို တင်ပြတဲ့ဟာတွေကို တွေ့နေရပါတယ်။ တချို့ တချို့ဟာ တွေကတော့ တော်တော်လေးတော့ ဆိုးဆိုးဝါးဝါး ဖြစ်နေတာကို တွေ့နေရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ ဒီစနစ်ကလေးကို တကယ်လို့ အဲဒီလို တင်ပြလာတဲ့ဟာ အပေါ်မှာ ပြန်လည်တာဝန်ယူပြီးတော့ ဖြေရှင်းရလောက်တဲ့ဟာလောက်ထိ ကျွန်တော်တို့က စနစ်လေးတစ်ခုထားပြီးတော့လုပ်ရင် ဒီတင်ပြလာတဲ့ဟာတွေကို ပြန်လည်တာဝန်ယူရတဲ့အတွက် အဲဒါကိုပြန်ပြီးတော့ သူတို့က ကောင်းကောင်းမွန်မွန် စိစစ်ပြီးတော့ အမှန်အတိုင်း သူတို့လုပ်မှာ ဖြစ်တဲ့အတွက် အဲဒီလိုမျိုးစနစ်တွေကိုလည်း ပြန်လည် ထားရှိဖို့ နဂိုအဟောင်းစနစ် ဖျက်ပြီးတော့ ဒီဟာကို ပြန်လည်ဖြည့်ဆည်း ပေးဖို့ တာဝန်ယူမှုတွေ ပြန်ဖြစ်လာအောင်၊ တာဝန်ခံမှုတွေ ပြန်ဖြစ်လာအောင်၊ တစ်ခုတစ်ခုအမှားအယွင်းတင်ပြခဲ့ရင်လည်း ဒါကို ပြန်လည်ပြီးတော့

တာဝန်ယူဖြေရှင်းရအောင် အဲ ဒီလိုပြဿနာတွေဖြစ်လာဖို့အတွက် အဲ ဒီလိုစနစ်လေးတွေ ပြန်လည်ထားရှိပေးဖို့ ကျွ န်တော်ကတင်ပြချင်ပါတယ်။ အဲဒီတော့ အကျဉ်းချုံးတင်ပြရင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေ ခံဥပဒေနဲ့ ကျွန်တော်တို့ တင်ပြ တဲ့ ပြဿနာတွေက လိုက်လျောညီထွေဖြစ်ပြီးတော့ မိဘပြည်သူများရဲ့ စိတ်ချမ်းမြေ့လွယ်ကူသက်သာစွာ နေထိုင်နိုင်ရန် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံတော်အစိုးရအဖွဲ့နဲ့ ပညာရှင် ပုဂ္ဂိုလ်များအားလုံး ပူးပေါင်းပါဝင်ဆွေးနွေးပြီးတော့ ကောင်းမွန်သောစနစ်ကို သတ်မှတ် ကျင့်သုံး နိုင်ရန် သန့်ရှင်း သောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှုကို အထောက်အကူပြုမှာဖြစ်ကြောင်း တင်ပြရင်းနဲ့အဆိုရှင် ဦးမြင့်ထွန်း ရဲ့အဆိုကို လှိုက်လှဲလှဲထောက်ခံကြောင်း တင်ပြ အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ နေ့လယ်စာ သုံးဆောင်ဖို့ ယခု အစည်းအဝေးကို ရပ်နားပါမယ်။ နေ့လယ် ၁၃း၀၀ နာရီမှာ ပြ န်လည် ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၅၉ နာရီတွင် ခေတ္တရပ်နား ပြီး ၁၃း၀၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၃း၀၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေသောင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၀၁။**

**ဦးဖေသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစား ရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ကျွန်တော်ကတော့ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေသောင်း ဖြစ်ပါတ ယ်။ ကျွန်တော့် အနေနဲ့ဥက္ကဋ္ဌကြီး နှင့်တကွ အား လုံးသော ပြည်ထောင်စုဝန်ကြီးများ ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ပဏာ မဆုမွန်ကောင်းတောင်း အပ်ပါတယ်။ ကျွန်တော်အနေနဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း၏ အစိုးရဌာနနှင့် နိုင်ငံ့ ဝန်ထမ်းများကို ပြည်သူက ပိုမိုကြည်ညိုအားကိုးမှု ရှိလာစေရန် ပြည်ပနိုင်ငံ အချို့၏ ကောင်းသောစနစ်ကို အတုယူဆောင်ရွက်ပြီး သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော စနစ်အတွက် အထောက်အကူပြုရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆွေးနွေးတင်ပြချက်အပေါ် ကျွန်တော့်ရဲ့အသိအမြင်နဲ့ အပြု သဘောဆောင် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီလိုဆွေးနွေးတဲ့အခါမှာ အဆိုရှင် အဓိကဖြစ်တဲ့ ကောင်းသောစနစ်ဆိုတဲ့ စကားရပ်ကို အခြေခံပြီး ဆွေးနွေးရမှာမို့ အတိတ် ၊ ပစ္စုပ္ပန်မှာ တာဝန်ရှိခဲ့ကြသောပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ ကို ဦးသန်းပြီးတော့ အပြစ်မြင် ဝါဒဖြင့် ဆွေးနွေး သွားတဲ့သဘောမျိုး လုံးဝမပါကြောင်း ဦးစွာတင်ပြပါရစေ။ ကျွန်တော့် ရဲ့ ဆွေးနွေးချက် အပေါ် အမှားများပါခဲ့လျှင်လည်း လွှတ်တော်ဥက္က ဋ္ဌကြီးမှ ဆုံးမ သြဝါဒပေးမှုကို လက်ခံရန် အသင့်ရှိပါ ကြောင်း တင်ပြပါရ စေ။ ကျွန်တော်ကတော့ သာမန်အရပ်သား ကနေပြီးတော့မှ တ က်လာတဲ့ လွှတ်တော်ကိုယ်စားလှယ်ပဲ ဖြစ်ပါတယ်။ အထက်မှာလည်း ပညာရှိကြီး တွေ ကမ္ဘာကြီးနဲ့ယှဉ်ပြီး မီးမောင်းထိုးပြသွားတာလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကြားသိပြီး ဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ အဂတိလိုက်စားမှု ၊ ခြစားမှုဆိုတာ ယခုမှ ပေါ်နေတာမဟုတ်ပါဘူး။လွန်ခဲ့တဲ့(၁၀)စုနှစ်(၃)ခုကျော်(၄)ခုဝန်းကျင်ကတည်းက တဖြည်းဖြည်းနဲ့ဒီလိုမကောင်းတဲ့ လမ်းကြောင်းကြီး ကြီးထွားပေါ်ပေါက်လာတာ ဖြစ်ပါတယ်။ အမှန်အတိုင်းဝေဖန် သုံးသပ်ရမယ်ဆိုရင် အထက်ပိုင်းက အချို့သောတာဝန်ရှိပုဂ္ဂိုလ်ကြီးများ အကျင့်စပျက်လာတာကြောင့် အောက်ပိုင်း ကဝန်ထမ်းတွေ နောက်ဆုံးထိန်းမရ ဖြစ်ခဲ့ရပါတယ်။ ဒါကို အခွင့်ကောင်းစောင့်နေတဲ့ စီးပွားရေးသမားကြီးတွေကလည်း အခွင့်ကောင်းယူ ငွေပုံအောပြီး ကိုယ်လုပ်ချင်တဲ့ လုပ်ငန်းလုပ်ရရင်ပြီးရော ဘယ်သူသေသေငတေမာရင် ပြီးရော ဆိုတာမျိုးကြောင့် ယနေ့ ပိုပျက်စီးနေတာ ဖြစ်ပါတယ်။ စီးပွားရေး ဦးတည်ချက်မှာ နိုင်ငံ့စီးပွားရေးသည် နိုင်ငံတော်နှင့် နိုင်ငံ သားတိုင်းရင်းသားတို့ လက်ဝယ်တွင် ရှိရမယ်လို့ ဆိုထားပါ တယ်။ ဒီနေ့ စီးပွားရေးလောကမှာ နိုင်ငံရပ် ခြားများရဲ့ ငွေရင်းငွေနှီးတွေနဲ့ လုပ်ဆောင်နေတဲ့ ကုမ္ပဏီအတုတွေလည်း ရှိနေတယ်လို့ လေ့လာသိရှိရပါတယ်။ ယနေ့မြန်မာနိုင်ငံရဲ့ ပထဝီအနေအထားအရကို ကြည့်မယ်ဆိုရင် မြေအရင်းအမြစ်တွေလည်း ပျက်စီးနေပြီး၊ သစ်တောအရင်းအမြစ်တွေလည်း တန်ဖိုးရှိတဲ့သစ်များလည်း ကုန်နေပြီ၊ ရေအရင်းအမြစ်တွေကလည်း ပျက်စီးကုန်ပြီ။ တိုင်းပြည်ရဲ့ ကံကြမ္မာကပျက်စီးခြင်း (၅)ပါးနဲ့ ဆိုက်ရောက်သလို ဖြစ်နေပါတယ်။ နောက်ဆုံးတော့ တိုင်းပြည်ကြီးနစ်နာပြီး အောက်ခြေ အလုပ်သမား၊ လယ်သမားပြည်သူများသာ ပိပြားဟာ ပိပြားပဲ ဖြစ်နေရပါတယ်။ ဒီ လို ကမ္ဘာသိဖြစ်ပျက်နေတဲ့ မြန်မာနိုင်ငံတော်ကြီးကို ယနေ့နိုင်ငံသစ်၊ မူသစ်၊ လူသစ်နဲ့ ဒီမိုကရေစီလမ်းကြောင်းသို့ တက်လှမ်းနေတဲ့ ကာလမှာ လွှတ်တော်ကြီးရဲ့ အခန်းကဏ္ဍဟာ တိုင်းပြည်နှင့်လူမျိုးအတွက် အထူးပင်အရေးကြီးလှပါတယ်။ အတိတ်ကမကောင်းခဲ့တဲ့ အငွေ့အသက် လက်ကျန်တွေ၊ ဒီစနစ်မှာ ရောထွေး ပါမလာစေချင်တာကြောင့် ဒီကနေ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများက ရှေ့ကနေမားမားမတ်မတ်နဲ့ တိုင်းပြည်နဲ့ လူမျိုးအကျိုးငဲ့ပြီးပြုပြင် ပြောဆိုနေတယ်ဆိုတာ သက်ဆိုင်ရာများ သဘောပေါက်ပေးဖို့ လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကောင်းသောစနစ်ဆိုတဲ့ စကားစုဟာ တိုင်းပြည်နှင့် လူမျိုးအတွက် ယခုအခါ အထူးလိုအပ် ဆုံးသောအရာဖြစ်နေပြီဆိုတာ အဆိုရှင် ဦးတည်ပြီး ဆွေးနွေးထားပါတယ်။ ဒါကြောင့် တိုင်းပြည်ရဲ့ အကောင်းအဆိုးကို ဘယ်ပေတံနဲ့တို င်းမလဲဆိုရင် လုပ်ငန်းရဲ့ အတိတ်၊ ပစ္စုပ္ပန်ကာလနှစ်ခုမှ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲအပေါ် သမိုင်းအထောက်အထားကို

ကြည့်ပြီး ကောင်း၏၊ မကောင်း၏ ။ တိုးတက်မှု၊ ကျဆင်းမှုဆိုတဲ့ နိုင်းယှဉ်မှုနဲ့ပဲ လုပ်ငန်းတည်ဆောက်မှု ပေတံဖြင့် တိုင်းထွာသွားရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လုပ်ငန်းနှိုင်းယှဉ်မှုမတင်ပြမီ ကျွန်တော်ဟာ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်တဲ့အတွက် လူတိုင်းအတွ က် ဗုဒ္ဓရဲ့ စကားတစ်ခွန်း တင်ပြ ပါရစေ။ ဒါဟာဘာလဲဆိုတော့ မြတ်ဗုဒ္ဓက ချစ်သား၊ ချစ်သမီးတို့ လူ့ ဘဝဟာ အင်မတန် ရခဲလှ၏။ ရလာသော်လည်း တိုတောင်းတဲ့ကာလလေးမှာပဲ သေခြင်းဆိုတဲ့ ဘဝနှင့် နိဂုံးချုပ်ရပါတယ်။ ဒါကြောင့် ရခဲလှတဲ့လူ့ဘဝဖြစ်လာတဲ့အခါမှာ မိမိကိုယ်မိမိ ကိုယ်ကျင့်တရား ကောင်းအောင်ကျင့်ပါလို့ မိန့်ဆိုထားပါတယ်။ ကိုယ်ကျင့်တရားမကောင်းလျှင် လူ့ဘဝဖြစ်ရကျိုး ရှုံး ပါတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဦးမြင့်ထွန်း တင်ပြတဲ့အဆိုသည် ကိုယ်ကျင့်တရားအပိုင်းကို ထင်ဟပ် တင်ပြရမှာ ဖြစ်ပါတယ်။

တကယ်တမ်းဆိုရင် ကိုယ်ကျင့်တရားကောင်း မှ စိတ်ကောင်း၊ စေတနာကောင်း ပေါ်လာမှာ ဖြစ်ပါတယ်။ ယနေ့ နိုင်ငံ့တာဝန်ကို ဆောင်ရွက်ကြ ရမည့် ခေါင်းဆောင်ကြီးတွေ အားလုံး၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများတွေပါမကျန် စိတ် ကောင်း၊ စေတနာကောင်း ရှိပြီး နိုင်ငံအကျိုး ၊ တိုင်းရင်းသား များလူမျိုးများအကျိုး၊ ဘာသာသာသနာအကျိုး ၊ လူမှုအကျိုး များကို တည့်တည့်မတ်မတ် ဆောင်ရွက်ပေးနေ ကြမယ်ဆိုရင် လူသာခုခေါ်၊ နတ်သာခုခေါ် ဖြစ်မှာမလွဲပါဘူးခင်ဗျား။ ဒါကြောင့် ကောင်းသောစနစ် မှ ကောင်းသောစည်းကမ်း ရှိလာမှာ ဖြစ်သလို စည်းကမ်းကောင်းမှလည်း စနစ်ကောင်းမှာ ဖြစ်ပါတယ်။ စနစ်ကောင်းမှလည်း လုပ်ငန်းအောင်မြင်မှုပန်းတိုင်ကို ရောက်မှာဖြစ်ပါတယ်။ ကျွန်ုပ်တို့ တာဝန်ရှိသူများအားလုံး အောင်မြင်မှုရဲ့ သမိုင်းမှတ်တိုင်ကို နောင်မျိုးဆက်သစ်များ အတုယူနိုင် ရန် ခိုင်ခိုင်မာမာ စိုက်ထူသွားရမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျွန်တော်တို့နိုင်ငံဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် တည်ရှိနေပါပြီ ။ တည်ငြိမ် အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုး သောဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ လျှောက်လှမ်းလာတာ တစ်နှစ်ပြည့်လာ ပါပြီ။ ဒီနေ့ ပြည်သူတွေ အစိုးရအသစ် အပေါ်မှာ ယုံကြည်မှုအားနည်းနေတာကို တွေ့ရပါတယ်။ ဒါကြောင့် ပြည်သူတွေက အားမလို အားမရ ပြောဆို သံ၊ ပြောဆိုတဲ့အသံ ပြည်သူတွေတောင်းဆိုတဲ့ ဆန္ဒ၊ လက်တွေ့နယ်ပယ်မှာ တွေ့ဆုံနေရတဲ့ ယနေ့ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်ကြီးများက ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်ကြီးမှာ မေးခွန်းမေးတာက တစ်မျိုး၊ အဆို တင်သွင်းတာက တစ်ဖုံ ၊ ကိုယ်စားလှယ်တော်ကြီး များဆန္ဒက နိုင်ငံတော်ကြီးရဲ့

အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု နိုင်ငံတော်ကြီးတစ်ခုလုံး ဒီမိုကရေစီစနစ်အောင်မြင်ရေးအတွက် ဖော်ဆောင်ကြမည့် ပြည်ထောင်စုအစိုးရ ဂုဏ်ကြီးများကို သိစေချင်၊ မြင်စေချင်၊ ကြားစေချင်၊ ပြုပြင်စေချင်တာကြောင့် စေတနာရှေ့ တန်းတင်ပြီး အဆိုတင်ကြ မေးကြ ဖြစ်ရပါတယ်။ ဒီလောက်ဆောင်ရွက်နေတာတောင် ကိုယ်စားလှယ်တော်ကြီးများကို ပြည်သူက အားမရသလို၊ တစ်ဖက်က ပြည်ထောင်စု အစိုးရကလည်း လွှတ်တော်မှတစ်ဆင့် ပြည်သူ့ အသံတွေ၊ ပြည်သူ့ ဆန္ဒတွေကြားရတဲ့အခါ ဝမ်းပန်းတသာ ကြိုဆိုပြီး ပြည်သူများလိုအပ်ချက်ကို အလျင်အမြန် ပူးပေါင်းဖြေရှင်းပေးဖို့ ဆောင်ရွက် ရမယ့်အစား လွှတ်တော်အတွင်း မှာ ကိုယ်စားလှယ်တော်များ ကြားလိုက်ရတာက မင်းတို့လည်း မေးချင်ရာမေး ၊ ငါတို့လည်း ဖြေချင်ရာဖြေဆိုတဲ့ စကားသံတွေ ကို ကြားရတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးများတွေဟာ စိတ်မကောင်းဖြစ်ရတာ အမှန်ပါပဲ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့အခြေအနေကိုအခြေပြု၊ ယနေ့အခြေခံဥပဒေကို အခြေပြု လက်ကိုင်ထားပြီး နိုင်ငံတော်သစ် ဒီမိုကရေစီလမ်းကြောင်းပေါ် ငြိမ်းငြိမ်းချမ်းချမ်း သာသာ ယာယာနှင့်ရောက်နိုင်ဖို့ မဏ္ဍို င်ကြီး(၃)ရပ်ကို ဟန်ချက် ညီညီအခြေပြုပြီး ဆောင်ရွက် ရမှာ ဖြစ်သလို ဆောင်လည်းဆောင်ရွက်နေ ပါပြီ။ နိုင်ငံ့ အပေါ်ယံ အဆောက်အအုံပိုင်းမှာ တွေ့မြင် ရတဲ့အခါ သမ္မတကြီးနှင့်လွှတ်တော်ဥက္ကဋ္ဌကြီးများ သဘောဆန္ဒ ကို ပြည်သူတွေက ဝမ်းပန်း တသာ မျှော်လင့်ကြီးစွာနဲ့ စောင့်ကြိုနေကြပါတယ်။ သို့သော် တကယ့်လက်တွေ့ အောက်ခြေ နယ်ပယ်မှာ ယနေ့တိုင် ဖြစ်ချင်သလိုဖြစ်နေတာတော့ ပြည်သူများအသိဆုံးဖြစ်ပါ တယ်။ ဒါဟာ ဘယ်သူ့မှာ တာဝန်ရှိသလဲ ။ ဒါကြောင့် ပြည်သူများယုံကြည်မှု အားနည်းနေတယ်ဆိုတာ အစောကတင်ပြရခြင်း ဖြစ်ပါတယ်။ ဒီ နေ့ နိုင်ငံ့တာဝန် ထမ်းဆောင်နေ ရတဲ့ ဥပဒေပြုရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ တရားစီရင်ရေးအဖွဲ့ ဒီမဏ္ဍိုင်ကြီး (၃)ခုဟာ ဖိုခနောက် (၃)ခုအလား ဟန်ချက် ညီညီ လက်တွဲထမ်းမှသာ ဖိုခနောက်အပေါ်ကျက်တော့မယ့် ထမင်း အိုးကြီးကို ကောင်းကောင်း မွန်မွန်၊ သန့်သန့်ရှင်းရှင်းစားကြရမှာ ဖြစ်ပါတယ်။

ဒါမှမဟုတ် ခနောက် တစ်ချောင်းကျိုးကျရင်ဖြင့် ထမင်းအိုးကြီးမှောက်ပြီး အားလုံး ပြာလူးတဲ့ထမင်းစားကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့်ဒီမဏ္ဍိုင်ကြီး(၃)ခုမှ တာဝန်ရှိ ပြည်သူ့ ကိုယ်စားလှယ်ကြီးများ၊ တစ်ယောက်ကိုတစ်ယောက်၊ တစ်ဖွဲ့ကိုတစ်ဖွဲ့ မျက်နှာလွှဲပြီး လုပ်ချင်ရာ လုပ်မဲ့အစား ပြုံး ပြုံးရွှင်ရွှင်၊ သာသာယာ ယာနှင့်မျက်နှာချင်းဆိုင်ပြီး အတိတ်က မကောင်းခဲ့သော အမှုကိစ္စမှန်သမျှ အဟောင်းအနွမ်းတွေကို ခွာချပြီး အသစ်တစ်ဖန် လူသစ်၊ စိတ်သစ်၊ စနစ်သစ်၊

ခေတ်သစ်ဆီသို့ အာဃာတတရားတွေ နောက်ချန်ထားပြီး ကောင်းသောစနစ် ဖြင့် စိတ်တူ ၊ ကိုယ်တူ ညီညီညွတ်ညွတ်နှင့်လက်တွဲဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလိုတိုက်တွန်းရခြင်းက နိုင်ငံအတွက် အကြီးလေးဆုံး သော တာဝန်ပိုင်းကို တာဝန်ယူထမ်း ဆောင်ရမယ့် မဏ္ဍိုင်ကြီး(၃)ခု ပြည်သူ့ကိုယ်စားလှယ်ကြီးများ အမှန်တကယ် နိုင်ငံကို ချစ် ပါတယ်။ လူမျိုးကိုချစ်ပါတယ်ဆိုရင် ကိုယ့်ကို ကိုယ် မှတ်ကျောက် တင်ပြီး ဘယ်သူ သေသေ ငတေမာရင်ပြီးရောဆိုပြီးတဲ့ မကောင်းဆိုးဝါးအသိစိတ်ကို ချန်ထားပြီး နံပါတ်(၁) ကိုယ်ကျင့်တရား ကောင်းမွန်နိုင်ဖို့၊ နံပါတ်(၂) အမှားအမှန်ကို သတိသမ္မာစဥ် တရားသတိထားပြီး ပညာနဲ့ယှဥ်၍ ပတ်ဝန်းကျင်ရဲ့ အခြေအနေ အကောင်းအဆိုးများ ခွဲခြားပြီး ဆောင်ရွက်ပေးနိုင်ကြဖို့၊ နံပါတ်(၃) မည်သူ့တရားပျက်ပျက် မိမိတို့တရားမပျက်ကြဖို့နှင့် တိုင်းပြည်နှင့်လူမျိုး တိုးတက်ကြီးပွားစေရေးအတွက် ရဲရဲဝံ့ဝံ့၊ ပြတ်ပြတ်သားသား၊ မှန်မှန်ကန်ကန်၊ သစ္စာရှိရှိ တိုင်းပြည်နှင့်လူမျိုးအတွက် ရှေ့တန်းတင်ပြီး ဆောင်ရွက်သင့်နေပြီဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်အနေနဲ့ ကောင်းသောစနစ်ကို ပြည်ပနိုင်ငံအချို့မှ အတုယူဆောင်ရွက်ပြီး သန့်ရှင်းသောအစိုးရ ၊ ကောင်းမွန်သောစနစ်ဖြစ်စေရေး အဆို တင်သွင်း သွားပါတယ်။ ကျွန်တော်တို့ နိုင်ငံဟာ လွတ်လပ်ရေးရပြီး ပါလီမန်ခေတ်၊ တော်လှန်ရေး ကောင်စီခေတ်၊ မြန်မာ့ဆိုရှယ်လစ်တစ်ပါတီစနစ်ခေတ်၊ နဝတ/နအဖခေတ်၊ လေးခေတ်ဖြတ်သန်း ခဲ့သော နိုင်ငံဖြစ်ပါတယ်။ ကောင်းသောစနစ်ကို ပြည်ပနိုင်ငံ မှာတောင် အတုယူစရာမ လိုပါဘူး။ တကယ်ပြောရရင် မိမိတို့ နယ်ပယ်မှာလည်း ကောင်းသောစနစ်ရှိပါတယ်။ တကယ့် တာဝန် ရှိသူတွေက မသိကျိုးကျွံပြုခဲ့ တာပဲလို့ ကျွန်တော် ထင်ပါတယ်။ ကောင်းသောစနစ်ကို တည်ဆောက်ရမှာသိလျက်နဲ့ တမင်မလုပ်တာပဲလို့ ယူဆမိပါတယ်။ စနစ် ဘယ်လောက် ကောင်းကောင်း တာဝန်ရှိ ပုဂ္ဂိုလ်များ စေတနာကောင်းနှင့် လူမကောင်းရင် ပျက်စီးတတ်တဲ့ သဘောရှိပါတယ်။ တကယ့်ဝန်ထမ်း ကောင်းတွေသည် မြန်မာနို ငံမှာ များစွာရှိပါတယ်။ မှန်တာပြောလို့မရတဲ့စနစ်ဟောင်း၊ ခေတ် ဟောင်းကိုလည်း ကုန်ဆုံးသင့်ပါပြီ။ ဒါကြောင့် မဟုတ်မခံ ခွန်းတုံ့ပြန်မှန်သော်လည်းရှုံး လူကြီးမုန်း၊ လူကိုခင်တော့ မူကို ပြင် လူကိုမုန်းတော့ မူကိုသုံးဆိုတဲ့ အတိတ်ကလုပ်ဆောင်ခဲ့တဲ့ စနစ်ဟောင်းကြီး ဒီနေ့ ဒီအချိန်အခါမှာ မရှိသင့်တော့ ပါဘူး။ ဒါမှ မှန်ကန်သော လမ်းကြောင်း ပေါ်ရောက်ပြီး ထူးချွန်ထက်မြက်ပြီး တကယ့်စေတနာ ကောင်းတဲ့မီးခဲပြာဖုံး ဝန်ထမ်းကောင်းများကို မွေးထုတ် ဖော်ထုတ်ပေးရမှာဖြစ်ပါတယ်။ ဒါမှ

ဝန်ထမ်းကောင်းပေါ်များတဲ့ ခေတ်တစ်ခေတ်ကို ရောက်လာမှာဖြစ်ပါတယ်။ ဒီနေ့ ဒီမိုကရေစီစနစ် လမ်းကြောင်းပေါ် ပြည်သူများကို အသိအမြင် ရှိလာအောင် အရင်တင်ပြမှာထက် ဒီနေ့ ဝန်ကြီးဌာနတွေ ပြည်သူ့ထောက်ပံ့လစာ စားနေတဲ့ ပြည်သူ့ ဝန်ထမ်းကြီးများ၊ အစိုးရဌာနများ ၊ ကျောင်းနေပညာသင်နေကြတဲ့ ကျောင်းသူ /ကျောင်းသားများ ဒီမိုကရေစီအသိ ရှိသွားပြီဆိုရင် ပြည်သူဟာ အလိုလိုနေရင်းနဲ့ ဒီမိုကရေစီရဲ့ အသိတရား ရရှိသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ တပ်မတော် ကဏ္ဍနှင့် အဆုံးသတ်ပါရစေ။ ဒီနေ့ ကျွန်ုပ်တို့နို င်ငံသည် ခေတ်မီ ဖွံ့ဖြိုးသော နိုင်ငံသစ် ကမ္ဘာ့အလယ် တင့်တယ်အောင် တည်ဆောက်နေတဲ့ကာလမှာ တပ်မတော် အခန်းကဏ္ဍကို ချန်ထား လို့ မရပါဘူး။ ယနေ့ မြန်မာ့တပ်မတော်ကို ကမ္ဘာနှင့် တန်းတူ မတည်ဆောက်နိုင်သေး သော်လည်း အာဆီယံ(၁၀)နိုင်ငံမှာ ထိပ်ဆုံးတန်းမှာ ပါဝင်နိုင်ဖို့ မြ င့်တင်ပေးရပါ့မယ်။ ဒါဟာ ကျွန်တော် တို့ လွှတ်တော်မှာလည်း တာဝန် ရှိပါတယ်။ လွပ်လပ်ရေး ဗိသုကာဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ကြည်း၊ ရေ၊ လေ မြ န်မာ့တပ်မတော်ကြီးကို ကမ္ဘာနှင့် ရင်ဘောင်တန်းနိုင်ရန် ခေတ်မီပြီး အင်အားတောင့်တင်းသော တပ်မတော်ကြီး ဖြစ်အောင် တစ်နေ့ မဖြစ်မနေ တ ည်ဆောက် ရမယ်လို့ ဗိုလ်ချုပ်မကွယ်လွန်မီ ရည်မှန်းတဲ့ရည်မှန်းချက်ပဲ ဖြစ်ပါတယ်။ အားလုံးခြုံငုံသုံးသပ်ကြမယ်ဆိုရင် ၇-၂-၂၀၁၂ ရက်နေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး သူရဦးရွှေမန်း မှ အစိုးရဌာန နိုင်ငံဝန်ထမ်းများ ၊ တပ်မတော်ဝန်ထမ်းများ၊ ကျောင်းဆရာ/ဆရာမများအားလုံး အတိုင်းအတာတစ်ခု ခံစားခွင့်များ ရှိရန်လိုအပ် ကြောင်း အဆိုတင်သွင်းသွားပါတယ်။ ဒီအဆိုဟာ ခေတ်သစ်၊ စနစ်သစ် တည်ဆောက်တဲ့ အခါ ဝန်ထမ်းများအတွက် စဉ်းစားပေးရန် အရေးပါတဲ့ အခန်းကဏ္ဍ ဖြစ်ပါတယ်။ ဒါကြောင့် အဆိုရှင်၏ ကောင်း သောစနစ် ရှိလာစေရန်အ တွက် ဝန်ထမ်းကောင်းများ ဖြစ်လာရေးအတွက် အရေးပါကြောင်း တင်ပြရင်း ပဲခူးတိုင်း မဲဆ န္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း ရဲ့ အဆိုကို ကျွန်တော် လေးလေးနက်နက်ထားပြီး ထောက်ခံအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၃း၁၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဦးစံပြည့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၁၅။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှ တ်တော် ကိုယ်စားလှယ်များ ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ဂါရဝပြုရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံပြည့်ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်း ရဲ့ အစိုးရဌာနများနှင့် နိုင်ငံ့ ဝန်ထမ်းများကို ပြည်သူကပိုမိုယုံကြည်အားကိုးမှုရှိလာစေရန် ပြည်ပနိုင်ငံအချို့၏ ကောင်းသောစနစ်များကို အတုယူဆောင်ရွက်ပြီး သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော စနစ်အတွက် အထောက်အကူဖြစ်စေရေး ပြည်ထောင်စုအစိုး ရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ ပါတီစုံဒီမိုကရေစီကျင့်သုံးတဲ့ အစိုးရသစ်ရဲ့ တစ်နှစ်တာသက်တမ်းကာလအတွင်းမှာ နိုင်ငံရေး၊ စီးပွား ရေးနဲ့ တိုင်းရင်းသားလူမျိုးများ ပြန်လည်ရင်ကြားစေ့ရေးစတဲ့ ပြုပြင်ပြောင်းလဲ မှုများကို ကမ္ဘာကအံ့မခန်း မယုံကြည်နိုင်လောက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်းတွေ့မြင်ရမှာ ဖြစ်ပါတယ်။ သို့သော်လည်း နိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ လာဘ်ပေး၊ လာဘ်ယူမှုများလျော့နည်း ပပျောက်အောင်ဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်းကို တွေ့ရှိရပါတယ်။ လာဘ်ပေး၊ လာဘ်ယူမှုများ ပြုလုပ်ကြခြင်းကြောင့် နိုင်ငံအတွင်းမှာ ကုန်ဈေးနှုန်းများကြီးမြင့်ခြင်း၊ ငွေ ကြေးဖေါင်းပွခြင်း၊ ပြည်သူများရဲ့ကိုယ်ကျင့်တရားပျက်ပြားခြင်း၊ လူ့ဘဝကို တိုးတက်မြင့်မားရန် မှန်ကန်သော ကြိုးစားအားထုတ်မှုမပြုလုပ်ကြခြင်း၊ တနည်းအားဖြင့် လူ့အရည်အသွေးကျဆင်းစေခြင်းစတဲ့ ဆိုးကျိုးများကိုဖြစ်ပေါ်စေပါတယ်။

ဒါကြောင့်မို့ တိုးတက်တဲ့နိုင်ငံ အဖြစ် ဖြစ်ထွန်းလာဖို့အတွက် လာဘ်ပေး၊ လာဘ်ယူမှုလျော့နည်းပပျောက်ရေးကို အလေးအနက်ထားပြီး မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း ထင်မြင်ယူဆပါတယ်။ အချို့သော နိုင်ငံ ဝန်ထမ်းများ လာဘ်ပေး၊ လာဘ်ယူမှုပြုလုပ်ကြခြင်းရဲ့ အကြောင်းတရားများကို စိစစ်တဲ့အခါမှာ တချို့က ရရှိတဲ့လစာနှင့်မလုံလောက်လို့ လာဘ်ပေး၊ လာ ဘ်ယူဆောင်ရွက်ကြရတာရှိပါတယ်။ တ ချို့ကလည်း ရရှိတဲ့

လစာအသင့်အတင့် လုံလောက်မှု ရှိသော်လည်းပဲ နာမကျန်းဖြစ်တဲ့အခါ ပင်စင်ယူပြီးတဲ့အခါ မပူမပင်သုံးစွဲနိုင်ဖို့အတွက် ကြိုတင်စုဆောင်းတဲ့အနေနဲ့ လုပ်ကြတာကို တွေ့ ရပါတယ်။ တချို့ကလည်း ပင်စင်ယူပြီးတဲ့ အထိ နေထိုင်စားသောက်ဖို့ အလုံ အလောက်စုဆောင်းမိပြီး ဖြစ်သော်လည်း ယခုထိ ယခုချမ်းသာတာထက်မက ပိုမိုချမ်းသာချင်လို့ ဆောင်ရွက်ကြခြင်း ဖြစ်တယ်ဆိုတာကို ဖော်ထုတ်ရရှိပါတယ်။ လာဘ်ပေး လာဘ်ယူမှုများ လျော့နည်း ပပျောက် အောင် ကျင်သုံးတဲ့စနစ်နဲ့ လူပုဂ္ဂိုလ်များရဲ့ ခံယူချက်၊ စိတ်နေစိတ်ထားကို ပြင်ဆင်ကြရမှာ ဖြစ်ပါတယ်။ စနစ်နဲ့ပတ်သက်လို့ ဝန်ထမ်းများတာဝ န်ထမ်းဆောင်စဉ်နဲ့ ပင်စင်စားဘဝ အထိ ငွေရေးကြေးရေးနဲ့ပတ်သက်လို့ မပူမပင် မကြောင့်မကြ နေထိုင် အသက်မွေး ဝမ်းကြောင်းပြု သွားနိုင်ဖို့ စနစ်ကောင်းရှိဖို့လို အပ်ပါတယ်။ ဆိုလိုတာက ဝ န်ထမ်းများကို ထို က်သင့်တဲ့လစာနဲ့ အကျိုးခံစားခွင့်များ ပေးရမှာဖြစ်ပါတယ်။ နိုင်ငံတော်ကလည်း ဝ န်ထမ်းများကိုငွေကြေးနဲ့ ပတ်သက်လို့ မပူမပင်ရအောင် ထိုက်ထိုက်တန်တန် ပေးထားမ ယ်။ ဒီလိုပေးထား ပါလျက် ဝန်ထမ်းများဖက်ကလည်း စည်းမျဉ်း၊ စည်းကမ်းကိုမလိုက်နာဘူးဆိုလို့ရှိရင် ထိထိရောက်ရောက် အရေးယူမယ်။ အခုလို ပြုလု ပ်မှ လာဘ်ပေးလာဘ်ယူတွေ လျော့နည်းပပျောက် နိုင်မယ်လို့ ယူဆပါတယ်။ ယခုလို ထိုက်သင့်တဲ့လစာ အကျိုးခံစားခွင့် များကို ပေးနိုင်အောင်လည်း နည်းလမ်းရှာကြရမှာဖြစ်ပါတယ်။ လက်ရှိသူတို့နိုင်ငံမှာဖြစ်ပေါ်နေတဲ့ ရုံး လုပ်ငန်းအနေအထားကို လေ့လာစိစစ်မယ်ဆိုရင် ပထမ အချက်အနေနဲ့ ဘာတွေ့ရမလဲဆိုရင် လုပ်ငန်းမှာ မလိုအပ်တဲ့ သေချာသည်ထက်သေချာအောင် ဆောင်ရွက် မှု Save Side ယူမှုများဟာ များ လွန်းတဲ့ အတွက်ကြောင့်မိုလို့ ဝန်ထမ်းအင်အားများစွာအသုံးပြုနေရပါတယ်။ ဥပမာ စာရင်း ဇယားတွေ၊ ထောက်ခံစာတွေ၊စီမံချက်များတွေဒါတွေဟာများစွာ ဖောင်းပွနေတာကိုလေ့လာတွေ့ရှိရပါတယ်။

ဒုတိယအချက်အနေနဲ့ လုပ်ငန်းအဆင့်များဟာ များ ပြားရှုပ်ထွေးခြင်း ဖြစ်ပေါ်နေပါ တယ်။ ဥ ပမာ ရပ်ကွက် အုပ်ချုပ်ရေးမှူးရဲ့ ထောက်ခံချက်နှင့် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်အုပ်ချုပ်ရေးမှူးများမှ ဝ န်ကြီးချုပ်ရုံးအထိ တင်ပြ ရတာတွေ တွေ့ရှိရပါတယ်။ ဝန်ကြီး ဌာနများအနေဖြင့်လည်း ဌာနမှူးများမှ နေပြီးတော့ ညွှန်ကြားရေးမှူးချုပ်၊ ၎င်းမှ ဝန်ကြီး၊ ၎င်းမှ Cabinet အစည်းအဝေးအထိ တင်ပြအဆုံးအဖြတ် ရယူရတာတွေ ရှိပါတယ်။ ယခုလို ကြိုးနီစနစ်နှင့် ချုပ်ကိုင်ထားမှုကို မပြုလုပ်သင့်တော့တဲ့ အ ချိန်ဖြစ်ပါတယ်။ အဆင့်လိုက် လုပ်ပိုင်ခွင့်ပေးမှုနှင့် တာဝန်ယူစေမှုစနစ်ကို ကျင့်သုံးသင့်ပြီဖြစ်ပါတယ်။

တတိယအချက်ကတော့ ယခုခေတ်ဟာ ICT ခေတ်ဖြစ်နေပါပြီ။ ဌာနတွေမှာ ယခင် ဝန်ထမ်းအင်အား အများအပြားနဲ့ အချိန်ယူလုပ်နေ ရတဲ့ ရုံးလုပ်ငန်းတွေမှာ ယခု Computerized နည်းစနစ်နှင့် ဝန်ထမ်းအနည်းငယ်ကိုသာ တာဝန်ပေးဆောင်ရွက်လို့ ရပြီ ဖြစ်ပါတယ်။

စတုတ္ထအချက်အနေနဲ့ အချို့အစိုးရပိုင် စီးပွားရေးလုပ်ငန်းတွေ၊ စက်ရုံ တွေ၊ အလုပ်ရုံတွေကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးပြီးဖြစ်ပါတယ်။ ထပ်မံလွှဲပြောင်းပေးဖို့လည်း အစီအစဉ်ရှိကြောင်း တွေ့ရှိရပါတယ်။ ဒါကြော င့်မို့ လက်ရှိဝ န်ထမ်းအင်အားကို လျှော့ချ ရမယ်လို့ လေ့လာတဲ့အခါမှာ အဖြေထွက်ပ ါတယ်။ တစ်ယောက်အားနှင့် 'မ' လို့ရတဲ့ကိစ္စကို (၂)ယောက်၊ (၃)ယောက် 'မ' မစေဘဲ တစ်ယောက်ထဲနဲ့သာ 'မ' ရမှာဖြစ်ပါတယ်။ လျှော့ချခံရတဲ့ ဝန်ထမ်းများ အိ န္ဒြေမပျက် ဆက်လက် ရပ်တည်နိုင်ဖို့ ပင်စင်အပြည့်အ ဝ ခံစားနိုင်ဖို့နဲ့ အခြားလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း တစ်နည်းတစ်ဖုံ နိုင်ငံတော်မှ စီမံဖန်တီးပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အမျိုး သားစီမံကိန်းရေးဆွဲတဲ့အခါမှာ ဘတ်ဂျက်လိုငွေပြချင်ပြနေပါစေ၊ ပြည်သူများ အလုပ်လက်မဲ့ မရှိရလေအောင် နိုင်ငံတော်က အလုပ်အကိုင် အခွင့်အလမ်းများ ပေးနိုင်အောင် ငွေပြန်ပေါ်နိုင်တဲ့ စီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။ ဌာနများမှ ဝန်ထမ်းများကို အင်အားလျှော့ ချ လိုက်ခြင်းဖြင့် ပိုလာတဲ့ဝန်ထမ်းများကို အခြား လုပ်ငန်းများမှာ တာဝ န်ထမ်းဆောင်ကြခြင်းဖြင့် လုပ်အားပိုမိုရရှိလာပြီးတော့ တိုင်းပြည်အတွက်လည်း ပိုမိုအကျိုးရှိ လာနိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဟာ အခွန်အကောက်ရငွေနဲ့ အစိုးရယန္တရားကို လည်ပတ်ရတာဖြစ်လို့ အခွန်ကောက်ခံမှုစနစ် ပြင်ဆင်ရေးဆွဲမှုကိုလည်း မြန်မြန်ဆန်ဆန် အကော င်အထည်ဖော်သင့်ပါတယ်။ အထူးသဖြင့် အချို့သောလုပ်ငန်းရှင်ကုမ္ပဏီကြီးများရဲ့ မူဘောင်အတွင်းကနေပြီးနည်းမျိုးစုံနဲ့ လက်တစ်လုံးခြား အခွန်ရှောင်တိမ်းမှုများကို တာ ဝန်ရှိသူများအပိုင်းက လျ စ်လျူရှုမထားဘဲ မှန်မှန်ကန်ကန် ဖြစ်အောင်ဆောင်ရွက်ကြရန် အချိန်တန်နေပြီဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အခွန်ယိုပေါက်၊ ဟာပေါက်တွေကို ပိတ်နိုင်ရင် နိုင်ငံတော်ရ ငွေများပိုမိုရရှိလာပြီး အဲဒီ ရငွေများနဲ့ ဝန်ထမ်းများကို ထိုက်သင့်တဲ့ လစာနဲ့ အကျိုးခံစားခွင့်များကို ပေး အပ်နိုင်မှာဖြစ်ပါတယ်။ ဝန်ထမ်းတွေရွေးချယ်

ခန့်အပ်တာဝ န်ပေးတဲ့အခါနဲ့ အဆင့်ရာထူးတာဝ န်များ ကို တိုးမြှင့်ပေးတဲ့ အခါမှာလည်း လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းပြီးမှန်မှန်ကန်ကန် စိစစ်တိုးမြှင့် ပေးဖို့ အထူးလိုအပ်ပါတယ်။ ဒါမှသာဝန်ထမ်းများကလည်း အပြိုင်အဆိုင်ကြိုးစားကြပြီးတော့ အရည်အသွေး၊ စွမ်းဆောင်ရည် မြင့်မားတဲ့ စိတ်ကောင်းစေတနာရှိတဲ့ ဝ န်ထမ်းကောင်းတွေ ထွက်ပေါ်လာပြီး ပြည်သူ့အကျိုးကို အပြည့်အဝတာဝန်ထမ်းဆောင်နိုင်ကြသူတွေ ပေါ်ထွက်လာကြမှာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ လူပုဂ္ဂိုလ်တွေရဲ့ ခံယူချက်သဘောထားကို ပြင်ကြရမယ့် အပိုင်းဖြစ်ပါတယ်။ လူတွေဟာ အရွယ်ရောက်ပြီး အထိုက်အလျောက် ပညာပြည့်စုံလာကြပြီးတဲ့ အခါမှာ မိမိလျှောက်လှမ်းမယ့် အသက်မွေးဝ မ်းကျောင်းလမ်းကို မိမိဘာသာရွေးချယ်ခဲ့ ကြတာ ဖြစ်ပါတယ်။ ချမ်းချမ်းသာသာ ၊ ကြွယ်ကြွယ်ဝဝနဲ့ စည်းစိမ်ချမ်းသာမှုကို မက်မောခုံမင်ပြီး လွတ်လပ်ပေါ့ပါးစွာနဲ့ နေချင်တဲ့လူများက ကိုယ်ပိုင်အလုပ်၊ စီးပွားရေးလုပ်ငန်းများကို ရွေးချယ် ကြပါတယ်။ ၎င်း တို့ရဲ့ စီးပွားရေးစနေအင်အားနဲ့ ပြည်သူ့အကျိုးကို တစ်ဘက်တစ်လမ်းက ပံ့ပိုး ကူညီမှုများပြုလုပ်နိုင်တဲ့ ဘ ဝလမ်းကြောင်းကို ရွေးချယ်ကြပါတယ်။ တချို့သောသူများက မိမိသင်ကြားတတ်မြောက်ထားတဲ့ပညာနဲ့ ပြည်သူ့ ဝန်ထမ်းအဖြစ်ခံယူပြီး ရရှိတဲ့လစာ လေးနဲ့ ခြိုးခြံချွေတာပြီး စနစ်တကျ စီမံခန့်ခွဲသုံးစွဲပြီး ဘဝကို တည်တည်ငြိမ်ငြိမ်လေးနဲ့ ပြည်သူနှင့် တိုင်းပြည်အကျိုးကို သယ်ပိုးနိုင်မယ့် ဘဝ အသက်မွေးဝမ်းကျောင်းလမ်းကို ရွေးချယ်လုပ်ကိုင် ခဲ့ကြတာဖြစ်ပါတယ်။ အဲဒီတော့ ပြည်သူ့ဝ န်ထမ်းများဟာ ချမ်းသာကြွယ်ဝ ရန် မူလထဲ က ဆန္ဒရှိသူများ မဟုတ်ကြသကဲ့သို့ ပြည်သူ့ ဝန်ထမ်းရဲ့ ဘဝဟာ နိုင်ငံတော် ကခွင့်ပြုတဲ့ လစာနဲ့ ခံစားခွင့်များကိုသာ ရရှိခံစားကြရတဲ့အတွက် ချမ်းသာကြွ ယ်ဝစရာလည်း အကြောင်း မရှိပါဘူး။ ဝန်ထမ်းဖြစ်လျက်နဲ့ ချမ်းသာကြွယ်ဂနေတယ်ဆိုရင်တော့ ကျင့်သုံးတဲ့စနစ် ဒါမှမဟုတ် လူပုဂ္ဂိုလ် တစ်ခုခုမှားယွင်းနေပြီဆိုတာ ကျွန်တော်တို့ ပြန်လည်ဆန်းစစ်ဖို့ လိုအပ်နေပြီ ဖြစ်ပါတယ်။ ယခုလို ဖြစ်နေခြင်းအားဖြင့် နိုင်ငံတော်ရဲ့ တိုးတက်မှုကို ဆုတ်ယုတ်စေပါတယ်။ ပြည်သူကို ထိခိုက်နစ်နာ စေတယ်ဆိုတာ သတိပြုကြဖို့လိုအပ်ကြောင်း တင်ပြဆွေးနွေးလိုပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဌာနဆိုင်ရာ ဝန်ထမ်း အကြီးအကဲနဲ့ ဝန်ထမ်းများဟာ မိဘနှင့်သားသမီးများလိုပဲ ရှုမြင်ယူဆပါတယ်။ မိဘဟာ သားသမီးများကို လူရည်ချွန်၊ လူရည်မွန်လေးတွေဖြစ်အောင် မဖြစ်သင့်တာ မဖြစ်အောင် ချစ်ပင်

ချစ်ငြားသော်လည်း ဆိုဆုံးမခြင်း ၊ ရိုက်ပြီးအပြစ်ပေးဆုံးမ ရမှုများ ပြုလုပ်ကြရသလို မိဘ ကိုယ်၌ကလည်း ကောင်းသော စံနမူနာပြုဖြစ်အောင် ကျင့်ကြံနေထိုင် ကြရမှာ ဖြစ်ပါတယ်။ ဝန်ထမ်းကောင်းစံနမူနာပြုဖြစ်အောင် ဦးစွာကျင့်ကြံ လုပ်ကိုင်ဆောင်ရွက် ကြရမှာဖြစ်ပါတယ်။ ပြီးရင် ဝန်ထမ်းများကို ဝန်ထမ်းစည်းကမ်းနှင့်အညီ ကျင့်ကြံဆောင်ရွက်ဖို့ ကြပ်မတ်တွန်းအားပေး ဆောင်ရွက်နေရမှာဖြစ်သကဲ့သို့ ဝန်ထမ်းများ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းဖောက်ဖျက်သူများ ကိုလည်း ကျောသားရင်သားမခွဲခြားဘဲ ဘေးဆီးရန်ကာအဖြစ် ထိုက်သင့်တဲ့အပြစ်ပေး အရေးယူ မှုများကို ဆောင်ရွက် ကြရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ကလည်း ပြည်သူများ တာဝန်ယူမှုနှင့် တာဝ န်သိမှုအပိုင်း ရင့်သန်လာတာနဲ့အမျှ အစိုးရရဲ့ နိုင်ငံတော်လုံခြုံရေးမှအပ ကျန်တဲ့အခန်းကဏ္ဍများကို အတိုင်းအတာတစ်ခုအထိ အပြုသဘောနဲ့ ပြော ဆို၊ ရေးသား ထုတ်ပြန်ခွင့်များကို တစ်ဆင့်ပြီးတစ်ဆင့် ခွင့်ပြုလို က်လျှောပေးနေရမှာဖြစ်ပါတယ်။ ပွင့်လင်း ထင်သာမြင်သာရှိမှု ပိုမိုရရှိလာတာနဲ့အမျှ လာဘ်ပေးလာဘ်ယူမှုများ ပိုမိုလျော့နည်း ပပျောက် နိုင်မှာဖြစ်ပါတယ်။ တာ ဝန်ယူဆောင်ရွက်ရတဲ့ ဌာနဆိုင်ရာအကြီး အကဲများကလည်း ပုဂ္ဂိုလ် ရေး မကျေနပ်မှု အလျဉ်းမပါဝ င်ဘဲ ဒီမိုကရေစီစနစ်နှင့်အညီ အပြုသဘောနဲ့ ဆွေးနွေးအကြံပေး ရေးသားပြောဆိုမှုများကို သဘောထားကြီးစွာနဲ့ နားလည်လက်ခံပေးကြဖို့ အထူးလိုအပ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ကျွန်တော် တင်ပြ လိုတာကတော့ ယခုအချိန်ဟာ ကျွန်တော်တို့နိုင်ငံအနေနဲ့ အကောင်းဖက်သို့ ပြုပြင် ပြောင်းလဲဖို့ နိုင်ငံရေးအခါအခွင့် အပေးဆုံးအချိန်ကို ရော က်နေပါပြီ။ အဲဒီအခွင့်အရေးကို လက်လွတ်မခံဘဲ နိုင်ငံတော် အစိုးရအပေါ် ပြည်သူများ အားကိုးယုံကြည်မှုကို ပျက်ပြားစေတဲ့ လာဘ်ပေး၊ လာဘ်ယူမှုများ လျော့နည်းပပျောက်အောင် ဆောင်ရွက်ဖို့အရေး တကြီးလိုအပ်နေပြီ ဖြစ်ပါတယ်။ နိုင်ငံ တော်အတွင်းမှာရှိတဲ့ ပညာရှင်များ၊ ပြည်တွင်းပြည်ပ လုပ်ငန်းအတွေ့အကြုံ ရှိသူများပါဝင်ဖွဲ့စည်းတဲ့ လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကော်မရှင်ကို ဖွဲ့စည်း တာဝန်ပေး အပ်ဆောင်ရွက်စေဖို့ လိုအပ်လျက်ရှိ နေကြောင်းနဲ့ ကုစားမယ့်နည်းလမ်းများ ရှာကြံတဲ့အခါမှာ တိုးတက်တဲ့နိုင်ငံများမှ စနစ်ကောင်း များကိုလည်း အတုယူထည့်သွင်းရေး ဆွဲနိုင်ဖို့ ဆွေးနွေး တင်ပြရင်း ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှ တ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်း ရဲ့ အစိုးရဌာနများနှင့် နိုင်ငံ့ဝ န်ထမ်းများကို ပြည်သူက ပိုမိုယုံကြည်အားကိုးမှု ရှိလာစေရန် ပြည်ပနိုင်ငံအချို့၏ ကောင်းသောစနစ်များကို အတုယူဆောင်ရွက်ပြီး သန့်ရှင်းသော

အစိုးရနှင့် ကောင်းမွန်သော စနစ်အတွက် အထောက်အကူဖြစ်စေရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အလေးအနက်ထောက်ခံ ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၂၉။**

**ဥက္ကဋ္ဌ**။ ။ မွန်ပြည်နယ် မဲ ဆန္ဒနယ်အမှတ်(၁၂)မှ ဦးဇော်နိုင်ဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၂၉။**

**ဦးဇော်နိုင်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်း ၏ အစိုးရဌာနများနှင့် ဝန်ထမ်းများကို ပြည်သူက ပိုမိုယုံကြည်အားကိုးမှုရှိလာစေရန် ပြည်ပနိုင်ငံအချို့၏ ကောင်းသောစနစ်များကို အတုယူဆောင်ရွက်ပြီး သန့်ရှင်းသောအစိုးရနှင့်ကောင်းမွန်သောစနစ်အတွက် အထောက်အကူဖြစ်စေရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကိုဆွေးနွေးမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး ဦးမြင့်ထွန်း ၏ အဆိုကို လေ့လာကြည့် ရာတွင် အစိုးရဌာနများနှင့် ဝ န်ထမ်းများကို ပြည်သူများမှ ယုံကြည်အားကိုးမှုနည်းနေတဲ့ သဘောကိုတွေ့ရှိရမှာ ဖြစ်ပါတယ်။ ၎င်းရဲ့တင်ပြချက်တွေ မှာလည်း လယ်မရှိဘဲ၊ အရှိပြပြီး စိုက်ဘဏ်မှချေးငွေကို ဥပဒေမဲ့ထုတ်ယူပြီး ကိုယ်ကျိုးရှာသုံးစွဲမှု၊ သုံးစွဲတာတွေကို ဆွေးနွေးတင်ပြထားတာကို တွေ့ရပါတယ်။ မှန်ပါတယ် ။ အဲဒီလိုဖြစ်ရပ်မျိုး အချို့နေရာဒေသအများအပြားမှာ ကျွန်တော်တို့ တွေ့ရှိနေရပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး သူရ ဦးရွှေမန်းကလည်း ပြည်ထောင်စုလွှတ်တော် မှာ အစိုးရဌာနများ၊ ဝန်ထမ်းများနဲ့ ပတ်သက်၍ အကျယ်တဝင့်ဆွေးနွေးသွားတာကိုလည်း အားလုံးသိပြီးသားဖြစ်ပါတယ်။ အစိုးရဌာနများ မှာရှိတဲ့ ဝ န်ထမ်းများအနေနဲ့ပတ်သက်၍ ကျွန်တော့်

အနေနဲ့ ဆွေးနွေးတင်ပြရရင် ကျွန်တော်ဟာ တောမြို့လေးမှာ ကြီးပြင်းလာရတဲ့အတွက် ရာထူးကြီးတဲ့အပေါ်ပိုင်းဌာနထမ်းများနဲ့ ထိတွေ့သိကျွမ်းခွင့်ရဖို့နေနေသာသာမြို့နယ်အုပ်ချုပ်ရေးမှူး အဆင့်တောင်အနားကပ်ဖို့ မလွယ်တဲ့အနေ အထားမှာရှိတာကြောင့် မဆွေး နွေးလိုပါဘူး။ ကျွန်တော်နဲ့ ထိတွေ့ဆက်ဆံခဲ့တဲ့ အောက်ခြေအခြေ ခံဝန်ထမ်းများကိုသာ အဓိကထားပြီး ဆွေးနွေးမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရဌာနများမှ အောက်ခြေ ဝန်ထမ်း များဟာ အနိမ့်ဆုံးလစာကို ရနေကြ သူ တွေဖြစ်ပါတယ်။ သူတို့မှာလည်း သူတို့မိသားစုဘ ဝနဲ့ သူတို့ရဲ့ အနာဂတ်ရှေ့ရေးတွေ ရှိတာကို တွေ့ရှိရပါတယ်။ အောက်ခြေဝ န်ထမ်းများဟာ ပြည်သူလူထုနဲ့ နိစ္စ ဓူဝထိတွေ့ ဆက်ဆံကြသူများဖြစ်ပါတယ်။ သူတို့ဟာ ရတဲ့လစာနဲ့ မိသားစုစားဝတ်နေရေးကို ဖြေရှင်းရင်း မလောက်မင ဖြစ်လာတဲ့အခါမှာတော့ သူတို့အတွက် ကြားပေါက်ရနိုင်တဲ့ အခွင့်အလမ်းတွေကို ရှာဖွေလာကြ ရတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ အဲဒီမှာတင် လာဘ်ပေး၊ လာ ဘ်ယူမှုများ ဖြစ်လာပါတယ်။ လာဘ်ပေး လာဘ်ယူဘယ်ကစလဲ လွယ်တာကို ခက်အောင်လုပ်တာကစတာလို့ ကျွန်တော်တို့အနေနဲ့ ထင်မြင်ယူဆမိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူတွေရုံးသွားရမှာကို အရမ်း ဝန်လေးပြီး ကြောက်နေတာ ကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဌာနများမှ ဝန်ထမ်းများဟာ ပြည်သူများ၏ဝန်ဆောင်မှုများကို ဆောင်ရွက်ရန်၊ ပြည်သူ့ဘ ဏ္ဍာငွေများကို လုပ်ခ၊ လစာ ချီးမြှင့်၍ တာဝ န်ပေးထားကြသူများ ဖြစ်ပါတယ်။ နိုင်ငံဝ န်ထမ်းများသည် ပြည်သူများ၏ တာဝန်ကိုကျေပွန်စွာ မထမ်းဆောင်နိုင်ဘဲ၊ တိုင်းပြည်၏ ဝန်ထုပ်ဝန်ပိုးကြီးများ ဖြစ်နေတာကို လည်း တွေ့ရှိရမှာဖြစ်ပါတယ်။ ရုံးတိုင်းကို ပြည်သူတွေအားကိုးယုံကြည်မှု အပြည့်နဲ့သွားတဲ့ အနေအထားဖြစ်လာတဲ့ အချိန်ဟာ လာဘ်ပေးလာဘ်ယူ ပပျောက်ပြီး သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအစိုးရဖြစ်လာမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး ဦးမြင့်ထွန်း ၏ အဆိုအရ အစိုးရဌာနများနှင့် နို င်ငံ့ဝန်ထမ်းများကို ပြည်သူများမှပိုမိုယုံကြည်မှု ရှိလာစေချင်တဲ့ ဆန္ဒတွေကို တွေ့ ရှိရမှာဖြစ်ပါတယ်။ ပြည်သူများအနေနဲ့လည်း ၎င်းဌာနများနှင့် ဆက်ဆံ သည့် အခါ (Transactional Cost) အပိုကုန်ကျစရိတ်တွေရဲ့ ဖိအား မှ ကင်းလွတ်စေချင်တဲ့ ၎င်း၏ စေတနာများကိုလည်း ကျွန်တော်တို့ တွေ့ရှိရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွ နိတော်တို့ မြန်မာလူမျိုးများဟာ သမိုင်းယဉ်ကျေးမှု အစဉ်အလာကြီးမားတဲ့ လူမျိုးများဖြစ် ကြပါတယ်။ ကိုယ်ကျင့်သီလများနှင့် ဂုဏ်သိက္ခာပိုင်းဆိုင်ရာကို အရမ်းတန်ဖိုးထား ကြသူများဖြစ်ပါတယ်။ မိမိတို့၏ စာရိတ္တနှင့် ဂုဏ်သိက္ခာကို ငွေနှင့် မလဲနိုင်ကြတဲ့ လူ့အဖွဲ့အစည်းဟာ မြန်မာ့ လူ့အဖွဲ့အစည်း ဖြစ်ပါတယ်။ အကျင့်စာရိတ္တနှင့် စိတ်ဓာတ်တွေ ပျက်ယွင်းသွားရင် နိုင်ငံအတွက် ပြန်မရနိုင်သော ဆုံး ရှုံးမှုတွေ ကြုံတွေ့နိုင်တာလည်း အမှန်ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး၏ အဆိုအရ ပြည်ပနိုင်ငံ အချို့၏ ကောင်းသောစနစ်များကို အတုယူဆောင်ရွက်ဖို့ တင်ပြတာကို တွေ့ရှိရပါတယ်။ ကျွန်တော့်အနေနဲ့ စင်ကာပူနိုင်ငံကို ဥပမာပေးရရင် စင်ကာပူနိုင်ငံဟာ စည်းကမ်းပိုင်းဆိုင်ရာ ကောင်းမွန်၍ တိကျလိုက်နာမှုရှိခြင်း၊ စာရိတ္တပိုင်းဆိုင်ရာ ကောင်းမွန်ပြီး အကျင့်ပျက်ခြစားမှု များ မရှိခြင်း၊ ရုပ်ဝ တ္ထုပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်သော ထိပ်တန်းနိုင်ငံတခုဖြစ်ပါတယ်။ လူဦးရေနည်းပြီး ရန်ကုန်တိုင်းလောက် အကျယ်အဝ န်းရှိတဲ့ နိုင်ငံလေးတစ်နိုင်ငံဖြစ်ပါတယ်။ လူသား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ပြီး၊ ချမ်းသာကြွယ်ဝ တဲ့ နိုင်ငံဖြစ်ပါတယ်။ သူတို့နိုင်ငံမှာ ဝန်ထမ်း များ၏ စည်းကမ်းလိုက်နာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ဝ န်ထမ်းများ၏ဘဝမှာ ဂုဏ်သိက္ခာရှိရှိ နေနိုင်ရေး လစာစရိတ်ကို ဖူလုံစွာပေးထားတာကို တွေ့ရှိရ မှာဖြစ်ပါတယ်။ အရေးယူမှုအပိုင်းမှာလည်း ပြစ်ဒဏ်အား တိကျပြင်းထန်မှုရှိတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ အတုယူစရာလည်းကောင်းပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ကိုလိုနီစနစ်ရဲ့နှစ်ပေါင်း(၁၀၀)ကျော် ကျွန်ပြုခြင်းခံရတဲ့ နိုင်ငံဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးနောက် နိုင်ငံ ရေးအကွဲအပြဲများ၊ သွေးခွဲသပ်လျှိုမှုများကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ စိတ်ဝမ်းကွဲမှုများနှင့်အတူ ပေါ်ပေါက်လာတဲ့ နှစ်ပေါင်း(၆၀)ကျော် ပြည်တွင်းစစ်များနှင့် နိုင်ငံတကာစီးပွားရေး ပိတ်ဆို့မှုများ (Sanctions)များ၏ဒဏ်ကို ယနေ့အထိ ခံစားနေရတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒီဖြစ်ရပ်တွေကြောင့် ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာ ပေါ်မှာ ဖွံ့ဖြိုးမှုအနည်းဆုံး (LDC Position) အဆင့်ဘယ်လောက်မှာ ရှိတယ်ဆိုတာ ကျွန်တော့်အနေနဲ့ ပြောစရာလိုမယ် မထင်ပါဘူး။

ကျွန်တော်တို့ပြည်သူတွေ အစိုးရဌာနများနှင့် နိုင်ငံဝန်ထမ်းများရဲ့ ဖိအားများကိုလည်း ခံစားနေရတာ အမှန်ဖြစ်ပါတယ်။ သို့ပေမယ့် လည်း အောက်ခြေ ဝန်ထမ်းများရဲ့ဘဝဟာလည်း ပေါက်ပင်ဘာလို့ ကိုင်းရတယ်၊ ဖျို င်းနားလို့ကိုင်းရတယ်ဆိုတဲ့ ဖားဘာကြောင့်အော်ရလဲ

မြွေကိုက်လို့အော်ရတယ်။ မြွေဘာကြော င့်ကိုက်ရတယ် ငါ၀ မ်းပူဆာမနေသာလို့ ကိုက်ရတယ် ဆိုတဲ့ တစ်ဦးပေါ်တစ်ဦး ထောက်ပြစွပ်စွဲ ရိုးမယ်ဖွဲ့ အပြစ်တင်ရုံနဲ့ ပြီးမှာလား။ အကျင့်ပျက်ခြစား နေပါတယ်လို့ အပြောခံနေရတဲ့ ဌာနများ၊ မိမိတို့ ဘ၀ရပ်တည်ရှင်သန်ရေးအတွက် ဂု ဏ်သိက္ခာနဲ့ ရင်းနေရတဲ့ အောက်ခြေ၀ န်ထမ်းများ၊ စီးပွားရေးလက်ဝါးကြီးအုပ်မှုများ၊ မညီမျှမှုများ၊ ဆင်းရဲ ချမ်းသာ ကွာဟမှုများ ဖြစ်တည်နေတဲ့ လူ့ အဖွဲ့အစည်းကို ကျွ န်တော်တို့ စင်ကာပူနိုင်ငံတို့၊ ကနေဒါနိုင်ငံတို့၊ ဟောင်ကောင်နိုင်ငံတို့ကို အတုယူပြီး ဆောင်ရွက်ပါက ဖြစ်နိုင်ချေရှိပါ့မလား။ မိမိတို့နိုင်ငံ၏ လူ့ အဖွဲ့အစည်းအတွင်းမှာ တရားမျှတမှုရှိရေး၊ လူသားတစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နေထိုင်ရေးနဲ့ လူမှုနိုင်ငံရေး ပြောင်းလဲမှုများ ဖော်ဆောင်ရန်အတွက် မိမိတို့ကံကြမ္မာ၏အရှင်သခင်သည် ပြည်ပနိုင်ငံများမဟုတ် မိမိတို့သာ လျှင် ဖြစ်သင့်ပါကြောင်း အကြံပြုတင်ပြဆွေးနွေးအပ်ပါတယ်။

မိဘသဖွယ် ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကလေးငယ်များမှ ညွှန်ပြတဲ့ ညီညွတ်မျှတမှု ကင်းမဲ့ခြင်းဆိုတဲ့ အတွေးအမြင်စုလေးတစ်ခုကို တင်ပြ ခွင့်ပြုပါရန် လေးစားစွာ တောင်းခံအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ ကျေးရွာလေး တစ်ရွာမှာရှိတဲ့ မိတ်ဆွေ တစ်ဦးရဲ့ အိမ်ကိုအလည်သွားရင်း မိတ်ဆွေရဲ့အိမ်အနီး ဘောလုံးကွင်း ငယ်လေးမှာ မိုးလေးဖွဲဖွဲ ရွာတုန်း ကလေးငယ် (၆)ယောက် ခုန်ပေါက်မြူးတူး ပြေးဆော့ကစားနေတာကို တွေ့ရှိရပါတယ်။ သူတို့ရဲ့ပါးစပ်ကလည်း သံစဉ်စာသားကဗျာလေးတစ်ပုဒ်ကို ကျူးရင့် သီဆိုနေတာကို တွေ့ရှိရ ပါတယ်။ သူတို့တစ်တွေသီဆိုနေတဲ့ သံစဉ်စာသား ကဗျာလေးကို ကျွန်တော်ကြားမိလိုက်တယ်။ အဲဒါကတော့ တုံးအောက်ဖား ပြားတဲ့ဖားကပြား ဖောင်းတဲ့ဖားကဖောင်း၊ ဖောင်းတဲ့ဖားကဖောင်း ပြားတဲ့ဖားကပြားလို့ မနားတမ်းလျှင်မြန်စွာ ရွတ်ဆိုရင်း အသံတွေထွက်ပြီး မှားကုန်တာကို တွေ့ရှိရပါတယ်။ အဲဒါကို သူတို့ကလေးတွေအချင်းချင်း ရယ်မောကြပြီး မြူးတူးဆော့ ကစားနေတာကို ကျွန်တော့် အနေနဲ့ တွေ့ရှိရပါတယ်။ တုံးအောက်ကဖားဆိုတဲ့ စာသားလေးကို ကျွန်တော် စိတ်ဝင်စားပြီး ကျွန်တော်ရဲ့အတွေးကို ကျွန်တော် နယ်ချဲ့မိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တုံးအောက်မှာနေတာခြင်း အတူတူ ဘာလို့တချို့ဖားတွေက ဖောင်းကားပြီး ကြီးထွား နေသလဲ၊ တချို့ဖားတွေက ဘာကြောင့် ပြားကပ်နေသလဲ။ အဲဒါကို ကျွန်တော် အလေးအနက်စဥ်းစားမိတယ်။ အဖြေ တစ်ခုကို ကျွန်တော် သိလိုက်တယ်။ ဘာလဲဆိုတော့ မတူကွဲပြားခြားနားခြင်းတစ်ခု သစ်တုံးအောက်မှာ ရှိနေတာကို ကျွန်တော် တွေ့ လိုက်ရတယ်။ တုံးအောက်မှာနေတာခြ င်းတူပေမယ့် တချို့ဖားတွေက တုံးရဲ့ အပေါ်ပိုင်းမှာ နေရတယ်။ တချို့ဖား တွေက တုံးရဲ့အောက်ဘက်ပိုင်းမှာ နေတာကို ကျွန်တော် တွေ့ရှိရတယ်။ အပေါ်ထပ် အဆောက်အအုံမှာ နေတဲ့ဖားတွေ က သဘာ ဝအရ မိုးရွာလျှင် မိုးရေကို အရင် သောက်သုံးရတယ်။ နှင်းကျရင်လည်း သူတို့ပဲ အရင်နှင်းစုပ်စားသုံးခွင့်တွေ ရရှိကြတာကို တွေ့ရှိရပါတယ်။ အင်းဆက်ပိုးမွှားကောင်တွေထွက်လည်း သူတို့ပဲ အရင် စားသုံးခွင့်တွေရတာကို တွေ့ရှိရပါတယ်။ အပေါ်ထပ်အဆောက်အအုံမှာနေတဲ့ဖားတွေက ပိုပြီးအခွင့်အရေးတွေ၊ အခွင့်အလမ်းတွေကို ပိုပြီးရရှိနေတာကို ကျွန်တော်တို့တွေ့ရှိရပါတယ်။ တုံးအောက်ထပ် အဆောက်အအုံမှာနေတဲ့ ဖားတွေက စားချင်လို့ခက်ခဲစွာ တုံးရဲ့အပေါ်အပြင်ကို ထွက်လာတဲ့အခါမှာ စားစရာမကျန်တော့တာကို တွေ့ရှိရပါတယ်။ ဒါနဲ့ ပဲ သူတို့ရဲ့ဘဝရပ်တည် ရှင်သန်ဖို့ တုံး အောက်မှာပဲနေပြီး မြေအောင်းပြီးတော့ မြေဆီမြေနှစ်ကိုသာ စားသုံးရတဲ့အတွက် ပိန်လှီပြီး ပြားနေတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီသစ်တုံးကြီးရဲ့အောက်မှာ နေတာချင်းတူတူ မတူကွဲပြားခြားနားနေတဲ့ မြင်ကွင်းတစ်ခုကို ကျွန်တော်တို့တွေ့ရှိရမှာ ဖြစ်ပါတယ်။ တုံးရဲ့အောက်၊ အပေါ်ထပ်အဆောက်အအုံမှာနေတဲ့ ဖားတွေရဲ့ပြုလုပ်နိုင်မှုအခွင့်အရေး၊ အသုံးချနိုင်မှု အခွင့်အလမ်းတွေကတော့ သူတို့ရဲ့ကြီးထွား ဖောင်းကား မှုများက တတ်သိကျင့်သုံးနေပါတယ်။ လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အနေနဲ့စဥ်းစားတွေးတော သုံးသပ်မိတာကတော့ သစ်တုံးကြီးရဲ့အောက်မှာ နေတာချင်းအတူတူ ကိုယ်ချင်းစာတရားကင်းမဲ့မှု ၊ မေတ္တာတရား ပျောက်ဆုံးမှု၊ ဂရုဏာတရား မိုးခေါင်မှု၊ အတ္တပင်လယ်ကျယ်ပြောမှုတွေကြော င့် ညီညွတ်မျှတမှုတွေလည်း ကင်းမဲ့ဆိတ်သုဥ်းလို့နေတာကို တွေ့ရှိရပါတယ်။ အဲဒီမြင်ကွင်းကတော့ တုံးအောက်မှာနေတဲ့ဖားတွေရဲ့ ဖားအဖွဲ့အစည်းထဲမှာဖြစ်နေတဲ့အဖြစ်အပျက်တွေကို ကျွန်တော်တို့ တွေ့ရှိရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အစိုးရဌာနများရှိ အောက်ခြေဝန်ထမ်းများနဲ့ ပတ်သက်၍ ကြုံတွေ့နေရတဲ့ လူ မှုရေးအခက်အခဲများကို ကျွန်တော် တင်ပြချင်ပါတယ်။

တချို့ကျောင်းဆရာမကလေးများဟာ စာသင်ကျောင်းကိုသွားရန် (၈)မိုင်လောက်ကို စက်ဘီး စီးပြီးတော့ နေပူမရှောင် မိုးရွာမရှောင် သွားရတဲ့အခက်အခဲတွေ၊ တချို့ချောင်းကူးမြောင်းကူးပြီး တော့ သွားလာရပြီးတော့ တောင်ကျ ရေကြီးလို့ မျော ပါသေဆုံးမှုတွေ၊ ထမင်းဘူး ၊ ဆွဲခြင်း၊ ယူနီဖောင်းကိုမြင်လို့ စပယ်ယာက "ဟော့ရှေ့မှာတစ်လုံးချိုင့်တွေ၊ကားဆရာရေမောင်းမောင်း"လို့ ကားမတင်ချင်မှုတွေ၊ လူမှုရေးအရ ဝိုင်းပယ်မှုတွေ၊ နိမ့်ကျမှုတွေကို ကျွန်တော်တို့ တွေ့ရှိနေရ ပါတယ်။ တချို့ဌာနများမှ အငယ်တန်းဝန်ထမ်းဟာလည်း ကျန်းမာရေးမကောင်းရင် ဆေးတောင် မကုနိုင်တဲ့ဘဝ သားသမီးများကိုလည်း အဆင့်မြင့်ပညာမသင်ကြားပေးနိုင်သေအခက်အခဲများကို ကြုံတွေ့နေရပါတယ်။ ၎င်းအခြေခံဝန်ထမ်းများဟာ လစာထုတ်တဲ့ရက်မှာ ဆိုရင် သူတို့ရဲ့ဌာန သူတို့ရဲ့အဖွဲ့အစည်းအတွင်းမှာရှိတဲ့သာရေးနာရေးစရိတ်တွေ သူတို့အထက်အရာရှိ ကျန်းမာရေး ဆေးကုဖို့ အလှူငွေထည့်ရတဲ့စရိတ်တွေ၊ နာရေးစရိတ်တွေကို ဖြတ်တောက်လိုက်ရတဲ့အတွက် သူတို့ရဲ့ ဝန်ထမ်းလစာများဟာ အပြည့်အဝ ရရှိခြင်းကို ကျွန်တော်တို့ ခံစားမှု မရတာကို တွေ့ရှိရပါတယ်။ အခြေခံဝန်ထမ်းများဟာ ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းထဲက လူသားများ ဖြစ်ပါတယ်။ လက်ငင်းကြုံတွေ့နေရတဲ့ စားဝတ်နေရေးနဲ့ လူမှုရေးနိမ့်ကျမှုတွေကြောင့် ၎င်းတို့ အနေနဲ့ အူမတောင့်မှ သီလစော င့်နိုင်မှာဖြစ်လို့ အူမမတောင့် နိုင်သေးတဲ့ အခြေခံ ဝန်ထမ်းများ အပေါ်မှာလည်း လူသားဆန်သောစိတ်ဓာတ်များထားရှိဖို့လိုမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့တင်ပြရရင် အနှစ် (၆၀)ကျော် စစ်တလင်းများပေါ်က သမိုင်းနဲ့ချီ သွေးခွဲမှုတွေနဲ့ ကျွန်တော်တို့နို င်ငံဟာ အခုအချိန်မှာ နိုင်ငံရေးပြောင်းလဲမှု Change တွေအရ ငြိမ်း ချမ်းရေးအောင်မြင်မှုများနဲ့အတူ အေးချမ်း သာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ပါတီစုံဒီမိုကရေစီစ နစ်ဖြင့် အောင်မြင်စွာ လျှောက်လှမ်း နေတဲ့ကာလဖြစ်တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ Liberalization ဆိုတဲ့ နိုင်ငံရေး တံခါးအဖွင့်မှာ ဖွင့်ပေးတဲ့ တံခါးကထွက်ပြီးကျွန်တော်တို့အားလုံးရှေ့သို့ ချီတက်နေတဲ့အချိန်မှာ အစိုးရဌာနများနဲ့ ဝန်ထမ်းများအပေါ်မှာလည်း ဝေဖန်ထောက်ပြမှုများဟာအရှိန်အဟုန်မြင့်မား လာတာကို တွေ့ရှိ ရပါတယ်။ အောက်ခြေဝန်ထမ်းများကို ဝေဖန် အပြစ်တင်ရုံနဲ့ ပြီးမှာလား။ အောက်ခြေဝန်ထမ်း များ၏ အခက်အခဲအကြပ်အတည်းများကိုလည်း ဂရုတစိုက် စာနာ နားလည်မှုများ ထားရှိဖို့လိုမှာ ဖြစ်ပါတယ်။ အစိုးရဌာများမှ ဝန်ထမ်းများကလည်း ပြည်သူများပိုမိုအားကိုးမှုရှိလာစေရန် မိမိတို့ရဲ့ကိုယ်ကျင့်တရားများကို ကောင်းမွန်အောင် တည်ဆောက်ပြီး သန်း (၆၀)ကျော်

ပြည်သူများနှင့် နိုင်ငံတော်ရဲ့အကျိုး စီးပွားများကို သယ်ပိုးနိုင် ပါစေကြောင်း ဆွေးနွေးရင်း ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော် ကြီး ဦးမြင့်ထွန်း ၏အဆိုအား အလေးအနက် ထောက်ခံပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၄၄။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၄၄။**

**ဒေါ်ခင်ဝိုင်းကြည် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ လွှတ်တော် ကိုယ်စားလှယ်ကြီးများရှင့်။ ကျွန်မကတော့ ရန် ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၁၀)မှ ဦးမြင့်ထွန်း၏ အစိုးရဌာနများနှင့်နိုင်ငံ့ဝန်ထမ်းများကို ပြည်သူက ပိုမိုယုံကြည်အားကိုးမှုရှိလာစေရန် ပြည်ပနိုင်ငံအချို့၏ ကောင်းသောစနစ် များကို အတုယူ ဆောင်ရွက်ပြီး သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောစနစ်အတွက် အထောက်အကူ ဖြစ်စေရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးအကြံပြုသွားမှာ ဖြစ်ပါတယ်။

ကြုံကြိုက်လာတဲ့အတွက်ကြောင့်မို့လို့ ကျွန်မရဲ့ခံစားချက်လေးတစ်ခုကို တင်ပြ ခွင့်ပြုပါ။ ဒါဟာကျွန်မဝန်ထမ်းကနေပြီးတော့ ပင်စင်ယူလာတာဖြစ်တဲ့အခါကျတော့ ဝန်ထမ်း စည်းမျဉ်းတွေနဲ့ ကျွန်မတို့ကလုံးထွေးပြီး နေခဲ့ရတာဖြစ်ပါတယ်။ အဲဒီတော့ ဝန်ထမ်းစည်းမျဉ်း တွေမှာ ကျွန်မတို့ ခွင့်ကိစ္စတွေကြတော့ ကျွန်မတို့ ရှောင်တခင်ခွင့်ရှိတယ်။ လုပ်သက်ခွင့်ရှိတယ်။ ဆေးခွင့်ရှိတယ် စသဖြင့်ရှိတဲ့အခါမှာ ကျွန်မတို့တွေအတွက် ရှောင်တခင်က တစ်နှစ်ကို (၁၀)ရက်ရပါတယ်။ နောက်တစ်ခါ လုပ်သက်ခွင့်ကကြ တော့ တစ်နှစ်ကို တစ်လရပါတယ်။ အဲဒီရှောင်တခင်ကို အဲဒီတစ်နှစ်အတွ င်းမှာ အဲဒီ (၁၀)ရက်ကသုံးရင်သုံး၊ မသုံးလို့ရှိရင်တော့ နှစ်ကုန်တဲ့အခါမှာ အဲဒီရှောင်တခင် (၁၀)ရက်က ဆုံးရှုံးသွားပြီ။ ဒါ Cancel ဖြစ်ပါတယ်။ လုပ်သက်ခွင့်ကတော့ မသုံးဘူးဆိုလို့ရှိရင် သူကစုထားလို့ရတဲ့ ဒါခွင့်တစ်မျိုး ဖြစ်ပါတယ်။

အဲဒီမှာ ကျွန်မတို့ (၁၀)ရက်ရတယ်။ သို့သော် တစ်ခါသုံးလို့ရှိရင် တစ်ရက် သို့မဟုတ် နှစ်ရက် ကျွန်မတို့က သုံးခွင့်ရှိပါတယ်။ ဒါ (၃)ရက်အထိ ကျွန်မတို့ ရှောင်တခင်ကို သုံးလို့မရပါဘူး စသဖြင့် ဒါကျွန်မတို့စည်းကမ်းသတ်မှတ်ချက်တွေ ရှိပါတယ်။ နောက်တစ်ခါ ဒါကတော့ ရုံးမှာစည်းကမ်း၊ ကျောင်းမှာ ကျောင်းစည်းကမ်း၊ အိမ်မှာ အိမ်စည်းကမ်း စသဖြင့် ရပ်ကွက်မှာလည်း ရပ်ကွက်စည်းကမ်းစသဖြင့် ရှိတဲ့အခါမှာ ဟိုတစ်လောက ကျွန်မတို့ရဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးက ကျွန်မတို့ကို ပြန်ပြောတဲ့စကားလေးတစ်ခုကို ကျွန်မနားထဲမှာ အမြဲကြားနေတာ ဒါဒီမှာပဲပြောသွားတာ အဲဒါဘာလဲဆိုတဲ့အခါကျတော့ ခွင့်တွေယူတာ များတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ ဒါ အင် မတန်အရေးကြီးတဲ့အချိန်မှာ ကိုယ်ရေးကိုယ်တာဆိုတာတော့ တော်ရုံတန်ရုံတော့ ဒါ တက်ပေး ဖို့ဆို လွှတ်တော်ကို တက်ဖို့ မပျက် ဖို့ဆို၊ အဲဒီအခါမှာကျွန်မတို့က နိုင်ငံတော်မှာရှိနေတဲ့ သန်း(၆၀)အတွက် ရှေ့ကနေပြီးတော့ ကျွန်မတို့က သဘောတရားနဲ့ လက်တွေ့မှာ လက်တွေ့ကတော့ တာဝန်ရှိတဲ့ လူတွေက ဆက်လက်ပြီးတော့ ဆောင်ရွက်ကြမှာ ကျွန်မတို့က အဲဒီအကုန်လုံးအတွက် လိုအပ်နေတဲ့ ဥပဒေတွေကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကျန်တဲ့ရေးရာတွေအတွက် အကုန်လုံးလိုအပ်တဲ့ ဥပဒေတွေကို နိုင်ငံတော်နဲ့ နိုင်ငံသားအကျိုး ရှေ့ရှုပြီးတော့ ကျွန်မတို့က ပြဋ္ဌာန်းပြီးတော့ အား လုံးလိုက်နာဖို့ ဆောင်ရွက်နေတဲ့အခါမှာ ဒါ သဘောတရားကို ကျွန်မတို့က ချပေးတယ်။ လက်တွေ့ကို အဆင့်ဆင့်ဆောင်ရွက်ကြတယ်။ အဲဒီလိုအခါမှာ ကျွန်မတို့ကလည်း ဒါ ဒီသဘောတရားတွေကို ရှိနေတဲ့လူတွေ သိသလို ကျန်တဲ့ မသိသေးတဲ့လူတွေကိုလည်း ဒါ ဝေမျှဖို့ သိအောင်ပြောပြဖို့၊ သတင်းပေးဖို့ ကျွန်မတို့မှာ တာဝန်ရှိပါတယ်။

အခု ဒါ ဆရာဦးမြင့်ထွန်း ရဲ့အဆိုနဲ့ ပတ်သက်ပြီးတော့ ကျွန်မ လေ့လာကြည့်တဲ့ အခါမှာ အစောက ဖားတွေဆိုတာကိုလည်း ကျွန်မ တော်တော်လေးသဘောကျတယ်။ ဟို ဝိရောဓိ ဆိုတာတော့ နေရာတိုင်းမှာ ရှိပါတယ်။ ဒါပေမဲ့ အဲဒီ ဝိရောဓိကနေပြီးတော့ ဆိုးရွားတဲ့ အခြေအနေတွေ ဖြစ်မလာဖို့ပဲ၊ အဲဒီအခါကျတော့ အခု ဒီဆရာဦးမြင့်ထွန်း ရဲ့အဆိုထဲမှာ ကျွန်မ နားလည်တာကတော့ သူက ရည်ရွ ယ်ချက်(၂)ခုနဲ့ လုပ်ငန်းစဥ်(၁) ခုရှိတယ်လို့ ကျွန်မ အဲဒီလိုပဲ သုံးသပ်ပြီးတော့ အဲဒီလိုပဲ တွေ့ရှိပါတယ်။ တစ်ခုက ဘာလဲဆို တော့ အစိုးရဌာနများနဲ့ နိုင်ငံ့ဝန်ထမ်းများကို ပြည်သူက ပိုမိုယုံကြည်အားကိုး မှုရှိလာစေရန်ဆိုတာ ဒါ သူ့ရဲ့ နံပါတ်(၁) ရည်ရွယ်ချက်လို့ ကျွန်မ အဲဒီလိုထင်တယ်။ နောက်တစ်ခါကျတော့ သန့်ရှင်းသောအစိုးရနှင့်

ကောင်းမွန်သောစနစ်အတွက် အထောက်အကူဖြစ်စေရန်ဆိုတာကတော့ နောက် တစ်ခု ရည်ရွယ်ချက်တစ်ခုလို့ ကျွန်မ အဲဒီလိုထင်တယ်။ တစ်ခုတည်းမှာပဲ ရည်ရွယ်ချက်က (၂) ခုတောင်ပါတယ်လို့ အဲဒီလိုပဲ ကျွန်မ တွေးမိပါတယ်။ နောက်တစ်ခုက လုပ်ဖို့ရာက ဘာလဲ ဆိုတော့ ပြည်ပနိုင်ငံအချို့၏ ကောင်းသောစနစ်များကို အတုယူဆောင်ရွက်ဖို့ ၊ အတုယူ ဆောင်ရွက်မယ်ဆိုလို့ရှိရင် ဒါဟာ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အစိုးရစန စ်အတွက် လည်း အထောက်အကူဖြစ်မ ယ်ပေါ့၊ နောက်တစ်ခါ အစိုးရဌာနနဲ့ နိုင်ငံ့ဝန်ထမ်းများကိုလည်း ပြည်သူက ပိုမိုယုံကြည်အားကိုးမှု ရှိလာမယ်လို့ အဲဒီလို ဆိုလိုတဲ့သဘောလို့ ကျွန်မ အဲဒီလို ဒါ ယူဆပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကြီးမားသော သဘာဝဘေးအန္တရာယ် များကြားမှာ အရှိန်အဟုန်ဖြင့် ပြောင်းလဲရှင်သန်လျက်ရှိသော ကမ္ဘာ့နိုင်ငံအသီးသီးမှာ လောဘ၊ ဒေါသ၊ မောဟ၊ အတ္တ၊ မာနများဖြင် ့ အာဏာလုမှုများ၊ စီးပွားရေးဈေးကွက်ချဲ့ထွင်မှုများ၊ နောက်တစ်ခါ လူမှုရေး၊ ဘာသာရေးနဲ့ပတ်သက်တဲ့ လှုပ်ရှားဆောင်ရွက်မှုများ စသဖြင့် ဖြစ်စဉ် အမျိုးမျိုးပေါ်ပေါက်လျက်ရှိပါတယ်။ ဒါ အားလုံးအသိပါ။ အဲဒီလိုဖြစ်နေတဲ့ ဖြစ်စဉ်တွေထဲမှာ ကမ္ဘာ့နိုင်ငံတစ်ချို့ ဒီမိုကရေစီစနစ် ကျင့်သုံးပြီး ဒီမိုကရေစီကျင့်စဉ်နဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွေကို တိုးတက်ပြောင်းလဲဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိတာကိုလည်း အားလုံးတွေ့မြင် ကြားသိနေရတာဖြစ်ပါတယ်။ အောင်မြင်မှု ကွာခြားချက်များရှိသော်လည်း အချုပ်ကို သုံးသပ်တဲ့ အခါကျတော့ နှစ်ပေါင်းများစွာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့တဲ့နိုင်ငံကြီးများမှာလည်း လိုအပ်ချက်များ၊ မပြည့်စုံသေးတာများ ရှိနေတယ်ဆိုတာကို ကျွန်မတို့က လေ့လာသုံးသပ် တွေ့ရှိရမှာဖြစ်ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံရဲ့ ဒီမို ကရေစီတည်ဆောက်နေတဲ့အချိန်မှာလည်း ဒါဟာ ပြီးပြည့်စုံတဲ့ ပြုန်းကနဲပြောင်းသွားတဲ့ ဟိုဖက်နဲ့ဒီဖက်နဲ့ ပြောင်းပြန်လှန်ပစ်လိုက်သလို ဖြစ်မယ့်အခြေအနေမျိုးဟာ အင်မတန်ကို စိတ်ရှည်လက်ရှည်နဲ့စောင့်မှ ဒါ ဒီလိုမျိုးတော့ ဒါတောင်မှ ပြော လို့ရတာမဟုတ်ပါဘူး။ သို့သော်လည်း ဒါ ကျွန်မတို့ စိတ်ရှည်ရမှာတော့ တော်တော် စိတ်ရှည်ရမယ့်သဘောတရား ရှိပါတယ်။ ဒီလိုပဲ နိုင်ငံအသီးသီးလည်း စိတ်ရှည် လက်ရှည်နဲ့ နှစ်ပေါင်းများစွာ ဆောင်ရွက်နေတဲ့အခါမှာ ကျွန်မတို့ လိုတာက တော့ ကျွန်မတို့ စည်းလုံးညီညွတ်ရမယ်။ နောက် ငြိမ်းချမ်းရမယ်။ နောက်ကျတော့ အဲဒီကနေ တစ်ဆင့် ပြီးတော့မှ ဖွံ့ဖြိုးတိုးတက်တဲ့ဆီကို ကျွန်မတို့ ရှေ့ရှုရမယ်။

အဲဒီတော့ ကျွန်မတို့ ဝန်ထမ်းတွေနဲ့ပတ်သက်လို့ အခု ဒါ ဆရာဦးမြင့်ထွန်းက ဖြစ်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ ဖြစ်စေချင်တဲ့ လုပ်ငန်းစဉ်မှာ ကျွန်မတို့က ကျွန်မတို့ ပြည်သူများသည် နှစ်ပေါင်းမြောက်များစွာ လွှတ်တော်အခင်းအကျင်းနဲ့လည်းကောင်း၊ နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် နှစ်ဦးနှစ်ဖက်ရှုထောင့်မှ ကိုယ်စီ တာဝန်နဲ့ ဆောင်ရွက်ရန်များ ပါရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့လည်းကောင်း မထိတွေ့ခဲ့ကြရပါ။ ကျွန်မတို့ လိုက်နာကျင့်သုံးရန် ပြဋ္ဌာန်းထုတ်ပြန်ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေများ၌ အားသာချက်များ၊ အခု ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ အားသာချက်များ၊ အားနည်းချက်များ တွေ့ရှိပါက လည်း ပြင်ဆင်၊ ဖြည့်စွက် ၊ ရုပ်သိမ်း စသဖြင့်ဆောင်ရွက်နိုင်ရန် အခန်း (၁၂)ပါ ဥပဒေများဖြင့် ပြဋ္ဌာန်းပေးထားပြီး ဖြစ်ပါတယ်။ ဒါ ကျွန်မတို့ လိုအပ်ရင် လိုအပ်သလို လွှတ်တော် က ဆောင်ရွက်လို့ရတယ်ဆိုတဲ့ အခွင့်အရေးတွေ နိုင်ငံတော်နဲ့ ဥပဒေကပေးထားတာဖြစ်ပါတယ်။

သို့သော်လည်း ဤသို့ပြဋ္ဌာန်းထားသော ဥပဒေများ၊ ပြည်ထောင်စုအစိုးရမှ ပြဋ္ဌာန်းထုတ်ပြန်သော နည်းဥပဒေနဲ့ ညွှန်ကြားချက် ၊ အမိန့်၊ လုပ်ထုံးလုပ်နည်း စသဖြင့် စည်းမျဉ်းစည်းကမ်းတို့ကို အကောင်အထည်ပေါ်၍ အကျိုးသက်ရောက်မှုရှိရန်ကတော့ လိုက်နာရန် တာဝန်ရှိသူများက တိကျမှန်ကန်စွာ လိုက်နာဆောင်ရွက်မှသာလျှင် အကောင်အထည် ပေါ် အကျိုးသက်ရောက်မှုရှိမှာဖြစ်ပါတယ်။ သဘောတရားဘယ်လောက်ပဲကောင်းကောင်း လက်တွေ့လုပ်တဲ့သူက လိုက်ပြီးတော့ အကောင်အ ထည်မဖော်နိုင်ဘူးဆိုရင်တော့ အဲဒီ သဘောတရားက ဒီအတိုင်းပဲ ရှိနေမှာဖြစ်ပါတယ်။ နိုင်ငံတော်မှ အစိုးရဌာနများ၊ နိုင်ငံ့ ဝန်ထမ်းများအား ပြည်သူများမှ ပိုမိုယုံကြည်အားကိုးမှုရှိလာစေရန်ဆိုသည့် ရည်ရွယ်ချက်နှင့်ပတ်သက်၍ ဆွေးနွေးလိုပါသည်။ ကျွ န်မတို့အား နိုင်ငံတော်မှ ဒါဟာ အရင်တုန်းက ကျွန်မရဲ့ ကိုယ်တွေ့လေးပါ။ ဗဟိုဝန်ထမ်းတက္ကသိုလ်များကို ဝန်ထမ်းများအား အရည်အသွေးသွက်လက်ထက်မြက်စေရန် ကာယ၊ ဉာဏ၊ စာရိတ္တပိုမိုဖွံ့ဖြိုးစေရန် နိုင်ငံ့တာဝန်ကိုကျရာကဏ္ဍမှ အသိစိတ်ဓာတ်အပြ ည့်ဖြင့် ခံယူချက်၊ ယုံကြည်ချက် မှန်ကန်စွာဖြင့် ဆောင် ရွက်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်သင်ကြား သင်တန်းများ ပို့ချခဲ့ပါသည်။ ပြည်သူ့ဝန်ထမ်းတစ်ဦး၏ စိတ်ပိုင်း ၊ ရုပ်ပိုင်း ကြံ့ခိုင်မှုကို ဖြည့်စွမ်းပေးသော နိုင်ငံတော်၏ဆောင်ရွက်ပေးမှုများဖြစ်ပါတယ်။ အချို့သော ဌာနများ၌ ဝန်ထမ်းများအား Foreign Languages သင်ပေးတာ၊ နိုင်ငံခြားဘာသာ ဒါ ဌာနက သင်ပေးတာတွေပါ။ နောက်တစ်ခါ ကွ န်ပျူတာသင်ပေးတာ၊ နောက် အခြားသော အရည်အသွေး

မြင့်တဲ့ ပံ့ပိုးမွမ်းမံသင်တန်းတွေများစွာကိုလည်း နိုင်ငံတော်က ကျွန်မတို့ ဝန်ထမ်းတွေကို ပို့ချပေးပါတယ်။ ပေါက်နေတဲ့အိုးကို ရေဖြည့်ပြီးတော့ ပေးသလို လိုအပ်နေတဲ့ အရည်အချင်း လိုအပ်ချက်များ ပြည့်ဝစေဖို့ ဆောင်ရွက်ပေးလျှက်ရှိရာ ၎င်းသင်တန်းများမှ ဆင်းလာသော သူတို့သည် အတွေ့အကြုံ၊ အသိအမြင် အသစ်များဖြင့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်နိုင်ခဲ့ကြပါသည်။ သို့သော်လည်း လူတစ်ဦးနှင့်တစ်ဦး ထပ်တူညီမျှသော စိတ်ပိုင်း ၊ ရုပ်ပိုင်းများရှိရန် မလွယ်ကူပါ။

အဲဒါကတော့ ဒါ သဘာဝဖြစ်တဲ့အတွက် ထပ်တူမကျနိုင်တဲ့အတွက် ဆောင်ရွက်မှုများမှာလည်း ကွဲပြားခြားနားသွားရာ အချို့မှာအားနည်းချို့ယွင်းချက်များ အခြေအနေ အကြောင်းကြောင်းကြောင့် ပြည်သူ၏ယုံကြည်အားကိုးမှုအား ရသင့်သလောက်မရနိုင်ခြင်းများ ဖြစ်ပေါ် လာနိုင်ပါသည်။ ဒါတွေကတော့ သူတို့လက်ရှိရင်ဆိုင်ကြုံတွေ့နေရတဲ့ အကျိုးတရား ၊ အကြောင်းတရားတွေ အခြေအနေတွေပါ။ ဤတွင် ပြည်သူ၏အားကိုးယုံကြည်မှုကို ပိုမို ရရှိနိုင်စေရန်အတွက် ဆောင်ရွက် မည်ဆိုပါလျှင် ဝန်ထမ်းများမိမိကိုယ်ကို တန် ဖိုးထားတတ်လာစေရန်၊ မိမိသည်ပြည်သူ၏ အခက်အခဲများ လို အင်ဆန္ဒများအား စိတ်ပါလက်ပါ စေတနာထား ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် တစ်ဖက်သား၏ စိတ်ကျေနပ်ခြင်းမှတစ်ဆင့် ယုံကြည်အားကိုးမှုကို ပိုမိုရရှိလာနိုင်မယ်လို့ ကျွန်မကတော့ အဲဒီလိုပဲ ယုံပါတယ်တကယ်။

နောက်တစ်ခါကျတော့ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့် ။ လွန်စွာကောင်းမွန်သော မူတစ်ခုချမှတ်ထားပါလျက် တာဝန်ရှိသူက လိုက်ပါ ဆောင်ရွက်နိုင်မှုမရှိသောအခါ မူသည် အကောင်အထည်ပေါ်မလာတော့ဘဲ လက်တွေ့မပါသော သဘောတရားအနေဖြင့်သာ ရပ်တန့်သွားပါတော့သည်။ အစိုးရဌာနနှင့်ဝန်ထမ်းများ ပြည်သူ၏ယုံကြည်အားကိုးမှုကို ပိုမိုရရှိစေရန်မှာ မူနဲ့လည်းဆိုင်သလို လူနဲ့လည်းဆိုင်ပါသည်။ သက်ဆိုင်ရာ တာဝန်ရှိသူသည် မိမိ၏တာဝန် မဆောင်ရွက်မီကပင် ပြည်သူ လူထုနှင့်မိမိ၏တာဝန်အပေါ် သိက္ခာအပြည့်ဖြင့် စေတနာထား နိုင်ရန် နောက်ပြီး တော့ ထိုက်တန်သော အရည်အချင်းတစ်ခု လည်းရှိပြီး၊ ရှိနှင့်ပြီးသားဖြစ်မှသာ ပီပြင်တဲ့ တာဝန်ကျေတဲ့ ဆောင်ရွက်ချက်တစ်ခုဟာ အကောင်အထည်ပေါ်လာမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်၊ ကမ္ဘာပေါ်မှာရှိတဲ့နိုင်ငံတွေရဲ့နိုင်ငံရေးရပိုင်ခွင့်နှင့် အရပ်သားလွတ်လပ်ပိုင်ခွင့်တွေကို လေ့ လာတဲ့အခါ ကျွန်မ နိုင်ငံတော်တော် များများကို

လေ့လာထားတာ (၁၀၀)ကျော်တယ်။ လေ့လာထားတဲ့ အခါမှာ ဒီမိုကရေစီစနစ် ကျင့်သုံးတဲ့ နိုင်ငံ အများစုမှာ နိုင်ငံရေးရပို င်ခွင့်များ နောက်တစ်ခါ အရပ်သားလွတ်လပ်ခွင့်များ အများဆုံး ရရှိ ပိုင်ဆိုင်ကြတာကို လေ့လာတွေ့ရှိရပါတယ်။ စိတ်ရှည်ရှည်နဲ့ အားနည်းချက်တွေ လိုအပ်နေတာ တွေကို ပြင်ဆင် ဖြည့်စွက် ဆောင်ရွက်မယ်ဆိုလို့ရှိရင် မကြာမြင့်မီမှာ ပဲ ကျွန်မတို့နိုင်ငံကလည်း ကောင်းမွန်တဲ့အဆင့်တစ်ခုကို ရောက်ရှိနိုင်မယ်လို့ ယုံကြည်ကြောင်းကို တင်ပြလိုပါတယ်။ ဒါ စောစောက ဆရာကြီးဦးညွန့်တင် ပြောသွားသလိုပဲ။ နိုင်ငံတွေအများကြီးပါပဲ ။ ကနေဒါတို့၊ ချီလီတို့၊ စပိန်တို့၊ ဆိုက်ပရပ်တို့၊ နော်ဝေတို့၊ နယူး ဇီလန်တို့ အဲဒါတွေက ဒီမိုကရေစီကို ကျင့်သုံးတဲ့နိုင်ငံတွေပါ။ ကျင့်သုံးပြီးတဲ့ အခါကျတော့ နိုင်ငံတွေကို စီချလိုက်တဲ့အခါမှာ သူတို့ ရပိုင်ခွင့်တွေ၊ ပြည်သူတွေရဲ့ လွတ်လပ်ခွင့်တွေ၊ ဒါနိုင်ငံရေးရပိုင် ခွင့်တွေ လွတ်လပ်ခွင့်တွေကို ကြည့်လိုက်တဲ့အခါမှာ အဲဒီဒီမိုကရေစီကျင့်သုံးနေတဲ့ နိုင်ငံတွေက ကျန်တဲ့ နိုင်ငံတွေထက် ပိုပြီးတော့ အခြေအနေတွေ အရမ်းကောင်းနေတာကို တွေ့ရပါတယ်။

အဲဒီတော့ ကျွန်မတို့ နိုင်ငံဟာ အခုဆိုလို့ ရှိရင် စောစောက ပြောသွားသလိုပါပဲ ဒီမိုကရေစီစနစ်နဲ့ ကျွန်မတို့ ချီ တက်နေတဲ့အချိန်မှာ နိုင်ငံတော် အသစ်မှာ ကျွန်မတို့က ဆန္ဒ မစောဘဲနဲ့ စောစောက ဆရာကြီးဦးမြင့်ထွန်း ပြောသွားတာလည်း ပါ ပါတယ်။ နိုင်ငံအသီးသီးကို ကျွန်မတို့ အခုဆိုလို့ရှိရင် ဒါ အာဆီယံမှာ ဝင်တယ်။ ကျန်တဲ့ ကုလသမဂ္ဂနဲ့ပတ်သက်တာတွေ၊ ကမ္ဘာ့နိုင်ငံအသီးသီးကို အကုန်လုံးကို ကျွန်မတို့ နိုင်ငံက တာဝန်ရှိ လူတွေ၊ တာ ဝန်ရှိတဲ့ အဖွဲ့အစည်းတွေအားလုံးဟာ သွား လာပြီးတော့ လေ့လာတယ်။ မှတ်သားတယ်၊ ဒီကိုပြန်လာပြီး တော့ သိသင့်သိထိုက်တာတွေကို အကုန်လုံးချပြတယ်။ နောက်ပြီး တော့ မှတ်သင့် မှတ်ထိုက်တာ တွေကို အကုန်လုံးကျွန်မတို့ကို ပေးပြီးတော့ မှတ်ခိုင်းတယ်။ အဲဒီအခါမှာ ကောင်းတာတွေကို ကျွန်မတို့ လေ့လာမယ်။ နောက်တစ်ခါ နိုင်ငံတော်ကလည်း ကျွန်မထင်တယ် ၊ လိုအပ်မယ့် နိုင်ငံတော်အတွက် သဟ ဇာတဖြစ်မယ်။ နို င်ငံတော်အတွက် လိုအပ်မယ်ထင်တဲ့ အရာတွေကို ဒါနိုင်ငံတော်ကလည်း အခုလည်းလုပ်ပေးနေတယ်။ နောင်လည်း လုပ်ပေးမယ်လို့ ကျွန်မကတော့ လုံးဝယုံကြည်ပါတယ်။ အဲဒီလိုလုပ်ပေး နိုင်ဖို့အတွက် အဲဒီလို ဖြစ်လာဖို့အတွက်က တကယ် လက်တွေ့ကြိုးစားရမယ့်အထဲမှာ ကျွန်မတို့လွှတ်တော်က အခြေခံ အင်မတန်ကျတဲ့ ကဏ္ဍအနေနဲ့ ကျွန်မတို့ကိုယ်တိုင်ကိုပဲ ကိုယ်စီကိုယ်စီ တာဝန်ရှိတယ်လို့ ကျွန်မက အဲဒီလို ယုံကြည် တယ်။ အဲဒီတော့ နိုင်ငံ့ ဝန်ထမ်းအနေနဲ့ပဲဖြစ်ဖြစ်၊ ကျန်တဲ့ လူထုလူတန်းစား အလွှာအသီးသီး

အကုန်လုံးအတွက် ကျွန်မတို့ သဘောတရား ကို ကျွန်မတို့ ကနေပြီး ချပေးမယ်။ လက်တွေ့ကို သက်ဆိုင်ရာ သက်ဆိုင်ရာအသီးသီးက လိုက်နာကြမယ်ဆိုလို့ရှိရင် ဒါဟာ ဝိုင်းဝန်းပြီးတဲ့ အခါကျတော့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် နဲ့ ဒါလိုနေတဲ့ နေရာကို ဖြည့်ပေး မယ်။ ပိုနေတာကို ဖယ်မယ်။ ဖြည့်သင့်တာကို ဖြည့်မယ်။ အဲဒီလိုလုပ်တဲ့ အခါကျ လို့ရှိရင်တော့ အားလုံးဟာ လိုချင်တဲ့ အင်မတန် မင်္ဂလာအပေါင်းနဲ့ ကျက်သရေပြည့်စုံတဲ့ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်တစ်ခုကို ကျွန်မတို့ အားလုံးဟာ လက်တွဲပြီးတော့ အရောက်ချီတက်နိုင်မယ်လို့ ကျွန်မဟာ ယုံကြည်ရင်းနဲ့ နောက် မေတ္တာ ဂရုဏ်ခံရင်းနဲ့ ဒီ ဦးမြင့်ထွန်း ရဲ့ အစိုးရဌာနများနဲ့ နိုင်ငံ့ဝန်ထမ်းများကို ပြည်သူက ပိုမိုယုံကြည်အားကိုးမှုရှိလာစေရန် ပြည်ပနိုင်ငံအချို့၏ ကောင်းသောစနစ်များကို အတုယူဆောင်ရွက်ပြီး သန့်ရှင်းသောအစိုးရနဲ့ ကောင်းမွန်သော စနစ်အတွက် အထော က်အကူဖြစ်စေရေးအပေါ် ကျွန်မစောစောကပြောတာ လူနဲ့မူ၊ နောက်တစ်ခါ သဘောတရားနဲ့လက်တွေ့ အဲဒါတွေသဟဇာတဖြစ်သွားလို့ရှိရင် ဒီကောင်းမွန်သော စနစ်အတွက် အထောက်အကူဖြစ်စေရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်မက လှိုက်လှဲစွာနဲ့ ထောက်ခံကြိုဆိုပါတ ယ်လို့ တင်ပြရင်းနဲ့ နိဂုံးချုပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၅၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၅၈။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အချိန်ကို ငဲ့ညှာသောအားဖြင့် ကျွန်တော်က တိုတိုတုတ်တုတ်ပဲ ဆွေးနွေးပါ့မယ်။ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒ နယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း ရဲ့ အဆိုကို ကျွန်တော် ရန်ကုန်တိုင်းဒေသကြီး မဲ ဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် က ထောက်ခံဆွေးနွေးသွား ပါမယ်။ ကျွန်တော့် ရှေ့မှာလည်း တော်တော် များများ တော်တော့် ကိုပြည့်ပြည့်စုံစုံ ဆွေးနွေးသွားတာကို ကြားလိုက်ရပါတယ်။ အဆိုမှာ ကျွန်တော် ပြန်ပြီးတော့ ဒါလေးကို ခွဲကြည့်လိုက်လို့ရှိရင်(၃)ပိုင်း၊ (၃)ပိုင်းတွေ့ပါတယ်။ အဲဒီ ဒီ(၃)ပိုင်းက ပထမ တစ်ပိုင်းကတော့ ကျွန်တော်တို့ နိုင်ငံဝန်ထမ်းတွေနဲ့ ပတ်သက်တာပါ။ နောက်

ဒုတိယတစ်ပိုင်းကတော့ သန့်ရှင်းတဲ့ အစိုးရ၊ ကောင်းမွန်တဲ့ အစိုးရဆိုတဲ့ ဒီ (၂)ပိုင်းပါ၊ ဒီတော့ အားလုံးပေါင်း(၃)ပိုင်း တွေ့ရပါတယ်။ အဲဒီတော့ ဒီရှေ့မှာ လည်းပဲ ပြောသွားတဲ့အထဲက ကျွန်တော်တို့ ကောင်းမွန်တဲ့ အစိုးရ Good Gorvernance ကောင်းမွန်တဲ့အစိုးရဆိုတာ ဘာလည်း၊ ဒါကျွန်တော်တို့ လူကြီးတွေ၊ အရင်တုန်းက နိုင်ငံတော်အကြီးအကဲတွေလည်းပဲ မိန့်မှာခဲ့ပါတယ်။ အခုလည်း ကျွန်တော်တို့ လွှတ်တော်ပေါ်လာပြီးတဲ့နောက် ပြောပါတယ်။ No one is above the law ဥပဒေရဲ့ အပေါ်မှာတစ်ဦးတစ်ယောက်မှ မရှိရပါဘူး၊ အဲဒါ ကျွန်တော်တို့က Good Gorvernance ပါ။ ဒါကောင်း မွန်တဲ့ အစိုးရဖြစ်ပါတယ်။ ဒါ အရင်တုန်းကလည်း ကျွန်တော်တို့ ပြောခဲ့ပါတယ်။ အဲဒီတော့ ဥပဒေရဲ့ အပေါ်မှာ ဘယ်သူမှ မရှိဘူးဆိုတော့ ဘယ်သူမှကို မရှိရတာ Event the most powerful person ပေါ့။ အင်မတန်မှ အာဏာရှိနေတဲ့ ပုဂ္ဂိုလ်တောင်မှ အဲဒီဥပဒေရဲ့အပေါ်မှာ မရှိရဘူးဆိုတဲ့ သဘောပါ။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ဒီ ကောင်း မွန်တဲ့အစိုးရမှာ ဘာတွေနဲ့ ကောင်းမွန်သလဲဆိုတာ တိုင်းမယ်ဆိုရင် အဲဒီအစိုးရ တစ်ခု ဒီနိုင်ငံမှာ စီးပွားရေးဘယ်လောက် ဖွံ့ဖြိုးတိုးတက်အောင် စီးပွားရေးတွေကော င်းအောင် ဘယ်လောက်လုပ်နိုင်သလဲ၊ ဘယ်လောက် လုပ်နိုင်စွမ်းရှိသလဲ၊ နောက်တစ်ချက် Social Welfare ဆိုတဲ့ဟာနဲ့ နွယ်ပြီးတော့ ကျွန်တော်တို့ လူမှုရေးကိစ္စတွေမှာ နိုင်ငံသားပေါ့နော် ၊ လူမှုရေးဆိုတာတော့ ကိုယ့်ပြည်သူပြည်သား တစ်ရပ်လုံးရဲ့ကိစ္စရပ်တွေကို ဘယ်လောက်လော က်များ စွမ်းဆောင်ပေးနိုင်သလဲ၊ နောက် အစိုးရနဲ့ ကျွန်တော်တို့ သက်ဆိုင်ရာ အဖွဲ့အစည်းတွေ ကျွန်တော်တို့ ဒီမှာတော့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေပေါ့၊ ဒီအဖွဲ့အစည်းနဲ့ဆက်ဆံရေး အစိုးရနဲ့ ကျွန်တော်တို့ ဒီစီးပွားရေး လုပ်ငန်းတွေကို ဆောင်ရွက်နေတဲ့ အဖွဲ့တွေ ဆ က်ဆံရေး ဒါတွေကရော ဘယ်လိုရှိသလဲ၊ ဘယ်လောက်လောက် ဒီ Transparency အရှေ့မှာလည်း တ င်ပြသွားသလို မြင်သာထင်သာ ရှိသလဲ၊ ဘယ်လောက်လောက် ဥပဒေနဲ့ လိုက်လျော ညီထွေအောင် သူတို့ဆောင်ရွက်ကြသလဲ စသည်အားဖြင့် အဲဒါတွေဟာ အင်မတန်မှ အရေး ကြီးပါတယ်။ ပွင့်လင်းရ မယ် ဒီ အစိုးရ တစ်ရပ်ဟာတာဝန်ယူနိုင်ရမယ်၊ သူက ဒီဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်နိုင်ရမယ်။ ဒါမှသာလျှင် ကျွန်တော်တို့က Good Gorvernance လို့ ခေါ်တယ်ဆိုတာ နိုင်ငံ တကာမှာ သတ်မှတ် ထားပါတယ်။ အစိုးရ တစ်ရပ်က ဘယ်အစိုးရကပဲ ဖြစ်ဖြစ် ဒီမိုကရေစီ နိုင်ငံဖြစ်သွားပြီဆိုရင် တော်တော်များများက ကျွန် တော်တို့ အများဆုံးက (၅)နှစ်ပါပဲ၊ (၅)နှစ် သက်တမ်းပါ။ အဲ ဒီတော့

အစိုးရတစ်ရပ်က ဖြစ်လာပြီ ဆိုတာနဲ့ အင် တိုက်အားတိုက် ဆောင်ရွက်ကြတာချည်း ပါပဲ။ (၅)နှစ် ဆိုတာနဲ့ ဒီမိုကရေစီနိုင်ငံတွေမှာ ဒီလိုလုပ်တဲ့ သွားမယ့်နိုင်ငံတွေမှာ Election တစ်ခုလာပါတယ်။ ကျွန်တော်တို့ ရွေးကောက် ပွဲ တစ်ခုလာမယ်၊ အဲဒီရွေးကောက်ပွဲကနေ ကျွန်တော်တို့ ဆုံးဖြတ်ကြတာပါ။ ဒါကို တော့ ဒီ ဦးမြင့်ထွန်း တင်ပြတဲ့ အဆိုထဲမှာ ကောင်းမွန်တဲ့ အစိုးရဆိုတာ ဒီဟာလေးက အင်မတန်မှ အရေးကြီးပါတယ်။ နောက်ပြီးတော့ ဒုတိယ တစ်ချက်ကတော့ Clean Government သန့်ရှင်းတဲ့ အစိုးရ၊ သန့်ရှင်းတဲ့ အစိုး ရဆိုတာက ဘယ်လိုအစိုးရမျိုးလည်း၊ ကျွန်တော်တို့ ပြန်ပြီးတော့ လေ့လာကြည့်ရင် ခုနတုန်းကလည်း ကျွန်တော်တို့ ရှေ့က ဆွေးနွေးသွားပါတယ်။ လာဘ်ပေးလာဘ် ယူမှု အနည်းဆုံးဖြစ် အောင် ဆောင်ရွက်နိုင်မယ်။ ဒီ လာဘ်ပေးလာဘ်ယူမှု ဒီ(Corruption)ပေါ့၊ Corruption က Anti-Corruption ဖြစ်အောင် လုပ်နိုင်တဲ့ဟာ ဒီလာဘ်ပေးလာဘ်ယူမှုနည်းအောင်လို့ လုပ်နိုင်ရင်၊ ဒီဟာ ကျွန်တော်တို့က Clean Government လို့ ခေါ်ပါတယ်။ သန့်ရှင်းတဲ့ အစိုးရပါ။ အဲဒီ လုပ်နည်းတွေကတော့ အများကြီး ရှိပါတယ်။

ခုန ကျွန်တော်ရှေ့မှာ ရန်ကုန်တိုင်း ကပဲ ဦးညွန့်တင် တင်သွားတဲ့ ဟောင်ကောင်မှာ ဆိုလို့ရှိရင်တော့ အဲဒီလိုအတွက် အဖွဲ့တစ်ဖွဲ့ (Agency) တစ်ခု ဖွဲ့ထားပါတယ်။ ဒီ လာဘ်ပေးလာဘ်ယူကိစ္စတွေကို ဆောင်ရွက်တဲ့ အဖွဲ့အစည်းတစ်ခု၊ ဒီအဖွဲ့အစည်းဟာ အာရှတိုက်မှာဆိုရင်တော့ တော်တော်ကို နာမည်ရပါတယ်။ ဒါကောင်းတယ် ၊ ဒီအဖွဲ့အစည်း ဆောင်ရွက်ခြင်းသည် ဟောင် ကောင်ဟာ အင်မတန်မှ တိုးတက်သွား တယ်။ Main Land ပေါ့၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံတောင်မှ ဒီဟာကို ကျွန်တော်တို့ နမူနာ ယူဖို့ကောင်းတယ်။ စင်ကာပူနဲ့ နှိုင်းယှဉ်ရင်တောင်မှ သူက အင်မတန် ကောင်းတယ် စသည်အားဖြင့် ဒီဟာတွေဟာ ကျွန်တော်တို့ နိုင်ငံတကာမှာ ဆွေးနွေး နေတာပါ။ အဲဒီဟာကို ဖွဲ့စည်းတဲ့ အခါမှာလည်းပဲ မိမိကြိုက်တဲ့သူနဲ့ မိမိဟိုဟာဖြစ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ဖွဲ့စည်းလို့ မရပါဘူး။ ဒီအဖွဲ့အစည်းဟာ အင်မတန်မှအရေးကြီးပါ တယ်။ အဲဒီတော့ အဲဒီလိုဖွဲ့စည်းပြီးတဲ့နောက်မှာ ပညာပေးလုပ်ငန်းတွေ (Education)ပေါ့နော်။ ပညာပေးလုပ်ငန်းတွေ ဆောင်ရွ က်ကြရပါတယ်။ အဲဒီ ရုံးတွေမှာလည်း လုပ်မယ်။ ကျောင်းသူ/ ကျောင်းသားတွေ Summer ပေါ့နော်။ ကျောင်းပိတ်တဲ့ အခါမှာလည်းပဲ ဒီလာဘ်ပေးလာဘ်ယူမှု ကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ အဲဒီကတည်းက ဆွေးဆွေးနွေးနွေးနဲ့ သူတို့ ဆောင်ရွက်ပေးကြရပါတယ်။ ဒီလိုဆောင်ရွက်ပေးကြမှသာလျှင် ဒါ ကျွန်တော်တို့က

Clean Government ကို ဦးတည်ရာ ရောက်ပါတယ်။ နောက်ကျွန်တော်တို့ ဒီလုပ်ငန်းပိုင်းဆိုင်ရာ၊ ဝန်ထမ်းပိုင်းဆိုင်ရာ၊ ဝန်ထမ်းပိုင်းဆိုင်ရာမှာ ခုန ဦးစံပြည့် တို့လည်းပဲ တင်ပြသွားပါတယ်။ Process တွေက ကျွန်တော်တို့ လုပ်ရမယ့် step တွေက သိပ်များပါတယ်။ တစ်နည်းအားဖြင့် ဆိုရင်တော့ ကြိုးနီစနစ်လို့ ပဲ ခေါ်မလားတော့ မသိဘူး။ ကျွန်တော့် အတွေ့အကြုံလေးဆိုတာက ဒီမှာလည်း သိစေချင်တဲ့ဆန္ဒပါ။ ကျွန်တော် နိုင်ငံခြားရောက်တဲ့ အခါမှကျတော့ ဒီလိုပါပဲ နေတဲ့နေရာမှာသွားပြီးတော့ Register လုပ်ရပါတယ်။ သူတို့ကလည်း မှတ်ပုံတင်လေး ထုတ်ပေးရပါတယ်။ အဲဒီတော့ ကျွန်တော် အဲဒီရုံးကိုသွားလိုက်တယ်။ သွားလိုက်ပြီဆိုတာနဲ့ ကျွန်တော့် နာမည် သူလိုအပ်တဲ့ပုံစံလေးဖြည့်ပြီးတော့ ယူလိုက်ပါတယ်။ ယူလိုက်ပြီး သူ Slip ကလေးတစ်ခုပဲ ပေးလိုက်ပါတယ်။ ပြန်ပေတော့ ၊ မကြာပါဘူး၊ အဲဒါ အင်မတန်မှ မြန်ပါတယ်။ အချိန်ကျတဲ့ အခါကျတော့မှ ဒီ Slip ကိုင်ထားရင် ပြီးပြီ။ အချိန်ကျတဲ့အခါကျတော့မှ အဲဒါလာထုတ်။ အဲဒါကိုကျွန်တော်တို့ ပေးလိုက်ရုံပါပဲ၊ အင်မတန် မြန်ပါတယ်။ ကျွန်တော်တို့ Arrival Visa ကျွန်တော်တို့ ဒီကနေပြီးတော့ နိုင်ငံတစ်ခုကို သွားတဲ့အခါမှာ ကျွန်တော်တို့ Visa မရပါဘူး။ Visa မရပေမယ့် သွားရမယ့်ခရီးဆို တော့ သွားခဲ့ရပါတယ်။ သွားတဲ့ အခါမှာ On Arrival Visa လုပ်ရပါတယ်။ လု ပ်ရတဲ့အခါမှာလည်း Process က ခဏလေး ပါပဲ။ ဒီဆောင်ရွက်တဲ့ဟာ အဲ ဒီတော့ ခုနတုန်းက ဒီမှာ ထောက်ခံစာအမျိုးမျိုး၊ ထောက်ခံချက်အမျိုးမျိုးဆိုတော့ဒီ(Barrier)တွေကို ဒီအတားအဆီး တွေကို ကျော်လွန်ဖို့ဟာ လွယ်လွယ်ကူကူနဲ့ လူ ဆိုတာကလည်းပဲ ပြီးသွားစေချင်တဲ့ ဆန္ဒ လူတိုင်းမှာ ရှိပါတယ်။ အဲဒီအတွက်ကြောင့် လာဘ်ပေးလာဘ်ယူ ကိစ္စလေးတွေဟာ ကျွန်တော်တို့ ပေါ်ပေါက်လာပါတယ်။ ဒါတွေ ဟာ အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်တော်တို့ ဝန်ထမ်း၊ အောက်ခြေဝန်ထမ်းတွေကို ဒီဟာတွေလျော့နည်းဖို့၊ လာဘ်ပေးလာဘ် ယူကိစ္စတွေ လျော့နည်း သွားဖို့ဆိုရင် ဒီ ဆောင်ရွက်ချက်ကလေးတွေဟာ Process ကလေးတွေဟာ အင်မတန်မှ အရေးကြီးပါတယ်။ ဒါတွေပြန်လည်ပြီး ကျွန်တော်တို့ ဆန်းစစ်ဖို့ လိုပါတယ်။

ဟိုတစ်နေ့တုန်းက ဆိုရင်လည်း ဦးခင်မောင်ရီ တင်သွားတဲ့ ဘဏ်စနစ်၊ ဘဏ်မှာ ကတော့ အများကြီးပါ။ လယ်ဂျာ ဟိုဒင်းတွေ အများကြီးပါ။ သူတို့ကလည်း ငွေနဲ့ကြေးနဲ့ဆို တော့ အောက်ခြေဝန်ထမ်းလေးတွေဟာ စာရေးဝန်ထမ်းလေးတွေ၊ အရာရှိဝန်ထမ်းတွေကအစ ဒီလောက်များတဲ့ငွေကို သူတို့တစ်ခုခု ဖြစ်လာရင် မလျော်နိုင်ပါဘူး။ ဒါကြောင့် သူတို့က

ရင်တထိတ်ထိတ်နဲ့ သေချာသည်ထက် သေချာ အောင် ဆောင်ရွက်ရတဲ့ ကိစ္စတွေ အများကြီး ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ကွန်ပျူတာတွေရှိတယ်။ Computerized System တွေ ကျွန်တော်တို့လုပ်မယ်။ ကွန်ပျူ တာနဲ့သုံးမယ်။ အဲဒီလုပ်တဲ့အခါမှာလည်းပဲ အင်မတန် ကျွမ်းကျင်ဖို့လိုပါတယ်။ ဒါကျွန်တော် နိုင်ငံတကာ ရောက်နေတာပါပဲ ။ Credit Card လေး တစ်ခုကို ပြလိုက်တာနဲ့ ချက်ချင်းကျွ န်တော်တို့ ငွေထုတ်လို့ရတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀) ကတည်းကပါ။ ဒါအခုမှ ဒီဘက်တွေကို ပြန့်လာတာပါ။ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၀)ကျော်လောက် ကတည်းက၊ (၂၀)တောင် မဟုတ်ဘူး။ (၃၀)လောက်ကတည်းက ဒါနိုင်ငံကြီးတွေမှာ သုံးနေပါ တယ်။ ဒါလေးနဲ့ ကျွန်တော်တို့ က နှိပ်လိုက်လို့ရှိရင် Machine ကပြန်ထွက်လာပါတယ်။ အချိန်မရွေး ဘာမှ အစစ်အဆေး မရှိပါဘူး။ ကျွန်တော်တို့ ဒီမှာ အခုနိုင်ငံခြားကို သွားမယ်ဆိုရင် ဒီမှာ ကျွန်တော်တို့ထက် နိုင်ငံတကာကို သွားနေတဲ့ ပုဂ္ဂိုလ်တွေ ပိုများပါသေးတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေဟာ ဟိုကျရင် အခု ဘယ်မှာလဲခင်ဗျား။ Credit Card ကို ကျွန်တော်တို့ မေးတာပါ။ Credit Card မပါရင် တော်တော်ကို အဆင်မပြေဘူး။ ဒီ ဟိုတယ်မှာ တည်းလို့ရှိရင်၊ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံခြားရေးဝန်ကြီးဌာနက ပုဂ္ဂိုလ်တွေနဲ့ ပဲ ပေါင်းသင်း ထားပြီးတော့ ဒီ Credit Card ကလေးတွေက လုပ်ထားရတဲ့သဘောမျိုးရှိပါတယ်။ ဒါကျွန်တော် ပွင့်ပွင့်လင်းလင်း ဒီမှာ ဆွေးနွေးခြင်းဖြစ်ပါတယ်။ အဲ ဒီတော့ ဒီမှာ အဲဒီဟာမျိုးရှိမယ်ဆိုရင် Computerized ကို တစ်ချက်တည်းထည့်တာနဲ့ ကျွန်တော်တို့ ပိုက်ဆံပြန်ရတယ်။

အဲဒီတော့ ကျွန်တော်တို့ ဒီလာဘ်ပေးလာဘ် ယူကိစ္စမှာ ဝန်ထမ်းတွေနဲ့ ပတ်သက်ပြီး လို့တော့ ဒီလိုကိစ္စရပ် ကလေးတွေ သူတို့ ဆောင်ရွက်နေတဲ့ ကိစ္စလေးတွေကို ပြန်ပြီး Review သေသေချာချာ ကျွန်တော်တို့က ပြန်ပြီး ဆောင်ရွက်ဖို့ လိုမှာပါ။ ဒါဒီလို လုပ်ခဲ့လို့ ဆိုရင်လည်းပဲ ဒီဟာက လျော့နည်းသွားမှာပါ။ စားဝတ်နေရေးကလည်း တစ်ပိုင်းပေါ့လေ။ စားဝတ်နေရေး မှာ ခုနတုန်း က Good Governance ဆိုတဲ့ထဲမှာတော့ ခုနတုန်းက လူမှုရေး Social Welfare တွေလုပ်ပေးပြီဆိုရင် ဒီမှာကျွန်တော်တို့ ဘာမှာပြောစရာကိစ္စတွေ မရှိတော့ဘူး။ ဒီဘက် Clean Government က လိုက်လာမှာပဲ။ ဝန်ထမ်းတွေရဲ့ လာဘ်ပေးလာဘ်ယူကိစ္စကလည်း တစ်ခုနဲ့ တစ်ခုဟာ အချိတ်အဆ က် ဒီလိုရှိပါတယ်။ ဟိုအရင်တုန်းက ဖဆပလ ခေတ်တုန်းက ဆိုရင် လည်းပဲ ကျွန်တော်တို့ လိုင်စင်ရ သူဌေး၊ ဒါဟာ အစိုးရနဲ့ တွဲပြီးတော့ လိုင်စင်တွေ ထုတ်ကြတယ်။ အဲဒီမှာလည်း အရေးယူမှုတွေ အများကြီး ရှိခဲ့ပါတယ်။ အနီးအနားနိုင်ငံတွေ မှာ ကြည့်ရင်လည်း

ဥပမာ ဂျပန်နိုင်ငံတောင်မှ ရှိပါတယ်။ တစ်ချိန်တုန်းကဆိုလို့ရှိရင် လေယာဉ်ပျံ ဝယ်ယူမှုကိစ္စနဲ့ အကြီးအကျယ် သူတို့ ပါလီမန် မှာ ဖြစ်ပါတယ်။ ဖြစ်ပြီးတော့ ဒါ အရေးယူ တာတွေ ရှိခဲ့တယ်။ စသည်အားဖြင့် အဆင့်Higher Level ပေါ့နော် ဒီဟာတွေဖြစ်ခဲ့တယ်၊ ကျွန်တော်တို့ အိမ်နီးနားချင်း နိုင်ငံတွေ ပါကစ္စတန်ပဲဖြစ်ဖြစ်၊ အိန္ဒိယပဲဖြစ်ဖြစ်၊ ဘင်္ဂလားဒေ့ရှ်ပဲဖြစ်ဖြစ် ကျွန်တော်တို့ ပြန်ပြီးတော့ ကြည့်လို့ရှိရင်တွေ့ရပါတယ်။ ကျွန်တော်တို့ အခု တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှာလည်းပဲ ဒီလိုပါပဲ၊ Level က ကြီး တယ်ငယ်တယ် မဟုတ်ပါဘူး။ သူ လာဘ်ပေးလာဘ်ယူဟာ အင်မတန်မှ အရေးကြီးပါတယ်။ ငယ်တဲ့ လူတွေချည်းပဲ မဟုတ်ပါဘူး။ ကြီးတဲ့ လူတွေချည်းပဲ မဟုတ်ပါဘူး။ ဒါက ငွေနဲ့ ဒီဟာဆိုရင် လူတိုင်းက ကျွန်တော်လည်းပဲ ပိုက်ဆံ ရရင် ယူမလားဆိုရင် လွယ်လွယ်ကူကူနဲ့ရရင် ကျွန်တော် ယူချင်ယူမှာပဲ ။ ဒါ ကျွန်တော် ပွင့်ပွင့်လင်းလင်း ဒီမှာ ဆွေးနွေးတာပါ။ ဒါကြော င့်မို့လို့ ငယ်တဲ့ ဟာတွေကို ပဲ ဖိမယ်။ ကြီးတဲ့ဟာ တွေကိုလည်းပဲ ကျွန်တော်တို့ မျက်စောင်းထိုးမယ်။ ဒီလိုမဟုတ်ဘဲနဲ့ ကျွ န်တော်တို့ နိုင်ငံမှာ အားလုံး စည်းစည်းလုံးလုံးတညီတညွတ်တည်းနဲ့ Good Governance နဲ့ Clean Government ဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်ကြမယ်ဆို လို့ရှိရင် အကုန်လုံးအဆင်ပြေသွားမယ်လို့ ထင်ပါ တယ်။ ဒါကျွန်တော်တို့ နိုင်ငံတော်အစိုးရအပေါ်မှာ အများကြီးမူတည်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဦးမြင့်ထွန်း ရဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)ရဲ့ အစိုးရဌာန များနှင့် နိုင်ငံဝန်ထမ်းများကို ပြည်သူက ပိုမိုယုံကြည်အားကိုးမှုရှိလာစေရန် ပြည်ပနိုင်ငံအချို့၏ ကောင်းသောစနစ်များကို အတုယူဆောင်ရွက်ပြီး သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော စနစ်အတွက် အထောက်အကူပြုရေးအဆိုကို ထောက်ခံဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၄း၁၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို မိနစ်(၃၀) ခေတ္တရပ်နားပါ့မယ်။

**အခမ်းအနားမှူး၊** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး၊** ။ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၄း၁၀ နာရီတွင် ခေတ္တရပ်နား ပြီး ၁၄း၄၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၄:၄၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးပြန်လည် စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၄:၄၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးလှဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄:၄၁။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး၊ ပြည်ထောင်စုဝန်ကြီးများအားလုံးကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာ ပဏာမ နှုတ်ခွန်းဆက်သ ဂါရ ဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတို င်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ကျွန်တော် ဦးမြင့်ထွန်း ရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွား မှာ ဖြစ်ပါတယ်။ ဒီလိုဆွေးနွေးတဲ့ နေရာမှာ တစ်ဦး၊ တစ်ယောက်၊ တစ်ဌာနကိုပဲ ရည်ရွယ်ပြီးတော့ ဆွေးနွေးသွားမှာ မဟုတ်ဘဲ နဲ့ တိုင်းပြည်ကောင်းအောင် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ တိုင်းပြည်ကောင်းအောင်ဆွေးနွေးတယ် ဆိုတဲ့နေရာမှာ အားလုံးဟာ ကျွန်တော်တို့က Common Ground ပေါ့၊ Common Ground က ဘယ်ကိုသွားမှာလည်း ဆိုတော့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမို ကရေစီနိုင်ငံပေါ့။ ခေတ်မီဖွံ့ဖြိုး တိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံဆိုတော့ ဝန်ထမ်းတွေ ကောင်းဖို့၊ ဝန်ထမ်းတွေ ပြည်သူလူထုက ယုံကြည်ဖို့ ဒါတွေဟာ အရေးကြီးတယ်လို့ ကျွန်တော့် အနေနဲ့ တင်ပြလိုပါတယ်။ ဒီဟာ

မတင်ပြခင်မှာ ဦးစွာပထမ ဗွီဒီယို ကလစ်ကလေးတစ်ခုကို တင်ပြလိုပါတယ်။ ဒီ ဗွီဒီယိုကလစ်ကလေးတစ်ခုကို နာမည်ပေးထားတာကတော့ Bad Police လို့ နာမည်ပေးထားပါတယ် ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ကိုယ်စားလှယ်(၃)ဦး ဂန့်ဂေါကနေ မန္တလေးကို လာတဲ့လမ်းမှာ ကျွန်တော်တို့ ခရီးသည်တင်ယာဥ်ကို လမ်းမှာ ဂိတ်ပေါင်း(၂၀)၊ (၁၈၅)မိုင်ခရီးမှာ ဂိတ်ပေါင်း(၂၀) ရှိပြီးတော့ (၁၀)မိုင်ကို (၁)ဂိတ်နှုန်းနဲ့ ရဲက ပိုက်ဆံတောင်းတာ အဲဒါတောင်းနေတဲ့ ရဲတွေ ဖြစ်ပါတယ်။ အောက်က နက်ပြာရောင်ဘောင်းဘီနဲ့ အပေါ်က စပို့ရှပ်နဲ့ အဲဒါညှိနေတာပါ။ ညှိတယ်၊ တောင်းတယ်၊ ပေးတယ်ပေါ့။ အဲဒါလာစစ်နေတာ ရဲ ပါ။ အာလူးကြော်စားပြီး တော့ သူက၊ ခါးမှာ လက်ထိပ် ပါပါတယ်။ အိုင်ကွန်လည်းပါတယ်။ ဟန်း ဖုန်းတွေ ဘာတွေလည်း ပါတယ်။ အောက် မှာ ဘာပါလဲပေါ့လေ။ စစ်တယ်သူက။ စစ်ပြီးတော့ ပိုက်ဆံတောင်းတယ်။ တဖြည်းဖြည်းမှောင်လာပါတယ်။ မှောင်လာတော့ လမ်းမှာ တောင်းပါတယ်။ ပြက္ခဒိန်တွေ တစ်စောင်ကို (၆၀၀၀)နဲ့ ဝယ်ရပါတယ်။ ဒါမြန်မာပြည်မှာပေါ့လေ၊ ည (၉) နာရီနောက်ပိုင်း ဓာတ်မီးလေးနဲ့ တောင်းတာပါခင်ဗျား၊ အဲဒါတောင်းတာ၊ အဲဒါ ကားသမားက ပေးပါတယ်။ အဲဒီတော့ မြန်မာပြည်မှာ ည (၉)နာရီ နောက်ပိုင်း မီးပွိုင့်အားလုံးနီနေတဲ့မြို့ ကတော့ မုံရွာမြို့လို့ ခေါ်ပါတယ်။ မုံရွာမြို့ရဲ့ မီးပွိုင့်အားလုံးဟာ ည (၉)နာရီနောက်ပိုင်း အကုန်နီပါတယ်။ မီးပွိုင့်တိုင်းမှာ ရဲရှိတယ်။ ပေးမှ စိမ်းပေးတယ်။ မပေးရင် မစိမ်းဘူး။ အဲဒီကျမှ ပြေး ပြီးတော့ အဲဒီမှာ ဘောင်းဘီအပြာနဲ့ပါ။ ဂိတ်ကိုဖွင့်ပေးတယ်။ ဒါက ကျွန်တော်မမြင်အောင်လည်းရိုက်ရ သေးတယ်။ တော်ကြာ ကိုယ့်ကင်မရာဆွဲလုမှာ လည်း စိုးရသေးတယ်။ အဲဒီမှာ ဂိတ်က တန် ပို ဂိတ်လည်း ရှိပါတယ်။ တန်ပိုဂိတ်ကလည်း မှန်မှန်ကန်ကန် တန်ပိုချိန်ပါတယ်။ မှန်မှန်ကန်ကန် ရှင်းရပါ တယ်။ ဒါလေးတွေလည်း ရှိပါတယ်။ အဲဒီမှာ ပူးပေါင်းအဖွဲ့ဆိုတာလည်း ရှိပါတယ်။ ပူးပေါင်းအဖွဲ့မှာတော့ နည်းနည်း သာသာထိုးထိုးလေး ရှင်းရပါတယ်။ တစ်ယောက်စ နှစ်ယောက်စ ကတော့ သက်သက်သာသာ ရှင်းရတဲ့သဘောရှိပါတယ်။ အဲဒီတော့ ဒီကားကတော့ မကွေးတိုင်းဒေသကြီးက ယခုလျှပ်စစ်ဝန်ကြီးလုပ်နေတဲ့ ဦးဝင်းမြင့်မောင် ရဲ့ ကားဖြစ်ပါတယ်။ သူ့ရဲ့ကားကိုလည်း တောင်းပါတယ်။ ဟိုလူကလည်း ဘာမှမပြောပါဘူး။ ပေးပါတယ်။

အဲဒီတော့ ဒါတွေဟာ တစ်နိုင်ငံလုံးမှာ ဖြစ်နေတာက တန်ပိုဂိတ်ဖြစ်ပါတယ်။ ဟိုမှာက အပြားလေးတွေ ချထားပါတယ်။ ညဘ က်ချမ်းတဲ့အခါမှာ မီးပုံနဲ့ မီးလှုံပြီးတော့ကို စောင့်ပါတယ်။

မီးပုံနဲ့ကို မီးလှုံပြီး စောင့်ပါတယ်။ ခါတ်မီးလေးနဲ့ လာတောင်းတာပါ။ ရဲပါ၊ အဲဒါ။ စုစုပေါင်း ဂိတ်ပေါင်း(၂၀)ကို ကျွန်တော်တို့ (၁)သိန်းကျော် ရှင်းရပ ါတယ်။ တစ်ခေါက် ၊ တစ်ခေါက်ကို ဒါတွေဟာ ပြည်သူလူထုက ယုံကြည်မှု အားနည်းလာတဲ့ ကိစ္စ ဖြစ်ပါတယ်။ အဲဒီမှာ ဒါလည်း ရဲပါ။ အဲဒီတော့ ရဲဂိတ်တွေ ဒီလောက်များနေတာ မသိဘူးလားဆိုတော့ မသိချင်ယောင် ဆောင်နေကြ တာလား ဘာ လားတော့ မသိဘူး ပေါ့လေ၊ အဲဒီတော့ ကျွန်တော်တို့ ကတော့ လက်တွေ့ခံစား နေရတဲ့ဟာကတော့ ဒီအတိုင်းပဲ ဖြစ်တယ်။ ဒီအနေအထားလေးတွေ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော် ဆက်ပြီးတော့ ဆွေးနွေးလို တာကတော့ ဒါတိုတိုလေးပါပဲ ဟုတ်လား၊ ကျွန်တော်ဆက်ပြီးတော့ ဆွေးနွေးလိုတာကတော့ ဒီဥပဒေအပေါ်မှာဘယ်သူမှ မရှိဘူးဆိုတဲ့ ဦးစံပြည့် ဆွေးနွေးတဲ့ အထဲမှာလည်း ပါပါတယ်။ ကျွန်တော်တို့ ဆွီဒင်နိုင်ငံရဲ့ ဘုရင်ပေါ့။ ကား (လ်)ဂူစတပ်(ဖ်) အကြောင်းလေးပေါ့၊ ပြီးခဲ့တဲ့ အပတ်က ကျွန်တော် ဖတ်ရပါတယ်။ ဆွီဒင်ဘုရင် ကား(လ်)ဂူစတပ်(ဖ်)ဟာ သူ့ရဲ့သံတမန်လွှာ လက်ခံပွဲတွေ ဘာတွေ ဘုရင်တစ်ယောက် တက်ရမယ့် အခမ်းအနားမှာ သူက ဒိုဘီကျ အင်္ကျီကို ဝတ်ပါတယ်။ ဒိုဘီဆိုင်က ပင်မင်းဆိုင်က သူတို့စတော့ဟုမ်းမြို့ရဲ့ အဲဒီမြို့လယ်ခေါင်မှာရှိတဲ့ ပင်မင်းဆိုင်ကြီးပေါ့၊ အဲဒီပင်မင်းဆိုင်ကြီးမှာ သူကသွားပြီး ပင်မင်းအပ်တော့ အဲဒီဆိုင်က မြို့လယ်ခေါင်မှာ ရှိပြီးတော့ အနီးကျား တားထားတော့ ကားကရပ်လို့မရဘူး။ မီတာ (၁၀၀) လောက်ဝေးတဲ့ နေရာမှာပဲ ကားပါကင်ရှိတော့ အဲဒီနေရာ ကနေ သူ့တပည့်က သွားသွားပြီးတော့ ဒိုဘီကျအင်္ကျီကို သွားသွားရွေးတယ်။ သွားသွားရွေးတော့ လူတွေက တွန်း လိုက် တိုက်လိုက်တော့ အင်္ကျီကတွန့်သွားတယ်။ ဘုရင်က သံတမန် လက်ခံဖို့ ရှိတော့ ငါ့အင်္ကျီ ဘာလို့ တွန့်နေတာလည်းဆိုတော့ အဲဒီလို အဲဒီလိုပဲ ဝေးတယ်။ ပင်မင်းဆိုင်က လမ်းလျှော က်ရတယ်။ ဟိုနေရာ ကားရပ်လို့ မရဘူး ဆိုတော့ ဘုရင်က ငါဘုရင်ပဲကွာ ငါလျှောက်လွှာရေးမယ်ဆိုပြီးတော့ ဘုရင်က မြို့တော်ဝန်ဆီကို လျှော က်လွှာရေးတယ်။ ကျွန်တော်ဟာ ဘုရင်တစ်ယောက်ဖြစ်တယ်။ ကျွန်တော်ရဲ့ အဝတ်အစား မီးပူတိုက်တာ ပင်မင်းဆိုင်မှာ အပ်တယ်။ အဲဒီမှာ မီတာ(၁၀၀)လောက်ဝေးတော့ ကားပေါ်ကို သယ်တဲ့အခါမှာ တွန့်တယ်။ ဒါကြောင့် မို့လို့ ကျွန်တော်အဲဒီနေရာမှာ ကျွန်တော့်ကားကို ရပ်ခွင့် ပေးပါဆိုပြီးတော့ မြို့တော်ဝန်ဆီလျှော က်လွှာ ရေးတယ်။ ရေးတဲ့အခါကျတော့ မြို့တော်ဝန်က မှတ်ချက် လေး ရေးပေးတယ်။ ဒီမှတ်ချက်ကို ဘုရင်ကိုပြလိုက်ဆိုပြီးတော့ မှတ်ချ က်လေးရေးတယ်။ သူ့မှတ်ချက် က ဘာလဲ ဆိုတော့ One of

the king is the one of the people ဘုရင်တစ်ယောက်ဆိုတာ ပြည်သူတစ်ယောက်ပဲ၊ ဒီလိုမျိုးပြောလိုက်တယ်။ အဲဒီတော့ ဘုရင်ကလည်း လိုက်နာပါတယ်။ ဆိုလိုတာက မင်းဟာဘုရင်ဆိုပေမယ့်လို့ မင်း ဟာပြည်သူတစ်ယောက်ပဲ။ မျ ဉ်းအနီကျား တားထားတဲ့နေရာမှာ သွားရပ်လို့ မရဘူး။ မင်း မီတာ (၁၀၀)မကလို့ ဘယ်လောက်ပဲဝေးဝေး ၊ လမ်းလျှောက်ပြီး သွားပါဆိုတဲ့အဖြေကို မြို့တော်ဝန်က ပေးတယ်။ အဲဒီစကားလုံးကို လည်း ဘုရင်ကနားထောင်တယ်။ ဒါဆွီဒင်နို ငံငံ လက်ရှိဘုရင်ပါ။ ကာဂူ စတက်။ ကျွန်တော်တို့ နိုင်ငံမှာ ဘုရင်မပြောနဲ့ ခုနက တစ်ရစ်မှ မရှိတဲ့ ရဲကလေးက တောင်မလိုက်နာဘူး။ ဥပမာ ရန်ကုန်မှာဆို တက္ကသိုလ်ရိပ်သာလမ်းနဲ့ တက္ကသိုလ်ရိပ်သာ လမ်းသစ်နဲ့ ကြားမှာ မီးပွိုင့်ရှိတယ်။ အဲဒီမီးပွိုင့်ရဲ့ ဘေးမှာ ရဲစခန်း တစ်ခုရှိတယ်။ အဲဒီရဲစခန်းရဲ့ ဘေးမှာ အနီကျားတားထားတယ်။ မီးပွိုင့် မို့လို့ အနီကျားတွေရှိတယ်။ အဲဒီအနီကျားတွေရှိတဲ့နေရာမှာ ရပ်ထားတဲ့ ကားတွေအားလုံးဟာ ရဲစခန်းက ကားတွေချည်းပဲ။ ရဲစခန်းကိုယ်တိုင်က စည်းကမ်း မလိုက်နာဘူး။ ယာဥ်ထိန်း ရဲကားတွေ၊ ဆိုင်ကယ်တွေ၊ ယာဥ် ထိန်းဆိုင်ကယ်တွေ၊ မီးလုံးပါတဲ့ ဆိုင်ကယ်တွေ ကျွန်တော် တွေ့ရတယ်။ သူတို့ကိုယ်တို င်တောင်မှ နားမထောင်ရင် ဘယ်သူက နားထောင်မှာလည်း၊ ဟုတ်လား၊ ဒါမျိုးလေးတွေ ကျွန်တော်တို့ တွေ့ရပါတယ်။

ဆက်လက်ပြီးတော့ စည်ပင်သာယာဆိုရင် ရန်ကုန်မှာဆိုရင် ရန်ကုန်တို့ ၊ မန္တလေးတို့ ဘယ်မြို့မဆိုပေါ့။ လူထူပြီဆိုရင် မြောင်းပုပ် ဖော်ပြီ၊ လူထူရင်မြောင်းပုပ်ဖော်တယ်။ သစ်ပင်ရေ လောင်းတယ်။ အမှိုက်ကျုံး တယ်။ သူများ နိုင်ငံတွေမှာ ဦးမြင့်ထွန်း ပြောတဲ့ အထဲမှာ လည်း ပါတယ်။ အဲဒီအထဲမှာ ပြ ည်ပနိုင်ငံများကို လေ့လာတာ၊ တစ်ခြားနိုင်ငံတွေမှာ စည်ပင်သာယာ အလုပ်လုပ်ချိန်ပေါ့၊ Working Hour ပေါ့ (၂၃း၀၀)မှ (၀၄း၀၀) ည (၁၁)နာရီ က နေ မနက် (၄)နာရီအထိ၊ စည်ပ င်သာယာ အမှိုက် ကျုံးတဲ့အချိန်၊ မြောင်းပုပ်ဖော်တဲ့အချိန်၊ သစ်ပ င် ရေလောင်းတဲ့အချိန်၊ တံမျက်စည်း လှဲတဲ့အချိန်၊ လမ်းတွေရေဖျန်းတယ်။ အဲဒီအချိန်မှာ လူလည်း မရှိတော့ဘူး၊ ကားလ ည်းမရှိတော့ဘူး။ အင်မတန်ပါးတဲ့အချိန်မှာမှ သူတို့က အလုပ်လုပ်တာ၊ ကျွန်တော်တို့ဆီကတော့ မဟုတ်ဘူး။ မြို့တော်ဝန်ကြီးက မြောင်းပုပ်ဖော်တာ သွားစစ်တယ်။ နေ့ခင်းကြောင်တောင်မှာ၊ ဒါမျိုးတွေက လူရှေ့သူရှေ့မှာ ဒါမလုပ်သင့်တဲ့အချိန်ကို သူများတွေက ပြောတယ်။ ဟာ မင်းတို့ဆီမှာ အလုပ်လုပ်တာ မဟုတ်ဘူးတဲ့ အလုပ်ပြနေတာ၊ တကယ် လုပ်ရမယ့်အချိန်က ၂၃း၀၀ ကနေ့ ၀၄း၀၀ အချိန်တဲ့ ဒီအ ချိန်မှာမှ လူရှင်းရှင်းလင်းလင်းနဲ့

အလုပ်လုပ်ရတယ် ဆိုပြီးတော့ ပြောပါတယ်။ ဂေါက်ကွင်းမှာ ဂေါက်ရိုက်ပြီ ဆိုလို့ ရှိရင် ရေဖျန်းပြီ၊ သူများနိုင်ငံမှာ ညတစ်ညလုံးရေဖျန်းတယ်။ မနက်ကျ ဂေါက်ကွင်းက အိနေတာပဲ။ ကျွန်တော်တို့ ဆီမှာရိုက်ကောင်းပြီဆိုရင် ရေကဖျန်းပြီ၊ အဲဒီတော့ ဂေါက်ရို က်တဲ့အခါမှာ ရေမလာတဲ့အချိန် စောင့်ပြီးရိုက်ရတယ်။ အဲဒီလို ဖြစ်နေတယ် ။ ဆိုတော့ သူတို့ဆီက စနစ်ကလေးတွေက ဝန်ထမ်းများက စနစ်ကလေးတွေကို ကြပ်မတ်တဲ့ သူတွေက ဆောင်ရွက်ပေးဖို့လိုတယ်။

ဥပမာ စည်ပင်သာယာလိုင်စင်၊ ကျွန်တော်တို့ စည်ပင် သာယာလိုင်စင်ရတဲ့သူဟာ စည်ပင်သာယာ အမှု ဆောင်အရာရှိလုပ်တဲ့ ပုဂ္ဂိုလ်က သာရေးနာရေး ဆိုရင် ကောက်ခံခွင့် မရှိဘူးဆိုတာကို သာရေးနာရေးမှာလည်းလိုက်ကောက်တယ်။ စစ်မှုထမ်းဟောင်းတစ်ယောက်က ခြေထောက်တစ်ဖက်ပြတ်နေတယ်။ သူ က သမီးလေး မင်္ဂလာဆောင်တော့ သူ့အိမ်က ဝက်ကို ပေါ်ကျွေးတယ်။ အဲဒါကို စည်ပင်သာယာက လိုင်စင်လာကောက်တယ်။ လို င်စင်လာကောက် တော့ ၁၉၉၂ ခုနှစ် အက်ဥပဒေအရ မင်းပေးစရာမလို ဘူးလို့ ကျွန်တော်က ပြောလိုက်တယ်။ အဲဒီတော့ အဲဒီကိစ္စ ကို မကျေနပ်ဘူး ဆိုပြီးတော့ ရဲနဲ့ ဖမ်းချုပ်တယ်။ ရဲကလည်း ဖမ်းပေးတယ် ။ ဆိုတော့ ပြီးခဲ့တဲ့အပတ်က ကျွန်တော်က မေးတယ်။ မေးတဲ့အခါကျတော့ မမေး ပါနဲ့ကွာဆိုပြီး ကျွန်တော့်ကို လူကြီးတစ်ယောက်ကတားတယ်။ တားတော့ မမေးပါဘူး ခင်ဗျားဆိုပြီးတော့ ကြယ်ပွင့်ပြကနေ ကြယ်ပွင့်မပြဆိုပြီး ကျွန်တော်ကလည်း လူလည်ကျပြီး အဲဒီလိုမေးလိုက်တယ် ။ မေးလိုက်တော့ ကြယ်ပွင့်မပြကနေ ကျွန်တော့်ဆီပြန်လာတယ်။ ဗိုလ်ချုပ်ဇော်ဝင်း လက်မှတ် ထိုးပြီးတော့၊ အဲဒါမျိုး၊ စည်ပင်သာယာက လိုင် စင်ကောက်တာ ကောက်လို့မရဘူး။ သာရေးနာရေးဆိုရင် Free ပေါ်လို့ရတယ်ဆိုပြီး ဒီလိုမျိုးအကြောင်း ပြန်တယ်။ ဒါအင်မတန် အဖိုးတန်တဲ့ဟာ၊ ဒါပေမဲ့ လက်အောက်မှာတော့ ပိုက်ဆံလိုက်ကောက် နေတယ်။ ဒါတွေ ဖြစ်နေတယ်။

အဲဒီတော့ အဆိုရှင် ဦးမြင့်ထွန်း ပြောသလိုပေါ့၊ အဆိုရှင် ဦးမြင့်ထွန်း က ကျွန်တော်တို့ မီးသတ်ဦးစီးဌာနမှာ တာဝန်ထမ်းဆောင်ခဲ့တယ်လို့ သိရတယ်။ ကောင်းမွန်တဲ့ အမွေကောင်းတွေ ပေးခဲ့မယ်လို့လည်း ယူဆပါတယ်။ ပြီးခဲ့တဲ့ အပတ်က ကျွန်တော်တို့ ဝန်ကြီးကို တင်ပြပြီး ကျွန်တော်တို့မှာ မီးသတ်ကားမရှိဘူး။ ဂန့်ဂေါ ၊ ထီးလင်း၊ ဆော (၃)မြို့နယ်အတွက် မီးသတ်ကား (၃)စီးပေးတာ၊ မီးသတ်ကား (၃)စီးကတော့ အလကား ရတာဆိုတော့ ဝမ်းသာအားရ မြို့တွေကို

ဖုန်းဆက်တာပေါ့၊ ဟော့ကောင်တွေ မီးသတ်ကား အလကားရပြီ သွားထုတ်လိုက်ကြ၊ ဟုတ်ကဲ့ ၊ ဟုတ်ကဲ့ဆိုပြီး တစ်ပတ်လောက်နေတော့ ကျွန်တော့်ဆီဖုန်းလာတယ်။ အဘ မရဘူးတဲ့။ တစ်စီးကို (၇၅)သိန်းလောက်ကျသွားတယ်။ ဘာပြုလို့လဲဆိုတော့ စားပွဲတစ်လုံးနဲ့ အလှူငွေ တွေကောက်တယ်တဲ့၊ မီးသတ်ဦးစီးဌာနက၊ အဲဒါ ကျွန်တော် (၇၅)သိန်းလောက် ကျသွားတော့ဟာ အပြင်မှာက မြစ်သားတို့ ဘာတို့မှာ စက်မှု ဇုန် ထုတ်တဲ့ကားက သိန်း(၁၀၀)လောက်ဆိုရင် မီးသတ်ကားရတယ်။ ဆိုတော့ မင်းတို့ အစိတ်လောက် သက်သာတာပေါ့ကွာ မဆိုးပါဘူးလို့၊ အဲဒါနောက်ထပ်ဆိုတော့ ဟာတော်ပါပြီ၊ တော်ပါပြီ၊ နောက်ထပ်တော်ပါပြီ မထုတ်ချင်တော့ဘူးတဲ့ အဲဒီလိုပြောတယ်။ အဲဒါနဲ့ ကျွန်တော်ဝန်ကြီးကို ပြောမယ်ဆိုပြီး ဝန်ကြီး ကို ချောင်းနေတယ်။ ဟိုနေ့ကကျတော့ ဝန်ကြီးကို ပြည်ထောင်စုဝန် ကြီးကို တွေ့တယ်။ တွေ့ တော့ ပြောမယ်ဆိုတဲ့ အချိန်မှာ ဖုန်းလာတယ်။ ကျွန်တော်တို့ ထီးလင်းမြို့နယ်ထဲက ရွာတစ်ရွာမှာ မီးလောင်ပါတယ်တဲ့။ အိမ်(၉၉) လုံးပါတယ်။ အဲဒါ ကယ်ဆယ်ရေးအထုပ် (၉၉)ထုပ်ရချင်တယ်။ အဲဒါ ငါဝန်ကြီးကို သွားပြောမယ်။ ဝန်ကြီးကို ပြောတော့ ဝန်ကြီးက ပစ္စည်း (၆)မျိုးပါတဲ့ အထုပ် (၉၉)ထုပ်နဲ့ သေသွားတဲ့ သူ(၂)ယောက်အတွက် ငွေ(၂)သိန်းပေးပြီးပြီတဲ့၊ အဲဒါ ငါပို့လိုက်ပြီတဲ့၊ ရောက်ပြီလား၊ မရောက်သေးဘူးလားဆိုတာ ငါ့ ကိုပြန်ပြောစမ်းတဲ့။ ဝန်ကြီးကပြောတော့ ဟုတ်ကဲ့ခင် ဗျားဆိုပြီး ဟို(၇၅)သိန်း ကိစ္စမပြောတော့ဘူး။ ဘာလို့လဲ ဆိုတော့ နောင် လည်း မီးကဆက်လောင်နေမှာ ဆိုတော့ သူ့ကို တောင်းနေရ ဦးမယ်။ အဲဒီတော့ ဟိုကိစ္စကို ကျွန်တော်က မပြောတော့ဘူး။ အမှန်ကတော့ ပြောချင်တာပေါ့။ ဒီမှာဘာတွေ့ရလဲ ဆိုတော့ ဒီလိုပဲ ဦး ဇုန်လှယ်ထန်း က ခုန ကျွန်တော့် လာပြော တယ်။ ကျွန်တော်ဗျာ စာရင်းပေးဖို့ နောက်ကျသွားတယ်။ သူ့ကိုယ်စား ပြောပေးစမ်းပါတဲ့။ သူ မီနီ ဆလွန်းသွားထုတ်တာ (၃)ရက်ကြာတယ်တဲ့၊ ဒါတောင် အစိုးရက ပေးတဲ့ မီနီဆလွန်းတဲ့၊ သူက သူ့ကိုသူ ကိုယ်စားလှယ်ဆိုပြီး မပြောချင်ဘူးဗျာတဲ့။ သူက အဲဒီလိုပြောတယ်။ ဒါကတော့ ဥပဓိရုပ်နဲ့ နည်းနည်းဆိုင်တယ်။ ကျွန်တော်ကတော့ (၁)ရက်ပဲ ကြာတယ်။ ကျွန်တော် တော့ ကိုယ့်ကိုကိုယ် ကိုယ်စားလှယ်လို့ မပြောပေမယ့် ပုံကြည့်လိုက် ကတည်းက ကိုယ်စားလှယ် ပုံပေါက်တယ်လို့ ထင်တယ်။ ကိုဇုန်လှယ်ထန်းကတော့ လက်မှတ် ဝယ်ရောင်းသမား ထင်သွားသလားမသိဘူး။ ဒါကြောင့်မို့ ရစ်နေတာဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့ ဖရန့်ဆစ်ဖူကူရားမား ဆိုတာ အတွေးအခေ ါ်ပညာရှင်ပါ။ အခုခေတ်မှာ (၂၁)ရာစုမှာ အင်မတန်တော်တဲ့ ပုဂ္ဂိုလ်ပေါ့။ ဇော်ခရီး ရား တို့၊ ဆင်မြူရယ် ဟန်တင်တန် တို့ သူတို့က

ဒီခေတ်မှာ အင်မတန်တော် တယ်။ ရှေးခေတ်ကဆို ပလေတို တို့၊ ဆိုကရေးတီးတို့ လိုပေါ့။ အင်မတန်တော်တဲ့သူ၊ သူက ဘာပြောလဲ ဆိုတော့ ဆိုဗီယက်ပြည်ထောင်စုပြိုကွဲတာ စနစ်ကြောင့် မဟုတ်ဘူးတဲ့။ လူတွေ လိုက်မလုပ်လို့တဲ့၊ သူက ဒီလို သုံးသပ်ပါတယ်။ အဲဒီတော့ ဝန်ထမ်းတွေ လိုက်လုပ်ဖို့ လိုတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ (၃.၃)ရာခိုင်နှုန်း ရှိတယ်။ ကျန်တဲ့ (၉၆.၇)က လူထု၊ ဒီ (၃.၃)ဟာ (၉၆.၇)ကို ကိုင်လှုပ်နေပါတယ်။ ဒါကြောင့်မို့ သူတို့ ဟာ ရာနှုန်းပြည့် အလုပ်လုပ်ဖို့လိုတယ်။ သူတို့(၅၀)ရာခိုင်နှုန်းပဲ လုပ်ကိုင်ရင် ကျွန်တော်တို့ရဲ့ အစိုးရယန္တရားကြီး ဟာ (၅၀)ရာခိုင်နှုန်းပဲ လည်ပတ်မယ်။ သူတို့ အပြည့်လုပ်ဖို့လိုတယ်။

ဥပမာ ကျွန်တော် ထားဝယ်လေဆိပ်မှာ ဟိုတစ်လောက ထားဝယ်လေယာဥ်ကွင်းကို ရောက်တော့ အစိုးရလေယာဥ်ပျံက တစ်ပတ်မှာ (၂)ရက်ပဲ ဆိုက်တယ်။ အဲဒီမှာ ဝန်ထမ်း (၂၀) လောက်ရှိတယ်။ သူတို့က အလုပ်တွေ ရှုပ်နေတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ Air Kanbawza တို့၊ Air Mandalay တို့၊ Yangon Airways စသည်ဖြင့် လေယာဥ်ပျံပေါင်းစုံကနေ့တိုင်းဆင်းတယ်။ အဲဒါကို ကိုယ်စားလှယ်လုပ်ပြီးတော့ လက်မှတ်ရောင်းတဲ့ ကောင်မလေးတစ်ယောက်တည်းရယ်၊ မြို့ထဲမှာ သွားရောင်းတယ် ဆိုင်ကယ်လေးနဲ့ မကုန်ရင် Go Show လာရောင်းတယ်။ သူတစ်ယောက်တည်းနဲ့၊ ဖုန်းနဲ့ လှမ်းဝယ်လည်း ရတယ်။ လွယ်လွယ်ပဲ ဟိုလူ(၂၀)က အလုပ် မဖြစ်ဘူး။ တစ်ပတ်မှာ(၂)ရက်ပဲဆင်းပြီး အလုပ်မဖြစ်ဘူး။ဒီကောင်မလေးက တစ်ယောက်တည်းနဲ့ လေယာဥ်လိုင်းပေါင်းစုံကို ကိုင်ပြီးရောင်း နေတယ်။ သိပ်အလုပ်ဖြစ်တယ်။ အဲဒီတော့ ဟို (၂၀)ရဲ့ လစာကဘယ်လောက်လဲ၊(၃)သောင်းလောက်ရတယ်။(၃)သောင်းဆိုတော့(၂၀)ဆိုတော့ (၆)သိန်း ပေါ့။ ဟိုကောင်မလေးကတော့ တစ်လကို(၃)သိန်းလောက် ရတယ်။ အဲဒါကွာတယ်။ ဒီကောင်မလေးက လူ(၂၀)စာကို တစ်ယောက်တည်း လုပ်နေတယ်။ ဒါပေမယ့် သူလစာ (၃)သိန်း လောက်ရတယ်။ ဟိုကတော့ (၃)သောင်းပဲရတော့ အလုပ်သိပ် မလုပ်ဘူး၊ ဆိုလိုတာ က ဝန်ထမ်းခုနက ပြောတဲ့အထဲမှာလည်း ပါတယ်။ ကိုယ်စားလှယ်တော်ကြီး တစ်ယောက်ပြောတဲ့ အထဲမှာဝန်ထမ်းတွေကို လျှော့ပြီးတော့ လစာတွေ တိုးပေးလိုက်ရင် ဝန်ထမ်းတွေရဲ့ လုပ်အားက တက်လာမယ်။ ကျွန်တော် ဒီလိုဆွေးနွေးချင်ပါတယ်။ လေယာဥ်ကွင်းနဲ့ပတ်သက်လို့ ပြောရရင် ကျောက်ထုလေယာဥ်ကွင်း၊ ကျောက်ထုလေယာဥ်ကွင်း ဟာဆိုရင် ကျွန်တော်တို့ နယ်မြေမှာ ရှိတယ်။ လေယာဥ်ကလည်း လူထုကို မယုံဘူး။ လူ ထုကလည်း လေယာဥ်အမှု ထမ်းတွေကို မယုံဘူး။ ဘာဖြစ်လို့ မယုံတုန်းဆိုတော့ မယုံတဲ့အတွက် လေယာဥ်ပျံ မဆင်းဘူး။

လေယာဥ်ပျံကွင်းက ပေတစ်သောင်း နှစ်ထောင်ရှိတယ်။ အင်တာနေရှင်နယ် အဆင့်ရှိ တယ်။ ကွန်ကရစ်လေယာဥ်ပျံကွင်းကြီး အကြီးကြီးပဲ။ ဒါပေမဲ့ လေယာဥ်ပျံက ဖွင့်ပွဲပြီးတော့ တစ်ရက်နှစ်ရက်တော့ ဆင်းသေးတယ်။ နောက်ကျတော့ ဘေးနားမှာလည်း ဂျစ်ကားဂိတ်ရှိတယ်။ လေယာဥ်ပျံက(၈)နာရီဆိုက်မယ်ဆိုရင်(၈)နာရီမဆိုက်ဘူး။ မဆိုက်တော့လာမှာ မဟုတ်ပါဘူးကွာ ဆိုပြီး ခရီးသည်တွေက ကားပေါ်တက်လိုက်သွားတယ်။ ကားပေါ်တက်လိုက်သွားတော့ လေယာဥ်ပျံက (၉)နာရီလောက်ကျတော့ ရောက်လာတဲ့အခါ လူရောဆိုတော့ လူမရှိတော့ဘူး။ အကုန်လုံးကားနဲ့ လိုက်သွားပြီဆို တော့ မင်းတို့ လေယာဥ်ကွင်းကလည်း လူ မှမရှိတာဘဲဆိုပြီး နောက်နေ့ကျ မဆင်းတော့ဘူး။ လေယာဥ်ပျံကလည်း လူမရှိဘူးကွာဆိုပြီးမဆင်းဘူး။ လူကလည်း လေယာဥ်ပျံလာမှာ မဟုတ်ဘူး ဆိုပြီးတော့ မစောင့်ဘူး။ အဲဒီတော့ တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုမရှိတော့ဘူး။ ကျောက်ထုလေယာဥ် ပျံကွင်းကြီးဟာ သုံးလို့မရဘူး။ အဲဒီလို ဖြစ်နေ တယ်။ အဲဒီတော့ လေယာဥ် အမှုထမ်းတွေကလည်း အကျင့်စာရိတ္တကောင်းဖို့လိုတယ်။

ဥပမာအားဖြင့် ကျွန်တော်တို့ အရ င်ခေတ်ကဆိုလို့ရှိရင် ဟဲဟိုးလေယာဥ်ကွင်းမှာ ကျွန်တော် လုံခြုံရေးကျတယ်။ စစ်ကြောင်း(၂)က ဟိုမှာကျတယ်။ စစ်ကြောင်း (၁)က မဲနယ်တောင်တန်းပေါ်မှာကျတယ်။ လေယာဥ်ပျံက ဟဲဟိုး ကနေ မိုင်းတုံ၊ မိုင်းဆတ်သွားရင် ဆန်တင်တယ်။ ဆန်တွေက သိပ်ဈေးကောင်းတယ်။ ဆန်တွေ အပြည့်တင်တယ်။ အဲဒီတော့ Pilot က အမှန်က သူ့လေယာဥ်ပျံဟာ ဘယ်လောက် Weight ရှိတယ်ဆိုတာ ဟိုမှာ Weight ချိန်တဲ့ဟာပါတယ်။ အဲဒီထဲမှာ ပြတယ်။ ဒါပေမဲ့ သူက လောဘဇောတိုက်ပြီးတော့ ဆန်တွေအများကြီးတင်တယ်။ အများကြီးတင်တော့ မဲနယ် တောင်တန်းကို ခါးနဲ့တိုက်ပြီးတော့ လေယာဥ်ပျံက နှစ်ပိုင်းပိုင်းပြီး ဆန်တွေအောက်မှာ ပလဲပြီး တော့ လူတွေရောသေကုန်တာ (၃)ရက်လောက်ကြာမှ ကျွန်တော်တို့ တွေ့တယ်။ ကျွန်တော်တို့တွေ့တော့ ဆန်တွေကို ဘေးနားက ပအိုဝ်းတွေက ကြုံးပါတယ်။ ပအိုဝ်း တွေဆိုတော့ ကိုနေဝင်း ထွန်း တော့ မပါပါဘူး ။ သူ့လိုပဲ ခေါင်းပေါင်းကတော့ တူတယ်။ သူတို့ တွေ ကြုံးကြတယ် သူတို့လည်း ဝိုင်းပြီးတော့ ကူလုပ်ပါတယ်။ ဒါတွေ ၊ ဘာတွေ မြေမြှုပ်တာတွေ ၊ ကျင်းတူးတာတွေ တော်တော်လေး လုပ်ပေးပါတယ်။ အဲဒီတော့ ဆိုလိုတာက ဒါ လူတစ်ယောက် ရဲ့ လောဘဇောကြောင့် ခရီးသည်တွေ သေကုန်တယ်။ ကျောက်ထုလေယာဥ်ကွင်းမှာလည်း အဲဒီလိုပဲ အဆိုတော် စိန်လွင်ရဲ့ လေယာဥ်ပျံပျက်ကျတယ်။ စိန်လွင်ကြီး လေယာဥ်ပျံကြီး ပျက်ကျတော့ သနားတာပေါ့။

အဆိုတော်ကြီးပေါ့။ ငါတို့လည်း လေးစားတဲ့ အဆိုတော်ကြီး ပေါ့။ ဒီအဆိုတော်ကြီး လေယာဥ်ပျံပျက်ကျတော့ သနားတာ။ ဆယ်နှစ်လောက်ကြာတော့ မသနားတော့ဘူး ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီနေရာမှာ စိန်လွင်ကြီးက ဘာတွေတင်လာလဲ ဆိုတော့ တညင်းသီးတွေ တင်လာတယ်။ တညင်းသီးတွေ ပါလာတော့ လေယာဥ်ပျံကြီးက ဘေးက မင်း တပ်က တောင်နဲ့ တိုက်တယ်။ လေယာဥ်ပျံကြီးက ခါး နှစ်ပိုင်း ပိုင်းပြီးတော့ တညင်းသီးတွေ တောင်စောင်းမှာ ပွပလဲသွားတယ်။ အဲဒီမှာ ရာသီဥတုကလည်းကောင်း တော့ တည င်းပင်တွေ ထပေါက်တယ်။ တညင်းသီးတွေက အခု ကျော်ကြားထုမှာတအားပေါတယ်။ အဲဒီတည င်းသီးကို စိန်လွင်တည င်းသီး လို့ ခေါ်တယ်။ အခု လူကြီးတွေလာရင် စိန်လွင်တည င်း လက်ဆောင်ပေး ရတာ အလုပ်တစ်ခုလို ဖြစ်နေတယ်။ ဒီတညင်းသီးက ဘယ်သူစိုက်သွားလည်းဆိုတော့ အဆိုတော် စိန်လွင်စိုက်သွားတာ။ သူ လေယာဥ်ပျံမှာ သူမတော်မတရားတင်လာတာ၊ မတော်မတရားတင်လာတာဟာ ဝန်ထမ်းတွေ က ဒီလေယာဥ်ပျံပေါ်မှာ သူတစ်ယောက်တည်းစီးရတာမဟုတ်ဘူး။ ခရီးသည်တွေ လည်းပါ တယ်။ အကုန်လုံးတော့ သေသွားတာပေါ့။ အဲဒီအနေအထား ရှိပါတယ်။ ပြည်ပက အတုခိုး သင့်ရင် ခိုးရမယ်ဆိုတာက ဒါမှန်ပါတယ်။ ကျွန်တော်တို့ ကဗျာဆရာကြီး တဂိုးတောင်မှ ဒါ မျိုးချစ် စာဆိုတော်ကြီးပေါ့။ သူတော င်မှ ဘာပြောလဲ ဆိုတော့ သူ့ သားက အမေရိကန်မှာ ကျောင်းသွား တက်မယ်ဆိုတော့ အေး ငါ့သားတဲ့။ မင်းအမေရိကန်မှာ ကျောင်းသွားတက်ရင် စာတင်မကဘူးတဲ့ အမေရိကန်ဆိုတာ ဘာလဲဆိုတာ အပြင်မှာထွက်ပြီးလေ့လာပါတဲ့ ။ သို့သော် လေ့လာရင်း၊ လေ့လာရင်းနဲ့ အမေရိကန်တော့ ဖြစ်မသွားစေနဲ့တဲ့ ဆောင်ရန်၊ ရှောင်ရန်တွေ ကြည့်ပြီးတော့ တို့ အိန္ဒိယပြန်လာပြီးတော့ မင်း တိုးတက်အောင်လုပ်ပါ။ သူ့အဖေက အဲဒီလို မှာတယ်။ တဂိုးက။ ဆိုလိုတာကတော့ ဒီ သူများနိုင်ငံက လုပ်တာတွေကို ကျွန်တော်တို့ ကောင်းတဲ့ ဟာကို အတုယူရမှာ ဖြစ်ပါတယ်။

ဥပမာ ကျွန်တော် ထိုင်းနယ်စပ်မှာ ဟိုမိန်းမှာ ဦးခွန်ဆာကြီး လက်နက်ချတော့ ကျွန်တော်တို့သွားပြီးတော့ လမ်း ဖောက်ကြတယ်။ လမ်းဖောက် ကြတော့ ဒီဘက်က B.E က အင်ဂျင်နီယာ ဗိုလ်မှူးတစ်ယောက်နဲ့ လမ်းဖောက်တယ်။ ဟိုဘက်က ထိုင်းက ကုမ္ပဏီတစ်ခု ကနေ လမ်းဖောက်တယ်။ လမ်းဖောက်တော့ စနစ်နှစ်ခု က ဘာကွာသွား လည်းဆိုတော့ ကျွန်တော်တို့ B.E ရဲဘော်ကတော့ လစာရတယ်။ ဟိုဘက်က ထိုင်းက ဖောက်တဲ့သူက နာရီ နဲ့ Work Hour ကို ပိုက်ဆံနဲ့ တစ်နာရီကို (၁)သောင်းပေးတယ်။ အဲဒီတော့ ကျွန်တော်တို့ ရဲဘော်က

အီရော အီရောထိုးတယ်။ သိပ် အားနဲ့ မထိုးဘူး။ သိပ် အားနဲ့ထိုးရင် ဆီတအားကုန်တယ်။ လျော့ထိုးပြီးတော့ ဆီကိုရောင်းစားတယ် ။ တစ်ပီပါကို (၁)သိန်းရတယ်။ ဆီရောင်းစားတာ တစ်ပီပါကို(၁)သိန်းရတယ်။ ဟိုကော င်က ထိုင်းလူမျိုးက မရောင်းစား ဘူး။ သူက များများကြီး ထိုးတယ်။ နာရီများများ ရအောင်ထိုးတယ်။ တစ်နာရီကို (၁)သောင်းရတဲ့အတွက် (၅)နာရီကို (၅)သောင်းပေါ့ဟုတ်လား။ တစ်ပီပါထိုးလို့ရှိရင် သူက (၅)သိန်းရတယ်။ တစ်ပီပါ ကုန်အောင် ထိုးရင် (၅)သိန်းရတယ်၊ ဆိုတော့ သူက ဆီကိုမရောင်းစားဘူး။ ဆီရောင်းစားရင် သူက မကိုက်ဘူး။ ဆီကို မရောင်းစားဘဲနဲ့ အဲဒီဆီကို ထည့်ပြီးထိုးမှ သူကကိုက်တယ်။ မြန်မာဘက်ကကျ တော့ မဟုတ်ဘူး။ ဆီရောင်းစားမှ ကိုက်တယ်။ အဲ ဒီတော့ အလုပ်ဖြစ်တာ ဘယ်ဟာအလုပ် ဖြစ်လဲ ဆီမရောင်းစားတဲ့သူက အလုပ်ဖြစ်တယ်။ သူတို့က အရှေ့ကို ရောက်လာတယ်။ ကိုယ့်ဆီက B.E တပ်က တော်တော်နဲ့ ရှေ့မရောက်ဘူး။ အဲဒါ စနစ်နှစ်ခု ကွာခြား ချက် ကျွန်တော် သွားတွေ့တယ်။ အဲဒီတော့ ကျွန်တော်တို့က ဆီရောင်းစားတဲ့ စနစ်ဖြစ်နေတယ်။ သူတို့က မဟုတ်ဘူး။ ဆီရောင်းရင် မင်းမကိုက်ဘူး။ ဒီဆီ ကို ထည့်ပြီးမှ ထိုးမှ ကုတ်မှ Work Hour တက်ပြီးတော့၊ အလုပ်ဖြစ်ပြီးတော့မှ တစ်နာရီကို တစ်သောင်းနဲ့ ဂါလံ (၅၀)ကို (၅)သိန်းရတယ်။ အဲဒီအနေအထားရှိတယ်။ ဒါဟာ စနစ်နှစ်ခု ကွာခြားချက်ကြောင့် ကောင်းတဲ့စနစ်ကို အတုယူရမယ်ဆိုတာကို ကျွန်တော့်အနေနဲ့တင်ပြလိုပါတယ်၊ အဲဒီတော့ ကျွန်တော်တို့ အစိုးရဌာန တွေကလည်း ဘက်မလိုက် အောင်၊ ပြည်သူယုံကြည် အောင် ဆောင်ရွက်ရမယ်။ အဲဒါနဲ့ ပတ်သက်ပြီးတော့ ဘက်မလိုက်တဲ့ အစိုးရဌာနဆိုတော့ ကမ္ဘာပေါ်မှာတော့ အိန္ဒိယပေါ့ ၊ အိန္ဒိယဆိုရင် ၈၀ ရာခိုင်နှုန်း --------

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ ဟုတ်ကဲ့ခင်ဗျား။ ၈၀ ရာခိုင်နှုန်းသော တမီ လ်လူမျိုးတွေဟာ အိန္ဒိ ယမှာရှိပေမယ့်လို့ သမ္မတက မူဆလင် ၊ ဝန်ကြီးချုပ် က ဆစ်ခ်လူမျိုး၊ နောက်အာဏာရပါတီက ခရစ်ယာ န် ဒီလိုမျိုးဖြစ်တယ်။ သူတို့ အင်မတန် တစ်ယောက်နဲ့တစ်ယောက် လိုက်လျောတယ်။ ညီညွတ်တယ် ၊ တိုင်းပြည်တိုးတက် အောင် အဓိက ဖြစ်ပါတယ်။ အဲ ဒီတော့ ဝန်ထမ်းတွေဟာ ဦးမြင့်ထွန်း ရဲ့ တင်ပြချက်လိုပဲ ပြည်သူယုံကြည်တဲ့ ဝန်ထမ်းဖြစ်လာအောင်၊ ပြည်ပနိုင်ငံ တွေရဲ့ ကောင်းတဲ့စနစ် တွေကို အတုယူ

ဆောင်ရွက်ပြီးတော့ သန့် ရှင်းသောအစိုးရနဲ့ ကောင်းမွန်တဲ့စနစ်ဖြစ်အောင် အထောက်အကူပြုစေလိုပါကြောင်း တင်ပြရင်း ဦးမြင့်ထွန်း ရဲ့အဆိုကို ထောက်ခံတင်ပြအပ်ပါတယ်ခ င်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၅း၀၀။**

**ဥက္ကဋ္ဌ**။ ။ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅း၀၀။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွသော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များ အားလုံး မင်္ဂလာပါ ခင်ဗျား။ ဒီအဆိုကို ဆွေးနွေးသွားတဲ့ ပုဂ္ဂိုလ် (၁၀)ဦးမှာ ကျွန်တော်က နောက်ဆုံးဖြစ်ပါတ ယ်။ ကျွန်တော်ရှေ့က အင်မတန်အာ၀ဇ္ဇန်းကောင်းတဲ့ အ စ်ကိုကြီး ဦးလှဆွေလည်း ဆွေးနွေးသွားပြီး ဖြစ်ပါတယ်။ ဆရာဦးမြင့်ကြည် တို့ ဟုတ်လား အကုန်လုံးစုံပြီ ဆိုတော့ ပြည့်တော့ ပြည်စုံနေပါပြီ။ ဒါ ပေမဲ့ ကျွန်တော့် နောင်တော်ကြီး ဦးမြင့်ထွန်းက စပြီးတော့ အဆိုတင်ကတည်းက နိုင်ငံတွေ ရွတ်ပြသွားပါတယ်။ ရွတ်သွားတဲ့အခါမှာ ကျွန်တော်တို့ ကနေဒါ၊ ဟောင်ကောင် အန်ကယ်ဦးညွန့်တင် ဆွေးနွေးသွား ပြီးပါပြီ။ အဲဒီတော့ ကျွန်တော် ပညာ ဆည်းပူးခဲ့တဲ့ နိုင်ငံတချို့ကိုလည်း ဆွေးနွေးပေးပါဆိုပြီးတော့ ကို ရီးယား၊ ဂျပန် အစရှိသဖြင့် ပြောသွားပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ပြည် ပနိုင်ငံတွေ၊ တိုးတက်နေတဲ့နိုင်ငံတွေကို ကျွန်တော်တို့က အတုယူဖို့ တချို့ကောင်းသောအချက်များ၊ ကောင်းသောစနစ်များကို အတုယူ ဖို့ လိုပါလိမ့်မယ်။ ဒါပေမဲ့ အဓိကကျတဲ့ အခြေခံအချက်ကြီးတွေကို ကျွန်တော်တို့က စဉ်းစားဖို့ အဓိကတော့ လိုအပ်ပါမယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ဘာဖြစ်လို့ လဲဆိုတော့ အခြေချင်းတူမှ ပေါင်းလို့ရမှာပါ။ အဲဒီတော့ ကိုရီးယားတို့၊ ဂျ ပန်တို့ဆိုတာက အခုဟာက ကိုရီးယားကားတွေ အင်မတန် ခေတ်စားတဲ့ အချိန်ပါ။ ကျွန်တော်တို့ငယ်စဉ်တုန်းက နိုင်ငံခြားက ပြန်လာတယ်ဆိုရင် အဲဒီနိုင်ငံမှာ ဘယ်လိုလဲ၊ ဘာလဲ၊ အတော်ကို မေးမြန်းပြီးတော့ နိုင်ငံခြား ပြန်ဆိုရင် အထင်ကြီးရတဲ့ ခေတ်အခြေအနေမျိုးဖြစ်ပါတယ်။ အခုကတော့ ဒါ Media ခေတ်ကြီးမှာ ဘယ်နိုင်ငံ ဘာ ဘယ်လိုတိုးတက်နေတယ်ဆိုတာ အထူးဖော်ပြဖို့ လိုအပ်မယ်မထင်ပါဘူးခင်ဗျား ။ အဲဒီတော့ ကောင်းတဲ့စနစ်ကလေးတွေ

တချို့ကို ထင်သာမြင်သာလေး ကျွန်တော် ပြောပြချင်ပါတယ်။ ကိုရီးယားရောက်ဖူးမှ မဟုတ်ပါဘူး။ ဟုတ်လား။ ကို ရီးယားကားတွေထဲမှာကြည့်ရင်ကို မြင်နိုင်ပါတယ်။ ကို ရီးယား ကားတွေထဲမှာလည်း ယာဥ်ထိန်း ရဲတွေ ပါ ပါတယ်။ ယာဥ်ထိန်းရဲတွေ ကတော့ ဒါသူ့လုပ်ငန်း ဆောင်တာကို သူလုပ်ပါတယ်။ ယာဥ်မှုစစ်ဆေးခြင်း၊ လိုင်စင်စစ်ဆေးခြင်း အဲဒီအခါမှာ မြင်ကြပါလိမ့်မယ်ခင်ဗျား။ ယာဥ်ထိန်းရဲ တစ်ယောက်ဟာ မော်တော်ယာဥ်တစ်စီးနားကပ်လာတဲ့ အခါကျရင် သူအရင်ဆုံး အရိုအသေပေး ပါတယ်။ အလေးပြုပါတယ်။ အလေးပြုပြီးတဲ့ အခါကျတော့မှ လေးလေးစားစား Driving Licence ကို ယူပါတယ်။ ယူပြီးတဲ့အခါကျရင် စစ်ဆေးစရာရှိတာ စစ်ဆေးတယ်။ အရေးယူစရာ ရှိရင်လည်း အရေးယူပါတယ်။ အရေးယူတယ် ဆိုတာ ဒါ သူချလံ ဖြတ်ပေးလိုက်တယ်။ ဒါပေ မဲ့ ရုန့်ရင်းကြမ်းတမ်းသော အသုံးအနှုန်း ၊ မောက်မာသောအပြုအမူမျိုးမရှိဘဲနဲ့ လိုင်စင်ကို ပြန်ပေးပါတယ်။ ပြီးတဲ့အခါကျတော့ အရိုအသေပြန်ပြုပါတယ်။ ဒီ လို စနစ်ကလေးတွေဟာ ကျွန်တော်တို့ နိုင်ငံအနေနဲ့ကျတော့ ဒါဟာ Facility Infrastructure ပြည့်စုံမှု/မပြည့်စုံမှု ဆိုတာ ထက် စိတ်ဓာတ်ပိုင်း ဆိုင်ရာအရ လိုအပ်မှုလို့ ဆိုလိုချင် ပါတယ်။ တစ်ခါထဲမှာပဲ ဝန်ထမ်းတွေ ဘက်ကို ပြန်ကြည့် ပြန် ရင်လည်း ဝန်ထမ်းတွေရဲ့ ဖိစီးမှု၊ နောက်တစ်ခါ work load ပေါ့။

ခုနက ဦးလှဆွေ တင်ပြသွားသလိုပါပဲ။ တစ်ဦးတ ည်း လုပ်လို့ရတဲ့အလုပ်ကို လူ(၂၀)လောက် ဝိုင်းလုပ် နေရတယ်ဆိုပေမယ့် အဲဒီ (၂၀)ကလည်း စာရွက်စာတမ်းကြားထဲမှာ ပုံအောပြီးတော့ကို အလုပ်ရှုပ်နေရတာပါ။ ကျွန်တော်တို့ဂျပန်ဟာဆိုရင် အဓိကအားဖြင့် Computerized Printed Circuit System ဒီဟာကို အဓိက သုံးတာပါ။ လူတိုင်းကတော့ Credit ကဒ်တွေမှာ သုံးတဲ့အတွက်ကြောင့်မို့ Credit System ၊ Credit ကဒ်တွေမှာသုံးတဲ့ chips၊ Micro chips လေးတွေကိုသုံးရင် Micro chips လေးထဲမှာ Data တွေ ရှိနေတဲ့အတွက်ကြောင့်မို့လို့ ဘဏ်မှာပဲငွေထုတ်မလား၊ ဒါမှမဟုတ်ရင် မော်တော်ယာဥ်လိုင်စင်ပဲ သက်တမ်းတိုးမလား၊ ဆေးပဲကုသမလား အ ကုန်လုံးဒီထဲကနေ Data တွေ ယူပြီး သွားလို့ ရပါတယ်။ ဒါပေမယ့် ဒီစနစ်နဲ့ လိုက် လျော်ညီထွေရှိမယ့် ဟုတ်လား။ Health Insurance Policy တို့၊ Banking System တို့ ဒါတွေကလည်း ဒီစက်ပစ္စည်းကိရိယာတွေ ကို ပံ့ပိုးပေးဖို့ အခြေခံကောင်းတွေလည်း လိုပါတယ်။ အဲဒီတော့ ဒီဟာတွေ မရှိ ဘဲနဲ့တော့ ဝန်ထမ်းတွေရဲ့ work load ကို ဘယ်လိုလျှော့ချမလဲဆိုတာ စဥ်းစားဖို့သင့်ပါတယ်။ ကိုယ်စား လှယ်ကြီးတွေ

တင်ပြသွားတဲ့ အထဲမှာလည်း ပါပါတယ်။ ပြီးရင် ဒါ ဆရာဦးအေးမောင် ကလည်း အဆိုတစ်ခုအနေနဲ့ကို သီးခြား တင်ပြမှာဖြစ်ပါတယ်။ ဒီလိုမျိုးဝန်ထမ်းတွေကို လစာပြည့်ပြည့်ဝဝ ပေးနိုင်ဖို့ဆိုရင် ကျစ်လစ်သော အစိုးရဖြစ်ဖို့ လို ပါတယ်။ ခုန အန်ကယ် ဦးညွန့်တင် လည်း တင်ပြသွားပါတယ်။ Less Government ဖြစ်ဖို့လိုပါတယ်။ ဒီလို အခြေခံကောင်းတွေကို တည်ဆောက်ဖို့ လိုအပ်မယ်လို့ တင်ပြချင်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

(၂) အချက်ကတော့ လုံလောက်သောလစာစရိတ်၊ နေထိုင်မှုအဆင့်အတန်းရှိရပါမယ်။ ဒါလည်း ဇာတ်နာအောင် အထူးပြောစရာမလိုပါဘူး။ (၃)အချက် လုံလောက်သော အနားယူနိုင်မှု အခွင့်အရေးရှိရပါမယ်။ ကျွန်တော် တို့ အလုပ်လုပ်တဲ့အချိန်မှာ လုပ်မယ်။ နားတဲ့ အချိန်မှာ နားရပါမယ်။ ဒါမှ ခွန်အားတွေ ပြန်ပြည့်လာမှာပါ။ (၄)အချက်ကတော့ စိတ်ဖိစီး မှုကင်းရပါမယ်။ ကျွန်တော်တို့ အလုပ်လုပ်ဆောင်တဲ့အခါမှာ မိမိရဲ့ ဆောင်ရွက်မှုလုပ်ငန်းတွေအပေါ်မှာ အာရုံ စူးစိုက်စွာလုပ်နိုင်ဖို့လိုပါတယ်။ ကျွန်တော် အဓိက တင်ပြချင်တာကတော့ နံပါတ်(၅)နဲ့ နောက်ဆုံး တစ်ချက်ဖြစ်တဲ့ ခေတ်မီလုပ်ငန်း ဆောင်ရွက်မှုစနစ်များရှိဖို့ ဖြစ်ပါတယ်။ အဲဒီတော့ Computer တွေ သုံးပါတယ်။ သုံးတဲ့အခါမှာလည်းကျနစွာ သုံးဖို့လိုအပ်မယ်လို့ ထင်ပါတယ်။ ဒီ Data Base တွေ Network ကြီးကို ချိတ်ဆက်ထားဖို့က LAN လို့ခေါ်တဲ့ Local Area Network ၊ WAN လို့ခေါ်တဲ့ Wide Area Network ၊ ဒါတွေကို ချိတ်ဆက်ထားနိုင်မှသာ Computer တွေ သုံးပေမယ့်လည်း တစ်ခုနှင့်တစ်ခု Link လုပ်ပြီးတော့ မြန်မြန်ဆန်ဆန် သုံးနိုင်မှာပါ။

ဥပမာ လွယ်လွယ်လေးတစ်ခုပဲ တင်ပြပါမယ်။ ကျွန်တော်တို့ ဒီလွှတ်တော် အဆောက်အအုံကြီးဟာဆိုရင် ကနေ့ မြန်မာနိုင်ငံမှာ ခေတ်မီဆုံးအဆောက်အအုံကြီး ဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီ(၂)ခု ရှိပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ဥပဒေကြမ်းကော်မတီက (I-16)မှာ တည်ရှိပြီးတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက (I-2)မှာ ရှိပါတယ်။ ကျွန်တော်တို့ ပူးပေါင်းကော်မတီအနေနဲ့ ဆောင်ရွက်စရာကိစ္စများကို ဆောင်ရွက်တဲ့အခါကျရင် ဒီမှာ LAN မရှိပါဘူး။ အဲဒီအတွက်ကြောင့်မို့လို့ ဝန်ထမ်း တစ်ယောက်ဟာ Flash လေးနဲ့ ကူးရပါ တယ်။ ကူးပြီးတဲ့ အခါကျတော့မှ ပြေးရပါတယ်။ ပြေးပြီးတဲ့အခါကျမှ ဟိုဘက် Computer မှာကျတော့ ဒီ System မရှိဘူး။ ဖွင့်လို့ မရဘူး။ တစ်ခါ ပြန်ပြေးလာ။ တစ်ခါ ပြန်ကူး။ စီထား တဲ့စာတွေ အကုန်ပြန်လွဲ။ အသ စ်ကနေပြန်ရိုက်၊

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဟာ အကြောင်းအရာတစ်ခုကို သုံး သပ်တဲ့အခါကျရင် အခြေခံ အကျဆုံးသောအချက်များကို သုံးသပ်ဖို့ လိုတယ်ဆိုတာကို တင်ပြလိုခြင်းဖြစ်ပါတယ်။

အဲဒီတော့ ခုနတုန်းက အစ်မကြီး ဒေါ်ခင်ဝိုင်းကြည် ပြောသွားလို့ပါ။ ဗဟိုဝန်ထမ်း တက္ကသိုလ်ဟုတ်ပါတယ်။ ကျွန်တော်ဟာ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)မှာ ကျွန်တော်တို့ အရာထမ်းများ အခြေခံဝန်ထမ်းသင်တန်းမှာ Best Cadet သင်တန်းသား စံပြထူးချွန်ဆု ရခဲ့ဖူးတဲ့သူဖြစ်ပါတယ်။ အဲဒီအခါမှာ ကျွန်တော် ဒီ သင်တန်းသား စံပြထူးချွ န်ဆုရအောင် ကျွန်တော့်ကို Drive လုပ်သွားတဲ့ ဆောင်ပုဒ်ရှိပါတယ်။ စစ်ရေးပြကွင်းကြီးထဲ မှာ ရေးထားတဲ့ “စွမ်းဆောင်နိုင်သူအဖို့ ကြီးလေးသောတာဝန်ဟူသည် မရှိ”ဆိုတဲ့ ဆောင်ပုဒ်ဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီတော့ “ကြီးလေးသော တာဝန်ဟူသည် မရှိ” မှန်တယ်၊ လူတိုင်း အတွက်လား၊ စွမ်းဆောင်နိုင်သူအဖို့၊ စွမ်းဆောင်နိုင်တဲ့သူဆိုတာ စိတ်ဓာတ်တစ်ခုတည်းနဲ့ တော့ စွမ်းဆောင်ဖို့ မဖြစ်နိုင်ပါဘူး။ စိတ်ဓာ တ်ခွန်အားရှိပေမယ့် စွမ်းဆောင်နိုင်ဖို့၊ သူ့ကို ကူညီပံ့ပိုးပေးထားဖို့၊ ဝိုင်းဝန်း Support လုပ်ပေးထားဖို့ အရာတွေလိုပါတယ်။ ကျွန်တော်တို့ ဗလ(၅)တန်မှာ ကာယ၊ ဉာဏ၊ မိတ္တ၊ ဗလ အပြင် ဘောဂလဲ လိုပါတယ် ။ အဲဒီတော့ ဝန်ထမ်းများ စွမ်းဆောင်နိုင်သော ဝန်ထမ်းများဖြစ်အောင် ဝန်ထမ်းများရဲ့ လုံလောက်သော လစာစရိတ်၊ နေထိုင်မှု၊ အဆင့်အတန်းတွေကို ကျွန်တော်တို့ ထိုက်သင့်အောင် ခံစားခွင့် ပေးမယ်ဆိုရင် အများကြီး ကျွန်တော်တို့ စွမ်းဆောင်နိုင်ကြလိမ့်မယ်လို့ ထင်ပါတယ်။ ခုန Brake နာရီဝက်မှာပဲ ကိုယ်စားလှယ်တော်ကြီးတစ်ယောက် ပြောပါတယ်။ ဗျော် ဒါများ ရှည်ရှည် ဝေးဝေး ဆွေးနွေး နေကြသေးတယ်တဲ့နော်။ ပုဂ္ဂလိကဘဏ်တစ်ခုကို ဝင်သွားတာနဲ့ ချို့ချဉ် စားမလား၊ နားပါဦး၊ ထိုင်ပါဦး၊ စီးပွားရေးဘဏ်မှာလည်း ဟိုတစ်နေ့က ဆရာ ကြီး ဦးခင်မောင်ရီလည်း တင်ပြသွား ပါတယ်။ ခုန ကျွ န်တော် ပြောတဲ့ Computer System တွေနော်။ နောက်တစ်ခါ ကျွန်တော်တို့ အစိုးရဌာနတစ်ခုကို ဝင်ရောက်ဆောင်ရွက်ရတာနဲ့ ယနေ့ ကျွန်တော်တို့ Junction Centre ထဲ ဝင်သွားတဲ့အခါ ကျရင် ထိပ်မှာမင်္ဂလာပါခင်ဗျား ဆိုတဲ့ ဦးလေးညွတ် ပြီးတော့ပေါ့။ အဲဒီတော့ Facility လစာအများကြီးကွာပါတယ်။ ကျွန်တော့်အနေနဲ့ အထူးတင်ပြချင်တာက ဝန်ထမ်းတွေရဲ့ work load လျော့ကျအောင်၊ ခေတ်မီနည်း စနစ်နိုင်ငံတော် တည်ဆောက်နိုင်အောင်အတွက် ဒီ Computer System ကွန်ရက်ကြီးကို ဒါ ကို ရီးယားတို့ ဂျပန်တို့တောင် မဟုတ်ပါဘူး။

အခုဟာက ဒါ    လာအို  တို့၊ ကမ္ဘောဒီးယား  တို့လို  နိုင်ငံတွေတောင်မှ ဆောင်ရွက်နိုင်တဲ့ အနေအထားဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒါ အမျိုးသား     အဆင့်စီမံကိန်းတစ်ခု    အနေနဲ့ ချမှတ်ဆောင်ရွက်မယ်ဆိုရင်လည်း ဒါ စက်ရုံကြီးများ ထုတ်နိုင်သော မဟာ၊ မဟာ့     စက်ရုံကြီး စီမံကိန်းလိုတော့ မဟုတ်ပါဘူး။  ဒီလိုမျိုးကတော့ ဦးစားပေးပြီးတော့ ဆော  င်ရွက်ဖို့ သင့်တယ် ဆိုတာကို တင်ပြလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ကတော့ ဒါတွေဟာ  လုပ်ဆောင်ရင် ဖြစ်သလားဆိုတာကို ကျွန်တော် ကိုရီးယားအတွေ့အကြုံလေး တစ်ခုနဲ့ပဲ တင်ပြလိုပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်ဘက်မှာ သွားတဲ့အခါကျရင် တောင်ဆင်း၊ တောင်တက်လမ်း  တွေ  ရှိပါတယ်။ ကို ရီးယားနိုင်ငံဆိုလည်း ကုန်းမြင့်ဒေသ တော်တော်ပေါတဲ့ နိုင်ငံဖြစ်ပါတယ်။ အဲဒီ      အခါကျတော့ တောင်တွေကို တွေ့တဲ့အခါကျရင် ဥမင်လိုဏ်ခေါင်း ဖောက်ရင်ဖောက်သွားတယ်။  နောက်တစ်ခါ ကျွန်တော်တို့ ကွန်ကရစ်တံတားကြီးတွေ၊ အမြင့်ကြီးတွေပါ။ တောက်လျှောက်လမ်းက Level  တစ်ခုတည်းပါပဲ။ ဒါက   ရောက်ဖူးကြတဲ့သူတိုင်းသိပါတယ်။  Level  တစ်ခုတည်းပဲ၊ ဆင်းစရာလည်းမလိုဘူး၊ တက်စရာလည်းမလိုဘူး။ အဲဒီတော့ ကွန်ကရစ်  တောလို့ပြောတဲ့ နိုင်ငံကြီးတွေ ကို တည်ဆောက် ထားနိုင်ပါတယ်။ ကိုရီးယားတို့၊ ဂျပန်တို့ဆိုတာ    ၊  အဲဒီတော့ ကျွန်တော်တို့ နေပြည်တော် ပျဉ်းမနားမြို့ကြီး၊ နေပြည်တော် ကြီး ပေါ်ပေါက်လာတဲ့  အခါမှာတဲ့ ကျွန်တော်တို့ ပျဉ်း  မနားမြို့ခံ ကဗျာဆရာ တစ်ယောက် ပြောခဲ့တဲ့  စကားလေးကို ကျွန်တော်က အမှတ်ရလို့ပါ။ နဂိုတုန်းက ပျဉ်းမနားမြို့မှာ ‘က’ လေးလုံးကနေပြီးတော့ ‘က’ တစ်လုံးတိုးလာ ပါတယ်တဲ့။ သူပထမပြောတဲ့ ‘က’လေးလုံးကတော့ ပျဉ်း မနားလို့  ဆိုလိုက်တာနဲ့ လူတိုင်း ရဲ့  မျက်စေ့ထဲမှာ‘ကျွန်း’ကို  မြင်ပါ တယ်တဲ့။ ဒုတိယတစ်ချက်ကတော့   ‘ကြံ’ပါတဲ့။ တတိယတစ်ချက်ကတော့   ‘ကဗျာဆရာ’ပါတဲ့။ ပျဉ်းမနားဆိုတာက ကဗျာဆရာ  အင်မတန်ထွက်တဲ့မြို့ပါ။ နောက်တစ်ချက်ကတော့  ‘ကွန်မြူနစ်’ ပါတဲ့။  ကွန်မြူနစ်တွေလည်း ထွန်းကားခဲ့ပါတယ်။  အခုအချိန်ကျတော့ နောက်တစ်မျိုး ပေါ်လာ ပါတယ်တဲ့။  ‘ကွန်ကရစ်’ပါတဲ့။ ဆိုလိုရင်း ကတော့ ဆောင်ရွက်လို့ ရပါတယ်ခင်ဗျား။  ဆောင်ရွက် လို့ရပါတယ်။  ဒီ ကွန်ကရစ် ဆိုတာလည်း ဒါ  Structure  ပါပဲ။ ဒီ ကွန်ကရစ်တွေကို ဆောင်ရွက် နိုင်သလိုပဲ။ ဒီ      Infrastructure    တွေကို ဖြည့်ဆည်းသလို ဝန်ထမ်းတွေရဲ့      စိတ်ဓာတ် ခွန်အားအတွက် ဝန်ထမ်းတွေရဲ့ စွမ်းရည်ပြည့်ဝဖို့   အတွက် ဝန်ထမ်းတွေလိုအပ်တဲ့  Facility ၊

လစာ၊ စရိတ်တို့ကိုလည်း တိုးမြှင့် ဆောင်ရွက်ပေးရင်တော့ ကိုယ်စားလှယ်တော်ကြီး ဦးမြင့်ထွန်း တင်ပြထားတဲ့အဆိုကို ပြည့်ဝအောင် ပြည်ထောင်စုအစိုးရကနေ ပြီးတော့ အကောင်အထည်ဖော် ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်လို့ တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူး အများကြီး တင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့် စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စု ဝန်ကြီးက ပြန်လည်ဖြေရှင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၁၃။**

**ဦးစိုးမောင် (ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန(၂))**။ ။ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကျန်းမာကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ထွန်း ရဲ့ အဆိုကို ရှင်းလင်းတင်ပြခွင့် ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ ဒီအဆိုကိုပဲ ထပ်ဆင့်ပြီး ထောက်ခံဆွေးနွေးသွား ကြတဲ့ ကိုယ်စားလှယ်ကြီးများကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ ပြည်သူများက ရွေးချယ် တင်မြှောက်သော ဒီမိုကရေစီ အစိုးရအနေနဲ့ နိုင်ငံတော်ကို အဖက်ဖက်မှ အရှိန်အဟုန်ဖြင့် တိုးတက်အောင် အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်နေ တဲ့ကာလဖြစ်ပါတယ်။ နိုင်ငံ တော်ကို အဖက်ဖက်မှ တိုးတက်အောင် ဆောင်ရွက်ရာမှာ နိုင်ငံ့ဝန်ထမ်းများဟာ အဓိကအရေးကြီးသော ကဏ္ဍမှ ပါဝင်ပါတယ်။ နိုင်ငံတော်ရဲ့ယန္တရားကို လည်ပတ်အောင် ဆောင်ရွက်နေတဲ့ပုဂ္ဂိုလ်များ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံ့ဝန်ထမ်းများရဲ့ အရည်အသွေး တိုးတက်ရေး ယုံကြည်ချက်၊ ခံယူချက် မြင့်မားရေး၊ ကိုယ်ကျင့်တရားကောင်း မွန်ရေး၊ စိတ်ဓာတ်စည်းကမ်းမြင့်မားရေးနှင့် လုပ်ငန်းခွင်စနစ်တကျရှိရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ စနစ်တကျမော င်းနှင်ကြပ်မတ် ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုအဆင့်အနေဖြင့် တရားစီရင်ရေးဆိုင်ရာ၊ ဥပဒေပြုရေး ဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာနှင့်ပတ်သက်ပြီးတော့ သက်ဆိုင်ရာကဏ္ဍများအလိုက်ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်နေသကဲ့သို့ပြည်နယ်နဲ့တိုင်းဒေသကြီးများအလိုက်လည်း ဒေသဆိုင်ရာအစိုးရအဖွဲ့များနဲ့

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့များကိုလည်း စနစ်တကျဖွဲ့စည်းပြီးတော့ ကြပ်မတ်ကွပ်ကဲဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ သမ္မတရုံးဝန်ကြီးဌာန(၂)မှ ပြည်ထောင်စုဝန်ကြီး ဖြစ်တဲ့ ကျွန်တော် ဦးစိုးမောင် အနေ နဲ့လည်းပဲ ပြည်ထောင်စုဝန်ကြီးဌာနများမှာရှိတဲ့ နိုင်ငံ့ဝန်ထမ်းအကြီးအကဲများဖြစ်တဲ့ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး များနဲ့ ရုံးအဖွဲ့မှူးများအားလုံးကို ကျွန်တော်တို့ ၆-၅-၂၀၁၁ ရက်နေ့မှာခေါ်ယူတွေ့ဆုံပြီးတော့ နိုင်ငံတော်သမ္မတကြီးရဲ့မိန့်ကြားခဲ့တဲ့ မိန့်ခွန်း (၃)ရပ်ထဲမှ လမ်းညွှန်သွား တဲ့ အချက်များအနက် Good Governance and Clean Government ဖြစ်ရေးအတွက် ဝန်ထမ်းများရဲ့ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ တည်ဆဲဥပဒေများနှင့်အညီ စနစ်တကျ တာဝန်ထမ်းဆောင်ရေးကို အကျယ်တဝင့် ဆွေးနွေးမှာကြား ပညာပေးဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ထို့အတူ ပဲ နိုင်ငံတော်ရဲ့ဝန်ထမ်းကောင်းတစ်ယောက် ဖြစ်ပေါ်လာစေရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ကလည်းပဲ နိုင်ငံ့ဝန်ထမ်းများရဲ့ အရည်အသွေးတိုးတက်မြင့်မားရေးအတွက် ခံယူချက်မှန်ကန်စေရေး၊ ပေးအပ်တဲ့တာဝန်များ ကျေပွန်စွာထမ်းဆောင်နိုင်ရေးတို့အတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်များမှာရှိတဲ့ ပညာဌာန(၆)ခုကနေပြီးတော့ လေ့ကျင့်ပညာပေးလျက်ရှိပါတယ်။ ဒီလို လေ့ကျင့်ပညာပေးရာမှာ အရာထမ်းအခြေခံသင်တန်း၊ အရာထမ်းလောင်း အခြေခံသင်တန်း၊ အရာထမ်းငယ်အခြေခံသင်တန်း၊ စာရေးဝန်ထမ်းကြီးကြပ်မှုတန်းမြင့်သင်တန်း၊ စာရေးဝန်ထမ်းအခြေခံသင်တန်းများ၌ စီမံခန့်ခွဲမှု ပညာဌာနက စီ မံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ ဝန်ထမ်းစည်းမျဉ်း၊ ရုံးလုပ်ငန်းများကို စနစ် တကျ ဆောင်ရွက်နိုင်ရေး လေ့ကျင့် ပညာပေးတဲ့အပြင် ပြည်သူ အများနဲ့ဆက်ဆံဆောင်ရွက်ရာမှာ အဆင်ပြေချောမွေ့စေရေး အတွက် လူမှုရေးပညာဌာနက လည်း လူမှုဆက်နွယ်ရေး၊ ပြည်သူ့ဆက်ဆံရေးနဲ့ ပြည်သူ့နီတိဘာသာရပ်များကို လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိပါတယ်။

ဒါ့အပြင် အလယ်အလတ်အဆင့် အရာထမ်း အခြေခံသင်တန်းများကိုလည်း ဖွင့်လှစ်ပြီးတော့ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု၊ အရည်အသွေးပြည့် စီမံခန့်ခွဲမှု၊ ကောင်းမွန်သောအုပ်ချုပ်မှု၊ သတင်းအချက်အလက် ဆက်သွယ် နည်းပညာစတဲ့ ဘာသာရပ်များကို ပြောင်းလဲတိုးတက်လျက်ရှိတဲ့ ခေတ်အခြေအနေနှင့်အညီ အရည်အသွေး တိုးတက်မြင့်မားစေရန် လေ့ကျင့်

သင်ကြားပို့ချပေးလျက်ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းများကို အရည်အသွေး မြင့်မားစေရေး လေ့ကျင့်ပညာပေးရာမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ ဘရူနိုင်းဒါရူ ဆလမ်နိုင်ငံရဲ့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်နဲ့ပူးပေါင်းပြီးတော့ မဟာဗျူဟာမြောက်စီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲ၊ နောက်တစ်ခါ ကုလသမဂ္ဂ၊ အာရှနှင့်ပစိဖိတ်ဒေသစီးပွားရေးနှင့်လူမှုရေးကော်မရှင်(UNESCAP) အောက်မှာရှိတဲ့ ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်ဒေသသတင်းနှင့်ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးဗဟိုသင်တန်းဌာနနဲ့ပေါင်းပြီးတော့ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ အရည်အသွေးမြှင့်တင်ရေးသင်တန်းများကို ဗဟိုဝန်ထမ်းတက္ကသိုလ် များမှာ ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးခဲ့ပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းဖြစ် တဲ့ ဂျပန်နိုင်ငံဆာဆာကာဝါငြိမ်းချမ်းရေးဖောင်ဒေးရှင်းနဲ့ ပူးပေါင်းပြီးတော့ နိုင်ငံ့ဝန်ထမ်းများရဲ့ အရည်အသွေး တိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲများကို ၂၀၀၂ ခုနှစ်ကနေပြီးတော့ ၂၀၁၁ ခုနှစ်အထိ စုစုပေါင်း (၈)ကြိမ် ကျင်းပ ပေးခဲ့ပြီးဖြစ်ပါတယ်။ ပြည်ထောင်စုရာထူးဝန် အဖွဲ့အနေနဲ့ နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်း သင်တန်းဆရာများ လေ့ကျင့်သင်ကြားရေး အာ ဆီယံလူ့စွမ်းအားဗဟိုဌာန (ASEAN Resource Center for Training for Civil Service)ကို ၂၀၀၄ ခုနှစ်ကနေစတင်ဖွင့်လှစ်ထားရှိပြီးတော့ ဝန်ကြီးဌာနအဖွဲ့အစည်းများရှိတဲ့ လေ့ကျင့်ရေးသင်တန်းကျောင်းများမှ နည်းပြတာဝန်ထမ်းဆောင်လျက်ရှိသူများကို နိုင်ငံ့ဝန်ထမ်းသင်တန်းဆရာများ လေ့ကျင့်သင်ကြား ရေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိပါတယ်။

နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများဟာ မိမိအဖွဲ့အစည်းရဲ့ရည်မှန်းချက်နဲ့ လုပ်ငန်းတာဝန်များပြီးမြောက်အောင် ဆောင်ရွက်ရန်နဲ့ မှန်ကန်ထိရောက်တဲ့ ရုံးလုပ်ငန်းဆောင်ရွက်မှုဖြင့် စည်းစနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဟာ ရုံးလုပ်ငန်း လက်စွဲစာအုပ်ကို ဝန်ကြီးဌာနအဖွဲ့အစည်းများသို့ ဖြန့် ဖြူးခဲ့ပြီး ဖြစ်ပါတယ်။ အဆိုပါ စာအုပ်မှာ အခန်း(၁)ကနေ အခန်း(၂၀)အထိပါရှိပြီးတော့ တင်ပြလာတဲ့ ဝင်စာ၊ မေးမြန်းစာ၊ စုံစမ်းချက်တွေကို ပြ န်ကြားစာ၊ အစီရင်ခံစာများကို ဆောင်ရွက်ရာ မှာ ကြန့်ကြာမှုမရှိစေရေး အတွက် ဦးစားပေးအဆင့်အလိုက် ချက်ချင်း၊ နောက်တစ်ခါ (၂၄)နာရီအတွင်း၊ နောက် (၇၂)နာရီအတွင်း ဆိုပြီးတော့ သတ်မှတ်ပြီးတော့ အပြီးဆောင်ရွက်ရန် စည်းကမ်းချက်များ၊ မှတ်တမ်းများစနစ်တကျထိန်းသိမ်းရန် စည်းကမ်းချ က်များ ဖော်ပြပါရှိပြီး တော့ အုပ်ချုပ်ရေးပုံစံသစ်နှင့်အညီ အနှစ်သာရအားဖြင့် တူညီ တဲ့ရုံးလုပ်ငန်းဆိုင်ရာကျင့်သုံးပုံစနစ် တစ်ပြေးညီ လိုက်နာကျင့်သုံး

နိုင်စေရန်အချက်များ ဖော်ပြထား ပြီးဖြစ်ပါတယ်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဟာ ပြန်တမ်းဝင် အရာရှိများကို ရွေးချယ်ရာ မှာလည်းပဲ နိုင်ငံတော် အပေါ်မှာ သစ္စာရှိရေး၊ ပြည်သူကို အလုပ်အကျွေးပြုရေး၊ စိတ်ဓာတ်အကျင့်စာရိတ္တကောင်းမွန်ရေး၊ လုပ်ငန်းဗဟုသုတ နဲ့ ပညာရပ် ကျွမ်းကျင်မှုတို့ကို အခြေခံပြီး တော့ ရေးဖြေစာမေးပွဲကျင်းပခြင်း၊ စိတ်အခြေအနေစစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်း၊အပြီးသတ်ရာထူး ရွေးချယ်ခြင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များမှာ လေ့ကျင့် သင်တန်းပေးခြင်း တို့ကိုပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံ့ ဝန်ထမ်း များအတွက် ဝန်ထမ်း စည်းမျဉ်းများဆိုင်ရာ ကောက်နုတ်ချက်စာစောင် ၁၉၈၄၊ ဝန်ထမ်းစည်းကမ်း ထိန်းသိမ်းရေး လက်စွဲစာစောင် ၁၉၈၅၊ ဝန်ထမ်းကျင့်ဝတ် ၂၀၀၄ တို့ကို ပြဋ္ဌာန်းပြီးတော့ ကျွန်တော် တို့ ဝန်ထမ်းကောင်းများ ဖြစ်လာ စေရေး၊ အရည်အသွေး အရည် အချင်းပြည့်မီတဲ့ ဝန်ထမ်းများဖြစ်လာစေရေးအတွက် ထိန်းသိမ်း ကြပ်မတ်ပေးလျက်ရှိပါတယ်။

နိုင်ငံ့ဝန်ထမ်းများ နိုင်ငံ့တာဝန်၊ ဌာနဆိုင်ရာ တာဝန်ထမ်းဆောင်ရာမှာ ဝန်ထမ်းများရဲ့ ရပိုင်ခွင့်၊ ရနိုင်ခွင့်၊ ခံစားခွင့် အခွင့်အရေးများ ပြည့်ပြည့်ဝဝရရှိမှသာလျှင် ဝန်ထမ်းများရဲ့ စိတ်ရှင်လန်းတက်ကြွစွာ နိုင်ငံ့အကျိုး၊ ဌာနအကျိုး ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ သို့အတွက် ကြောင့် ၁၉၈၄ ခုနှစ်၊ ဝန်ထမ်းစည်းမျဉ်းများဆိုင်ရာ ကောက်နုတ်ချက်စာစောင်ပါ ဝန်ထမ်း ခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ နှစ်တိုးခံစားခွင့်ပြုခြင်း၊ ကြိုတင်နှစ်တိုး ခွင့်ပြုခြင်း၊ ခံစားခွင့်၊ ဥာဏ်ပူဇော်ခ၊ အခကြေးငွေ ချီးမြှင့်ခြင်း၊ ကူးပြောင်းချိန်ခံစားခွင့်ပေးခြင်း၊ ပင်စင်ခံစားခွင့်များ အတွက် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ခံစားစေခြင်း၊ ဝန်ထမ်းများအတွက် လုပ်ငန်းတာဝန် ဆောင်ရွက်ရာမှာ လိုအပ်တဲ့ပံ့ပိုးကူညီမှုများ ဖြည့်ဆည်းမှုများကို ပြည့်ပြည့်ဝဝခံစားရရှိရန် ဝန်ထမ်းစည်းမျဉ်းပါ သတ်မှတ် ပြဋ္ဌာန်း ချက်များဖြင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းများ ဥပဒေချိုးဖောက်ခြင်း၊ စည်းကမ်းပျက်ခြင်း၊ စာရိတ္တပျက်ပြားခြင်း၊ လုပ်ငန်း တာဝန်မကျေပွန်ခြင်း၊ ဌာနဆိုင်ရာ စည်းကမ်း၊ ညွှန်ကြားချက်၊ အမိန့်ဖောက်ဖျက်ခြင်းတို့ ရှိလာပါက ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးလက်စွဲပါပြဋ္ဌာန်းသတ်မှတ်ထားတဲ့ ဝန်ထမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ ပြစ်ဒဏ် (၉) မျိုးနဲ့ တိတိကျကျအရေးယူအပြစ်ပေး လျက်ရှိပါတယ်။ ဥပဒေနဲ့အညီ ဌာနဆိုင်ရာစုံစမ်းစစ်ဆေး အရေးယူခြင်းဖြင့်လည်း ပြတ်ပြတ်သားသား

အရေးယူလျက်ရှိပါတယ်။ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အခြေခံမူများဖြစ်တဲ့ ဝန်ထမ်းကောင်းဖြစ်စေရေး၊ ဥပဒေကိုနားလည်ပြီးတော့ စည်းကမ်းတကျ နေထိုင်တတ် စေရေး၊ ပြစ်မှုနှင့်ပြစ်ဒဏ်မျှတရေး၊ လူညွန့်တုံးပြီးတော့ စိတ်ဓာတ်လုံးဝ ပျက်ပြားသွားစေမယ့် ပြစ်ဒဏ်မျိုး မချမှတ်စေရေး၊ ပြစ်ဒဏ်ကျခံပြီးပါကလည်း နိုင်ငံနှင့်ဌာန အကျိုးကို ယခင်ကထက် ပိုမိုကြိုးပမ်း သယ်ပိုးလိုစိတ်ရှိလာစေရေး၊ ခံယူချက် မှန်ကန်ပိုမိုမြင့်မားလာစေရေး စသည်တို့ကို ဦးတည်ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် နိုင်ငံတော်အတွင်းမှာရှိတဲ့ ပြည်သူလူထုနဲ့ နိုင်ငံ့ဝန်ထမ်းများအကြား အဆင်မပြေမှု၊ နစ်နာမှု၊ မကျေနပ်မှုများနှင့် ပတ်သက်၍လည်း အကြံပြုခြင်း၊ တိုင်ကြားခြင်း၊ တင်ပြခြင်း၊ အသနားခံခြင်းများကိုနိုင်ငံတော်သမ္မတထံသို့ တိုက်ရိုက်တင်ပြခြင်း၊ မြန်မာနိုင်ငံအမျိုးသား လွှတ်တော်မှ ဖြစ်စေ အမျိုးသားလွှတ်တော်ရှိ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီသို့ လည်းကောင်း တင်ပြတိုင်ကြားနိုင်ပြီးတော့ အထက်ပါဌာနများသို့ အကြံပြုတင်ပြခြင်း၊ အသနားခံတိုင်ကြားလာသောစာများကို ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ နိုင်ငံတော်သမ္မတ အနေဖြင့် နိုင်ငံတော်သမ္မတရုံး၊ ဝန်ကြီးဌာန(၂)မှ ပြည်ထောင်စုဝန်ကြီးကို စနစ်တကျ စိစစ်ကြပ်မတ် ကြီးကြပ်ဆောင်ရွက်သွားရန် တာဝန်ပေးအပ် ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ တာဝန်ပေးချက်အရ သမ္မတရုံးဝန်ကြီးဌာနအနေဖြင့် Good Governance and Clean Government နှင့်ပတ်သက်ပြီးတော့ စိစစ်ဆောင်ရွက် ပေးလျက်ရှိပါတယ်။ ၅-၄-၂၀၁၁ ရက်နေ့ကနေပြီးတော့ ယခု ၂၉-၂-၂၀၁၂ ရက်နေ့အထိ ကာလအတွင်းမှာ နိုင်ငံတော်သမ္မတထံ တင်ပြတဲ့စာပေါင်းက (၇၈၆၉)စောင် ရှိပါတယ်။ အဲဒီအနက် စိစစ်ပြီးတဲ့စာစောင်ပေါင်း (၃၂၀၀)ရှိပါတယ်။ အဆင့်မမီနှင့်အကြိမ်ကြိမ် တိုင်ကြားမှု (၂၀၈၅) စောင်ရှိပါတယ်။ ဆက်လက်ပြီးတော့ စိစစ်ဆဲ (၂၅၈၄)စောင်ဖြစ်ပါတယ်။ ၎င်းအမှုများမှာ တရားရေးကဏ္ဍမှာ တရားသူကြီးကို တိုင်ကြားမှု(၆၁)စောင်၊ တရားစီရင်မှုကို တိုင်ကြားမှု (၁၀၀)စောင်၊ ရှေ့နေကို တိုင်ကြားမှုက (၄၃)စောင်၊ တရားမမှုမှာ အမွေမှု(၁၅)စောင်၊ မြေမှု (၄၁၉)စောင်၊ ရာဇဝတ်မှုမှာတော့ အလွဲသုံးစားမှု(၆၂)စောင်၊ လူသတ်မှု(၁၂)စောင်၊ မုဒိမ်းမှု(၁၀)စောင်၊ အမျိုးသမီးအမှု(၉)စောင်၊ ညှင်းပန်းနှိပ်စက်မှု(၂၉)စောင်၊ လိမ်လည်မှု (၇၆)စောင်ရှိပါတယ်။ လာဘ်ပေးလာဘ်ယူမှုက (၄၇)စောင်၊ ဘာသာရေးဆိုင်ရာ(၈၀)စောင်၊ အရပ်သားအချင်းချင်း တိုင်ကြားမှုက(၁၅၀၈)စောင်ဖြစ်ပါတယ်။ ကျေးရွာအုပ်ချုပ်ရေးမှူးကို

တိုင်ကြားမှုက (၂၅၁)စောင်၊ ဝန်ထမ်းများနှင့်ပတ်သက်ပြီး တိုင်ကြားရာမှာ တပ်မတော်ဆိုင်ရာ (၇၈)စောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ တိုင်ကြားမှုက(၁၄၈)စောင်၊ ဆရာဝန်ကို တိုင်ကြားမှုက (၁၄)စောင်၊ အထွေထွေ အုပ်ချုပ်ရေး ဝန်ထမ်းကို တိုင်ကြားမှုက (၅၉)စောင်၊ စည်ပင်ဝန်ထမ်း တိုင်ကြားမှုက (၈၁)စောင်၊ ပညာရေးဝန်ထမ်း တိုင်ကြားမှုက (၈၉)စောင်ရှိပါတယ်။ အဲဒီလို ကျွန်တော်တို့ စိစစ်ပြီး ဆောင်ရွက်ခဲ့ရာမှာ နမူနာအချို့ကို ကျွန်တော်တို့ ကောက်နှုတ်ပြီးတော့တင်ပြရရင် တိုက်နယ်ဆေးရုံတစ်ရုံမှာ တာဝန်ရှိသူများက မချေမငံ၊ ဆက်ဆံမှုအတွက် ဆေးရုံကို သွားရောက်ပြသတဲ့ သူက တိုင်ကြားတဲ့အတွက် စိစစ်တဲ့အခါ မှန်ကန်ကြောင်း တွေ့ရတဲ့အတွက် ဌာနဆိုင်ရာအလိုက် အရေးယူဆောင်ရွက်ခဲ့ပါတယ်။ မြို့တစ်မြို့မှာတော့ ပြည်သူတစ်ဦးက ဆေးရုံတာဝန်ကျ အရာရှိများက ရိုင်းပျစွာဆက်ဆံခဲ့တဲ့အတွက် တင်ပြ တိုင်ကြားလာတဲ့အခါမှာ စိစစ်တဲ့အခါမှာ မှန်ကန်တဲ့အတွက် တာဝန်ရှိသူဝန်ထမ်းများကို အဆင့်ဆင့်သတိပေးဆုံးမ၊ အရေးယူမှုများ ဆောင်ရွက်ခဲ့ပါတယ်။ မြို့နယ်တစ်ခုမှာတော့ ပြည်သူတစ်ဦးက ရဲစခန်းကို အမှုတစ်ခု သွားရောက်တိုင်ကြားတဲ့အခါမှာ အမှုဖွင့်မပေးဘဲနဲ့ အမျိုးမျိုးပြောပြီးတော့ တိုင်ချင်တဲ့ဆီသွားတိုင်ဆိုပြီးတော့ မချေမငံ ပြောဆိုဆက်ဆံခြင်းအတွက် တိုင်ကြားလာတဲ့အတွက် စိစစ်ခဲ့ရာမှန်ကန်မှုရှိတဲ့အတွက် တာဝန်ရှိမှု ပြစ်မှုအလိုက် အရေးယူ ဆောင်ရွက်ခဲ့ပါတယ်။ တိုင်းတစ်တိုင်းမှာတော့ ပြည်သူတစ်ဦးက နိုင်ငံသားစိစစ်ရေး ကဒ်သွားရောက်လုပ်ဆောင်တဲ့အခါမှာ ဝန်ထမ်းအနေနဲ့စနစ်တကျ စိစစ်ဆောင်ရွက်ပေးမှု အားနည်းတဲ့အတွက် တာဝန်ရှိသူဝန်ထမ်းများကို တာဝန်အလိုက် အရေးယူဆောင်ရွက်ခဲ့ ပါတယ်။ စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်မှာ တာဝန်ခံအနေနဲ့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းမရှိဘူး၊ ရိုင်းပျစွာ ဆက်ဆံခဲ့သည့်အတွက် တာဝန်မှ ရပ်စဲခဲ့ရပါတယ်။ အလားတူ နောက်တစ်ဆိုင်မှာလည်းပဲ စက်သုံးဆီအရောင်းဆိုင်မှာ ဆက်ဆံရေးမပြေပြစ်ဘူး၊ ရိုင်းပျစွာ စနစ်တကျမရှိပဲ ဆက်ဆံတဲ့အတွက် တိုင်ကြားလာရာ စိစစ်တဲ့အခါမှာ မှန်ကန်ကြောင်း တွေ့ရတဲ့အတွက် နေရာရွှေ့ပြောင်း လိုက်ရပါတယ်။ ဒီလို တိတိကျကျနဲ့ တရားလို လုပ်ပေးမှ လည်း ကျွန်တော်တို့ အရေးယူလို့ရမှာ ဖြစ်ပါတယ်။ တရားလိုလုပ်မပေးဘဲနဲ့ တင်ပြရုံနဲ့တော့ ကျွန်တော်တို့ကဝင်ပြီး တရားလိုလုပ်ပေးပြီးမှ အရေးယူလို့ကတော့ အခက်အခဲရှိပါတယ်။ ဒီလို စိစစ်ဆောင်ရွက်တဲ့အခါမှာ ပြစ်မှုကျူးလွန်ကြောင်း မှန်ကန်သူများကို သက်ဆိုင်ရာပြစ်မှုအလိုက် ကျွန်တော်တို့ ထောင်ချထုတ်ပစ်ခြင်း၊ ရှုံ့ချထုတ်ပစ်ခြင်း၊ အငြိမ်းစားပေးခြင်း၊ အဆင့်လျှော့ချခြင်း၊

အဆင့်တိုးရပ်ဆိုင်းခြင်း၊ နယ်ပြောင်းရွှေ့ခြင်း၊ မှတ်တမ်းတင်သတိပေးခြင်း၊ နှုတ်ဖြင့်သတိပေးခြင်း တို့ကို လိုအပ်သလို အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်ပြီးတော့လည်း No one is above the law. Everyone is equal before the law ဆိုတဲ့အတိုင်း ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ထို့အတူ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ ဝန်ထမ်းများရဲ့ စနစ်တကျဆောင်ရွက်နေမှုများအပေါ် မနာလိုမရှုစိမ့်သူများကစည်းကမ်း၊ဥပဒေအေပြင်ဘက်ကနေ လုပ်ဆောင်လိုသူများမှ ဝန်ထမ်းများအား အကျင့်ပျက်စီးစေရန် စည်းရုံးဆောင်ရွက်ခြင်း၊ ဝန်ထမ်းများရဲ့ စည်းကမ်းတကျ ဆောင်ရွက်မှုအပေါ်မှာ နှောင့်နှေးကြန့်ကြာစေရန်အတွက် မဟုတ်မမှန်လုပ်ကြံတိုင်ကြားမှုများလည်း စိစစ်တွေ့ရှိနေရပါတယ်။ ၎င်းတို့၏တိုင်ကြားမှုအပေါ် အဖြစ်မှန်ပေါ်ပေါက်စေရေး အတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့များ စနစ်တကျအချိန်ကုန်၊ ငွေကုန် လူပန်းခံပြီး စိစစ်တဲ့အခါမှာ မှန်ကန်မှုမရှိသည့်အတွက် ဖြစ်စဥ်များကို ကျွန်တော်တို့က ပိတ်သိမ်းပြီးတော့ ထားခဲ့ရပါတယ်။ အဲဒီတော့ တိုင်တဲ့အခါမှာ အမည်၊ လိပ်စာအတုနဲ့ လိမ်လည် တိုင်ကြားထားခြင်းဖြစ်တဲ့အတွက် စိစစ်ဆောင်ရွက်၍ မရတဲ့မမှန်မကန်တိုင်ကြားတဲ့ အမှုများလည်း (၁၃၉)စောင် စိစစ်တွေ့ ရှိရပါတယ်။ အဲဒီလို မမှန်မကန်တိုင်ကြားသူများအား နောင်မှာ ဒီလိုမပြုလုပ်ရန်အတွက် မှတ်တမ်းတင် သတိပေးခဲ့ရပါတယ်။ နောင်ဆိုရင်တော့ ကျွန်တော်တို့ မနာလိုဝန်တိုမှု၊ လုပ်ကြံမှု အသရေဖျက်လိုမှုကြောင့် မမှန်မကန် တင်ပြတိုင်ကြားသူများကို ထိရောက်စွာ အရေးယူသွားမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တင်ပြတိုင်ကြားရာမှာ တိုင်ကြားသူရဲ့ လက်မှတ်၊ နာမည်၊ နိုင်ငံရေး စိစစ်ရေးကဒ်နံပါတ်၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းရှိရင်လည်း ဖုန်းနံပါတ်များ ထည့်သွင်းပေးရန် ဖြစ်ပါတယ်။ ဤကဲ့သို့ စနစ်တကျတိုင်ကြားမှုမရှိပါက အဆင့်မရှိတိုင်ကြားစာများဖြစ်၍ အရေးယူဆောင်ရွက်ပေးမည် မဟုတ်ကြောင်း တင်ပြလိုပါတယ်။ သို့ဖြစ်၍ နိုင်ငံတော်အစိုးရ အနေဖြင့် စနစ်တကျဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထုတစ်ရပ်လုံး အနေဖြင့်လည်း နိုင်ငံတော် အကျိုးအတွက် စေတနာမှန်ကန် တိကျစွာဖြင့် တင်ပြရေးကို နိုင်ငံတော်အဖွဲ့အစည်းများအားလုံး အနေနဲ့ ပြည်သူများကို အသိပညာပေးဆောင်ရွက်ရန် လိုအပ်ကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ထမ်းများရဲ့အရည်အသွေး တိုးတက်မြင့်မားရေးဟာ သက်သာ ချောင်ချိရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အပေါ်မှာ ယှဥ်တွဲနေတဲ့အတွက် ဝန်ထမ်းများ၏

ရပိုင်ခွင့်၊ စည်းမျဉ်းစည်းကမ်းများ၊ အချိန်ပိုလုပ်အားခ ဆုကြေးများလည်း ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ လှူဒါန်းလိုသူများရဲ့ လှူဒါန်းမှုများကို လက်ခံ၍ အောက်ခြေဝန်ထမ်းများ အား ပံ့ပိုးထောက်ပံ့ ပေးကမ်းခြင်းများလည်း အခါအားလျော်စွာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စည်းကမ်းနှင့်ပတ်သက်၍လည်း အများပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရတဲ့ နေရာ ဌာနများမှာ အဆင်မပြေမှုများရှိပါက အထက်အရာရှိများ၊ တာဝန်ရှိသူများနဲ့ တိုက်ရိုက် တွေ့ဆုံခြင်း၊ တင်ပြခြင်းများ ပြုလုပ်နိုင်ခြင်း၊ အကြံပြုစာများ ရေးသား၍ ပေးပို့နိုင်ရန် စာတိုက်ပုံးများထား ရှိခြင်း၊ ဥပမာ ဝန်ကြီးဌာနများ၊ ဘဏ်များ၊ စာတိုက်များ၊ လျှပ်စစ်မီတာခ သွင်းတဲ့ဌာနများ၊ ဆေးရုံများ၊ ဘတ်(စ်)ကားများ၊ မော်တော်ဆိပ်၊ ဘူတာရုံများ၊ လေဆိပ်များတွင် ထားရှိဆောင်ရွက် ပေးလျက်ရှိပါတယ်။

ထို့အပြင် ဝန်ထမ်းများအတွက် အသက်သွေးကြောဖြစ်ပြီး၊ ခါးဝတ်ပုဆိုး ကဲ့သို့ မြဲမြံစွာ သိရှိလိုက်နာကြစေရန်အတွက် ၂၀၀၄ ခုနှစ်တွင် ဝန်ထမ်းကျင့်ဝတ်စာစောင်ကို နိုင်ငံ့ဝန်ထမ်း များအား အခမဲ့ဖြန့်ဝေပေးပြီး ဖြစ်ပါတယ်။ ဝန်ထမ်းကျင့်ဝတ်ရဲ့ အဓိကဖြစ်တဲ့ အကျင့်၊သီလ၊ သိက္ခာ ပြည့်ဝစေရေးအတွက် ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ ဆွေးနွေးပွဲ၊ ဟောပြောပွဲများ ကျင်းပခြင်း၊ ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စာမေးပွဲများကို အခါအားလျော်စွာ ကျင်းပစစ်ဆေးခြင်း၊ အဆင့်မြှင့် လုပ်ငန်းခွင်သင်တန်းများကို ဝန်ကြီးဌာနအလိုက် ဖွင့်လှစ်သင်ကြား လေ့ကျင့်ပေးခြင်းတို့ကို မျက်ခြေမပြတ်ဆောင်ရွက် ပေးလျက်ရှိပါတယ်။ ထို့အပြင် နိုင်ငံတော်အစိုးရအနေဖြင့် အချို့သောဝန်ကြီးဌာနများအလိုက် ကျင့်သုံးနေတဲ့ လုပ်ထုံးလုပ်နည်း အဆင့်ဆင့်ဆောင်ရွက် နေရခြင်းများကြောင့် ကြိုးနီစနစ်ကဲ့သို့ ဖြစ်နေခြင်း၊ ဝန်ထမ်းကိုယ်တိုင်က မိမိလုပ်ပေးမှ ရမည့်သဘော ယူဆသွားခြင်းတို့ကို ပြုပြင်ရန်အတွက် ခေတ်ကာလနှင့်အညီ ပြင်ဆင်ရေးဆွဲ ဆောင်ရွက်လျက်ရှိပါတယ်။ စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ယူမှုဟာ ကောင်းတဲ့စနစ် ဖြစ်သော်လည်းပဲ အချိန်မီပြီးစီးမှုမရှိခြင်း၊ အချိန်ဆွဲ၍ ဝန်ထမ်းကို အကျင့်ပျက်စေသော အခြေအနေများသို့ တွန်းပို့မှုမဖြစ်စေရေးအတွက် One Stop Service ဖြစ်အောင် လုပ်ကိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါတယ်။၎င်းအပြင် e-Government ကို တစ်နှစ်ပြီးတစ်နှစ် တိုးချဲ့ ဆောင်ရွက်သွားခြင်းဖြင့် ရုံးလုပ်ငန်းများကို ရှင်းလင်းပြီး ဝန်ထမ်းများရဲ့ အရည်အသွေးကိုပါ မြှင့်တင်ပေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အစိုးရအဖွဲ့ဟာ တစ်နှစ်သားသာရှိပါသေးတယ်။ ဒါကြောင့် ဒီမိုကရေစီအလေ့အကျင့် ရင့်ကျက်လာတာနှင့်အမျှ ပြုပြင်သင့်သည်များ၊ ဖြည့်စွက် ပြင်ဆင်သင့်သည်များ ပြုပြင်ရင်း နိုင်ငံ့ဝန်ထမ်းများအား အရည်အသွေးမြှင့်တင်ပေးစေခြင်းဖြင့် နိုင်ငံတော်အစိုးရဌာနများပေါ် ပြည်သူများက အမြင်ရှင်းပြီးတော့ ယုံကြည်အားကိုးလာစေရေး ကို နိုင်ငံတော်အစိုးရအနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြရင်း ဖြေကြား အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၃၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း တင်သွင်းတဲ့ အစိုးရဌာနများနှင့် နိုင်ငံ့ဝန်ထမ်းများကို ပြည်သူက ပိုမိုယုံကြည်အားကိုးမှုရှိလာစေရန် ပြည်ပနိုင်ငံအချို့၏ ကောင်းသော စနစ်များကို အတုယူဆောင်ရွက်ပြီး သန့်ရှင်းသောအစိုးရနဲ့ ကောင်းမွန်သောစနစ်အတွက် အထောက်အကူဖြစ်စေရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပါမယ်။ ဒီလိုဆောင်ရွက်ရာမှာ ဆန္ဒမဲပေးခြင်း ကို အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေ ခွဲငယ်(၃)အရ မတ်တတ်ရပ်၍ ဆန္ဒပြုတဲ့နည်းလမ်းနဲ့ လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။

ယခုအဆိုကို ထောက်ခံတဲ့ပုဂ္ဂိုလ်များ မိမိတို့နေရာမှာ မတ်တတ်ရပ်ပြဖို့ ဖြစ်ပါတယ်။

[လွှတ်တော်ကိုယ်စားလှယ်များက မတ်တတ်ရပ်ပြပါသည်။]

အားလုံးထိုင်နိုင်ပါပြီ။

မတ်တတ်ရပ်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ ၄၀ ဦးနဲ့အထက် ရှိတဲ့အတွက် ဦးမြင့်ထွန်း ရဲ့အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ဦးညာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ အရည်အချင်း ပြည့်ဝသော ရှေ့နေများပေါ်ထွန်းလာရေးအတွက် အစီအမံများဆောင်ရွက် ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့် /မသင့် အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၅း၃၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးညာဏ်လင်း က အရည်အချင်း ပြည့်ဝသော ရှေ့နေများ ပေါ်ထွန်းလာရေးအတွက် အစီအမံများ ဆောင်ရွက်ပေးပါရန် နှင့် စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

**အချိန်၊ ၁၅း၃၃။**

**ဦးညာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစား အပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုအပ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးညာဏ်လင်း က အရည်အချင်းပြည့်ဝတဲ့ရှေ့နေများ ပေါ်ထွန်းလာရေးအတွက် အစီအမံများ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းပါကြောင်းအဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ မူလအဆိုခေါင်းစဉ်ဖြစ်တဲ့ ရှေ့နေကောင်းများ ပေါ်ထွန်းလာရေးအစား အရည်အချင်းပြည့်ဝ သော ရှေ့နေများပေါ်ထွန်းလာရေးဟု ဥက္ကဋ္ဌကြီးက ပြင်ဆင်ပေးခဲ့ပါတယ်။ အရည်အချင်းပြည့်ဝ သော အသုံးအနှုန်းဟာ အသွင်သဏ္ဌာန်ရော၊ အနှစ်သာရပါ ပိုမိုသင့်လျော် ကောင်းမွန်တဲ့ အတွက် ဥက္ကဋ္ဌကြီးကို ကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံဟာ ယခုအချိန်ကာလမှာ ပြည်သူ့အစိုးရက ပြည်သူ့အကျိုးစီးပွား ဦးထိပ်ထားပြီး ကဏ္ဍစုံတိုးတက်ဖို့ တည်ဆောက်ကြိုးပမ်းလျက် ရှိနေပြီ ဖြစ်ပါတယ်။ တရားစီရင်ရေးကဏ္ဍမှာလည်း တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲအရာရှိများ၊ ရှေ့နေရှေ့ရပ်များဟာ ခေတ်ပြောင်း ၊ စနစ်ပြောင်းချိန်မှာ ပြည်သူ့အကျိုးပြု ပုဂ္ဂိုလ်များအဖြစ် တရားရေးမဏ္ဍိုင် မတိမ်းစောင်းဖို့အတွက် ဆောင်ရွက် သွားကြရမှာ ဖြစ်ပါတယ်။ ဥပဒေနှင့် အညီ

ပြည်သူတို့၏ ရပိုင်ခွင့်၊ ခံစား ပိုင်ခွင့်များကို ဆောင်ရွက်ပေးကြမယ့် ဥပဒေပညာရှင်များဟာ အရည်အချင်းပြည့်ဝတဲ့ရှေ့နေများ ပိုမိုထွန်းကားလာရေးအတွက်အရေးကြီး လိုအပ်လာ ပါတယ်။ အရည်အချင်းပြည့်ဝတဲ့ ရှေ့နေများ စကားရပ်ဟာ ဥပဒေဘာသာရပ်နှင့် ဥပဒေပညာရပ်တို့ကို ကျွမ်းကျင်တတ်မြောက်ခြင်းနှင့် အမှုသည်များအပေါ် စိတ်စေတနာကောင်းဖြင့် ပြောဆိုဆက်ဆံ တတ်တဲ့ ဥပဒေနှင့်အညီ လမ်းညွှန် ကူညီတတ်တဲ့ တရားရေးမဏ္ဍိုင်ကို ဦးထိပ်ထားတဲ့ ရှေ့နေများ ကို ဆိုလိုခြင်းဖြစ်ပါတယ်။ တရား လွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေ စတဲ့ ရှေ့နေများ၏ ဥပဒေ အကျိုးဆောင်လုပ်ငန်းဟာ တရားစီရင်ရေးမှာ တရား မျှတမှန်ကန်မှု ရရှိစေရေးအတွက် ဆောင်ရွက်ပေးရတဲ့ မွန်မြတ် တဲ့ အသက်မွေးဝမ်းကြောင်းလုပ်ငန်းတစ်ရပ် ဖြစ်ပါတယ်။ ရှေ့နေ များဟာ မိမိတို့ရဲ့ အမှုကိစ္စများကို ယုံကြည်စွာအပ်နှံကြတဲ့ ပြ ည်သူများအပေါ်မှာ သစ္စာရှိဖို့နဲ့ တရားရုံးအပေါ်မှာလည်း သစ္စာ ထားရှိပြီး ပြည်သူ့အကျိုး ကို ဥပဒေရှုဒေါင့် က ညွှန်ပြ ပေးရမည့် သူများ ဖြစ်ပါတယ်။

ရှေ့နေများဟာ တရားစီရင်ရေးမဏ္ဍိုင်၏ အရေးပါတဲ့အစိတ်အပိုင်း တစ်ရပ်ဖြစ်ဖို့ အတွက် ဥပဒေများ၊ တရားစီရင်ထုံးများကို အမြဲမပြတ်လေ့လာ ဆည်းပူးပြီး မိမိအမှုသည်ရဲ့ အကျိုးဖြစ်ထွန်းစေရေးကို ပညာ ဝိရိယကို အခြေပြုဖို့ ဥပဒေနှင့်အညီ ရိုးရိုးသားသား ၊ တည်တည်ကြည်ကြည်၊ သိက္ခာရှိရှိ ဆောင်ရွက်ကြဖို့ လိုအပ်လှပါတယ်။ ရှေ့နေများဟာ မိမိတို့လေ့လာဆည်းပူး တတ်မြောက်ခဲ့တဲ့ ဥပဒေပညာရပ်နှင့် လက်တွေ့ဆောင်ရွက်မှုများ အပေါ်မှာ မေးမြန်းစူးစမ်းနိုင်ဖို့အတွက် တတ်ကျွမ်းနားလည်တဲ့ ဆရာကောင်းများ လည်း ရှိရန်လည်း လိုအပ်ပါတယ်။ ပညာရပ်နှင့် ဝိရိယကို အားကိုးဖို့ ရှေ့နေကျင့်ဝတ်နှင့်အညီ မိမိအမှုသည်များရဲ့ဥပဒေပါ အကျိုးခံစားခွင့်ကို ဖော်ထုတ်ပြီး အဆုံးအဖြတ်ပြုမည့် တရားသူကြီး ထံ လျှောက်လဲတင်ပြ ကြရမှာ ဖြစ်ပါတယ်။ နှစ်ဦးနှစ်ဖက် ရှေ့နေတို့က စစ်ဆေးဖော်ထုတ် လျှောက်လဲတင်ပြမှု မှန်ကန်မှသာ ဥပဒေ အကြောင်းခြင်းရာ ပြဿနာတို့အတွက် အဆုံးအဖြတ် ပြုမည့် တရားသူကြီးတို့က အဂတိကင်းစွာ စီရင်ဆုံးဖြတ်ပေး နိုင်မှာဖြစ်ပါတယ်။ သို့မှသာ အငြင်းပွားနေတဲ့ အမှုသည်တို့ဟာ တရားဥပဒေအရ ခံစားခွင့်ရှိတဲ့ အကျိုးရလဒ်ကို ပြည့်ပြည့်ဝဝ ရရှိနိုင်မှာဖြစ်ပါတယ်။ ဒီလို မှန်မှန်ကန်ကန်ရှိမှသာလျှင် အမှုသည်နှင့် သက်ဆိုင်သူများ စိတ်ဝင်စားကြတဲ့ ပြည်သူတွေက တရားစီရင်ရေးအပေါ်မှာ ယုံကြည်အားကိုးလာကြမှာဖြစ်ပါတယ်။ အဂတိကင်းစင်ပြီး ဖြောင့်မတ်မှန်ကန် တဲ့ တရားစီရင်ရေးစနစ် ပေါ်ထွန်းလာဖို့ အတွက်

ရှေ့နေတို့ရဲ့ ကဏ္ဍက လွန်စွာအရေးပါကြောင်း နဲ့ ရှေ့ နေကောင်းဖြစ်ဖို့ ထင်ရှားနေပြီဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အရည်အချင်းပြည့်ဝတဲ့ ရှေ့နေကောင်းများ ပေါ်ထွန်းလာဖို့အတွက် အချက်(၃)ချက်ကို အကြံပြုတင်ပြလိုပါတယ်။ ပထမအချက်ကတော့ အလုပ်သင်ရှေ့နေတို့ကို လမ်းညွှန်သင်ပြပေးတဲ့ဆရာများ Master များနှင့် ဝါရင့်ရှေ့နေကြီးများ Senior တို့က ရှေ့နေ အတွေ့အကြုံ နုသေးသည့် ရှေ့နေ များ Junior များကို မေတ္တာစေတနာဖြင့် သွန်သင်ဆုံးမခြင်း ပညာရပ်အတွေ့အကြုံ ဝေငှခြင်းတို့ကို ဆောင်ရွက်နိုင်ရန် ဒေသအလိုက် အလျဥ်းသင့်ရင် သင့်သလို ဆွေးနွေးပွဲများ၊ Work shop များ ကျင်းပပေးခြင်း။ ဒုတိယအချက်ကတော့ ရှေ့နေများအသင်း အသင်းဝင်ရှေ့နေများ နဲ့ မိသားစုဝင်များရဲ့ လူမှုရေးကိစ္စများ ဆောင်ရွက် နိုင်ရေး၊ နိုင်ငံတော် သစ်တည်ဆောက်တဲ့အခါမှာ တစ်ထောင့်တစ်နေရာက အကျိုးပြုပါဝင်နိုင် ရေးတို့အတွက် ရှေ့နေများအသင်း အလုပ်အမှုဆောင်အဖွဲ့ကို ယခင်ကထက် ပိုပိုပြင်ပြင် ဖွဲ့စည်း ပြီး ဥပဒေနှင့်အညီ ဆောင်ရွက်စေခြင်း။ တတိယအချက်ကတော့ အခွင့်အလမ်းသင့်တဲ့အခါတိုင်း တိုင်းဒေသကြီး /ပြည်နယ် ဝန်ကြီးချုပ်၊ တရားလွှတ်တော် တရားသူကြီးချုပ်၊ ဥပဒေချုပ် နှင့် အထက်အဆင့်ပုဂ္ဂိုလ်ကြီးများက ရှေ့နေများကို ဖိတ်ကြားတွေ့ဆုံပြီး လမ်းညွှန်အမှာ စကားများ ပြောကြားခြင်းတို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ အရည်အချင်းပြည့်ဝတဲ့ ရှေ့နေများ များစွာပေါ်ထွန်းလာမှ ပြည်သူတို့ရဲ့ တရားဥပဒေနှင့်အညီ ခံစားခွ င့်အကျိုးကို ပြည့်ဝစွာရရှိခံစား နိုင်ခြင်း၊ အဂတိ ကင်းစင်သည့် တရားစီရင်ရေးစနစ်ကို စိတ်ချ၊ ယုံကြည်၊ အားကိုးလာမည် ဖြစ်ခြင်း၊ ဥပဒေဟာလည်း ထ က်မြက်လာပြီး ပြည်သူတို့ လေးစားလိုက်နာ တိုးတက်လာမှာ ဖြစ်ခြင်း စသည်တို့ကြောင့် အရည်အချင်း ပြည့်ဝတဲ့ ရှေ့နေများ ပေါ်ထွန်းလာရေးအတွက် အစီအမံများ ဆောင်ရွက်ပေးပါရန် ပြည်ထောင် စုအစိုးရအား တိုက်တွန်းပါကြောင်း အဆိုကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ တင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၅း၄၀။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဆက်လက်ဆောင်ရွက် ဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၄၀။**

**ဦးအောင်ချစ်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)က ဦးအောင်ချစ်လွင် ဖြစ်ပါတယ် ။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်း တင်သွင်းသွားတဲ့ အရည်အချင်းပြည့်ဝ သော ရှေ့နေ ကောင်းများ ပေါ်ထွန်းလာရေးအတွက် အစီအမံများဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံအပ်ပါတယ်။

**အချိန်၊ ၁၅း၄၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးဉာဏ်လင်း တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသွား ပါတယ်။ အဆိုမှာ “အရည်အချင်း ပြ ည့်ဝသော ရှေ့နေများပေါ်ထွန်း လာရေးအတွက် အစီအမံများ ဆောင်ရွက်ပေးပါရန်” ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကိုလက်ခံဆွေးနွေးဖို့သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် များ ရှိပါသလား ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးဉာဏ်လင်း ရဲ့ အဆို ကို လက်ခံဆွေးနွေးရန် လွှတ်တော် က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၄၁။**

**ဥက္ကဋ္ဌ။** ။ ဦးညာဏ်လင်း တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## ဒေါက်တာမြတ်ညာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)၏ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် အသက်အန္တရာယ်အများအပြား ဆုံးရှုံးသည်အထိ ယာဉ်မတော်တဆမှုများဖြစ်ပွားနေပါ၍ အရေးပေါ် ကယ်ဆယ်ရေးယူနစ်များ စီမံထားရှိ ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၅း၄၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ညာဏစိုး က ရန်ကုန်-မန္တလေးအမြန် လမ်းမကြီးတွင် အသက် အန္တရာယ်အများအပြား ဆုံးရှုံးသည် အထိ ယာဉ်မတော်တဆမှုများ ဖြစ်ပွားနေပါ၍ အရေးပေါ် ကယ်ဆယ်ရေး ယူနစ်များ စီမံထားရှိပေးရန် နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။ ဒေါက်တာမြတ်ညာဏစိုး အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၄၁။**

**ဒေါက်တာမြတ်ညာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကို ယ်စားလှယ်များကို မင်္ဂလာနေ့လယ်ခင်းပါလို့ ထပ်မံနှုတ်ခွန်းဆက်သအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အမျိုးသားလွှတ်တော်သို့ တင်သွင်းမယ့်အဆိုကတော့ ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်းမကြီးမှာအသက်အန္တရာယ် အများအပြား ဆုံးရှုံးသည်အထိ ယာဉ် မတော်တဆ မှုများ ဖြစ်ပွားနေပါ၍ အရေးပေါ် ကယ်ဆယ်ရေးယူနစ်များ စီမံထားရှိပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆို

ဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုနဲ့ ပတ်သက်လို့ တိုတိုနဲ့လိုရင်း ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော်ကို ဖြတ် သန်းသွားတဲ့ ရန်ကုန် -မန္တလေး အမြန်လမ်းမကြီးကို နိုင်ငံတော်ကနေ ပြီးတော့ အထူးစီမံကိန်းတစ်ရပ်အဖြစ် ဖော်ဆောင်ပေးတဲ့ အခါမှာ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေ ချောမွေ့ပြီးတော့ ပြည်သူတွေအချိန်တိုအတွင်းမှာ ခရီးပေါက်ခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမဲ့ အမြန်လမ်းမကြီးဖြစ်သည်နှင့်အညီ ဒီအမြန်လမ်းမကြီး အပေါ်မှာ မော်တော်ယာဉ်များဟာ ကီလိုမီတာ (၁၀၀)ထိ မောင်းနှင်နေတာ ဖြစ်ပါတယ်။ နောက် ဒီလမ်းမကြီးကို ဖြတ်သန်းပြီးတော့ ခရီးသည် တင်ယာဉ်များလည်း များပြားစွာပြေးဆွဲနေတာ ဖြစ်ပါတယ်။ ဒီတစ်ခါကျတော့ ကျွန်တော်တို့ ယာဉ်မောင်းတွေရဲ့ မဆင်မခြင်မောင်းနှင်မှုတွေနဲ့ ယာဉ်ကြံ့ခိုင်မှု အားနည်းမှုတွေကြောင့် အသက်အန္တရာယ်ဆုံးရှုံးတဲ့အထိ ယာဉ်တိုက်မှုတွေ ကြုံတွေ့နေရပါတယ်။ ဒီလိုအသက်အန္တရာယ်ဆုံးရှုံးတဲ့နေရာမှာ ပြည်ပနိုင်ငံသားတွေ အပါအဝင် နောက်ပြီးခဲ့တဲ့ တစ်လောက ကျွန်တော်တို့ မန္တလေးအထ်နားမှာဖြစ်သွားတဲ့ ခရီးသည်တင်ယာဉ်ကြီး တိမ်းမှောက်မှုမှာလည်း လူဦးရေမြောက်များစွာ အသက်ဆုံးရှုံးသည်အထိ ကြုံတွေ့နေရပါတယ်။ ဒီဟာကတော့ ဒါ အမြန်လမ်းမကြီး ရဲ့ သဘောသဘာဝအရ ဒီလိုမျိုး အသက်အန္တရာယ် ဆုံးရှုံးတဲ့ အထိ ယာဉ်တိုက်မှု ၊ ယာဉ်အန္တရာယ်ဆိုတာကတော့ ကြုံတွေ့နေရမှာ ပဲဖြစ်ပါတယ်။ ဒါပေမဲ့ တစ်ဖက်ကပြန်ကြည့်ပြန်တော့လည်း အမြန်လမ်းမကြီးဖြစ်တာနဲ့အညီ မြို့ရွာတွေနဲ့အလှမ်းဝေးတဲ့ အတွက်ကြောင့်မို့လို့ ကယ်ဆယ်ရေးတွေ ဆောင်ရွက်ရတဲ့နေရာမှာ အချိန်မီမဆောင်ရွက်နိုင်တဲ့ အနေအထားတွေလည်း တွေ့ရှိပါတယ်။ ဒီ အမြန်လမ်းမကြီးတစ်လျှောက်မှာ သက်ဆိုင်ရာ အပိုင်ရဲစခန်းတွေရှိရပါတယ်ဥက္ကဋ္ဌကြီးခင်ဗျား။ ဘယ်ရဲစခန်းနယ်မြေဆိုပြီးတော့သတ်သတ်မှတ်မှတ် ထားရှိပါတယ်။ အဲဒီခါကျတော့ ယာဉ်တိုက်မှုဖြစ်စဉ်တစ်ခု ဖြစ်တဲ့အခါကျရင် တာဝန်ကျ ရဲဝန်ထမ်းတွေဟာ သွားရောက်ရပါ တယ်။ အဲဒီတော့ တစ်ပိုင်းကလည်း တာဝ န်ကျရဲဝန်ထမ်း တွေကို ရှေးဦးသူနာပြုစုနည်း တွေ သင်ကြား ပေးထားတယ်။ First Aid သင်ကြားပေးထားတယ် ဆိုပေမယ့် ဒီလိုမျိုးယာဉ်တိုက်မှုဖြစ် စဉ်ကြီးတွေမှာကျတော့ ကယ်ဆယ်ဆောင်ရွက် ပေးနိုင်စွမ်း မရှိပါဘူး။ ဒါလုပ်ငန်းသဘာ ဝအရကို မတူညီလို့ပါ။ နိုင်ငံတကာမှာတော့ ဒီလိုလမ်းမမျိုးမှာ ဆိုရင် Rescue Team လို့ခေါ်တဲ့ Emergency Rescue Team (ERT) ဆိုတဲ့ ယူနစ်တွေကို ထူထောင်ထားရှိပါတယ်။ ဒီလိုနေရာမှာ လူနာတ င်ယာဉ်ပါဝင်ရပါတယ်။ မီးသတ်ယာဉ်ပါဝ င် ရပါတယ်။ နောက်တစ်ခါ ယာဉ်ပျက်ဆွဲဖို့ နောက်တစ် ခါ ယာဉ်တွေကို ကျွန်တော်တို့

ညပ်နေတဲ့အခါမှာ ဆွဲထုတ်ဖို့အတွက် ဒါ မီးသတ်ယာဉ်မှာ ဒီ ပစ္စည်းကိရိယာတွေ အစုံအလင်ပါရှိပြီးဖြစ်ပါတယ်။ Press တို့၊ Cutter တို့ပါရပါတယ်။ နောက်အရေးပေါ် ကုသပေးနိုင်မယ့် ဆရာဝန်၊ သူနာပြုအစရှိသည်ဖြင့် နောက်တစ်ခါ အောက်ဆီဂျင် ဒီလိုမျိုး ကယ်ဆယ်ရေး စက်ပစ္စည်းတွေကို တပ်ဆင်ပြီးတော့ ထားရပါတယ်။ အဲဒီတော့ ဒီ ရန်ကုန်-မန္တလေး လမ်းပိုင်းကြီး တလျှောက်မှာဆိုရင် ရန်ကုန်နှင့်နေပြည်တော်ကြားမှာ နှစ်နေရာ လောက်၊ နေပြည်တော်နှင့် မန္တလေးကြားမှာ နှစ်နေရာလော က်ထူထောင်ထားရှိပေးမယ်ဆိုရင် ယာဉ်တိုက်မှုဖြစ်စဉ်တွေ အပေါ်မှာ ကုသစောင့်ရှောက်ပေးမှု ပိုမိုဆောင်ရွက်လာနိုင်မယ်လို့ ရိုးရိုးသားသား ထင်မြင်တဲ့ အတွက် တင်ပြခြင်းဖြစ်ပါတယ်။

ဒီလိုတင်ပြတဲ့အခါမှာလည်း တစ်ဖက်မှာ ဒီ ဌာနတွေကို ဘယ်အဖွဲ့အစည်းက စီမံကွပ်ကဲမှာလည်း နောက်တစ်ခါ ဝန်ထမ်းခန့်ထားဖို့ ဖွဲ့စည်းပုံမရှိနိုင်ဘူး။ ဒီလိုအခြေအနေ မျိုးတွေ ရှိနိုင်မယ်ဆိုတာကိုလည်း သုံးသ ပ်မိပါတယ်။ ကျွန်တော်တို့ ဒီ ရန်ကုန် -မန္တလေး အမြန်လမ်းမကြီးပေါ်မှာ နေ့စဉ်ဖြ တ်သန်းသွားနေတဲ့ ယာဉ်တွေဟာဆိုရင် ယာဉ်စီးရေ (၂၀၀၀)ကျော်ရှိပါတယ်လို့ မှတ်သားမိပါတယ်။ ယာဉ်အစီးရေ(၂၀၀၀)ကျော်ကို တစ်စီးကို(၂၀၀) လောက်ပဲ ကောက်မယ်ဆိုရင်တောင် တစ်နေ့ကို (၄၀၀၀၀၀)၊ တစ်လဆိုရင် သိန်း (၂၄၀)ရမှာပါ။ အဲဒီအတွက် ဒီဝန်ထမ်းတွေအတွက် လစာစရိတ်၊ အဆောက်အဦ ပြင်ဆင်ထိန်းသိမ်းစရိတ် ဒါမျိုးတွေဟာ ဒီပေါ်ကနေပြီးတော့ ပြန်ပြီးကျခံသုံးစွဲနိုင်မယ့် အနေအထားရှိပါတယ်။ အဲဒီတော့ ဘယ်လိုဖွဲ့စည်းပုံ အခက်အခဲမျိုးရှိသည်ဖြစ်စေ ဒီလို ယာဉ်အန္တရာယ်မတော်တဆမှုမျိုး ကြုံတွေ့နိုင်စရာ ဒီလောက် Speed နဲ့ မြန်မြန်မောင်းနိုင် စရာလည်း လက်ရှိမှာတော့ ဒီ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်ခုပဲ ရှိနေပါသေးတယ်။ မြန်မာနိုင်ငံမှာ တည်ရှိနေပါသေးတယ်။ နောက်ပြီးတဲ့အခါကျတော့မှလည်း ဒီလမ်းမကြီးကို ပဲ အမှီအဟဲပြုပြီးတော့ ခရီးသည်တွေ အများအပြား သွားလာနေ ရတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော် အဆိုပြုတင်ပြတဲ့ ကယ်ဆယ်ရေးယူနစ်လေးခုလောက်ကိုတော့ လမ်း ပိုင်းတစ်လျှောက် သင့်လျော်သည့် လေးနေရာ ခန့်မှာ အများပြည်သူအကျိုးငှာ ဖွဲ့စည်းထူထောင်ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် နိုင်ငံတော်အစိုးရကို တိုက်တွန်းတဲ့ အဆိုတစ်ရပ်ကို လေးလေးနက်နက် ပန်ကြားတင်ပြ အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဆက်လက်ဆောင်ရွက် ဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၄၉**။

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ရန်ကုန် တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာမှာ အမြန်လမ်းကြီးတွေမှာ ကျွန်တော်တို့ ဘေးအန္တရာယ်ဖြစ်စေနိုင်တဲ့ ဒီနေရာတွေမှာလိုအပ်တဲ့ နေရာတွေမှာ သံဘောင်ကြီးတွေကာထားရပါတယ်။ နောက် ပြီးတော့လည်း ကျွန်တော်တို့ နိုင်ငံတကာ အမြန်လမ်းမကြီး တွေမှာဆိုလို့ရှိရင် တာယာပွန်းစားမှု သက်သာအောင် လို့အတွက် ကွန်ကရစ်လမ်းပေါ်မှာ ကတ္တရာထပ်ပိုးလွှာအချောထပ်ပြီးတော့ခင်းထားရပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ရှိတဲ့အမြန်လမ်းမကြီးတွေ မှာ ဒီအချက်အလက်တွေ မပြည့်စုံသေးပါဘူး။ ဒီလိုမပြည့်စုံတဲ့အတွက် ဥပမာ သံဘောင်တွေမရှိတဲ့အတွက် ကားတွေချောက်ထဲကျပြီးဒုက္ခရောက်တာတွေရှိပါတယ်။ပြီးခဲ့တဲ့(၁)နှစ် ကျော်လောက်က ဂျပန်နိုင်ငံသား သွားအထူးကု ဆရာ ဝန်(၁)ယောက် အသက် (၄၀)ကျော် လောက်ပဲရှိပါတယ်။ သူမောင်းတဲ့ကားက ကျွန်တော်တို့ လမ်းညွှန်ဆိုင်းဘုတ်ကို အနီးကပ်မှ သူတွေ့လိုက်ရတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဖုန်းမြင့်အောင် ဆွေးနွေးမယ့် အချိန်မဟုတ်သေးဘူး။ ထောက်ခံရင် ထောက်ခံသလောက်ပဲပြောပါ။

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ ဟုတ်ကဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ထောက်ခံပါတယ်။

**အချိန်၊ ၁၅း၅၀**။

**ဥက္ကဋ္ဌ**။ ။ ဆွေးနွေးတဲ့အချိန်ကျတော့ အပြည့်အစုံနဲ့ ခပ်ဖြေးဖြေးလေး ဆွေးနွေးပေါ့နော်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒေါက်တာ မြတ်ဉာဏစိုး တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကို ယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ

"ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် အသက်အန္တရာယ်အများအပြား ဆုံးရှုံး သည့်အထိ ယာဉ်မတော်တဆမှုများ ဖြစ်ပွားနေပါ၍ အရေးပေါ်ကယ်ဆယ်ရေး ယူနစ်များ စီမံထားရှိပေးရန်" ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုဖြစ်ပါတယ်။ ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ဒေါက်တာမြတ်ဉာဏစိုး ရဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒေါက်တာမြတ်ဉာဏစိုး တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော် ဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ဝန်ထမ်းအဖွဲ့အစည်း အချို့အား ဖျက်သိမ်းခြင်း၊ ချုံ့ခြင်း၊ ချဲ့ခြင်းနှင့် အသစ်ဖွဲ့စည်းခြင်းများ စနစ်တကျပြုလုပ်ပြီး နိုင်ငံဝန်ထမ်းများ၏တာဝန်၊လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် အဆောင်အယောင်များ၊ လစာနှုန်းထားများကို နိုင်ငံ တကာစံ၊ ဒေသတွင်းနှင့် အရှေ့တောင်အာရှစံ ဖြစ်ရေး လုပ်ဆောင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၅း၅၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင် ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှဒေါက်တာအေးမောင်က ဝန်ထမ်း အဖွဲ့အစည်း အချို့အား ဖျက်သိမ်းခြင်း၊ ချုံ့ခြင်း၊ ချဲ့ခြင်းနှင့် အသစ်ဖွဲ့စည်းခြင်းများ စနစ်တကျ ပြုလုပ်ပြီး နိုင်ငံ့ဝန်ထမ်းများ၏တာဝန်၊

လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် အဆောင်အယောင်များ၊ လစာနှုန်းထားများကို နိုင်ငံတကာစံ၊ ဒေသတွင်းနှင့် အရှေ့တောင် အာရှစံဖြစ်ရေး လုပ်ဆောင်ရန် နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

**ဥက္ကဋ္ဌ။** ။ ယခု ဒေါက်တာအေးမောင် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၅၁။**

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေရန် ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် အနေနဲ့ ဒီ ဇန်နဝ ါရီလ(၂၃)ရက်နေ့က ယခု လိုတင်ပြထားခဲ့တဲ့ အဆိုကို ဒီနေ့ ဆွေးနွေးခွင့်ရလို့ ကျေးဇူးတင်ကြောင်းဦးစွာ တင်ပြချင်ပါတယ်။ အဲဒီတော့ ဒီအဆိုနဲ့ ပတ်သက်လို့ မပြောခင်မှာ ကျွန် တော်တို့ရဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး အဆိုပြုခဲ့တဲ့ နိုင် ငံ့ဝန်ထမ်းများနဲ့ပတ်သက်တဲ့ လစာနှုန်း ထားပြုပြင်ပေးဖို့ ကိစ္စရယ်၊ ခုန က အစ်ကိုကြီး ဦးမြင့်ထွန်း ဆွေးနွေးခဲ့တဲ့ သန့်ရှင်းတဲ့အစိုးရနဲ့ ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ် ပုံဖော်ဖို့ကိစ္စရယ်၊ အကုန်လုံးဟာ ကျွန်တော်တို့ရဲ့ ဝန်ထမ်းလောက အခုကျွန်တော် ဆွေးနွေးမယ့် အပိုဒ်လေးတွေနဲ့လည်း ဆက် စပ်ထိတွေ့မှုရှိမှာမို့လို အကုန်လုံးကို ခြုံ ငုံသုံးသပ်ပြီးကာမှ ကျွန်တော်တို့ရဲ့ နိုင်ငံတော်ကြီး ကောင်းသည်ထက်ကောင်း လာအောင် ဝန်ထမ်းအဖွဲ့အစည်း ကျစ်လစ်ခိုင်မာပြီး ကျွန်တော်တို့ရဲ့ ကောင်းမွန်တဲ့ အစိုးရ၊ ကောင်းမွန်တဲ့အုပ်ချုပ်မှုစနစ်ကို ပုံဖော်နိုင်အောင် အ ဂတိတရားကင်းပြီးကာမှ အတ တ်နိုင်ဆုံးကင်းပြီး ကျွန်တော်တို့ ရဲ့ ဝန်ထမ်း အဖွဲ့အစည်းရဲ့ အုပ်ချုပ်မှုစနစ်ကြီး ခိုင်မာလာအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော် တင်သွင်းတာဖြစ်တယ်။ အဲဒီလို ကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ကျွန်တော်တို့ ဒါ မိခင်ဥပဒေပါ။ အဲဒီတော့ ဖွဲ့စည်းပုံအခြေခံ ဥပဒေသွားရာလမ်းကို ကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေက နိုင်ငံသွားရာလမ်းကို ပုံဖော်ဖို့ လိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့ရဲ့ ဒီမိုကရေစီရည်မှန်းချက်၊ ကျွန်တော်တို့ရဲ့ ပန်းတိုင်ကို သွားရာလမ်းကြောင်းနှင့် အခု ကျွန်တော်တို့ရဲ့ Main အဓိက ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တစ်ထပ်တည်း မကျတော့ဘူးဆိုတဲ့ ကာလလေးတစ်ခုမှာ ကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံအ ခြေခံဥပဒေကို ပြန်လှန်သုံးသပ် ဖို့

လိုလာပါလိမ့်မယ်။ အဲသလိုပဲ ကျွန်တော်တို့ ပု ဒ်မတစ်ခုချင်းကိုလည်းပဲ ကျွန်တော်တို့ ပြင်ဆင်ဖို့လိုကောင်းလိုလာပါလိမ့်မယ်။ အဲဒီကိစ္စနဲ့ပတ်သက်လို့လည်း Campaign ကာလမှာလည်း ဒီဥစ္စာကို ဆွေးနွေးဖူးပါတယ်။ အဲဒီလို ပဲ Capacity Building ကျွန်တော်တို့ရဲ့ ရုံးအမှတ်(၂၀)မှာတုန်းကလည်း ပုဒ်မတစ်ခုချ င်းကို ကြက်ယက်သလိုရှာပြီးကာမှ ဘယ်လို ပြုပြင်ရင် ကောင်းမလဲဆိုတဲ့ နာယကကြီးရဲ့ အကြံပြုချက်တွေကိုလည်း မှတ်သားထားရပါတယ်။ အဲဒီလိုပဲ ဒေါ်အောင်ဆန်းစုကြည် တစ်လောက သွားတဲ့ လမ်းခရီးတွေမှာလည်း ဒီကိစ္စကို ဆွေးနွေးခဲ့သလို နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင်ကလည်း လိုအပ်ရင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြုပြင်ကြရန် လိုကောင်းလိုမယ်လို့ မိန့်မှာ တာကိုလည်း မှတ်သားခဲ့ရဖူးပါတယ်။ အဲဒီလို ကျွန်တော်တို့ဟာ ဒီမိုကရေစီ နိုင်ငံတစ်ခုရဲ့ ပီပြင် တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမျိုး ဖြစ်ဖို့ ကျွန်တော်တို့ရဲ့ လွှ တ်တော်ကိုယ်စားလှယ်တွေမှာ အဓိက တာဝန်ရှိပါတယ်။ ရေးဆွဲခဲ့စဥ်တုန်းက အုပ်ချုပ်တဲ့ ပုဂ္ဂိုလ်တွေ၊ အုပ်ချုပ်ခံပုဂ္ဂိုလ်တွေရဲ့ လိုလားချက်အရ ကျွန်တော်တို့ဟာ ရေးဆွဲခဲ့ကြပြီးပြီ။ ခေတ်ကာလအခြေအနေမှာ ကျွန်တော်တို့ရဲ့ တောင်းဆိုမှု၊ လူ့ အဖွဲ့အစည်းရဲ့တောင်းဆိုမှု၊ ကျွန်တော်တို့ ပြည်သူလူထုရဲ့တောင်းဆိုမှုတွေကြောင့် ကျွန်တော်တို့ ရဲ့ ကိုယ်စားလှယ်တွေရဲ့ တာဝန်ဟာ အင်မတန်ကြီးမားစွာနဲ့ပဲ ဒီဥစ္စာတွေပေါ်မှာ တာဝန်ပိနေပြီဆိုတာ တင်ပြချင် ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်တော်တို့ရဲ့ လွှတ်တော်၊ အုပ်ချုပ်တဲ့အဖွဲ့အစည်း ၊ အစိုးရ၊ တရားစီရင်ရေးစနစ်တို့ဟာ အပြန်အလှန် ထိန်းကျောင်း၊ ထိန်းညှိနေဖို့ လိုပါတယ်။ ကျွန်တော်တို့ ဒီမိုကရေစီစံနဲ့ယှဥ်ထိုးပြီးကာမှ ပြုလွယ်ပြင်လွယ်ဖြစ်အောင် တရားသေမဆန်ဖို့ ဖွဲ့စည်းပုံမျိုး ဖြစ်အောင် ကျွန်တော်တို့ မျိုးဆက်တွေကို လက်ဆင့်ကမ်း ပေးနိုင်အောင် ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်။ အဲဒါဖွဲ့စည်းပုံနဲ့ ပတ်သက်လို့ပါ။

အဲဒီလိုပဲ ကျွန်တော်တို့ရဲ့ လွှတ်တော်ဖွဲ့ စည်းမှုပုံစံ ကျွန်တော်တို့ရဲ့ ကော်မတီဖွဲ့စည်းမှုတွေ၊ တာဝန်၊ လုပ်ပိုင်ခွင့်နဲ့ ရပိုင်ခွင့်တွေဟာ နိုင်ငံတကာ စံ၊ နိုင်ငံတကာရဲ့စံနှုန်းတွေနဲ့ ကွာခြားမှုမရှိဖို့ ကျွန်တော်တို့မှာ ပြုပြင်ပြောင်းလဲနိုင်အောင် လုပ်လာဖို့လိုလားမှာဖြစ်ပ ါတယ်။ လွှတ်တော်တွေရဲ့ဖွဲ့စည်းမှု၊ တာဝန်လု ပ်ပိုင်ခွင့်တွေဟာ ကျွန်တော်တို့ရဲ့ လက်ရှိအာဏာ သက်ရောက်မှုဟာ ကျွန်တော်တို့ရဲ့ အခုလက်ရှိဖွဲ့စည်းပုံတာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တွေကို လုံလောက်မှုရှိပြီလား။ ကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတွေမှာ ပါတဲ့ အမြဲ တမ်းကော်မတီ(၄)ခုနှင့် လုံလောက်မှုရှိပြီလား။ နိုင်ငံတကာမှာရှိတဲ့ တခြားကော်မတီတွေ ဖွဲ့စည်းဖို့

ဆိုတာ လိုသလားဆိုတာကို ကျွန်တော်တို့ပြုရေးပြင်ရေးရှိအောင် လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ ခေါင်းပေါ်မှာ၊ ပုခုံးပေါ်မှာ တာဝန်ပိနေပြီဆိုတာ ကို ထပ်ဆင့်တင်ပြချင်ပါတယ်။ အဲဒီ လိုပဲ စီမံအုပ်ချုပ်တဲ့အစိုးရရဲ့ ဖွဲ့စည်းပုံစနစ်ကို ဟိုတုန်းက ဆို ရှယ်လစ်ခေတ်ကလို တခြားအာဏာရှင်နိုင်ငံတွေလို ဗဟို ချုပ်ကိုင်မှုများတဲ့ ခုနက နိုင်ငံတော်သမ္မတရုံး ဝန်ကြီးပြောသွားခဲ့တဲ့ ကြိုးနီစနစ်များတဲ့ တကယ့်ဗျူရိုကရက်ဆန်တဲ့ တစ်သွေး၊ တစ်သံ၊ တစ်မိန့်ပုံစံ ဆန်တဲ့ စနစ်မပျောက်သေးဘူးလားဆိုတာ ကျွန်တော်တို့ ပြန်လည် သုံးသပ်ဖို့လိုပါတယ်။ ကျွန်တော်တို့ရဲ့ ဒီမိုကရေစီစနစ်ဆိုတာကလည်း ဈေးကွက်လွတ်လပ်မှုကို ဖွင့်ပေးတဲ့စနစ်ပါ။ ဒီမိုကရေစီ စနစ်နဲ့ လိုက်လျောညီထွေတဲ့ အံဝ င်ခွင်ကျဖြစ်မယ့် ဝန်ကြီးဌာနတွေ၊ နိုင်ငံပိုင်လုပ်ငန်းကြီးတွေ၊ စီးပွားရေးအဖွဲ့အစည်းတွေကျွန်တော်တို့ဟာ ပြန်လှ န်သုံးသပ်ဖို့လိုအပ်မှာဖြစ်ပါတယ်။ အဲဒီတော့ ဝန်ကြီးဌာနတစ်ခုချင်းရဲ့အောက်မှာရှိတဲ့ ဦးစီးဌာနတွေ ရှိပါတယ်။ သူတို့ကို လက်ရှိ ကျွန်တော်တို့ သွားချင်တဲ့ ဒီမိုကရေစီဈေးကွက်ကို ပွင့်လင်းအောင်ဖွင့်ပေးတဲ့လမ်း ကြောင်းနဲ့ လျော်ညီမှုမရှိတဲ့ တချို့ဌာနတွေကို ဖျက် ဖို့လိုမလား။ တ ချို့ကိုချုံ့ဖို့လိုမလား။ တချို့နိုင်ငံရဲ့ နိုင်ငံရေးဦးတည်ချက်၊ စီးပွားရေးဦးတည်ချက်၊ လူမှုရေးဦးတည် ချက်နဲ့ လျော်ညီတဲ့ တချို့ ဝန်ကြီးဌာနတွေကို ပြန်ပြင်ဖို့၊ ပြန်ဖွဲ့စည်းတည်ဆောက်ဖို့ လိုမလား ဆိုတာကိုတော့ဖြင့် ကျွန် တော်တို့ သေသေချာချာ စိစစ်ပြီးကာမှ ဝန်ကြီးဌာနတစ်ခုချင်းရဲ့ ကျစ်လစ်မှု၊ ခိုင်မာမှု၊ ကျွန်တော်တို့နိုင်ငံရဲ့သွားရာလမ်းကြောင်းရဲ့ လျော်ညီတဲ့ဖွဲ့စည်းမှုဖြစ်အောင် ပြုပြင်ကြရမှာ ဖြစ်ပါတယ်။ ပြုပြင်ရဲ ရမှာလည်း ဖြစ်ပါတယ်။ အဲဒီတော့ ဒီမိုကရေစီစနစ်နဲ့ အံမဝင်တော့လို့ထင်ရတဲ့ ကျွန်တော်တို့ရဲ့ ဒီ ပြန်ကြားရေးဝန်ကြီးဌာန လက်ရှိအခြေအနေတွေ၊ သမဝ ါယမဝန်ကြီးဌာနရဲ့ လက်ရှိကြီးမား ကျယ်ပြန့်စွာဖွဲ့စည်းမှုတွေဟာ ပြန်လှန်သုံးသပ်ရမှာ ဖြစ်ပါတယ်။ အဲဒီတော့ သမဝါယမဝန်ကြီးဌာနဆိုတာ အင်မတန် ကျယ်ပြန့်ပါတယ်။ နိုင်ငံခြားကိုပို့တဲ့ ပို့ ကုန်၊ သွင်းကုန်လုပ်ငန်းလောက် ကို မဆွေးနွေး လိုပါဘူး။ ဒါပေမဲ့ သမဝါယမဝန်ကြီး ဌာနရဲ့ဖွဲ့စည်းပုံမျိုးဆိုရင် အင်မတန်မှ ကျယ်ပြန့်ပြီးကာမှ အလိုလိုနေရင်း ရာထူးတိုးပေးနေသလို မျိုးဖြစ်နေတဲ့ ကဏ္ဍမျိုးတွေကို နေရာစုံမှာ တွေ့ကြရပါတယ်။ အဲဒီ လိုပဲ နိုင်ငံပိုင်သတင်းစာတွေ ၊ ထုတ်လုပ်မှုတွေ ဆိုရှယ်လစ်ခေတ်ရဲ့ ပုံစံအတိုင်းပဲရှိနေပါသေးတယ်။ MRTV ပုံစံ၊ ဒီအတိုင်း ပဲရှိပါသေးတယ်။ အစိုးရအဖွဲ့ရဲ့ ရည်မှန်းချက်၊ လုပ်နည်းလုပ်ဟန်တစ်ခုတည်းကို ဦးတည်တဲ့ ဒီ ဝါဒဖြန့်ချိမှုကဏ္ဍ တစ်ခုလုံးဟာ ကျွန်တော်တို့အစိုးရအဖွဲ့ရဲ့ လုပ်ငန်းလောက်နဲ့လုံလောက်ရဲ့လား ကျွန်တော်တို့ရဲ့Solo Society ကို

မြှင့်တဲ့ ကျွန်တော်တို့ရဲ့ တခြားနိုင်ငံတကာစံနဲ့ လျော်ညီတဲ့ ကျွန်တော်တို့ရဲ့ မီဒီယာလောကကို ဖွင့်ဖို့နည်း ကျွန်တော်တို့မှာ မရှိဘူးလား။ လူထုလက်ထဲကို ခုနကလို မီဒီယာလောကကို အပ်နှံဖို့ Channel တွေ၊ MRTV ဟာမျိုးတွေကို လူတွေရဲ့ Channel က ကျွန်တော်တို့ဟာ ပြည်သူလူထုကို စည်းရုံးနိုင်တယ်။ ပြည်သူလူထု ရဲ့ လွတ်လပ်စွာ ပြောဆိုဆွေးနွေးတင်ပြပိုင်ခွင့်၊ ဒီမိုကရေစီအခွင့်ကိုပေးနိုင်တဲ့ ခုနက ပြန်ကြားရေး ကဏ္ဍမျိုးကို မပေးသင့်သေးဘူးလားလို့ ဆွေးနွေးဖို့လိုပါတယ်။ နိုင်ငံပိုင် သတင်းစာကဏ္ဍလိုပဲ ပုဂ္ဂလိကသတင်းစာကဏ္ဍကို လွတ်လပ်ခွင့် ပေးခဲ့လို့ရှိရင် လူထုရဲ့အသံဟာ အစိုးရအဖွဲ့ကိုလည်း ရောက်လာမှာပါ။ အစိုးရအဖွဲ့ရဲ့ အသံဟာလည်းပဲ လူထုဆီကို ရောက်လာမှာမို့ လို့ ဒီပုဂ္ဂလိက ကဏ္ဍကိုမြှင့်ဖို့ ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။ အဲဒီလိုပဲ ပြည်တွင်းအခွန်ဦးစီးဌာန ဆိုတာ ရှိပါတယ်။ နိုင်ငံတော်ရဲ့ ရငွေသည်အဓိက ကျွန်တော်တို့ဟာ ဆိုရှယ်လစ် ခေတ်မဟုတ်တော့တဲ့ အခါမှာ နိုင်ငံရဲ့ရငွေဟာ အဓိကအရေးကြီးပါတယ်။အဲဒီတော့ ပြည်တွင်း အခွန်များဦးစီးဌာနမှာ အခွန်တိမ်းရှောင်မှုတွေကို စစ်ဆေးထောက်လှမ်းမယ့် အခွန်၊ အထူး အခွန်ကောက်ခံနိုင်မယ့် အဖွဲ့အစည်းမျိုးတွေ ကျွန်တော်တို့မှာ မဖွဲ့စည်းသင့်ဘူးလား ဆိုတာမျိုးလည်း ကျွန်တော်တို့ စဉ်းစားဖို့လိုပ ါတယ်။ အဲဒီလိုမျိုးပဲ ကျွန်တော်တို့ရဲ့ ဒီ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့နဲ့ ပတ်သက်လို့ ခုနက ဆွေးနွေးခဲ့တာရှိပါတယ်။ အထက်မြန်မာနိုင်ငံ၊ အောက်မြန်မာနိုင်ငံရဲ့ ဝန်ထမ်းတက္ကသိုလ်တွေ၊ ပုံမှန်ဝန်ထမ်းတစ်ယောက်ကို ကျွန်တော်တို့ Training ပေးတာကတော့ (၄)လခွဲ၊ (၃)လဆိုတာ လုံလောက်ပါတယ်။ ဒ ါပေမဲ့လို့ တက္ကသိုလ်ဆရာ /ဆရာမရဲ့ အထူးမွမ်း မံသင်တန်းလိုဟာမျိုး Policy Drive လုပ်တဲ့ ဥစ္စာမျိုးဟာ ဒီနေ့ ၊ ဒီအချိန်၊ ဒီကာလမျိုးမှာ လိုအပ်ပါသေး ရဲ့လားဆိုတာ ကျွန်တော်တို့ ခြိုးခြံချွေတာနိုင်ဖို့ ခုနလို အင်မတန်ချဲ့ထွင်နေကြတဲ့ ခုနလို ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ရဲ့ တက္ကသိုလ်ပေါင်းစုံတွေကို ပြန်သုံးသပ်ဖို့ လိုတာဖြစ်ပါတယ်။ အဲ ဒီလိုပဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ ပတ်သက်လို့ ခုနလို ရဲတပ်ရင်းတွေကို အများကြီး တိုးချဲ့နေတာရှိပါတယ်။ လိုအပ်ပါသေးရဲ့လား။ ကျွန်တော်တို့ရဲ့ ဒီ တရားဥပဒေစိုးမိုးမှု အတွက် အဓိကလိုအပ်တာက မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့မြို့နယ်၊ ခရိုင်အဆင့်ဆင့်သော တ ကယ် ဥပဒေကိုကျွမ်းကျင်နားလည်တဲ့ ရဲဝန်ထမ်း အဖွဲ့အစည်း တစ်ခုဖြစ်ပါတယ်။ ဆိုတော့ ခုနလို ပင်လယ်ပြင်ကြီး မိုင်ပေါင်း (၂၀၀၀)နီးပါး (၁၀၀၀)ကျော်လောက်ရှိတဲ့ ကျွန်တော်တို့နိုင်ငံမှာ Coast Guard နဲ့ပတ်သက်လို့ ရဲတပ်ဖွဲ့ရဲ့တာဝန်ဟာ အင်မတန် အရေးကြီးပါ တယ်။ အဲဒီတော့ Coast Guard Police Force

တစ်ခုကို မဖွဲ့သင့်ဘူးလား။ ဒါလေးတွေပေါ့ ၊ ကျွန်တော်တို့က ပြန်လှန်သုံးသပ်ပြီးကာမှ မြန်မာနိုင်ငံရဲ့ ရေပြင်၊ မြေပြင်၊ လေပြင် အကုန်လုံးနဲ့ပတ်သက်လို့ တရားဥပဒေစိုးမိုးမှုရှိအောင် ကျွန်တော်တို့ရဲ့ ခုနလို လုံ ထိန်းဆိုတဲ့ ရဲတပ်ရင်းလိုဟာမျိုး ဆန္ဒပြတာကို နှိမ်နှင်းမယ်ဆိုတဲ့ စိတ်လေးနဲ့ ရည်ရွယ်ချက်မျိုးနဲ့ ဖွဲ့စည်းထားတာမျိုးကို ပြန်လှ န်သုံးသပ်ပြီးကာမှ ပြည်သူ့ ရဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ အင်အားကို တရားဥပဒေ စိုးမိုးမှုရှုဒေါင့်ကနေ ပြန်သုံးသပ်ပြီး ချဲ့ထွင်ဖို့ ကျွန်တော်တို့က တင်ပြဆွေးနွေးတာ ဖြစ်ပါတယ်။ အဲဒီတော့ ဈေးကွက်စီးပွားရေးစနစ်ကို ဦးတည်တဲ့ ဒီမိုကရေစီနိုင်ငံမှာ နိုင်ငံပိုင် ရင်းနှီးမြှုပ်နှံမှုရဲ့ကဏ္ဍကို လျှော့ချဖို့လိုပါတယ်။ အဲဒီတော့ ပုဂ္ဂလိက ပိုင်ကဏ္ဍ (Privatization) ကို မြှင့်တင်ဖို့လိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့ရဲ့ State Own Projects တွေဟာ အင်မတန် ကြီးမားစွာနဲ့ ခုထိ ကျွန်တော်ရဲ့ ဘဏ္ဍာငွေ ငွေလုံးငွေရင်းသုံးစွဲမှု ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှာ အင်မတ န်ကြီးမား ကျယ်ပြန့်စွာ ရှိနေတာကို တွေ့ရပါတယ်။ အဲဒီ တော့ ဒီကဏ္ဍကို လျှော့ဖို့ ရပ်ဆိုင်းပစ် ဖို့ လိုအပ်မှာဖြစ် ပါတယ်။ နည်းတူ ကျွန်တော်တို့ရဲ့နိုင်ငံရေး ရည်မှန်းချက်ဖြစ်တဲ့ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးဦးတည်ချက်တွေ မှာပါတဲ့ ကျွန်တော်တို့ ဒီ ဝန်ကြီးဌာန အသစ်တွေကိုလည်း ဖွဲ့စည်းဖို့လိုပါတယ်။ ဥပမာ ကျွန်တော်တို့ နိုင်ငံဟာ တိုင်းရင်းသား လူမျိုးနွယ်စုကြီး (၈)ခုပေါ့နော်၊ ဒါ တိုင်း ရင်းသားလူမျိုးငယ်တွေ အကုန်လုံး ဆိုရင် (၁၃၅)မျိုးလို့ ပြောပါတယ်။ အဲဒီတော့ ဒီပြည်ထောင်စုဆိုတဲ့နိုင်ငံမှာ တိုင်းရင်းသား လူမျိုးရေးရာနဲ့ပတ်သက်တဲ့ ဝန်ကြီးဌာနတစ်ခုဟာ သတ်သတ်မှတ်မှတ်ရှိဖို့ မလိုဘူးလား။ ကျွန်တော်တို့ရဲ့ နိုင်ငံတော်က ပုဒ်မ ၂၂ မှာ ညွှန်းထား တာရှိပါတယ်။ နိုင်ငံတော်က တိုင်းရင်းသား လူမျိုး အကုန်လုံးရဲ့ ပညာရေးအစ ယဉ်ကျေးမှု၊ စာပေ ၊ ယဉ်ကျေးမှုအနုပညာ၊ ဓလေ့ ထုံးစံအကုန်လုံးကို မြှင့်တင် ပေးဖို့ စီစဉ်လုပ်ပေးရမယ်လို့ ပုဒ်မ ၂၂ မှာ ညွှန်းထားတာ ရှိပါတယ်။ အဲဒီတော့ တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးဌာနတစ်ခုဟာ ပြည်ထောင်စုအဆင့်မှာ ရှိဖို့လိုအပ်ပါတယ်။ အဲဒီ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနနဲ့ ချိတ်ဆက်နိုင်အောင် တိုင်းဒေသကြီး/ပြည်နယ်တွေမှာ ရှိတဲ့ တိုင်းရင်းသားလူမျိုးရေးရာဓန်ကြီးတွေဟာ အကုန်လုံးချိတ်ဆက်ပြီးမှသာလျှင် ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကြီးဟာ တကယ်ပီပြင်တဲ့ ပြည်ထောင်စုကြီးဖြစ်အောင် တိုင်းရင်းသားလူမျိုးတွေ အကုန်လုံးရဲ့ပတ်သက်တဲ့ စာပေ ၊ ယဉ်ကျေးမှုအနုပညာ သူတို့ရဲ့ ဒါ သမိုင်းအမွေအနှစ် အကုန်လုံးကို ပြန်လည်ဖော်ထုတ်ထိန်းသိမ်းနိုင်တဲ့ဝန်ကြီးဌာနတစ်ခုဟာ ပီပီပြင်ပြင်ဖြစ်လာမှာမို့လို့

ဒီဝန်ကြီးဌာနဆိုလို့ရှိရင် အသစ်ပြန်ပြီးခါမှ ကျွန်တော်တို့ ဒါ တိုးချဲ့ဖွဲ့စည်း းသင့်တဲ့ ဝန်ကြီးဌာန ဖြစ်ကြောင်း ကျွန်တော် တင်ပြချင်ပါတယ်။ အဲဒီလိုပဲ တရားရုံးနဲ့ပတ်သက်တဲ့ ကဏ္ဍမှာဆိုလို့ရှိရင် တရားရေးရဲ့ လက်ရှိဖွဲ့စည်းမှုကိုကြည့်ရင် အသက် (၇၀)ပြည့်ပြီးသား ဆိုလို့ရှိရင် ဒါ တရားသူကြီးအဖြစ်က အငြိမ်းစားယူရမှာ ဖြစ်ပါတယ်။ အဲဒီတော့ အခုနိုင်ငံတော်က ခန့်အပ် ထားတဲ့ တရားသူကြီးတော်တော်များများဟာ အသက် (၇၀) နီးကြပါပြီ။ အဲဒီတော့(၅)နှစ် သက်တမ်းမတိုင်ခင်လေးမှာ အငြိမ်းစားယူရမယ့်သဘောကို တွေ့ကြရပါတယ်။ အဲဒါကြောင့် မို့လို့ အသက် (၇၀)ဆိုတဲ့ ကန့်သတ်မှုဟာ ကျွန်တော်တို့ရဲ့ဖွဲ့စည်းပုံမှာပါသော်လည်းပဲ ဒီဥစ္စာကို တရားရေးမဏ္ဍိုင်ကို တည့်မတ်ဖို့အတွက် ကျွန်တော်တို့ဟာ ပြုပြင်သင့် /မသင့်၊ တရားစီရင်ရေး မဏ္ဍိုင်ဟာ တည့်မတ်ဖို့ လိုပါတယ်။ ပြည်သူတွေယုံကြည်အားကိုးဖို့ လိုပါတယ်။ အဲဒီလိုပဲ အုပ်ချုပ်မှုနယ်ပယ်မှာရှိတဲ့ ပုဂ္ဂိုလ်တွေက တရားစီရင်ရေးနယ်ပယ်ကို ထိုးဖောက်ပြီးကာမှ လွှမ်းမိုးစွက်ဖက်တာမျိုး မရှိဖို့လည်း လိုပါတယ်။ အဲဒါကြောင့်မို့လို့ နိုင်ငံတော်အတွ င်းမှာ တရားဥပဒေစိုးမိုးမှု ပြန်ရ အောင် ဒါ နိုင်ငံတော်သမ္မတကြီးကလည်း ပြောပါတယ်။ Rules of Law ရှိအောင် တရားစီရင်မှုနယ်ပယ်ကို ထောက်လှမ်းစုံစမ်းနိုင်အောင် ကျွန်တော်တို့ လွှတ်တော်နှစ်ရပ်ပေါင်းပြီးကာမှ ဒီတရားစီရင်ရေးနယ်ပယ်ကို ထိန်းညှိနိုင်မယ့် လွှတ်တော်ရေးရာ ကော်မတီတစ်ခု မရှိသင့်ဘူးလားဆိုတဲ့ အမြင်လေးကိုလည်း ကျွန်တော် ဆွေးနွေးတင်ပြချင် ပါတယ်။

အဲဒီတော့ တစ်ဆက်တည်းပါပဲ ကျွန်တော်တို့ရဲ့နိုင်ငံ ဘတ်ဂျက်ကို ပြန်ကြည့်တဲ့ အခါမှာ လိုငွေပြမှုဟာ နှစ်ပေါင်းများစွာ ဒီနေ့အထိ ရှိနေတာ တွေ့ပါတယ်။ အဲဒီတော့ နိုင်ငံရဲ့ လိုငွေပြမှုကို ပြန်ကြည့်တဲ့အခါမှာ ငွေလုံးငွေရင်းရင်းနှီးမြှုပ်နှံမှုကဏ္ဍမှာ ပမာဏတော်တော် ကြီးမားပါတယ်။ အဲဒီတော့ မလိုအပ်တဲ့နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကြီးတွေကို ကျွန်တော်တို့က အရှုံးခံပြီး ရင်းနှီးမြှုပ်နှံ နေမယ့်အစား ကျွန်တော်တို့ရဲ့ Privatization ကို တကယ့်ဈေးကွက် စီးပွားရေးစနစ်နဲ့အညီ ကျွန်တော်တို့က မြှင့်တင်ပေးလို့ရှိရင် ဒီကဏ္ဍကို ကျွန်တော်တို့က ပွင့်ပွင့်လင်းလင်းပြောရင်လက်ရှောင်ဖို့လိုလာပြီ။ နောက်ဝန်ထမ်းဦးရေဖောင်းပွမှု ကျွန်တော်တို့ရဲ့ ခုန ဒေါက်တာ မြတ်ဉာဏစိုး လည်း တင်ပြတာရှိပါတယ်။ အဲဒီတော့ Computerized System သွားမယ်။ e-Government ကို သွားမယ်ဆိုရင် ဒီလောက်ထိ ဖောင်းပွတဲ့ဝန်ထမ်း အဖွဲ့အစည်းတွေဟာ လိုအပ်ပါသေးရဲ့လား။ ကျစ်လစ်ပြီးကာမှ တကယ်ထိရောက်တဲ့

ဝန်ထမ်းအဖွဲ့အစည်းဖြစ်ဖို့ ပထမ မပြုပြင်သင့်ဘူးလား ဆိုတဲ့အမြင်လေးကို ကျွန်တော်တို့ရဲ့ အစိုးရအဖွဲ့ကို ကျွန်တော်တို့က တင်ပြချင်လို့ ဒီအဆိုကို တင်ပြရခြင်းဖြစ်ပါတယ်။ ဝန်ထမ်းတွေရဲ့ လုပ်ပိုင်ခွင့်၊ ခုနလို အစိုးရအဖွဲ့ရဲ့ ဝန်ထမ်းအဖွဲ့အစည်းကို ကျစ်လစ်ခိုင်မာအောင် လုပ်ပြီးတဲ့နောက်မှာ ဒီဝန်ထမ်းအဖွဲ့အစည်းမှာ ပါတဲ့ဝန်ထမ်းတိုင်းရဲ့လုပ်ပိုင်ခွင့်၊ တာဝန်၊ ရပိုင်ခွင့်အဆောင်အယောင်၊ သူတို့နဲ့ ပတ်သက်တဲ့ ခံစားပိုင်ခွင့် အားလုံးဟာ ကျွန်တော်တို့ ဝန်ထမ်းလောကကို မက်မောမှုရှိအောင်၊ မိမိရဲ့တာဝန်ကို မိမိလေးစားမှု ရှိ အောင်၊ နိုင်ငံတကာစံ၊ ဒေသတွင်းစံအကုန်လုံးနဲ့ လျော်ညီတဲ့ဝန်ထမ်း အဖွဲ့အစည်းရှိမှသာလျှင် ဝန်ထမ်းအဖွဲ့အစည်း ထဲမှာလည်းပဲ ILO စံရှိဖို့ လိုပါတယ်။ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းပိုင်ခွင့် ၊ ဝန်ထမ်း အချင်းချင်း တိုင်ပင်နှီးနှောပိုင်ခွင့်၊ ဝန်ထမ်း ရဲ့ရပိုင်ခွင့် မိမိရဲ့ခုနကလို ရပိုင်ခွင့်၊ ပိုင်ခွင့် အကုန်လုံးနဲ့ပတ်သက်လို့ ကျွန်တော်တို့ဟာ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ဆွေးနွေး တင်ပြ ပိုင်ခွင့်ဆိုတဲ့ ဝန်ထမ်းတွေရဲ့ရပိုင်ခွင့်အကုန်လုံးဟာမိမိရဲ့လစာနဲ့လျော်ညီတဲ့ အဆောင်အယောင်နဲ့ ရှိနေမှသာလျှင် ဝန်ထမ်းရဲ့လောကဟာ မက်မောစရာဖြစ်ပြီး ကာမှ ကျွန်တော်တို့ရဲ့ ဒါခုန Clean Government တို့ Good Governance တို့ကို ကျွန်တော်တို့ က အထောက်အကူဖြစ်မှာ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ အနိမ့်ဆုံးလ စာနှုန်းထားကို ကျွန်တော်တို့ရဲ့ စံ နိုင်ငံတကာစံနဲ့ လျော်ညီအောင် သတ်မှတ်ပေးဖို့ဟာ အစိုးရဝန်ထမ်းတွေနဲ့ပတ်သက်လို့ ဒီနိုင်ငံတော်ရဲ့ လက်ရှိအစိုးရမှာ တာဝန်ရှိနေပြီဖြစ်ကြောင်း တင်ပြချင်ပါတယ်။ အဲဒီတော့ ဝန်ထမ်းတစ်ဦးရဲ့ စံနဲ့ပတ်သက်လို့ ကျွန်တော် အကြမ်းအားဖြင့် ပေါ့နော်၊ အနီးစပ်ဆုံး LDC နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ် ကြည့်တဲ့အခါမှာ ဘင်္ဂလားဒေ့ရှ်မှာ လစာနှုန်းအဆင့် (၂၀)ရှိတာကို တွေ့ပါတယ်။ အဲဒီမှာ အနိမ့်ဆုံးလစာကို သတ်မှတ်ပါတယ်။ အကြိမ်ပေါင်း (၅)ကြိမ်လောက် ဒီနေ့အထိ သတ်မှတ်ထားတာကို တွေ့ ရပါတယ်။ အဲဒီတော့ ၁၉၇၄ လောက်မှာ ဘင်္ဂလားဒေ့ရှ်ဟာ လွတ်လပ်ရေးရလာပြီးတဲ့ နောက်မှ ၁၉၇၇လောက်မှာ သူရဲ့ Salary and Service Commission ကို ဖွဲ့ပါတယ်။ အဲဒီလိုပဲ နောက်ပိုင်းမှာ National Service Commission ကို ပြန်ဖွဲ့ပြီးကာမှ (၄)နှစ်ကနေ (၈)နှစ် တစ်ကြိမ်လောက် လက်ရှိ Inflation ရယ် ဝန်ထမ်းတွေရဲ့ လစာနှုန်းထားကို ပြန်ထိန်းညှိပြီးကာမှ ဘယ်လောက်တိုးပေးသင့်သလဲ ဆိုတာမျိုးကို သူတို့ ပြန်သုံးသပ်တာ တွေ့ပါတယ်။ အဲဒီတော့ နောက်ဆုံးသူတို့ရဲ့လစာနှုန်းထားကို ပြန်ကြည့်တဲ့ အခါမှာ ကျွန်တော်တို့ရဲ့ အနည်းဆုံးလစာဟာ (၄၁၀၀)လောက် တာကာ ရပါတယ်။ အမြင့်ဆုံးက

(၄၀၀၀၀)လောက် ရပါတယ်။ အဲဒီတော့ ဝန်ထမ်းတွေရဲ့အဆင့်ကို (၂၀)လောက်သတ်မှတ်ပြီး ကာမှ သူရဲ့အရာရှိလစာ Supporting Staff လစာအဲဒါမျိုးရဲ့ ဒီခု န Salary Completion Ratio ဟာ 1း10 ရှိတာကနေ 1း2 ဖြစ်အောင် သူတို့ကြိုးစားတာလည်းတွေ့ပါတယ်။ အဲဒီတော့ ဝန်ထမ်းတွေရဲ့လစာနဲ့ပတ်သက်လို့ ပြန်ကြည့်တဲ့အခါမှာ လစာတစ်ခုတည်း မဟုတ်ပါဘူး။ သူရဲ့ Reduction တွေရှိပါတယ်။ အဲဒီတော့ အခွန်နဲ့ပတ်သက်လို့ သူတို့ကို ကင်းလွတ်ခွင့်ပေးတာ တွေ ရှိပါတယ်။ သူတို့ရဲ့အခြား ဖြတ်စရာလေးတွေကို မဖြတ်ရအောင် သူတို့ကို ဝန်ထမ်းနဲ့ ပတ်သက်လို့ ကင်းလွတ်ခွင့် တွေပေးတာတွေ ရှိပါတယ်။ အဲဒီလိုပဲ ဝန်ထမ်းနဲ့ပတ်သက်လို့ အခြားဆုတွေပေးတာလည်း ရှိပါတယ်။ ဥပမာ လစာရဲ့ ဘယ်နှစ်ဆကို ရင်းနှီးမြှုပ်နှံနိုင်အောင် အဆောက်အဦ House rent ဖြစ်အောင် ခုန အခန်းဝ ယ်နိုင်အောင်၊ကားဝယ်နိုင်အောင် နိုင်ငံတော်ကရင်းနှီးမြှုပ်နှံပေးတာလည်း ရှိပါတယ်။ အဲ ဒီလိုမျိုးနဲ့ နောက်ပြန်ပြန်ဖြတ်သွားတဲ့ သဘော ရှိပါတယ်။ အဲ ဒီလိုမျိုးနဲ့ ကျွန်တော်တို့ရဲ့ အဆင်းရဲဆုံးနိုင်ငံ၊ အနီးစပ်ဆုံး အဆင်းရဲဆုံး နိုင်ငံဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်မှာတောင်မှ ဝန်ထမ်းတွေရဲ့လစာက အင်မတန်မြင့်မားပြီး ကာမှ ခုနေဆိုရင်(၁)သိန်းလောက်ရှိပါတယ်။ အနိမ့်ဆုံးလစာ ကို ပြောတာပါ။ အဲဒါရဲ့ လေးဆလောက် ကတော့ဖြင့် ခုနလို Staff Officer ရဲ့ လစာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အိမ်နီးချင်း အဆင်းရဲဆုံးနိုင်ငံထဲမှာပါတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်မှ မိမိရဲ့ဝန်ထမ်း ခုနကလို ဝန်ထမ်းတွေရဲ့ လစာနှုန်းထား၊ သူ့ ရဲ့ခံစားပိုင်ခွင့်၊ ရပိုင်ခွင့်အ ကုန်လုံးကို သေသေချာချာတွက်ချက်ပြီးကာမှ ဝန်ထမ်းထုမကျေမောနိုင်အောင် ကျွန်တော်တို့က ပြုပြင်ထားတာကိုလည်း တွေ့ရပါတယ်။

အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ အဆိုဖြစ်တဲ့ ဒီမိုကရေစီနိုင်ငံများ၏ စံ၊ နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုင်း ရင်းသားရေး ဦးတည်ချက်နဲ့အညီ နိုင်ငံဝန်ထမ်းအဖွဲ့အစည်းများအား ပိုမိုကျစ်လစ်ခိုင်မာ၊ ထိရောက်စေရေး၊ အချို့ဝန်ထမ်း အဖွဲ့အစည်းများအား ဖျက်သိမ်းခြင်း၊ အချို့အား ချုံ့ခြင်း၊ ချဲ့ခြင်းနဲ့အသစ်ဖွဲ့စည်းခြင်းကို စနစ်တကျပြုလုပ်ပြီး နိုင်ငံ့ ဝန်ထမ်းများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ အဆောင်အယောင်များ ၊ လုပ်ခလစာနှုန်းထားနဲ့ နေ့တွက်စရိတ်တို့ နိုင်ငံတကာစံ ဒေသအတွင်းနဲ့ အရှေ့တောင်ရှစံ ဖြစ်ရေး စတင်ဥပဒေပြုစီမံဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းရခြင်း ဖြစ်ပါတယ်။ ဒီလိုတင်သွင်းတဲ့အခါမှာလည်းပဲ ဖွဲ့စည်း ပုံအခြေခံဥပဒေရဲ့ ပုဒ်မ၂၂၀ ပုဒ်မခွဲ(က)၊ (ခ)နဲ့ ပုဒ်မ ၂၂၇ ပုဒ်မခွဲ(က)၊ (ခ)နဲ့ ပုဒ်မ ၂၉၀ တို့ကို

ရည်ညွှန်းပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

(ဩဘာသံများ)

**အချိန်၊ ၁၆း၀၇။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဆောင်ရွက်ဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၆း၀၇။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ဖြစ်ပါတယ်။ ဒေါက်တာဦးအေးမောင် တင်ပြတဲ့အဆိုကို လွှတ်တော်မှာဆွေးနွေးရန်အတွက် ထောက်ခံပါတယ်။

**အချိန်၊ ၁၆း၀၈။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာအေးမောင် တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦး က ထောက်ခံသွားပါတယ်။ အဆိုမှာ "ဝန်ထမ်းအဖွဲ့အစည်း အချို့အား ဖျက်သိမ်းခြင်း၊ ချုံ့ခြင်း၊ ချဲ့ခြင်းနှင့် အသ စ်ဖွဲ့စည်းခြင်းများ စနစ်တကျပြုလုပ်ပြီးနိုင်ငံ့ဝန်ထမ်းများ၏ တာဝန်၊လုပ်ပိုင်ခွင့်၊ရပိုင်ခွင့်နှင့်အဆောင်အယောင်များ၊ လစာနှုန်းထားများကို နိုင်ငံတကာစံ၊ ဒေသတွင်းနှင့် အရှေ့တောင်အာရှစံဖြစ်ရေး လုပ်ဆောင်ရန်" ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုဖြစ်ပါတယ်။ ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

**ကိုယ်စားလှယ်တစ်ဦး။** ။ ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာအေးမောင် တင်သွင်းတဲ့အဆိုကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကလက်ခံဆွေးနွေးရန် သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်ရှိတဲ့အတွက် အမျိုး သားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇

နည်းဥပဒေခွဲ(တ)နည်းဥပဒေခွဲငယ် ၃ အရ မတ်တတ်ရပ်၍ ဆန္ဒပြုတဲ့နည်းလမ်းနဲ့ လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဒီလို ဆန္ဒရ ယူရာမှာ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိတို့နေရာများမှာ မတ်တတ်ရပ်ပြဖို့ ဖြစ်ပါတယ်။

[သဘောတူသော လွှတ်တော်ကိုယ်စားလှယ်များ မတ်တတ်ရပ်ပြကြပါသည်။]

အားလုံးထိုင်နိုင်ပါပြီ။

မတ်တတ်ရပ်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ် (၄၀)ဦးနဲ့အထက်ဖြစ်တဲ့အတွက် အဆိုကို လက်ခံဆွေးနွေးရန် သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၆း၀၉။**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာအေးမောင် တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယ ညွှန်ကြားရေး မှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်မှာ ဆွေးနွေးတာနဲ့ ပတ်သက်လို့ညွှန်ကြားဖို့ ရှိပါတယ်။ ဦးဖေသောင်း ရဲ့ ဆွေးနွေးချက်နဲ့ သက်ဆိုင်ပြီးတော့ လွှတ်တော်အတွင်းမှာ နိုင်ငံတော်အတွင်း ဒီနေ့ တည်ရှိနေတဲ့ ဘာသာ အသီးသီးကို ကိုးကွယ်နေ ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ပါတယ်။ ဒါကြော င့် မိမိယုံကြည်ရာ ဘာသာအယူဝါဒ ဆိုင်ရာ ရည်ညွှန်းကိုးကားချက်များကို လွှတ်တော်အတွင်း ဆွေးနွေးတဲ့အခါမှာ ရှောင်ရှားဖို့ တိုက်တွန်း ပါတယ်။ ဘာကြောင့်လဲဆို မိမိယုံကြည်သလို အခြား ပုဂ္ဂိုလ်က ယုံကြည်ချင်မှ ယုံကြည်မှာ ဖြစ်ပါ တယ်။ ဒီအတွက်ဘာသာရေးဆိုင်ရာ ဗုဒ္ဓ မြတ်စွာဘုရားရှင်က ဘယ်လိုဟောခဲ့တယ်။ ဘယ်ပုဂ္ဂိုလ်က ဘယ် လိုပြောခဲ့တယ်ဆိုတဲ့ကိစ္စနဲ့ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ်အားလုံးက ရည်ညွှန်းကိုးကားခြင်းမပြုဖို့ တိုက်တွန်းပါတယ်။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက (၁၃) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၄) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၆း၀၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၂၀၁၂ ခုနှစ်၊ မတ်လ ၁၃ ရက်(အင်္ဂါနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြော င်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော်တတိယပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ အစည်းအဝေးကို ၁၆း၀၉ နာရီအချိန်တွင် ရပ်နားပါသည်။]